

www.burmeseclassic.com
မယ်မင်းဘုံ
ရိုးမြေကျ ခေါင်းခါသည်
L လင်း

# မယ်မင်းဘုံ



ရိုးမြေကျ
ခေါင်းခါသည့်

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

# မယ်မင်းဘုံ၏ ထွက်ပြီးစာအုပ်များ

၁။ အချစ်ဇရိယာပြင်ပသို့ရောက်ရှိနေပါသဖြင့်
(အောင်သီရိစီဒီယိုမှ ဝယ်ယူပြီး)
၂။ ချစ်ရင်...နှစ်မိနှစ်စောင့် (ရွှေစင်ဦးဗီဒီယိုမှ ဝယ်ယူပြီး)
၃။ ငွေတောင်ပြည်က မြို့သူ (အောင်သီရိစီဒီယိုမှ ဝယ်ယူပြီး)
၄။ ချစ်သူလိမ်းဖို့ ဒေးကရင်မ် (အောင်သီရိစီဒီယိုမှ ဝယ်ယူပြီး)
၅။ အမုန်းကမ်းရိုးတန်းတစ်လျှောက်၌ ရင်ခုန်သံလှိုင်းကြီးနေသည်
(ရွှေစင်ဦးဗီဒီယိုမှ ဝယ်ယူပြီး)
၆။ အချစ်ကိုမြိုဖျက်ရမယ်ဆိုရင် မနက်ဖြန် ငါသေပါရစေ
(အောင်သီရိစီဒီယိုမှ ဝယ်ယူပြီး)
၇။ ဆယ်ကျော်သက်ဂိမ်း
၈။ သက်ဆိုင်သူအတွက် ငါ့မျက်ရည်တွေ စပွန်ဆာပေးခဲ့သည်။
(အောင်သီရိစီဒီယိုမှ ဝယ်ယူပြီး)
၉။ ကျွန်မသာ စိတ်မကောက်ခဲ့ဘူးဆိုရင်
(အောင်သီရိစီဒီယိုမှ ဝယ်ယူပြီး)
၁၀။ နဖူးမှာရေးဖို့မေ့တဲ့စာ (အောင်သီရိစီဒီယိုမှ ဝယ်ယူပြီး)
၁၁။ အနန်းမြို့ကသတို့သား
(မြင့်မာလာရုပ်ရှင်ထုတ်လုပ်ရေးမှ ဝယ်ယူပြီး)
၁၂။ အလွမ်းမြစ်ပင်လယ်ထဲမှာ လက်ပစ်ကူးရင်း ငါ့အချစ်တွေ
မိုးလင်းခဲ့တယ် (အောင်သီရိစီဒီယိုမှ ဝယ်ယူပြီး)
၁၃။ အချစ်အတွက် မနက်ဖြန်မရှိတာ သင့်အတွက်မှတ်ရန် အသိပါ
(အောင်သီရိစီဒီယိုမှ ဝယ်ယူပြီး)
၁၄။ နတ်သားအိပ်ဆေးခတ်ထားတဲ့ ညနေခင်း
(အောင်သီရိစီဒီယိုမှ ဝယ်ယူပြီး)
၁၅။ ပင်လယ်အအေးပတ်အောင် ချစ်သူက လေစိမ်းတိုက်လေသည်
(အောင်သီရိစီဒီယိုမှ ဝယ်ယူပြီး)
၁၆။ ဘာညာသာရကာ
(အောင်သီရိစီဒီယိုမှ ဝယ်ယူပြီး)
၁၇။ ပျားရည်ဆမ်းဒွိဟ (အောင်သီရိစီဒီယိုမှ ဝယ်ယူပြီး)
၁၈။ အနမ်း Equation (အောင်သီရိစီဒီယိုမှ ဝယ်ယူပြီး)
၁၉။ တဆိတ်လောက်ခင်ဗျာ - ချစ်သူကို...ရင်ခွင်၌ နေထိုင်ခွင့်ပြုပါ
(အောင်သီရိစီဒီယိုမှ ဝယ်ယူပြီး)
၂၀။ အငြိုးကွန်ယက်နတ်သမီး (အောင်သီရိစီဒီယိုမှ ဝယ်ယူပြီး)
၂၁။ ပျိုလေးရည်းစား မြို့ကြီးသား (အောင်သီရိစီဒီယိုမှ ဝယ်ယူပြီး)
၂၂။ အမုန်းပြယ်ဝိုင် (အောင်သီရိစီဒီယိုမှ ဝယ်ယူပြီး)
၂၃။ နှလုံးသား Hacker (အောင်သီရိစီဒီယိုမှ ဝယ်ယူပြီး)
၂၄။ ကွန်ချိုဖြစ်သောမျက်ဝန်းလေးဆီ(အောင်သီရိစီဒီယိုမှ ဝယ်ယူပြီး)
၂၅။ သူစိတ်နာတဲ့ကြားဖြတ်အစီအစဉ်(အောင်သီရိစီဒီယိုမှ ဝယ်ယူပြီး)
၂၆။ 4 in 1 (အောင်သီရိစီဒီယိုမှ ဝယ်ယူပြီး)
၂၇။ လရောင်စစ်စစ်သမီးရည်းစား (အောင်သီရိစီဒီယိုမှ ဝယ်ယူပြီး)
၂၈။ ကိုယ့်နှလုံးသားတွင် သတို့သမီးပုန်းနေသည်
(အောင်သီရိစီဒီယိုမှ ဝယ်ယူပြီး)
၂၉။ နေမထိအလွမ်း (အောင်သီရိစီဒီယိုမှ ဝယ်ယူပြီး)
၃၀။ မိုးလုံလေလုံ အိမ်ထောင်ပြုသည် (အောင်သီရိစီဒီယိုမှ ဝယ်ယူပြီး)
၃၁။ နောက်ကျောကချစ်သူ

ယခုလ

၃၂။ ရိုးမြေကျခေါင်းခါသည်

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
* အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
* ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံဖူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။




❦ မင်းတစ်ယောက်အတွက်
ငါ့စိတ်တွေ အကြိမ်ကြိမ်အခါခါ ပြိုလဲခဲ့ရတယ်။
မကြေကွဲပါဘူး။
မင်းကို ချစ်တဲ့စိတ်ကြောင့်လေ ...။

❦ မင်းတစ်ယောက်အတွက်
ငါ့မျက်ရည်တွေ အကြိမ်ကြိမ်အခါခါ
ကုန်ခန်းခဲ့ရတယ်။
မနမြောပါဘူး။
မင်းကို ချစ်တဲ့စိတ်ကြောင့်လေ ...။

❦ စိတ်ဆိုးအောင် လုပ်ပါ။
စိတ်နာအောင် ရက်စက်ပါ။
ငါကထုံဆေးပေးပြီးတော့မှ ချစ်ခဲ့တဲ့သူပါ။
ဘာအတွက်ကြောင့်မှ ဝမ်းမနည်းတတ်ပေမယ့်
ရိုးမြေကျ ခေါင်းခါလိုက်မယ်ဆိုရင်
ငါ့ကမ္ဘာကြီး မီးမိုတ်သွားလိမ့်မယ်။

♡ ♡ ♡ ... ♡ ♡ ♡ ... ♡ ♡ ♡ ...

www.burmeseclassic.com

# ၁

မြသားက Miley cyrus ရဲ့ သီချင်းဖြစ်တဲ့ Wrecking Ball ကို ဆူညံပေါက်ကွဲစွာ နားထောင်ရင်း ကားကို အေးဆေးပဲ မောင်းလာခဲ့သည်။ ဒီနေ့ တစ်နေကုန် ကုမ္ပဏီမှာ ပြဿနာပေါင်းသောင်းခြောက်ထောင်ကို တစ်ကိုယ်တော်ဦးနှောက်ဖြင့် ဖြေရှင်းခဲ့ပြီးပြီဖြစ်၍ လူက weak ဖြစ်နေကာ အနားယူချင်နေပြီဖြစ်သည်။ အမှန်က သီချင်းရဲ့ပေါက်ကွဲသံစဉ်တွေအတိုင်း ကားကို ခပ်ကြမ်းကြမ်း မောင်းချလာရမှာ ဖြစ်ပေမယ့် အေးဆေးမောင်းလာရတာကတော့ ဒီနေ့မှ ခပ်ထွေထွေဖြစ်နေတဲ့ကားက လမ်းမှာ ထိုးမရပ်သွားဖို့ မေ့မောင်းနေရတာဖြစ်သည်။ မြသားက ထိန်းပြီး မောင်းလာတဲ့ကြားကနေ ကားက တုံ့ဆိုင်း တုံ့ဆိုင်းဖြစ်ကာ နောက်ဆုံးမှာတော့ လုံးဝကို ထိုးရပ်သွားပြီဖြစ်၏။



www.burmeseclassic.com

"ကျစ် ... ဒုက္ခပါပဲကွာ။ ကားကဘာဖြစ်တာလဲ မသိဘူး"

မြသားက စိတ်ပျက်စွာ လေပူတစ်ချက်မှုတ်၍ အိတ်ထဲက ဟန်းဖုန်းလေးကို ထုတ်ယူလိုက်သည်။ ဝပ်ရှော့ကို လှမ်းခေါ်ပြီး ကားထားခဲ့ဖို့ ရည်ရွယ်လိုက်၏။

"ဟယ်လို ... ကိုမြင့်လား။ အင်း ... ဒီမှာ ကားကဗွေ ဖောက်ပြန်ပြီ။ ကျွန်မက အခု ဦးစိုးအိမ်ကနေပြန်တဲ့ လမ်းပေါ်မှာ"

"........."

"ဟုတ်ပြီ။ လာခဲ့လိုက်နော်။ အဲဒါဆို ကျွန်မ စောင့်နေမယ်"

မြသားက ဖုန်းပြောပြီးနောက်မှာတော့ ဖုန်းကိုအိတ်ထဲပြန်ထည့်၍ ကားပေါ်ကဆင်းကာ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။ လမ်းမတန်း ဖြစ်နေတာမို့ ကားတွေက Speed အပြင်းစားနှင့် မောင်းလာကြတာမို့ လူသွားလူလာကတော့ သိပ်မရှိပါ။ မြသားက သက်ပြင်းတစ်ချက်ချ၍ ကားပေါ်မှာပဲထိုင်စောင့်ဖို့ ကားပေါ်ပြန်အတက်မှာ ဘေးနားကို အရက်နံ့ခပ်စူးစူးက ဝင်လာ၍ ကြည့်လိုက်လျှင် ဒယီးဒယိုင်ဖြစ်နေသည့် အမူး





သမားသုံးယောက်က ရီတီတီအပြုံးဖြင့် ပြုံးကြည့်၍ အာလေးလျှာလေး လေသံဖြင့် ...

"ညီမလေး ကားဘာဖြစ်လို့လဲ။ ကိုကြီးတို့ ဘာလုပ်ပေးရမလဲ"

မြသားက ပြဿနာဖြစ်မှာ စိုးတာကြောင့် စကားနည်းရန်စဲ အေးဆေးပြန်ဖြေလိုက်သည်။

"ကိစ္စမရှိပါဘူး။ အကူအညီ မလိုပါဘူး"

"အာ ... ဘယ်ဟုတ်ပါ့မလဲ။ လာပါ ... ကူညီပေးချင်လွန်းလို့ပါ"

နောက်တစ်ယောက်က အာလေးလျှာလေး ဝင်ပြောရင်း မြသားလက်ကို ဆွဲတာမို့ မြသားက ဒေါသတကြီးဖြင့် ဆတ်ခနဲ ပုတ်ထုတ်ပစ်လိုက်ကာ ...

"ဟေ့ ... မင်းတို့ ကိုယ့်လမ်းကိုယ်သွား။ လာမနှောင့်ယှက်နဲ့"

"ဟား ... အစွာလေးပဲ။ ဟေ့ကောင်တွေ ... ဘောစိမနော်။ ကြံ့တုန်းလေး ငါတို့ ယမကာဖိုးလေးပါ အလှူခံရအောင်"

မြသားက အင်မတန် ရိုင်းစိုင်းလေသော အဲဒီအမူးသမားတွေကို ဒေါသထွက်လွန်း၍ အော်ပစ်လိုက်သည်။



www.burmeseclassic.com

"ဒီမှာ ... နင်တို့ ဘာကောင်တွေလဲ"

"ဦးတက်တူး ... ဘာလုပ်နေတာလဲ ခင်ဗျား။ ကိုယ့်လမ်းကိုယ်သွားလေ"

မြသား ဘေးသို့ လူထက် အသံက အရင်ရောက်လာတာမို့ မြသားက အကူအညီရပြီဆိုပြီး ကြည့်လိုက်လျှင် မြသားထက်တောင် အသက်ငယ်ပုံရဦးမည့် ကောင်မလေးတစ်ယောက်ပဲ ဖြစ်၏။ ကောင်မလေးက လွယ်အိတ်စလွယ်သိုင်းကာ မျက်နှာကြောနှင့် ပုံစံကတော့ လုံးဝကိုအမာအတင်းဒီဇိုင်း ဖြစ်၏။

"ရှားပါး ... နင် ဘာလာရှုပ်ပြန်တာလဲ၊ ဒါ ငါတို့ကိစ္စ"

အမူးသမားတစ်ယောက်က အဲဒီကောင်မလေးကို ရန်မူတော့မယ့်ဟန်ဖြင့်ပြောလျှင် ကောင်မလေးက မျက်နှာကြောခပ်တင်းတင်းဖြင့် လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ အဲဒီအမူးသမား မျက်နှာကို လက်သီးဖြင့် ထိုးချလိုက်၏။

"ရှားပါးက အေးဆေး ပြောနေတာကို လက်မခံတော့လည်း ... ရော့"

မြသားက အဲဒီအဖြစ်ကို လန့်သွားစဉ် အမူးသမားက ကောင်မလေးဘက် ဒယီးဒယိုင် လျှောက်လာကာ ရန်မူတော့မယ့်ဟန်ဖြင့် ...





"ဟာ ... ဒီဟာမကတော့"

ဒယိမ်းဒယိုင် ဝင်ချလာတာမို့ ကောင်မလေးအတွက် မြသားက စိုးရိမ်သွားလျှင် ကောင်မလေးကတော့ အေးရာအေးကြောင်းပင် ကိုယ်ကိုတိမ်းစောင်း၍ အမူးသမားလက်ကို ဆွဲကာ လိမ်ချိုးပစ်လိုက်စဉ် ရပ်ကွက်ထဲမှ လူတစ်စုက အပြေးထွက်လာ၍ အဲဒီအမူးသမားတွေ အသည်းအသန် ထွက်ပြေးကုန်ကြ၏။ အခုမှပဲ မြသား သက်ပြင်းချနိုင်ကာ အဲဒီ အာဂကောင်မလေးနားသွားလိုက်၍ ကျေးဇူးတင်စကား ပြောရ၏။

"ကျေးဇူးတင်ပါတယ် ညီမလေးရယ်"

ကောင်မလေးက အပြုံးဖြင့် ပြန်လည်တုံ့ပြန်ကာ မြသားရဲ့ကားကို တစ်ချက်လှမ်းကြည့်လိုက်၍ ...

"ရပါတယ်၊ ကားက ဘာဖြစ်လို့လဲ အစ်မ"

"ကားက ဘာဖြစ်မှန်း မသိပါဘူး ညီမရယ်။ အစ်မ mechainc ကို ခေါ်ထားပါတယ်။ ဩော် ... ဟိုမှာ လာပြီ"

မြသား စကားပြောရင်း Taxi တစ်စီး ရပ်လာကာ ကားပေါ်က ဆင်းလာသူက မြသားရဲ့ mechanic ဖြစ်နေတာမို့ မြသားက လက်လှမ်းပြရင်း ...



www.burmeseclassic.com

"ဦးမောင်ကြီး ... ကျွန်မ ကားထားခဲ့လိုက်တော့မယ်။ ပြီးရင် အဲဒီကားကို ရောင်းဖို့ပါ တစ်ခါတည်း လုပ်လိုက်တော့"

မြသားက စိတ်တိုတိုဖြင့် ပြောလိုက်ရင်းကမှ ဘေးနားမှာ ကောင်မလေး ရှိနေတာကို သတိရသွားကာ ...

"ညီမက ဘယ်မှာ နေတာလဲ။ အစ်မ ပြန်လိုက်ပို့မယ်လေ"

"ရတယ် အစ်မ။ ရှားက ဒီရပ်ကွက်တင်နေတာ။ အဲဒါဆို အစ်မကို Taxi ငှားပေးလိုက်မယ်လေ"

မြသားက ကူညီပေးတတ်သော ကောင်မလေးရဲ့ စိတ်ရင်းလေးကို သဘောကျမိသွားသည်။

"ကျေးဇူးပါပဲ ညီမရယ်။ ညီမလေးက ဖိုက်တင်လည်းရတာပဲနော်။ ဒါနဲ့ ညီမနာမည်က ..."

မြသားရဲ့ ချီးကျူးစကားအတွက် ကောင်မလေးက ရှက်ရယ် တစ်ချက်ရယ်လိုက်ကာ ...

"အဟဲ ... ရှားက ကရာတေးလက်ရွေးစင်လေ။ ရှားပါးလို့ ခေါ်ပါတယ်"





မြသားက ထက်ထက်မြက်မြက် ချက်ချက်ချာချာ ရှိသော အဲဒီကောင်မလေးကို စိတ်ထဲမှာ သဘောတကျ ဖြစ်မိသွား၏။

"အစ်မနာမည်က မြသားထည်ပါ"

"ဟုတ် ... အစ်မ။ Taxi"

ကောင်မလေးက အသိမှတ်ပြုစွာ ခေါင်းပြန်ညိတ်ရင်း Taxi လှမ်းတားလိုက်သည်။ မြသားက နေရာပြော၍ ကားပေါ်တက်ပြီးနောက်မှာ ကောင်မလေးကို လှမ်းနှုတ်ဆက်လိုက်သည်။

"ကျေးဇူးပဲနော် ညီမလေး။ သွားဦးမယ်"

"ဟုတ်ကဲ့ ... အစ်မ"

မြသားက သွက်လက်ချက်ချာကာ ယောကျ်ားလေးတစ်ယောက်အလား အားကိုးအားထား ပြုရတဲ့ ရှားပါး ဆိုတဲ့ ကောင်မလေးကို စိတ်ထဲမှာတော့ တကယ့်ကို သဘောတွေ့ နှစ်သက်မိသွားတာပဲဖြစ်သည်။

❤ ❤ ❤



www.burmeseclassic.com

## ၂

ရှားပါးက လေလေးတချွန်ချွန်ဖြင့် အိမ်ထဲဝင်လာခဲ့လိုက်သည်။ အိမ်တံခါးကြီးဖွင့်ပြီး ဟိုဘွားတော်ကြီးတစ်ယောက် ဘယ်ဆီသွား အတင်းတုပ်နေသလဲ မသိပါဘူး။ ရှားပါးက မရှိလည်း အေးတာမို့ အပူအပင်ကင်းစွာဖြင့် အိမ်နောက်ဖေးထဲကို တန်းဝင်လာခဲ့တော့သည်။ ဒီနေ့ တစ်နေ့ကုန် ကလေးတွေကို ကရာတေးသင်ပေးနေရတာမို့ လူက ပင်ပန်းလာကာ ဗိုက်က တကြုတ်ကြုတ်အော်မြည် ဆာလောင်နေပြီဖြစ်သည်။ ရှားပါးက ပန်းကန်ယူ ထမင်းထည့်ပြီးနောက် ဟင်းအိုးဖွင့်ကြည့်လိုက်လျှင် စိတ်ပျက်စွာ နှာခေါင်းရှုံ့မိသွားသည်။ ဟင်း ... လာပြန်ပြီ ဒီနေ့လည်း ရွှေခေါင်းပြောင်ဟင်း။





တစ်နေ့ တစ်နေ့ မရိုးနိုင်တဲ့ ဒီဘဲဥချဉ်ရည်ဟင်းကို စိတ်ပျက်ပြီး မစားရင်လည်း ကိုယ်ပဲ ငတ်ဦးမှာမို့ ဟူးခနဲ လေပူမှုတ်ထုတ်ကာ ဘဲဥတစ်ခြမ်း ပန်းကန်ထဲထည့်၍ ဟင်းအနှစ်များများဆမ်းကာ ခုံမှာထိုင်၍ နယ်ဖတ်စားလိုက်လေသည်။

"အမယ်လေး။ တစ်နေကုန် အလေလိုက် ပျော်ပါးပြီး တော်တော်မှ စားလို့ကောင်းရဲ့လား ရှားပါး"

ရှားပါး ထမင်းစားနေတုန်းမှာပဲ ရှားပါးရဲ့ချစ်လှစွာသော မိထွေးက မီးဖိုချောင်ထဲ ဝင်လာကာ ပီယဝါစာ ချစ်ခင်နှစ်သက်ဖွယ်သော စကားကို ဆိုတာမို့ ရှားပါးက ထမင်းလုတ်ကို များများပါးစပ်ထဲထိုးသွင်း၍ လက်စသတ်လိုက်ကာ ဘုတောလိုက်သည်။

"မကောင်းဘူး အဒေါ်ရေ။ တစ်နေ့ တစ်နေ့ ဘဲဥကလွဲပြီး ဘာမှမချက်တတ်ဘူးလား"

"အမယ်လေးတော်။ ကြားလို့မှ ကောင်းသေးရဲ့လား။ နင် ဒီဘဲဥနဲ့ စားရတာတောင် ကံကောင်း။ ဒီအိမ်မှာ နင် အဆံဘယ်နှပြား ရှာပေးလို့လဲ"

ဒေါ်ခင်မျိုးအေးက ခုနစ်သံချီဖြင့် ပွမ်တာမို့ ရှားပါးက ပန်းကန်ဆေးလိုက်ရင်းက ထဝုန်းပစ်လိုက်တော့သည်။



www.burmeseclassic.com

"အဒေါ့ပိုက်ဆံလည်း တစ်ပြားမှ မပါပါဘူး။ ဒါ အဖေ့ ပိုက်ဆံနဲ့ ချက်ထားတာ။ အဖေ လောက်အောင်ပေးလည်း အဒေါ်က လောက်အောင်သုံးတာမှ မဟုတ်တာ။ တော်ပြီ နားငြီးတယ်"

တစ်နေ့ တစ်နေ့ အိမ်ပြန်ရောက်လာရင် ဖြတ်သန်းရတဲ့ ဒီနားဒုက္ခအတွက် ရှားပါးကလည်း ဟုတ်ကဲ့ ... အင်းဆိုပြီး ငြိမ်ခံနေတတ်တဲ့သူ မဟုတ်လေတော့ အိမ်က နေ့စဉ်နေ့တိုင်း အိမ်ပူကြီး ဖြစ်လာသည်။

ရှားပါးက နွေးထွေးမှု မရှိသောအိမ်မှာ နေရတာ စိတ်ပျက်တာမို့ စားပြီးတာနဲ့ အပြင်ပြန်ထွက်ဖို့ ဆိုင်းပြင်လျှင် ဒေါ်ခင်မျိုးအေးက ရှားပါးနောက် လိုက်လာကာ ပိုက်ဆံတစ်ထောင် ပေးတာမို့ ရှားပါးက ဘာလဲဆိုတဲ့သဘောဖြင့် မေးဆတ်ပြလိုက်လျှင် ထုံးစံအတိုင်း အမြင်ကတ်စရာကောင်းတဲ့ ဇယားက စလေပြီ။

"နင့်အဖေ ပြန်လာရင်စားဖို့ မရွှေဆိုင်က ကြက်သားဆီပြန်တစ်ပွဲ သွားဝယ်လာခဲ့"





အဲဒါတွေဟာ ဒေါ်ခင်မျိုးအေး လုပ်နေတဲ့ အထာတွေဖြစ်သည်။ ရှားပါးက ဒါတွေကို နေ့စဉ် မြင်တွေ့နေရတာ ဖြစ်ပေမယ့် စိတ်ထဲမှာ ဒီနေ့ အချဉ်ပေါက်လာတာမို့ အဲဒီပိုက်ဆံ တစ်ထောင်ကိုယူကာ အငေါ့တူးပေးလိုက်သည်။

"ပေး ... ပေး။ အင်း ... အဒေါ်တို့များ ပိုင်သလားမမေး နဲ့။ အဖေ့ကျတော့ ကြက်သားနဲ့။ မပြောချင်ဘူး"

"ဘုရား ... ဘုရား။ ညည်းအဖေကိုတောင် မသဒ္ဓါတော့ ဘူးလား။ အံ့တယ်။ အံ့တယ်"

ဒေါ်ခင်မျိုးအေး ဖြစ်ပျက်သွားတဲ့ပုံစံက ရှားပါးကပဲ ခေတ်သစ် အဇာတသတ်မ ဒီဇိုင်းဖြစ်အောင် တမင်လုပ်နေတာမို့ အဲဒီမိထွေးမကြီးကို ပိုပြီး အမြင်ကတ်လှစွာ ပိတ်ပြောပစ်လိုက်သည်။

"အဒေါ့ကိုလည်း ပိုအံ့တယ်။ ဆိုင်ကဝယ်လာတဲ့ ကြက်သားဟင်းနဲ့ အဖေ့ကိုကျွေးပြီး အစ်ကိုကြီးသမီးက ကြက်ပေါင်လေးနဲ့ ထမင်းဘယ်နှပန်းကန်တောင် စားသွားလိုက်တာဆိုပြီး ကတ်ဖားယပ်ဖားပြော။ ဟင်း ... စိတ်ပျက်တယ် ...



www.burmeseclassic.com

ကြက်သားဟင်းနော် ... သွားဝယ်ပေးမယ်”

ရှားပါးက ပြောချင်ရာပြောပြီးကာ ပိုက်ဆံတစ်ထောင်ဘောင်းဘီအိတ်ကပ်ထဲထည့်၍ ထွက်လာခဲ့လျှင် အနောက်က အော်သံစူးစူးကို ကြားလိုက်ရ၏။

“ဟဲ့ ... မြန်မြန်သွား မြန်မြန်လာနော် ရှားပါး”

ကျစ် ... စိတ်ပျက်စရာ ကောင်းလိုက်တာ။ ရှားပါးက ဘယ်တော့မှလဲ အဆင်ပြေမှာ မဟုတ်တဲ့ ဒီမိထွေးကို ကြာလေ အမြင်ကတ်လေဖြစ်ကာ လက်ဆင်ပေးဖို့ တေးလိုက်သည်။

အဖေရေ ... ရှားကိုတော့ ခွင့်လွှတ်ဦးပေါ့။

❤ ❤ ❤





ရှားပါးက ကြည့်မရတဲ့ အဲဒီမိထွေးကို လက်ဆင်ပေးဖို့အတွက် မှာလိုက်တဲ့ ကြက်သားဟင်းကို သွားမဝယ်ဘဲ တမင်ကို အရွဲ့တိုက်ကာ အဲဒီပိုက်ဆံတစ်ထောင်ကို မုန့်ဝယ်စားပစ်ဖို့အတွက် မြတ်မွန်တို့ဆိုင်ဘက်ကို ထွက်လာခဲ့သည်။ မြတ်မွန်က အအေးဖျော်နေတာမို့ ရှားပါးက စားပွဲလွတ်တစ်လုံးမှာ ဝင်ထိုင်ရင်း ရှုပုပ်ပုပ် ဖြစ်နေလျှင် အကြောင်းသိနေတဲ့ မြတ်မွန်က အအေးခွက် ဧည့်သည့်ကို သွားချပေးပြီးတာနဲ့ ရှားပါးဘေးရောက်လာကာ ...

“ရုပ်ကလည်း မှုန်ကုပ်လို့။ ဘာဖြစ်ရပြန်တာတုံး အဲဒါက”

“ထုံးစံအတိုင်းပေါ့ဟာ။ ဟိုအဘွားကြီးနဲ့ သတ်လာတာ။ ဟွန်း ... ဒီနေ့တော့ အပြီးပဲ။ အဖေ့အတွက် ဟင်းသွားမဝယ်ပေးဘူး။ သူ့ဘာသာ အဖေနဲ့ သတ်လိမ့်မယ်။ ဒီမှာ ပိုက်ဆံ။ ဟင်း ... ငါစားချင်တာကို ဝယ်စားပစ်ဦးမှာ”



www.burmeseclassic.com

ရှားပါးက ဘောင်းဘီအိတ်ထဲက ပိုက်ဆံတစ်ထောင်ကို ထုတ်လိုက်ကာ စားပွဲပေါ် ပစ်တင်လိုက်ပြီး စိတ်ထဲရှိတဲ့အတိုင်း ပြောပစ်လိုက်လျှင် မြတ်မွန်က သဘောတကျရယ်ကာ။

"ဟင်း ... ဒုက္ခပါပဲဟယ်။ နင်လည်း တစ်နေ့ တစ်နေ့ ဒီမိထွေးနဲ့ပဲ ရန်ဖြစ်မဝနိုင် ဖြစ်နေတာပဲ"

"ဟဲ့ ... ငါက ဖြစ်မဝတာ မဟုတ်ဘူး။ အဲဒီမိန်းမကြီးက ငါ့ကို မဖြစ်,ဖြစ်အောင် ဆွပေးနေတာ။ ဘယ့်နှယ်ဟယ်။ အမေရှိတုန်းက ဟင်းကောင်းကောင်းစားလာရတာ။ သူနဲ့တွေ့မှပဲ တစ်နေ့ဘဲဥ နှစ်နေ့ဘဲဥနဲ့။ လူလည်း ဘဲဥရုပ်ထွက်တော့မယ်။ တောက် ... အလုပ်မရှိတာ နာတယ်ဟာ... ငါ့မှာသာ ပိုက်ဆံတွေ ရှိလို့ကတော့လား။ အဲဒီမိန်းမကြီးရဲ့မျက်နှာကို ပိုက်ဆံနဲ့ပေါက်ပြီး နေ့တိုင်း ဟင်းကောင်းချည်း ချက်ခိုင်းပြီး တရစပ်ခိုင်းပစ်လိုက်ဦးမယ်"

ရှားပါးက ရင်ထဲရှိတာတွေကို ဖွင့်ထုတ်ပစ်လိုက်တော့မှဘဲ နည်းနည်းနေရပေါ့သွားသည်။ တစ်နေ့ တစ်နေ့ မွန်းကျပ်ပိတ်လှောင်နေတဲ့ ဘဝကြီးကနေ အသက်ရှူချောင်အောင် ဒီလိုပဲ ထွက်ပေါက်ဖန်တီးပြီး နေထိုင်နေရတာဖြစ်သည်။ ရှားပါးရဲ့စိတ်ဒဏ်ရာကို နားလည်နေတဲ့ မြတ်မွန်ကတော့ ရှားပါးကို ချော့မော့နှစ်သိမ့်နေကြဖြစ်သည်။

"ကဲပါ ... ငါ့ ဖိုက်တာလေးရယ်။ ဒေါသကိုလျှော့။ ကဲ... ပြော ... ဘာစားမလဲ။ ဘာသောက်မလဲ"

မြတ်မွန်က ရှားပါးက အာရုံအပြောင်းအလဲ လုပ်ပေးတာမို့ ရှားပါးက တိုနေတဲ့စိတ်တွေကို အစားအသောက်ထဲ စုပြုံထည့်ပေးလိုက်သည်။ ဒီနေ့တော့ ဒီတစ်ထောင်နဲ့ ကမ္ဘာကြီးတစ်ခုလုံး ဝယ်ပစ်ရမယ်။ ရှားပါး မြတ်မွန်ကို အဲဒီတစ်ထောင်ပေးလိုက်ကာ ...

"ဒီနေ့တော့ နင့်ဆီက ငါ အလကားမစားဘူးနော်။ ရော့... ပိုက်ဆံ။ ငါ့ကို ထောပတ်သီးတစ်ခွက်၊ လက်ဖက်ထမင်းတစ်ပွဲပေး"

ရှားပါးက ဘောက်ဆတ်ဆတ် ပြောလိုက်လျှင် မြတ်မွန်က မနိုင်ဘူးဆိုတဲ့ သဘောဖြင့် ခေါင်းအသာယမ်းကာ...

"မနိုင်ဘူးဟေ့ နင့်ကိုတော့။ တကတဲ ... တစ်ထောင်နဲ့ကြီးကျယ်နေလိုက်တာ။ ခဏစောင့် ... ကျုပ် လုပ်ပေးမယ်"







www.burmeseclassic.com

မြတ်မွန်က ဆိုင်ထဲပြန်ဝင်သွားလျှင် ရှားပါးကတော့ ကျေနပ်စွာ မိန့်မိန့်ကြီး ပြုံးနေလိုက်သည်။ အဖေ့ကိုတော့ ကြက်သားနဲ့ စားစေချင်ပေမယ့် အဖေနဲ့မိထွေး ပြဿနာတက်အောင် မွေချင်တာမို့ ရှားပါးက ဒီမှာလာပြီး လောကစည်းစိမ်ယူနေတာ ဖြစ်သည်။

ဘဝမှာ အခက်အခဲတွေရှိတိုင်း ထိုင်စိတ်ညစ်နေရမယ်ဆို လောကကြီးက ငိုသံတွေပဲ ပြည့်နှက်နေတော့မှာမို့ ရှားပါးကတော့ စိတ်ကိုပျော်အောင် အရှင်ဓာတ် ဖြည့်ပေးထားလေသည်။

❤ ❤ ❤





## ၃

"ကဲ ... ဘယ်လိုဖြစ်ကြတာလဲ။ အလုပ်ကို အာရုံစိုက်ဖို့ ပြောခဲ့တာလည်း အကြိမ်ပေါင်း မနည်းတော့ဘူး။ အောက်ခြေကနေစပြီး မန်နေဂျာအထိ တစ်ယောက်မှ အသုံးမကျဘူး ...

လကုန်ရင် လခရပြီးပြီ တာဝန်ကျေရုံ လုပ်ပေးရုံနဲ့တော့ ဘယ်တော့မှ ကြီးပွားတိုးတက်လာမှာ မဟုတ်ဘူး။ စေတနာလေး ထည့်လုပ်မှာ အောင်မြင်မယ် ဆိုတာကို နားလည်ကြစမ်းပါ"

မြသားက result မကောင်းတဲ့ စာရင်းတွေနဲ့ rejet ထိထားတဲ့ အကျီတွေကိုကြည့်ကာ ဒေါသတွေ အလိပ်လိပ်ထွက်



www.burmeseclassic.com

လာ၍ ဝန်ထမ်းတွေကို ဆူငေါက်နေလည်း အဲဒီဝန်ထမ်းတွေဟာ မျက်လုံးလေး ကလယ် ကလယ်နှင့် သနားစရာ လုပ်ပြရုံကလွဲပြီး ဘာမှကို အသုံးမကျချေ။ ကိုယ်က စိတ်ဆန္ဒတွေ ရှေ့ရောက်ပြီး အနောက်က လိုက်မလာနိုင်တာဟာ သိပ်စိတ်ပျက်ဖို့ကောင်းလေသည်။

မြသားဆီမှာသာ ဟိုတစ်နေ့က တွေ့ခဲ့တဲ့ ကောင်မလေးလို ထက်ထက်မြက်မြက် ဝန်ထမ်းတွေ အများကြီးရှိနေလို့ကတော့ မြသားရဲ့ကုမ္ပဏီက ဒီ့ထက်မကတောင် ပိုအဆင်ပြေချောမွေ့ဦးမှာဖြစ်သည်။

"သူလိုက်ပြီဆို အဲဒီလို မထုံတက်တေး မျက်နှာပေးတွေနဲ့ ပြန်မပြော နားမထောင် လုပ်နေတာတွေကို သိပ်စိတ်ပျက်တာပဲ။ အားလုံး အချိုးတွေ ပြင်ကြပါ။ နောက်တစ်ခါဆိုရင်တော့ ကျွန်မဘက်က ဝန်ထမ်းတွေလဲဖို့ ဆုံးဖြတ်ရတော့မှာပဲ။ သွားလို့ရပြီ"

ဝန်ထမ်းတွေ ရုံးခန်းထဲက ထွက်သွားလျှင် မြသားက စိတ်ပျက်စွာ လေပူတစ်ချက် မှုတ်ထုတ်ပစ်လိုက်သည်။ မြသားရဲ့ အထည်ချုပ်လုပ်ငန်းကြီးက ပိုမိုအောင်မြင်လာတာနဲ့





အမျှ ပိုပြီးအလုပ်တာဝန်တွေ ပိလာကာ Stress တွေကလည်း အရင်ထက် သုံးလေးဆ ပိုများလာတာပဲဖြစ်သည်။ မြသားက ဟိုတစ်နေ့ကဖြစ်ခဲ့တဲ့ အမှုးသမား အနှောင့်အယှက်တွေ၊ အလုပ်မှာ လိုတာခိုင်းလို့ ရနိုင်ဖို့အတွက် မြသားရဲ့အနီးကပ် လူတစ်ယောက်တော့ လိုအပ်နေပြီဆိုတာ သတိပြုမိလိုက်သည်။

စိတ်ထဲမှာ ဟိုတစ်နေ့က တွေ့ခဲ့တဲ့ ကောင်မလေးကို အမှတ်ရမိနေတာမို့ မြသားက အဲဒီကောင်မလေးနဲ့ ထပ်တွေ့ပြီး စကားပြောကြည့်ချင်တာကြောင့် ကုမ္ပဏီအပြန်မှာ အဲဒီကောင်မလေးနဲ့ ဆုံခဲ့တဲ့ လမ်းမတန်းဘေးက ရပ်ကွက်လေးဆီ မောင်းလာခဲ့သည်။

ကောင်မလေးက ဒီရပ်ကွက်မှာပဲနေတယ် ပြောသွားကာ အတိအကျ မပြောသွားတာမို့ ရှာရတာက နည်းနည်းတော့ ခက်လေသည်။ မြသားက ကားကို တလိမ့်ချင်းလိမ့်လာကာ တွေ့လိုတွေ့ငြား ဟိုဒီကြည့်ရင်းက ဘေးက ဖြတ်သွားတဲ့ လူတစ်ယောက်ကို လှမ်းအကူအညီ တောင်းလိုက်သည်။

"ဒီမှာရှင့်။ ဒီနားမှာလေ ... ရှားပါး ဆိုတဲ့ မိန်းကလေး များရှိလား မသိဘူး။ သူ ဒီနားပတ်ဝန်းကျင်မှာ နေတယ်



www.burmeseclassic.com

လို့တော့ ပြောတယ်။ ပုံစံလေးကလည်း ယောက်ျားလျာပုံစံလေးနဲ့လေ”

“သြော် … သိတာပေါ့။ ဟိုရှေ့က လမ်းချိုးအတိုင်း ကွေ့သွားလိုက်။ လမ်းဆုံးရင် ဘယ်ချိုး။ သုံးအိမ်မြောက်အိမ်က ရှားပါးတို့အိမ်ပဲ”

မြဲသားက အိမ်နေရာကို သိရပြီး ဝမ်းသာသွားကာ အဲဒီသူကို ကျေးဇူးတင်စကားပြော၍ မောင်းထွက်လာခဲ့သည်။ အဲဒီလူ လမ်းညွှန်ပေးတဲ့အတိုင်း လမ်းချိုးထဲကို ကွေ့ဝင်လာလျှင် ထိပ်နားက အအေးဆိုင်လေးမှာ ထိုင်နေတဲ့ ကောင်မလေးကို လှမ်းတွေ့လိုက်တာမို့ မြဲသားက ကားရပ်လိုက်ကာ သေချာအောင် ကြည့်လိုက်သည်။

မြဲသားနဲ့ ဟိုတစ်နေ့က ဆုံခဲ့ဖူးတဲ့ ရှားပါးဆိုတဲ့ ကောင်မလေး ဖြစ်နေတာ သေချာတာမို့ မြဲသားက ကားပေါ်က ဆင်းလာကာ အဲဒီကောင်မလေးဆီ လျှောက်လာခဲ့သည်။ ရှားပါးက မြဲသားကို မြင်ဟန်မပြ။ သူ့သူငယ်ချင်း ကောင်မလေးတစ်ယောက်နဲ့ စကားကောင်းနေတာမို့ မြဲသားက ခေါ်လိုက်ရသည်။

“ညီမလေး ရှားပါး နော်။ မမကို မှတ်မိလား မသိဘူး”





ရှားပါးနှင့် သူ့ဘေးက သူငယ်ချင်းက စကားသံကြောင့် မြဲသားကို မော့ကြည့်လိုက်ကာ မြဲသားကိုမြင်လျှင် ချက်ချင်းမှတ်မိသွားကာ ပျာပျာသလဲ ဖိတ်ခေါ်၏။

“သြော် … ဟုတ်။ မှတ်မိပါတယ် အစ်မ။ ထိုင်ပါဦး။ ဘာအကူအညီပေးရမလဲ မသိဘူး”

ကောင်မလေးက အဲဒီစိတ်ရင်းစေတနာလေး ရှိတာကြောင့် မြဲသားက ဒီအထိ နောက်တစ်ကြိမ် တကူးတကလာခဲ့တာဖြစ်သည်။ မြဲသားက ထိုင်ခုံမှာ ဝင်ထိုင်လိုက်ရင်း လာရင်းကိစ္စ ပြောလေသည်။

“အစ်မကို မှတ်မိသားပဲ။ အစ်မက ရှားပါးဆီလာတာ။ လမ်းထိပ်မှာ တစ်ယောက်က လမ်းညွှန်ပေးလိုက်လို့”

မြဲသား စကားကြောင့် ရှားပါးက တအံ့တဩဖြစ်သွားတဲ့ပုံဖြင့် မြဲသားကို ငေးကြည့်ကာ …

“ရှားဆီ လာတာဆိုတော့ ကိစ္စရှိလို့လား အစ်မ။ ရှား ဘာများလုပ်မိလို့လဲ”

ရှားပါးက စိတ်ပူဟန်ဖြင့် မေးတာမို့ မြဲသားက ပျာပျာသလဲပင် အမြန်ရှင်းပြရသည်။



www.burmeseclassic.com

"မဟုတ်ပါဘူး။ ရှား ဘာမှမလုပ်ပါဘူး။ ရှားလို့ခေါ်မယ်နော်။ အစ်မ လာရင်းကိစ္စက ဟိုတစ်နေ့က ရှား ကူညီပေးလိုက်လို့ မ,အရမ်းအဆင်ပြေခဲ့တာလေ။ သေချာလေး ကျေးဇူးတင်ကြောင်း ပြောချင်လို့ပါ။ ပြီးတော့ ရှားက သွက်သွက်လက်လက် ချက်ချက်ချာချာလေးဆိုတော့ အစ်မက မိတ်ဆွေဖြစ်ချင်လို့လေ"

မြသားက လာရင်းကိစ္စကို ပြောလိုက်လျှင် ရှားပါးက မျက်လုံးအဝိုင်းသားဖြင့် မြသားကို တအံ့တသြကြည့်ကာ သူ့ရင်ဘတ် သူဖိ၍ ...

"ရှားနဲ့ မိတ်ဆွေဖြစ်ချင်လို့ ... မမကလည်း နောက်နေသလိုပဲ"

သူ့ကိုယ်သူ မယုံနိုင် ဖြစ်နေတာကို မြသားက သဘောကျကာ တစ်ချက်ပြုံးလိုက်ပြီးမှ ...

"ရှားပါးက ချစ်စရာလေးပဲ။ ကျောင်းတက်နေတုန်းပဲလား"

"ရှား ဆယ်တန်းတော့ အောင်ထားပြီးပါပြီ။ လောလောဆယ်တော့ တက္ကသိုလ် မတက်သေးပါဘူး"

သြော် ...။ ရှားပါးရဲ့ပုံစံလေး ကြည့်ရတာဟာလည်း ချို့ချို့ငဲ့ငဲ့ ပုံစံလေးမို့ မြသားက ကရုဏာ သက်မိသွားသည်။





"ဒါနဲ့ ရှား မိဘတွေနဲ့ အတူနေတာလား"

အဲဒီမေးခွန်းကြောင့် ရှားပါး မျက်နှာတစ်ချက်အို သွားတာကို မြသား သတိပြုမိလိုက်သည်။

"အဖေနဲ့ နေတာပါ။ အဖေ့မိန်းမ မိထွေးနဲ့ပါ အတူနေရတာပေါ့"

ရှားပါးရဲ့သူငယ်ချင်း ကောင်မလေးက ထသွားကာ Coke တစ်ဘူးယူလာ၍ မြသားကို ဧည့်ခံ၏။

"အအေး သုံးဆောင်ပါဦး အစ်မ။ ရှားပါး သူငယ်ချင်းပါ"

မြသားက ရှားပါး သူငယ်ချင်းကို တစ်ချက်ပြုံးပြလိုက်၍ ကျေးဇူးတင်စကား ပြောလိုက်သည်။ မြသားကို ရှားပါး သူငယ်ချင်း ကောင်မလေးကပဲ ရှားပါး အကြောင်းကို ထပ်လောင်းဖြည့်စွက် ပြောပြလေ၏။

"ရှားပါးက သူ့မိထွေးနဲ့ နေရတော့ အဆင်မပြေဘူး အစ်မရဲ့။ အခုလည်း မိထွေးနဲ့ ရန်ဖြစ်ပြီး ဆိုင်မှာလာထိုင်နေတုန်း အစ်မနဲ့တွေ့တာ"

"ဟဲ့ ... ဘာတွေ လျှောက်ပြောနေတာလဲ"



www.burmeseclassic.com

ရှားပါးက သူ့သူငယ်ချင်းကို လှန်းဟန့်တာမို့ မြသားက ရှားပါးကို ကရုဏာသက်စွာ ကြည့်မိရင်းက နှစ်သိမ့်လိုက်သည်။

“မိထွေးနဲ့ ရန်ဖြစ်တာ ရှက်စရာမှ မဟုတ်တာ။ မိသားစုတိုင်းမှာ အိမ်တွင်းရေးပဋိပက္ခ ဆိုတာကတော့ ရှိတက်တာပဲဟာ။ ဒါနဲ့ ရှားက ဘာအလုပ် လုပ်သလဲ”

မြသားက ကောင်မလေးရဲ့စိတ်ခံစားချက်လေးကိုသဘောကျမိတာကြောင့် ကူညီပေးနိုင်အောင် မေးကြည့်လျှင် ရှားပါးက ရှက်ရယ်တစ်ချက် ရယ်ကာ ...

“လောလောဆယ်တော့ 109/110 ပေါ့ အစ်မရယ်။ ရပ်ကွက်ထဲက ကလေးတွေကို ညနေအားတဲ့အချိန်ဆို ကရာတေးသင်ပေးတာကိုပဲ အလုပ်လို့ ပြောရတော့မှာပေါ့”

ကရာတေး။ မြသားက ရှားပါးကို သဘောကျတာဟာ အဓိက အဲဒီအချက်ကြောင့်ပဲ ဖြစ်သည်။ ရှားပါးကလည်း အလုပ်မရှိဘူးဆိုတော့ ...။

“ရှားက ကရာတေး တတ်တာနော်။ ဟိုတစ်နေ့က ပြောဖူးတာပဲ။ အဲဒါဆိုလည်း အားကစားသမား လုပ်ပါလား”





မြသား အပြောကြောင့် ရှားပါးက သဘောတကျရယ်လိုက်ရင်းက အပြုံးဖြင့် ပြန်ဖြေလေသည်။

“အဖေပေါ့။ အဲဒီလို ပေါက်ကျော်မ အလုပ်တွေ မလုပ်ရဘူးဆိုပြီး တားတယ်လေ။ အဖေက ရှားကို အဲဒီလို ခုန်ပျံကျော်လွှားပြီး လတ်လျား လဘ်လျား ဖြစ်နေတာကို ကြည့်မရဘူးလေ”

မြသားက အဲဒီလို ပွင့်လင်းပြီး ရိုးသားတဲ့ မိန်းကလေးမျိုးကို ရှာနေတာမို့ တစ်ထိုင်တည်း ဆုံးဖြတ်ချက်ချာကရှားပါး သဘောကို မေးလိုက်တော့သည်။

“ဒါဆို တည်တည်တံ့တံ့ အလုပ်မျိုးကော လုပ်မလား”

“ရှင်”

ရှားပါးက အံ့အားသင့်သော မယုံကြည်နိုင်မျက်ဝန်းတွေဖြင့် မြသားကို နားမလည်သလို ကြည့်တာမို့ မြသားက ကောင်မလေး နားလည်လက်ခံဖို့ ရှင်းပြလိုက်သည်။

“ဟုတ်တယ်။ ရှားပါး အဖေ မမြင်ချင်တဲ့ လတ်လျားလတ်လျားလည်း မဖြစ်တော့ဘူး။ ပြီးတော့ ရှားရဲ့ကရာတေးပညာတွေကိုလည်း လိုအပ်ရင် ထုတ်သုံးရမယ်။ များသော



www.burmeseclassic.com

အားဖြင့်တော့ ရှားက လုလုပပလေး ဝတ်စားပြီး ကုမ္ပဏီ အလုပ် လုပ်ရုံပဲပေါ့။ ဘယ်လိုလဲ လုပ်ချင်လား"

ရှားပါး အံ့အားတသင့်တွေဖြစ်ကာ မြသားကိုမေး တော့သည်။

"ဘာ ... ဘာအလုပ်မျိုးလဲဟင် အစ်မ၊ ဟို ... ရှားက ဘာမှမတတ်ဘူးနော်"

"ကိစ္စမရှိပါဘူး။ မတတ်တာက သင်ယူလို့ ရပါတယ်။ ဘယ်လိုလဲ လုပ်မလား။ ရှားပါး လုပ်ရမယ့်အလုပ်က မမရဲ့ ဘော်ဒီဂတ်ပေါ့။ မ,ကုမ္ပဏီသွားတဲ့ အခါမျိုးမှာဖြစ်ဖြစ်၊ မ,အပြင်သွားတဲ့ အခါမျိုးမှာဖြစ်ဖြစ် မ,ဘေးမှာ ရှားလို ထက်ထက်မြက်မြက် ဘော်ဒီဂတ်မျိုးလေး ရှိသင့်တာပေါ့။ မဟုတ်ဘူးလား"

ရှားပါးက မမျှော်လင့်ထားသော ကံကောင်းမှုအတွက် ချက်ချင်း အဖြေမပေးနိုင်သေးဘဲ သူငယ်ချင်းကို လှမ်းကြည့်လိုက်သည်။

"ဒီလောက်ကောင်းတဲ့ အလုပ်မျိုး နင် ဘယ်နားမှာရှာမလဲ။ နင် သိပ်ကံကောင်းတာပဲ ရှားပါးရယ်"





မြတ်မွန်ကပါ ထောက်ခံတာမို့ ရှားပါးက ဘာမှ တွေဝေတုံ့ဆိုင်းမနေတော့ဘဲ တစ်ထိုင်တည်း ဆုံးဖြတ်ချက်ချလိုက်ကာ ခေါင်းညိတ်လိုက်တော့သည်။

"ရှား ဒီအလုပ်ကို လက်ခံတယ် မမ။ မမ အလုပ်ခန့်တဲ့ နေ့ကစပြီး ရှားက မမရဲ့ဘော်ဒီဂတ်"

ရှားပါးက သူ့အလုပ်သူ ဂုဏ်ယူသလို ပြောလိုက်လျှင် မြသားက အရမ်းကို သဘောကျသွားရသည်။ မြသားက ရှားပါးကို ဘော်ဒီဂတ်အဖြစ် ရလိုက်တဲ့အတွက် အားထားစရာ လက်ရုံးတစ်ယောက် ရပြီဟု သတ်မှတ်လိုက်မိသည်။



www.burmeseclassic.com

# ( ၄ )

နေသူရိက မက်လမှာ Facebook ကြီး ဖျက်သိမ်းတော့မယ်ဆိုတဲ့ ကောလာဟလသတင်းကို ဖတ်ရင်း ပြုံးမိသွားသည်။ အဲဒါကြောင့်လည်း Facebook ကို ဖွဘုတ်လို့ နာမည်ပေးကြတာ။ ကစ်နေ့ တစ်နေ့ သူ့မှာ မြန်မာပြည်က သတင်းတွေ တက်လာတာကို ဖတ်ရင်း Update လုပ်ကာ ဒီဇိုင်းတွေဆွဲလိုက် Fashion Week တွေအတွက် Organizer လုပ်ပေးလိုက်ဖြင့် လုံးလည်ချာလည် လိုက်နေတာပဲဖြစ်သည်။ သူက ကော်ဖီလေးသောက်ရင်း Facebook က Mail တွေကို စစ်နေတုန်း ပုံမှန်ဝင်နေကြ message တစ်ခုကိုမြင်လျှင် သဘောတကျ ပြုံးလိုက်မိသွားသည်။





"ဟား ဟား ... ဒီအမျိုးသမီးကတော့ ဖွဲဆု ပေးရတော့မယ်ဟေး"

နေသူရိက အဲဒီ message ကို ဖတ်ပြီးနောက် ဘာမှ reply မလုပ်ပေ။ မြန်မာပြည်က Brand တစ်ခုအတွက် သူ့ကို ပင်တိုင်ဒီဇိုင်းဆွဲပေးဖို့ ကမ်းလှမ်းထားတာဖြစ်သည်။ သူကိုယ်တိုင်ကလည်း အရှေ့တိုင်းဆန်တဲ့ ဒီဇိုင်းထက် Europe ဆန်တဲ့ ဒီဇိုင်းမျိုးတွေ ဖန်တီးရတာ ပိုအားသန်သူမို့ သူ့ဒီဇိုင်းတွေနဲ့ကိုက်ညီတဲ့ ဒီမှာပဲ သူ အခြေကျနေဖြစ်တာဖြစ်သည်။ သူ့ရဲ့ တစိုက်မတ်မတ် ကြိုးစားအားထုတ်မှုတွေက အရာထင်သလောက် ထင်လာသောအခါမှာတော့ သူ့ကို မြန်မာနိုင်ငံက လူတွေက တခြားတိုင်းပြည်မှာ အောင်မြင်မှုယူနိုင်တဲ့ ဒီဇိုင်နာတစ်ယောက်အဖြစ် အသိအမှတ်ပြု ချီးမြှောက်လာကြ၏။

အဲဒီအပေါ်ကို သူက နိုင်ငံအတွက် လူမျိုးအတွက် တခြားနိုင်ငံမှာ အောင်မြင်တဲ့သူ ဖြစ်ရတာကို ဂုဏ်ယူမိနေတာကြောင့် သူဟာ မြန်မာပြည်မှာ အခြေမချဖြစ်ဘဲ ရှိနေတာဖြစ်သည်။

နေသူရိက News Feed တွေကို ဟိုဟိုဒီဒီဖတ်ကြည့် Like လုပ်ရင်းက သူ့ Iphone 5S (gold) လေးက Viber call



www.burmeseclassic.com

ring မြည်လာတာကြောင့် သူက နံပါတ်ကြည့်လိုက်လျှင် ရန်ကုန် အိမ်ကနံပါတ် ဖြစ်တာကြောင့် ဖုန်းကိုင်လိုက်ရသည်။

"ဟယ်လို"

"သားရေ ... ဒေါ်လေး ပြောလို့ရမလား"

ဒေါ်လေးအသံက အလောတကြီး ဖြစ်နေတာကို သူက သတိပြုမိတာကြောင့် ဘာများဖြစ်လဲဆိုပြီး ရင်ထဲတော့ ထိတ်သွားမိသည်။

"ရတယ် ဒေါ်လေး။ ကျွန်တော် အိမ်မှာ။ ဘာဖြစ်လို့လဲ ဒေါ်လေး"

"သား ... သားဖေဖေ တော်တော်လေး နေမကောင်း ဖြစ်နေတယ် သား"

"ဗျာ"

နေသူရ အရမ်းကို အံ့အားသင့်ကာ စိုးရိမ်သွားသည်။ ဖေဖေ့အတွက်တော့ သူ သိပ်စိတ်ပူလေ၏။

"ဖေဖေ ဘယ်လိုဖြစ်တာလဲ ဒေါ်လေး။ စိုးရိမ်ရလားဟင်"

"စိုးရိမ်ရတယ်ပဲ ပြောရမှာပေါ့ သားရယ်။ နှလုံးပြန်ထတာ။ ဆရာဝန်ကြီးကတော့ ဒီတစ်ခါ attack က နည်းနည်းစိုးရိမ်ရတယ် ပြောတယ်"





"ဒုက္ခပါပဲဗျာ။ ကျွန်တော် ဖေဖေ့ကို အရမ်းစိတ်ပူတာပဲ ဒေါ်လေးရာ"

တစ်လောကလုံးမှာ ပြေးကြည့်မှ ဒီသားအဖနှစ်ယောက်ပဲ ရှိတော့တာမို့ သူက ဖေဖေ့ကို အင်မတန် ချစ်မြတ်နိုးရလေသည်၊ ဖေဖေက သူ Sydeny (ဆစ်ဒနီ)မှာ အခြေချနေတာမို့ လုံးဝမနှစ်မြို့ပေ။ ဒါပေမဲ့လည်း သူ့အလုပ်က ဒီမှာရှိနေတာမို့ ဖေဖေ မပြောပေမယ့် သူ့ကို ပြန်လာစေချင်တယ်ဆိုတာ သူသိပါသည်။

"သားနေ ... ဖြစ်နိုင်ရင်တော့ သားနေကို မြန်မာပြည်မှာပဲ အခြေချစေချင်တယ် သားရယ်။ သားအဖေအကြောင်းလည်း သိသားနဲ့။ သူ့မှာ ရောဂါတစ်ဖက်နဲ့ အလုပ်တွေ လုပ်နေရတာလေ။ ဒီမှာပဲ သား အခြေချပြီး သားဝါသနာပါတာကိုလုပ်ရင်း သားအဖေ အလုပ်ကိုပါ လာကူပြီး သားအဖေအနားမှာပဲ နေပါတော့လား နေရယ်"

ဒေါ်လေးက အဖေ့ကိုယ်စား သူ့ကို ပြောနေတာမှန်း သူ သိသည်။ ဒါပေမဲ့ ...။ မြန်မာပြည် ပြန်နေမယ်ဆိုလည်း သူ့အလုပ်က လုပ်လို့ရတာ မှန်ပေမယ့် အဆင်ကတော့ သိပ်ပြေနိုင်မှာ မဟုတ်ပေ။ လက်ရှိမှာ သူက ဘယ်ကုမ္ပဏီနဲ့မှ စာချုပ်ချုပ်



www.burmeseclassic.com

အလုပ်လုပ်ထားခြင်း မရှိတဲ့အတွက် ပြန်မယ်ဆိုလည်း ချက်ချင်း ပြန်လာလို့ရမယ့် အနေအထားမျိုး ဖြစ်နေတာမို့ သူက ချက်ချင်း ကြီးတော့ မဆုံးဖြတ်နိုင်သေးပေမယ့် ပြန်လာဖို့ ပြောလိုက်တော့ သည်။

"ဟုတ်ကဲ့ပါ ဒေါ်လေး။ ဒီမှာ ကျွန်တော့်အလုပ်တွေ ဘယ်လိုပဲ အခြေကျကျ ဖေဖေ့အတွက် ကျွန်တော်ပြန်လာ ရမှာပေါ့။ ဖေဖေ့အခြေအနေ ဘယ်လိုရှိလဲ ဒေါ်လေး"

"အခုတော့ ဆေးရုံမှာပဲ ရှိသေးတယ်။ ဆရာဝန်ကတော့ စိုးရိမ်ရသေးတယ် ပြောတယ်"

အဲဒီသတင်းကြောင့် သူက ပိုပြီးစိတ်ပူထိတ်လန့် သွားသည်။

မတော်တဆများ ဖေဖေသာ ...။ အတွေးနဲ့တင် သူက လိုက်မောပူလောင် သွားတာမို့ ချက်ချင်းပြန်လာဖို့ ဆုံးဖြတ် လိုက်တော့သည်။

"ဟား ... ဒါဆို ဘယ်ဖြစ်မလဲ။ ကျွန်တော် အမြန်ဆုံးပြန် လာမယ် ဒေါ်လေး။ ဖေဖေ့ကို ဂရုစိုက်ပေးပါနော်။ ကျွန် တော် ဒီမှာ အပြီးသတ်ရမယ့် ကိစ္စလေးတွေ ရှင်းပြီးတာနဲ့ လာပါ့မယ်"





"အေးပါ သားရယ်။ အဲဒါဆို ဒေါ်လေး ဖုန်းချလိုက်တော့ မယ်။ ညမှပဲ သားအဖေ ဆက်လိမ့်မယ်။ အခု သူအိပ်နေ တယ်"

"ဟုတ်ကဲ့ ... ဒေါ်လေး"

နေသူရိက ဖုန်းပြောပြီးသည့်တိုင် ဘာမှမလုပ်နိုင် သေးဘဲ တွေဝေစဉ်းစားသွားရသည်။ မှန်ချပ်ကြီးတွေကနေ မြင်နေ ရတဲ့ လှပသော ရှုခင်းတွေကို သူ မခံစားအားသေး။ ဒီကနေ အပြီးစွန့်ခွာမယ်ဆိုရင် သူ့လုပ်ဖော်ကိုင်ဖက်အားလုံး ဝမ်းနည်း သွားမှာ အသေအချာပင်။ ဒါပေမဲ့ ဖေဖေ့ဆန္ဒကို သူ ဖြည့်ပေးရ မယ့်တာဝန်က ရှိနေသည်။

မြန်မာပြည် ပြန်နေပြီး ဒီကို ဒီဇိုင်းပို့လည်း ဖြစ် တာပဲလေ။ နေသူရိက အခက်ခဲဆုံး ဆုံးဖြတ်ချက်ကို ယတိပြတ် ချပြီးနောက်မှာတော့ မြန်မာပြည်မှာ ပြန်နေဖို့ ဆုံးဖြတ်လိုက်တော့ သည်။ မြန်မာပြည်ရောက်ရင် သူ့ အလုပ်အတွက် အထောက်အပံ့ တစ်ခု ဖြစ်လာစေဖို့ မြန်မာပြည်က ကမ်းလှမ်းထားတဲ့ ကုမ္ပဏီ ပေါင်းများစွာထဲက သူက တစ်ခုကိုတော့ ရွှဲဆုပေးဖို့ ရည်ရွယ် လိုက်လေသည်။



www.burmeseclassic.com

# ၁

မြသားက ဒီဇိုင်း site တစ်ခုထဲဝင်ကာ အသစ်ထွက်အင်္ကျီဒီဇိုင်းတွေကို ရှာဖွေနေမိတာ ဖြစ်သည်။ မြသားရဲ့အင်္ကျီ brand က market မှာ ပိုပေါက်လာလေ ကိုယ့်ဘက်က အဲဒီ role လေး ကျမသွားအောင် ထိန်းထားနိုင်ဖို့ အသစ်အသစ်တွေ ဖန်တီးနိုင်မှ ဖြစ်လိမ့်မည်။ မြသားရဲ့စိတ်နဲ့ အရမ်းတွေ့နေကာ သဘောတကျဖြစ်နေရတဲ့ ဩစီ အခြေစိုက် မြန်မာနိုင်ငံသား ဒီဇိုင်နာနေသူရိုကို ကျပြန်တော့လည်း ဘယ်လိုမှ ချိတ်လို့မရသေးတာကြောင့် အဆင်မပြေ ဖြစ်ရလေသည်။ သူ့လိုလူမျိုးရဲ့ဒီဇိုင်းသာ မြသားတို့ကုမ္ပဏီအတွက် မူပိုင်ရလို့ကတော့ ငြီးပြီပဲ ဖြစ်သည်။





မြသားက Website တွေထဲမှာ အချိန်မကုန်စေတော့ဘဲ Facebook ဖွင့်ကြည့်လိုက်လျှင် message တစ်စောင်ကဝင်နေလေသည်။ မြသားက ဖွင့်ကြည့်လိုက်လျှင် တကယ့်ကို ထင်မှတ်မထားသော သူဆီက message ပဲ ဖြစ်လို့နေ၏။

"I'll come back soon.

What time can I see you. ? "

မြသား အရမ်းကို မျှော်လင့်ထားရတဲ့ ဒီဇိုင်နာနေသူရိုဆီက သူ မကြာခင် ပြန်လာတော့မယ်ဆိုတဲ့ reply ကို ဖတ်ရလျှင် မြသားမှာ အင်မတန်မှကို ဝမ်းသာလွန်း၍ ပေးခန်တောင် အော်ပစ်ချင်စိတ် ပေါက်သွားရသည်။ ဒီစာလေးတစ်ကြောင်း reply ပြန်လာဖို့အတွက် မြသားမှာ စိတ်ရှည်လက်ရှည် ကမ်းလှမ်းခဲ့ရတာဖြစ်သည်။

"မမ ကော်ဖီ ရပါပြီ"

ရှားပါးက မြသားအတွက် ကော်ဖီလာပို့လျှင် မြသားမှာ ခေါင်းတစ်ချက် ဆတ်ပြလိုက်၍ ...

"အင်း ... ထားထားလိုက် ရှားပါးရေ။ ဒီမှာ ... မ,တို့ကုမ္ပဏီအတွက် မင်္ဂလာသတင်းပဲဟေ့"



www.burmeseclassic.com

"ဟုက်လား။ မမကြည့်ရတာ အရမ်းကို ဝမ်းသာနေသလိုပဲ နော်"

မြသားက reply ပြန်ပေးနေရင်းက ရှားပါးကို စကားလှမ်းပြောလိုက်သည်။

"ဟုတ်တယ် ရှားပါးရဲ့။ မမတို့ Brand အတွက် ဒီဇိုင်း အသစ်အပ်ဖို့ နာမည်ကြီး ဒီဇိုင်နာဆီမှာ အလုပ်အပ်ဖို့ ကမ်းလှမ်းနေတာ။ လုံးဝအဆင်မပြေခဲ့ဘူး။ ဒီနေ့တော့ သူ့ဆီက reply ရလာပြီ။ တို့ကုမ္ပဏီအတွက် အဲဒါဟာ အလားအလာ ကောင်းတာပဲလေ"

မြသားက reply ပြန်ရင်းနဲ့ စိတ်ရှည်လက်ရှည် ရှင်းပြဖြစ်သည်။ ဘာပဲပြောပြော ဒီကောင်မလေး မြသား အနား ရောက်လာကတည်းက ကုသိုလ်ကံတွေ ပိုကောင်းလာတယ်လို့ ထင်မိသည်။ ရှားပါးဟာ အလုပ်ဝင်တာ မကြာသေးပေမယ့် အား လုံးနဲ့ ခင်မင်ရင်းနှီးနေကာ အလုပ်ကိုလည်း ကြိုးစားသူလေးဖြစ်၍ မြသားက လက်ရုံးတစ်ခုလို အားကိုးရသည်။

"ဝမ်းသာပါတယ် မမရယ်"

"အဲဒါဟာ ရှားပါးရဲ့ကုသိုလ်ကံပါ ဝင်ပါနေလို့လို့ မ,က တော့ ထင်တယ်။ ရှားပါး အလုပ်ဝင်တဲ့ အချိန်မှာ ဘယ်





လိုမှ try လို့ မရဘူး ထင်ထားတဲ့ ကိစ္စတစ်ခုက အောင် မြင်ဖို့ အကောင်အထည်ပေါ်လာပြီ။ ရှားပါးကို Lucky Girl လို့တောင် သတ်မှတ်ရတော့မယ်"

မြသား စကားကြောင့် ရှားပါးက ကျေနပ်ပြုံးရွှင် သွားကာ ...

"မမက အဲဒီလို ရှားကို သတ်မှတ်တယ်ဆို ပျော်စရာကြီး ဒါဆို ရှားက မမအတွက် Lucky Body guard ဖြစ်စေ ရမယ်"

ရှားပါးက လက်မထောင်ကာ ခပ်ကြွားကြွားလေး ပြောလိုက်လျှင် မြသားက သဘောတကျ ရယ်မောရလေသည်။ ဒီနေ့တော့ တကယ် စိတ်ရွှင်တာပဲ။ အဲဒါဟာ ဒီဇိုင်နာ နေသူရိ ဆီက reply စာကြောင့် ဖြစ်သည်။

နေသူရိက မြသားနဲ့ ရွယ်တူလောက်ရှိပေမယ့် သူ့ ရဲ့ဒီဇိုင်းတွေ ဖန်တီးမှုတွေကြောင့် ပုံစံက ပျိုမျစ်နုနယ်ကာအရမ်း ကို မိုက်တာပဲ ဖြစ်သည်။ မြသားက အဲဒီလို နာမည်ကျော် ဒီဇိုင်နာတစ်ယောက်ဆီက မူပိုင်ဒီဇိုင်းရဖို့အတွက် ကြိုးစားရဦး မှာဖြစ်သည်။

❤ ❤ ❤



www.burmeseclassic.com

နေသူရိက အမိမြန်မာပြည်ကို ခြေချလိုက်တာနဲ့ ရင်ထဲမှာ အနွေးစီးကြောင်းလေးတစ်ခုက အလိုလို စီးဝင်လာသလို ခံစားရလေသည်။ ဒီနေ့ သူ ပြန်လာပြီဆိုတာ ဒေါ်လေးကို ပြောထားပြီး driver နဲ့သာ ကားလွှတ်ခိုင်းလိုက်တာမို့ သူ့ရဲ့ Arrival time မှာတော့ ဝမ်းပန်းတသာ လာဆီးကြိုသူရယ်ကတော့ မရှိပါ။ နေသူရိက အေးဆေးပေ့ါပါးစွာပင် ဦးစိုင်း လာကြိုသောကားမှာ သာသာယာယာ လိုက်လာခဲ့သည်။ ဒေါ်လေးက ပေါ်တီကိုအောက်ကနေ သူ့ကို ပျော်ရွှင်စွာ ဆီးကြိုနေတာကြောင့် သူ့ရင်ထဲမှာ နွေးထွေးသွားရသည်။

"သားနေ ... ကြည့်စမ်း။ အသားတွေ ပိုဖြူပြီး တကယ့် နိုင်ငံခြားသားကြီး ကျနေတာပဲ။ လာ ... လာ ... အိမ်ထဲဝင်။ မင်းအဖေက မင်းကို တွေ့ချင်လှပြီ"





"ဟုတ်ကဲ့ ... ဒေါ်လေး။ ဒေါ်လေး နေကောင်းတယ်နော်။ ဖေဖေကော"

"မင်းအဖေကတော့ တော်တော်တော့ သက်သာနေပါပြီ။ လာ ... အခန်းထဲမှာ စောင့်နေတယ်။ ဟဲ့ ... မောင်မြင့်တို့ နင့်အစ်ကိုလေးအိတ်တွေ အထဲယူလာခဲ့လိုက်နော်"

နေသူရိက ဒေါ်လေးနဲ့အတူတူ အိမ်ထဲဝင်လာကာ ဖေဖေ့ဆီ သွားလိုက်သည်။ အောက်ဆီဂျင်ပေးကာ လှဲနေသော ဖေဖေ့ကို မြင်ရလျှင် သူ့ရင်ထဲမှာ ဆို့နင်နာကျင်သွားရသည်။ သူက ဖေဖေ့ဆီ အပြေးသွားကာ ဖေဖေ့လက်တွေကို ဆုပ်ကိုင်၍...

"ဖေဖေ ... သား ပြန်ရောက်လာပြီ။ ဖေ ဘာမှ အားငယ်ဖို့မလိုတော့ဘူး၊ အဖေ့နားမှာ သားက အားအဖြစ်နဲ့ပြန်လာပြီ ဖေဖေ"

ဖေဖေက သူ့ကို ပျော်ရွှင်အားပြည့်နေသော မျက်ဝန်းဖြင့်ကြည့်ကာ ခေါင်းညိတ်ပြသည်။ သူက ဖေဖေ့လက်တွေကို ခပ်တင်းတင်း ဆုပ်ကိုင်အားပေးထားလိုက်သည်။

"မနက်က အမောနည်းနည်းဖောက်လို့ အောက်ဆီဂျင်ကူထားတာဇလေ။ သိပ်စိုးရိမ်ဖို့တော့ မလိုဘူးလို့ ဒေါက်တာ



www.burmeseclassic.com

ပြောသွားတယ်။ သားလည်း ခရီးပမ်းနေတာ မဟုတ်လား။ နားဦးလေ။ ပြီးတော့မှ စကားအေးဆေး ပြောတာပေါ့”

“ရပါတယ် ဒေါ်လေးရဲ့။ ကျွန်တော် ဖေဖေ့အနားမှာ နေလိုက်ဦးမယ်။ အဖေ နေကောင်းအောင်နေနော်။ ကျွန်တော် ဖေဖေ့အလုပ်တွေကို ဦးစီးပြီး လုပ်ပေးဖို့ ပြန်လာတာ”

ဖေဖေက အားတက်သွားစွာ သူ့ကို ခေါင်းညိတ်ပြသည်။ သူရိက ဘာပဲဖြစ်ဖြစ် ဒီမှာပဲ အဖေ့ကို စိတ်ချမ်းသာစွာ ထားနိုင်ဖို့အတွက် သူ ဒီမှာ အပြီးနေရတော့မယ့် သဘောမှာရှိလေသည်။

❤ ❤ ❤





ဖေဖေ့ကျန်းမာရေးဟာ သိသိသာသာကို ကောင်းမွန်လာပြီမို့ သူ့မှာ သိပ်ကို စိတ်ချမ်းမြေ့ရလေသည်။ သူရိသည် ဖေဖေ့အလုပ်တွေကူရင်း တစ်ဖက်ကပဲ သူ့ရဲ့ Professional လုပ်ငန်းဖြစ်တဲ့ ဒီဇိုင်နာလုပ်ငန်းကိုလုပ်ဖို့ စဉ်းစားထားလိုက်တော့သည်။ မြန်မာပြည်မှာလည်း သူ့ရဲ့ဒီဇိုင်းတွေ ပြနိုင်ဖို့အတွက် သူက အကြီးအကျယ် လုပ်ချင်တဲ့ဆန္ဒ ရှိပေမယ့် ဖေဖေ့ရဲ့စက်ရုံက လုပ်ငန်းကြီး ဖြစ်နေတာကြောင့် သူက တစ်ဖက်ကို အာရုံစိုက်လိုက်ရတဲ့အခါ သူဝါသနာပါတာကို လွှတ်မသွားဖို့ မြန်မာပြည်မှာ ခြေကုပ်တစ်ခုမိဖို့ လိုအပ်၏။ အဲဒါကြောင့်မို့ သူ့ကို ကမ်းလှမ်းထားတဲ့ Fashion ကုမ္ပဏီများစွာထဲကမှ သူ ဖွဲ့ဆုအဖြစ် သတ်မှတ်ပေးထားတဲ့ Fairy Brand နဲ့ အလုပ်လုပ်ဖို့ စဉ်းစားလိုက်တာဖြစ်သည်။



www.burmeseclassic.com

အဲဒါကြောင့် သူက ဒီနေ့ စက်ရုံမှာ တစ်ချက်လို တာ ဝင်ကြည့်ပြီး ဒေါ်မြသားထည် ဆိုသော အမျိုးသမီးနဲ့တွေ့ဖို့ appointment ရထားပြီးဖြစ်သည်။ သူရိက မန်နေဂျာ ကိုရဲနဲ့ အတူ စက်ရုံထဲ လိုက်စစ်ရင်းကမှ သူ အပြင်ထွက်လို့ ကောင်း အောင် စကားစ ရှာရတော့သည်။

"ကိုရဲရှိတော့ စက်ရုံအတွက်က စိတ်ပူစရာ မရှိတော့ဘူး လေ။ ကျွန်တော့်ဘက်က လောလောဆယ် ဒီအလုပ်နဲ့က အကျွမ်းတဝင် မရှိသေးဘူးလေ။ ကိုရဲ ကူညီပေးဦးနော်"

"ဟုတ်ကဲ့ ... စိတ်ချပါ အစ်ကိုလေး"

"ဟုတ်ပြီဗျာ။ အဲဒါဆို ကိုရဲရေ ... ဒီမှာလည်း အလုပ် နည်းနည်းပါးနေတုန်း ကျွန်တော် အပြင်ခဏသွားလိုက် ဦးမယ်။ ဒီနေ့ ကျွန်တော့်ဒီဇိုင်းကိစ္စကို ကုမ္ပဏီတစ်ခုနဲ့ ချိန်းထားလို့ သွားရမယ်။ ခင်ဗျားနဲ့ လွှဲထားလို့ ဖြစ်တယ် မှုလား"

"စိတ်ချသွားပါ အစ်ကိုလေး"

သူရိက သွားဖို့ ဆိုင်းပြင်းနေတုန်းမှာ ဝန်ထမ်းတစ် ယောက်က သူ့ဆီ အသည်းအသန် ပြေးလာကာ အမောတကော





လေသံဖြင့် လာပြောတာမို့ သူက စိတ်ပူသွားရကာ အသည်းအသန် မေးရတော့သည်။

"ဘာဖြစ်တာလဲ"

"စက်ခန်းထဲမှာ အလုပ်သမားခေါင်း ဦးအေး ဓာတ်လိုက် ပြီး ပြုတ်ကျလို့"

"ဘာ"

သူ ကော်တော် ပျာထွက်သွားရသည်။ သူရိက သူ့ အလုပ်သမား အလုပ်လုပ်နေရင်း ဖြစ်တာမို့ သူ့မှာ တာဝန်အပြည့် ရှိတာကြောင့် accident ဖြစ်တဲ့ လူနာကို ဆေးရုံအချိန်မီ သူကိုယ် တိုင် ပို့ရတော့သည်။ ဓာတ်လိုက်ပြီး ပြုတ်ကျတာက လှေကား အမြင့်ကဆိုတော့ သူ့မှာ အဲဒီလူနာ ဘာမှတစ်စုံတစ်ခု မဖြစ်ပါ စေနဲ့ ဆုတောင်းရင်း ပျာနေတာကြောင့် မြသားထည်ဆီ သွားဖို့ ကိစ္စကို လုံးဝမေ့လျော့သွားရှာတော့သည်။

"အစ်ကိုလေး ... ဆရာဝန်က စိုးရိမ်စရာ မရှိတော့ဘူး တဲ့"

အဲဒီတော့မှ သူ့ရင်ထဲက အလုံးကြီးက ဟူးခနဲပြုတ် ကျကာ စိတ်အေးသွားရတော့သည်။



www.burmeseclassic.com

"ဟူး ... တော်သေးတာပေါ့ဗျာ။ ပြဿနာက ကြီးကြီးမားမား မဖြစ်လို့။ ဪ ... မေ့နေတာ။ ကျွန်တော်ကို့သူ့မိသားစုဆီ မဆက်သွယ်ရသေးဘူး။ ကိုရဲ ... ခင်ဗျားပဲ သူ့မိသားစုတွေဆီ ဆက်သွယ်ပေးပါ။ ကျွန်တော် တာဝန်ယူနေတဲ့အချိန်မှာ ဖြစ်ရတာဆိုတော့ ကျွန်တော့်မှာ တာဝန်အပြည့်ရှိတယ်။ လိုအပ်တာ မှန်သမျှ အားလုံးလုပ်ပေးလိုက်ပါ ကိုရဲ"

"ဟုတ် ... စိတ်ချပါ အစ်ကိုလေး"

သူရိက ခုမှ သတိရလာသော လူနာကို သတင်းမေးဖို့ ဆေးရုံခန်းထဲ ဝင်လာခဲ့လိုက်သည်။ ခတ်လိုက်ပြီး လှေကားအမြင့်က ပြုတ်ကျတဲ့ဒဏ်ကြောင့် ခြေထောက်နဲ့ လက်က အရိုးအက်သွားတာ ဖြစ်သည်။ သူရိက ကိုယ်တွေအလုပ်အပေါ်ကို တာဝန်သိ လုပ်ပေးတဲ့ အလုပ်သမားကောင်းတစ်ဦး အဲဒီလိုမျိုး ဖြစ်နေတာကို မြင်ရတော့ ရင်ထဲမှာ မကောင်းပေ။

"မသေကောင်း မပျောက်ကောင်းဗျာ။ ဖြစ်မှဖြစ်ရလေ"

"ပြဿနာမရှိပါဘူး သူဌေးလေးရယ်။ ခတ်လိုက်တဲ့အရှိန်ကြောင့် ပြုတ်ကျပြီး ခြေထောက်နည်းနည်းလေး ထိသွား





တာပါ။ စိတ်မပူပါနဲ့။ ကျွန်တော်နေသာပါတယ်။ အခုလို သူဌေးလေးကိုယ်တိုင် ဆေးရုံထိ လိုက်ပို့ပေးတာကိုပဲ အားနာလှပါပြီ"

နေသူရိက ခေါင်းတစ်ချက် ဆတ်ပြလိုက်ကာ ...

"ကျွန်တော်တို့ အလုပ်ကို တာဝန်ကျေ ထမ်းဆောင်နေရင်းဖြစ်တာ ကျွန်တော်တို့မှာ တာဝန်အပြည့် ရှိပါတယ်။ ဘာမှ စိတ်မပူနဲ့နော်။ ဦး မိသားစုကိုလည်း အခုပဲ အကြောင်းကြားခိုင်းထားတယ။ လိုအပ်တဲ့ကိစ္စ အဝဝကိုလည်း ကျွန်တော် တာဝန်ယူပါတယ်"

"ကျေးဇူးအများကြီး တင်ပါတယ် သူဌေးလေးရယ်။ သူဌေးလေး ကျန်းမာပါစေ။ ချမ်းသာပါစေ"

သူရိက ဆုပေးတဲ့ အသံလေးကြောင့် ရင်ထဲမှာ အတိုင်းအဆမရှိ ကြည်နူးမိသွားသည်။ သူ့ရဲ့ဖြည့်ဆည်းပေးမှုကြောင့် သူ့ဝန်ထမ်းကတော့ အဆင်ပြေချောမွေ့သွားတဲ့အတွက် စိတ်ချမ်းမြေ့ရပေမယ့် သူ့အတွက်ကတော့ ပထမဆုံးဖြစ်တဲ့ First impression မှာတင် ဒေါင်းသွားပြီဖြစ်သည်။

❤ ❤ ❤



www.burmeseclassic.com

# ( ၄ )

"ဟင်း ... ဒီအချိန်ထိတောင် မလာသေးဘူး။ ဘာများဖြစ်နေလို့ပါလိမ့်"

ရှားပါးက မမရဲ့စိတ်မရှည်ဖြစ်နေတဲ့ ပုံစံကြောင့် ရိပ်မိကာ မမကို ဘေးက အကြံပြုလိုက်ရသည်။

"ဟုတ်တယ်နော်။ ဒီလောက်ထိ နောက်ကျနေတယ်ဆိုတော့ တစ်ခုခုပဲ။ ဖုန်းဆက်ကြည့်လိုက်ပါလား မမ"

"အင်းနော် ... ဆက်ကြည့်မှပဲ"

မမက ရှားပါး အကြံပေးတဲ့အတိုင်း ဖုန်းခေါ်ချိန်မှာ ရှားပါးရဲ့ဖုန်းလေးက မြည်လို့လာလေသည်။ ရှားပါးက မမလည်း ဖုန်းခေါ်နေတာမို့ ဖုန်း ခပ်မြန်မြန်လေး ကိုင်လိုက်တော့သည်။





"ဟယ်လို"

"..........."

"ရှင် ... ဟုတ်ကဲ့။ အခု လာခဲ့ပါ့မယ်"

ရှားပါးက ဖေဖေ အလုပ်ထဲမှာ ခာတ်လိုက်ပြီး ဆေးရုံ ရောက်နေတယ်ဆိုတဲ့ သတင်းကြောင့် စိုးရိမ်ပူပန်မှုက ငယ်ထိပ်ထိ တက်ဆောင့်ကာ အရမ်းတုန်လှုပ်သွားရသည်။

"ရှားပါး ... ဘာဖြစ်လို့လဲ"

မမက အကဲခတ်သလိုကြည့်ကာ မေးလိုက်လျှင် ရှားပါးက မမမြသားကို စိုးရိမ်တကြီး ကြည့်လိုက်၍ ...

"ဖေဖေ အလုပ်မှာ accident ဖြစ်လို့ ဆေးရုံရောက်နေတယ်တဲ့ မမ"

"ဟယ် ... ဘုရားရေ။ ဒုက္ခပါပဲ။ အဲဒါ လိုက်သွားမှဖြစ်မှာပေါ့။ လာ ... အခုသွားကြမယ်"

မမကပါ ရှားပါးအတွက် စိုးရိမ်ပူပန်ပေးလျှင် ရှားပါးက အရမ်းကျေးဇူးတင်မိပေမယ့် မမ အလုပ်ကိစ္စကို ရှားပါးအတွက်နဲ့ အပျက်စီး မခံနိုင်တာကြောင့် မမကိုပဲ ခွင့်တောင်းလိုက်ရသည်။



www.burmeseclassic.com

"ရပါတယ် မမ။ ရှားပဲ သွားလိုက်ပါ့မယ်။ မမ ဒီမှာပဲ နေခဲ့လိုက်လေ၊ ရှားကို သွားခွင့်ပြုပါနော်"

"သြော် ... သွားရမှာပေါ့ ရှားပါးရယ်။ မမပါ လိုက်ခဲ့ပေးမယ်လေ"

"ရပါတယ် မမ။ မမက ဒီမှာ အလုပ်ကိစ္စ ချိန်းထားတဲ့ဟာ။ ရှားဘာသာပဲ သွားလိုက်ပါ့မယ်။ ဟိုရောက်မှ မမဆီ ဖုန်းဆက်လိုက်မယ်"

"အေး ... ဟုတ်ပြီ။ မ,ဆီ ဖုန်းဆက်နော်"

ရှားပါးက ခေါင်းညိတ်ပြရင်းကမှ မမကို နှုတ်ဆက်ကာ အပြေးတစ်ပိုင်း ဆေးရုံကို ထွက်လာရတော့သည်။ ဖေဖေသာ တစ်စုံတစ်ခု ဖြစ်သွားရင် ရှားပါးတော့ ရင်ကျိုးရမှာဖြစ်၏။ ရှားပါး ဆေးရုံကိုရောက်တော့ Reception မှာ အခန်းနံပါတ်မေးရင်း အဖေ့ဆီ အပြေးရောက်လာခဲ့တော့သည်။

"အဖေ ... အဖေ ... ဘာဖြစ်သွားသေးလဲ။ မသေကောင်း မပျောက်ကောင်း အဖေရယ်။ ကြည့်ပါဦး။ လက်ကော ခြေထောက်ကော ပတ်တီးတွေနဲ့။ ဘယ်လိုဖြစ်ရတာလဲ"





"ဘယ်လိုဖြစ်ရမလဲ။ ညည်းအဖေ ကိုလူရှီးကြီးက နေရာတကာ သူ ဝင်ပါတယ်လေ။ အခုလည်း စက်ရုံစက်ခန်းထဲမှာ ခတ်လိုက်ပြီး ပြုတ်ကျတာတဲ့။ ခြေထောက်ကတော့ ကျိုးသွားပြီလား မသိဘူး"

ရှားပါးက အဖေ့အဖြစ်ကို မြင်ရတော့ ရင်ထဲမှာ မချိပေ။ ဒါပေမဲ့လည်း ဖေဖေ့အခြေအနေက ဆိုးဆိုးဝါးဝါးမဟုတ်တာကြောင့် ရင်အေးသွားရသည်။ ဆေးရုံရောက်နေတယ် ဆိုပေမယ့်လည်း မိထွေးနဲ့အပြိုင် ငြင်းနိုင် ခုံနိုင်သေးတယ် ဆိုတော့ တော်တော် စိတ်အေးသွားရသည်။

"မဟုတ်ပါဘူးကွာ၊ မင်းကလည်း ခြေထောက်က အရိုးအက်သွားတာပါ။ မကျိုးပါဘူး"

"အို ... ပြောလို့ ရမလားတော့။ ကျိုးသွား ဘယ့်နှယ်လုပ်မလဲ။ မိရှား ... ညည်းလာပြီဆိုတော့ ညည်းအဖေရဲ့သူဌေးနဲ့တွေ့ပြီး နစ်နာကြေးတောင်းတော့။ ဘယ့်နှယ်ဟယ်။ ကိုယ့်ဝန်ထမ်းကိုယ် ပစ်စလက်ခတ် ဒီလို ပြီးပြီးရော ပစ်ထားလို့ ရမလား"



www.burmeseclassic.com

ရှားပါးက ဒေါ်ခင်မျိုးအေး စကားကြောင့် အဖေ့သူဌေးကို ဒေါကန်သွားရသည်။ အဖေ ဒီလို ဖြစ်သွားတာတောင် သူဌေးဆိုတဲ့သူက လာမကြည့်ဘူးလား။ ရှားပါးက ဒေါသထွက်ထွက်ဖြင့် အဖေ့ဆီက အတည်ပြုချက်ကို တောင်းရလေသည်။

"အဖေ ... ဟုတ်သလား။ တောက် ... ဒါမျိုးတော့လုပ်လို့ မရဘူး။ ဒီကိစ္စ အပြတ်ရှင်းရမယ်။ သူဌေးဆိုတဲ့ သူကကော ဘာကောင်မို့လို့လဲ။ အဖေတစ်ခုခု ဖြစ်သွားကြည့် ဘယ်လိုလုပ်မလဲ"

ရှားပါးက ဒေါသတကြီး ပြောနေချိန်မှာ ရှားပါးရဲ့ ပခုံးကို အနောက်ကနေ ဆတ်ခနဲ ပုတ်လိုက်တာကြောင့် ဒေါသအရှိန်ဖြင့် တတ်သည့်ပညာ မနေသာဆိုသလို ရှားပါးကို ပုတ်တဲ့လက်ကို ဆတ်ခနဲ ဆွဲယူကာ နောက်ပြန်လိမ်ပစ်လိုက်တော့လျှင် အဲဒီတစ်ယောက်က အကျယ်ကြီး အော်လေတော့သည်။

"အား ... အား ... ဟေ့ ... လွှတ်စမ်း"

"သမီး မလုပ်နဲ့။ လွှတ်လိုက်စမ်း"

အဖေက အနောက်ကနေ အသည်းအသန် လှမ်းတားနေပေမယ့် ရှားပါးက ဂရုတောင်မစိုက်ဘဲ အဲဒီသူကိုပဲ လက်လိမ်ချိုး မပျက်ပင်ဖိကာ မေးလိုက်သည်။





"ခင်ဗျား ဘယ်သူလဲ။ ဘာကိစ္စ ပခုံးပုတ်ရတာလဲ။ ကျွန်မကို လာပခုံးပုတ်တာလောက် မုန်းတာမရှိဘူး"

အဲဒီ လက်လိမ်ချိုး ခံထားရတဲ့ တစ်ယောက်က ရှားပါးကို ဒေါသတကြီးဖြင့် ပြန်အော်လေသည်။

"မင်းတော့ နာတော့မယ် ဟေ့ ... ငါကို လွှတ်စမ်း"

"သမီး ခုချက်ချင်း လွှတ်စမ်း။ အဲဒါ အဖေတို့ သူဌေး"

အဖေက အနောက်ကနေ လှမ်းအော်ပြောမှ ရှားပါးက လန့်ဖျပ်သွားကာ လွှတ်ပေးလိုက်လျှင် အဲဒီသူဌေးဆိုတဲ့သူကြီးက သူ့ရဲ့ဖရိုဖရဲ ဖြစ်နေတဲ့ပုံစံကို ပြန်ပြင်ရင်းက ရှားပါးကို မျက်ထောင့်နီကြီးဖြင့် စိုက်ကြည့်လျှင် ရှားပါးက သူ့ကို အမှားကြီး ကိုယ်ထိလက်ရောက် ကျူးလွန်မိပြီမို့ ရှားပါးက ရင်တော့ နည်းနည်းထိတ်ပေမယ့် ရဲရဲတောက်စိတ်ဓာတ်ကတော့ လျော့မသွားချေ။

ဘဲကြီးက ရှားပါးကို ဘုကြည့်ကြည့်၍ ...

"ဒီမှာ ... ငါက မင်းထင်နေသလို တာဝန်မဲ့ သူဌေးမျိုး မဟုတ်ဘူးကွ။ ငါ့ဝန်ထမ်းအတွက် အစအဆုံး တာဝန်ယူပေးမှာ။ နေစမ်းပါဦး။ မင်းက ကိုယ်ထိလက်ရောက် လုပ်ရအောင် မင်းက ဘယ်သူလဲ"



www.burmeseclassic.com

"သူဌေးလေးရယ် … ကျွန်တော် တောင်းပန်ပါတယ်။ သမီးက အခုမှ အဖေကို မြင်လိုက်တော့ သူထင်ရာတွေ လျှောက်ပြောလိုက်တာပါ။ ကျွန်တော့်သမီး ကိုယ်စား တောင်းပန်ပါတယ်"

အဖေက ကြားထဲက ဝင်တောင်းပန်တော့ ဘဲကြီးက ရှားပါးကို စူးစိုက်ကြည့်၍ အကဲခတ်နေဟန်ရှိသည်။ ပြီးတော့ မာဆတ်ဆတ်လေသံဖြင့် ရှားပါးကိုမေး၏။

"မင်းနာမည် ဘယ်လိုခေါ်လဲ"

မေးတဲ့လေသံကိုက ဟိုဘုံအဖျားကို ရောက်နေတာမို့ ရှားပါးက အမြင်ကတ်တာကြောင့် ပြန်မဖြေဘဲ ပေကပ်ကပ် ဒီဇိုင်းဖြင့် မကြားချင်ယောင်ဆောင်နေလိုက်လျှင် အဖေကပဲ ကြားထဲက မနေနိုင်စွာ ဝင်ပြောရတော့သည်။

"ရှားပါးပါ သူဌေးလေး။ သမီး … ဘာလုပ်နေတာလဲ။ သူဌေးလေးကို တောင်းပန်လိုက်လေ။ ဟဲ့ … ဪ … ငါ့နှယ်"

အဖေက ရှားပါး လုပ်ရပ်ကို ကြိတ်မနိုင် ခဲမရ ဒေါသထွက်နေတာကြောင့် အဲဒီလူက အဖေ့ကို တားသလိုမျိုး လက်အသာကာပြ၍ ရှားပါးဘက်ကိုကြည့်ကာ …





"မင်းကတော့ ရဲရဲတောက်ပဲကွ။ ဒီမှာ ငါက မင်းပြောသလို တာဝန်မဲ့တဲ့သူ မဟုတ်ဘူး။ အဲဒါကို မင်း မြဲမြဲမှတ်ထား"

သူဌေးဆိုတဲ့သူက ရှားပါးကို ခပ်ထန်ထန် ပြောတာမို့ ရှားပါးက မှန်လိုပဲ ပြန်ဆက်ဆံလိုက်သည်။

"အဲဒါဆိုလည်း ပြီးတာပါပဲ။ ခုနကကိစ္စအတွက် ဆောရီး"

ရှားပါးရဲ့ ဝတ်ကျေတန်းကျေ ဆောရီးအတွက် အဲဒီသူဌေးဆိုသူက သဘောတကျ ရယ်တာမို့ ရှားပါးစိတ်ထဲတော့ ထောင်းခနဲ ဒေါကန်သွားရလေသည်။ ဘာရယ်တာလဲလို့ ဘုတောချင်ပေမယ့် အဖေ့ရဲ့စိုးရိမ်ထိတ်လန့်နေတဲ့ပုံကြောင့် ဘာမှဆက်မပြောတော့ဘဲ နှုတ်ဆိတ်နေလိုက်သည်၊ အဖေကတော့ ရှားပါးလုပ်ရပ်အတွက် ရှားပါးကို အမှုန့်ကြိတ်ချင်လောက်အောင် ဒေါကန်နေတာဖြစ်သည်။

"တောင်းပန်ပါတယ် သူဌေးလေးရယ်။ သမီးလေး အမှားအတွက် ကျွန်တော်ကပဲ တောင်းပန်ပါတယ်နော်"

"ရပါတယ်ဗျာ။ ကိစ္စမရှိပါဘူး။ ကဲ … ဦး … ကျွန်တော် ကိုရဲကို အားလုံး လွှဲထားခဲ့တယ်။ လိုအပ်တာ ပြောလိုက်ပါ။ သွားလိုက်ပါဦးမယ်"



www.burmeseclassic.com

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ပါ။ ကျေးဇူးတင်ပါတယ်"

အဖေကတော့ ပျာနေအောင် ဂရုတွေစိုက်ပေမယ့် ရှားပါးကတော့ ခပ်တည်တည်ပဲဖြစ်သည်။ သူဌေး ဆေးရုံအခန်းထဲက ထွက်သွားလျှင် အဖေက စသော့်တော့တာဖြစ်သည်။

"ဘယ်လိုလုပ်လိုက်တာလဲ ရှားပါးရယ်။ ငါတော့ အလုပ်ပြုတ်မလား အောက်မေ့တာ။ သူဌေးလေးက သူတော်ကောင်းလေးမို့။ ခင်မျိုး ... နင်ကလည်း မဟုတ်မဟတ်တွေ ကလေးကို လျှောက်ပြော။ ဒုက္ခရောက်ကုန်လိမ့်မယ်။ အဲဒါ သူဌေးဟ ... သူဌေး"

"မသိဘူးလေတော်။ ကျုပ်က ဒီလိုပဲ ပြောမိတာ။ တော့်သမီးကိုက မဆင်မခြင် ပြောတာကိုး"

တစ်ယောက်တစ်ခွန်း ပြောနေကြတာမို့ ရှားပါးက ကြားထဲကပဲ ဝင်ဖျန်ဖြေပေးလိုက်တော့သည်။ နို့မို့ နားငြီးလွန်းလို့။

"ကဲ ... တော်ကြပါတော့။ ဖြစ်လည်း ဖြစ်ပြီးပြီ။ ဒီမှာ... အဖေ ဘာမှစိတ်ဆင်းရဲမနေနဲ့။ ကိုယ့်ဘာသာ နေကောင်းအောင်သာနေ။ အလုပ်ပြုတ်လည်း ဘာမှမဖြစ်ဘူး။ ရှားက အခုဆို အလုပ်နဲ့ အကိုင်နဲ့ ဝင်ငွေရှာနိုင်နေပြီ။ ဘာမှ စိတ်မပူနဲ့ ဖေဖေ"





ရှားပါး ငွေရှာနိုင်ပြီ ဆိုတာကို မိထွေး ထပ်သိစေဖို့ တမင်ပြောလိုက်လျှင် ချစ်လှစွာသော မိထွေးက ထုံးစံအတိုင်း မျက်နှာကို မဲ့ကာရွဲ့ကာ ရှားပါးကို အမြင်ကတ်ပြလေသည်။

❤ ❤ ❤



www.burmeseclassic.com

မြသားက မဂ္ဂဇင်းတစ်အုပ်ယူကာ ဟိုလှန်ဒီလှန်ဖြင့် ပုံတွေလျှောက်ကြည့်ရင်း စိတ်ကို relax လုပ်နေမိသည်။ နေ့ခင်းကကိစ္စကို တွေးကြည့်လေ ဒေါသဖြစ်လေ ဖြစ်နေတာမို့ မြသားက မေမေ့ပျောက်ပျောက် ဖြစ်စေချင်တဲ့ သဘောဖြင့် မဂ္ဂဇင်းထိုင်ဖတ်နေတာဖြစ်သည်။ ဟိုလှန် ဒီလှန်ဖြင့် ပုံတွေကြည့်နေတုံး မြသားရဲ့ဟန်းဖုန်းလေးက မြည်လာတာကြောင့် နံပါတ်ကို ကြည့်လိုက်လျှင် ဒီဇိုင်နာ နေသူရိ ဆက်တာမို့ မြသားက မျက်နှာကိုတစ်ချက်မဲ့ကာ ဖုန်းကိုင်လိုက်သည်။

"ဟယ်လို"





"မမြသားထည် ... ကျွန်တော် နေသူရိပါခင်ဗျာ။ စကားပြောလို့ ရမလား မသိဘူး"

လေသံမှာ အင်မတန်မှ ယဉ်ကျေးသိမ်မွေ့နေကာ နူးညံ့သလောက် အချိန်ကို မလေးစားတတ်ပုံနဲ့တော့ ကွာလိုက်တာ။ မြသားက မကောင်းတတ်တာကြောင့် စကားတော့ ပြန်ပြောလိုက်ရသည်။

"ဘာကိစ္စများ ပြောစရာရှိလို့လဲ ကိုနေသူရိရဲ့"

"ဆောရီးပါဗျာ။ ကျွန်တော့်ဘက်က ပျက်ကွက်မှုအတွက် မမြသားထည်ကို ဘယ်လိုစကားလုံးမျိုးနဲ့ တောင်းပန်ရမှန်းတောင် မသိတော့ပါဘူး။ ဒီနေ့ကိစ္စအတွက် ကျွန်တော်တကယ့်ကို တောင်းပန်ပါတယ်"

မြသား မကြည်ဘူးဆိုတာ သိနေတာကြောင့် သူ့ဘက်က တလေးတစားကို ဖြောနေတာကြောင် မြသားက သူ့ရဲ့ image ကို ထောက်ထားတာကြောင့် အေးဆေးပြန်ဖြေလိုက်သည်။

"ရပါတယ်။ ပြဿနာမရှိပါဘူး"

"ကျွန်တော် တကယ်ကို တောင်းပန်တာပါ။ ဒီနေ့ အဖေ့စက်ရုံ အလုပ်သမားတစ်ယောက် accident ဖြစ်လို့ ကျွန်



www.burmeseclassic.com

တော်ကိုယ်တိုင် အစအဆုံး တာဝန်ယူပြီး ဆေးရုံသွားပို့လိုက်ရတာတွေနဲ့ အလုပ်တွေရှုပ်ပြီး မမြသားထည်ဆီလာဖို့ကိစ္စ ပျက်ကွက်သွားခဲ့တာပါ"

"ဩော် ... အဲဒီလိုလား"

တစ်ဖက်က အကျိုးသင့် အကြောင်းသင့် ရှင်းပြနေတာမို့ မြသားဘက်ကလည်း လက်သင့်ခံပေးလိုက်ရတော့သည်။

"အဲဒီလိုဆိုရင်တော့ နားလည်ပေးလို့ ရပါတယ်။ ကိုနေသူရိက တခြားကော အလုပ်လုပ်သေးလို့လား"

"ကျွန်တော်က ကိုယ်ဝါသနာပါတဲ့ အလုပ်နဲ့ပဲ အေးအေးဆေးဆေး ပေါ့ပေါ့ပါးပါး နေချင်တဲ့သူလေ။ အဲဒါကြောင့်မို့လည်း ကျွန်တော်က အေးဆေး ဒီဇိုင်နာလုပ်နေတာ။ ဒီကိုပြန်လာတာက ဖေဖေ့ကျန်းမာရေးကြောင့် ဖေဖေ့စက်ရုံကိုပါ ဦးစားပေးနေရတာပါ"

မြသားက စကားပြောရည်မွန်စွာ ရှင်းပြနေတာကြောင့် စိတ်ထဲမှာ ပေါ်နေတဲ့ အဖုအထစ်လည်း ကင်းသွားပြီမို့ စိတ်က ကြည်လင်လို့ သွားလေသည်။ သူ မြသားဆီ မလာနိုင်တာဟာလည်း တကယ် လာလို့မရတဲ့ အဖြစ်မျိုး ဖြစ်သွားတာ





ကြောင်းဆိုတာ မြသားက နားလည်လက်ခံပေးလိုက်တာကြောင့် မြသားက ပြန်ပြေလည်သွားလေသည်။

"ဒါဆို ကိုနေသူရိက သားလိမ္မာလေးပေါ့။ ကောင်းပါတယ်"

"မမြသားထည်ဆီက အခုလို ရင်းနှီးတဲ့ စကားမျိုး ကြားရတာ ဝမ်းသာပါတယ်။ ကျွန်တော် ကိုယ်တိုင်လည်း ဒီလိုမျိုး active ဖြစ်တဲ့ ကုမ္ပဏီတစ်ခုမှာ ဒီဇိုင်းဆွဲရတာ ဝမ်းသာနေပါတယ်။ နောက်ပြီးတော့ ကျွန်တော့်ရဲ့ ဒီကနေ့ ပျက်ကွက်မှုအတွက် မမြသားထည်ကို ဒင်နာတစ်ပွဲစီစဉ်ပြီး ပြန်ဧည့်ခံပေးပါရစေ။ ကျေးဇူးပြုပြီး မငြင်းပါနဲ့နော်"

"ဩော် ... မဟုတ်တာဘဲ။ ကျွန်မကပဲ ဧည့်ခံရမှာပေါ့။ မြသား ကုမ္ပဏီအတွက် ဒီဇိုင်းဆွဲပေးဖို့ လက်ခံတာကိုပဲ မြသားတို့ဘက်က ကျေးဇူးတင်နေတာပါ"

"ကဲပါဗျာ ... မမြသားထည်ရဲ့ ချိန်းဆိုမှု ပျက်ကွက်ခဲ့တာက ကျွန်တော့်အမှားဆိုတော့ ဒီတစ်ခါတော့ ကျွန်တော်ပဲ ဧည့်ခံပါရစေနော်"

မြသားက အပြိုင်လည်း မငြင်းချင်တော့တာကြောင့် လက်သင့်ခံလိုက်တော့သည်။



www.burmeseclassic.com

"ကောင်းပါပြီ ကိုနေသူရိ။ တွေ့ကြတာပေါ့"

မြသားကို သူက ဆိုင်နေရာပြောလိုက်လျှင် မြသားက မှတ်လိုက်ပြီးနောက်မှာ သူနဲ့ မနက်ဖြန် တွေ့ဆုံဖို့ ချိန်းလိုက်တော့သည်။

❤ ❤ ❤





မြသား ရောက်တဲ့အချိန်က နည်းနည်းလေး နောက်ကျနေတာမို့ ဆိုင်ထဲကို ခပ်သွက်သွက်လေး ဝင်လာလိုက်တော့သည်။ ဟိုတစ်ခါ သူချိန်းတာပျက်လို့ ကိုယ်ကချိန်းပြီး ပြန်ချေတယ် ဖြစ်မှာစိုးရိမ်လို့ မြသားက နည်းနည်းနောက်ကျမယ်လို့တော့ ဖုန်းဆက်ထားပြီးသား ဖြစ်သည်။

"ဆောရီးပဲ ... ကိုနေသူရိရယ်။ မြသား နည်းနည်းလေး နောက်ကျသွားတယ်။ meeting က စကားမပြတ်လို့လေ"

ကိုနေသူရိကို တောင်းပန်စကား ဆိုလိုက်ရင်းကမှ မြသားက နွေးထွေးတဲ့အပြုံးဖြင့် ပြုံးနေကာ မြသားကို ဆီးကြိုနှုတ်ဆက်တဲ့ သူ့ရဲ့စတိုင်လ်ကို တစ်ချက် အကဲခတ်ကြည့်လိုက်သည်။ သူက တကယ့် ဒိတ်ဒိတ်ကြဲ ဒီဇိုင်နာမို့လို့လားမသိ။ သူဝတ်ထားတဲ့ ဖက်ရှင်ဟာ အရမ်းကို causal ဖြစ်၍ စမတ်ကျနေတာပဲ ဖြစ်သည်။



www.burmeseclassic.com

"ရပါတယ် မမြသားထည်ရယ်။ အေးဆေး ... ကျွန်တော့်ဘက်က စောင့်ပေးရမှာပေါ့။ ကျွန်တော် အဲဒါဆို ဟင်းပွဲဝေ့ ချခိုင်းလိုက်တော့မယ်နော်"

မြသားက များပြားလှစွာသော ဟင်းအမယ်တွေကို ကြည့်ကာ လုံးဝ surprise ဖြစ်သွားရသည်။

"အယ် ... အများကြီးပဲ ကိုနေသူရိရယ်။ မြသားတို့ နှစ်ယောက်တည်း စားမယ့်ဟာ"

"ရပါတယ်။ မမြသားထည်က ကျွန်တော့်အတွက်တော့ special guest လေ။ ကဲ ... ရော့ ... စားနော်။ ဘာမှ အားနာစရာ မလိုဘူး။ ကျွန်တော့်ရဲ့ ဖိတ်ကြားမှုကို အခုလို လက်ခံပေးတာကိုပဲ ကျေးဇူးတင်နေတာ"

မြသားက ရင်းနှီးနှစ်လိုဖွယ်ရှိတဲ့ ခင်မင်ဆက်ဆံရေးကြောင့် မြသားက သူ့ကို စိတ်ထဲမှာ ရင်းနှီးသလို ခံစားမိသွားသည်။

"မဟုတ်တာပဲ ကိုနေသူရိရယ်။ မြသားတို့က လုပ်ငန်းပါတနာတွေပဲဟာ"





"Excuse ဗျာ။ ကိုနေသူရိ ဆိုပြီး ခေါ်ရတာ ကျွန်တော့်နားထဲမှာ ထောက်နေသလိုပဲ။ ဟိုမှာနေကတည်းက ကျွန်တော်တို့ရဲ့ လုပ်ဖော်ကိုင်ဖက် အားလုံးက ကျွန်တော့်ကို နေလို့ပဲ ခေါ်ကြတာလေ"

"ဪ ... ဟုတ်လား။ အင်း ... အဲဒါဆိုလည်း မြသား ကိုနေလို့ပဲ ခေါ်မယ်လေ။ မြသားကိုလည်း ရင်းရင်းနှီးနှီး မြသားလို့ပဲ ခေါ်နိုင်ပါတယ်"

နေသူရိက ခေါင်းညိတ်ပြရင်းက မြသားရဲ့ဖန်ခွက်ထဲသို့ ရေငှဲ့ပေးရင်းက ...

"Ok ... ပိုရင်းနှီးမှု ရှိသွားတာပေါ့။ ကျွန်တော် လေ့လာကြည့်မိသလောက်တော့ မြသားတို့ရဲ့ Brand က ဈေးကွက်မှာ တော်တော်ပေါက်တာပဲနော်"

"အင်း ... ဟုတ်တယ် ကိုနေရဲ့။ ဒီလို ကိုယ်ပိုင် Brand တစ်ခု market မှာ အခြေကျဖို့အတွက် မြသားတို့က အများကြီး ကြိုးစားထားခဲ့ရတာလေ။ အဲဒီလို ကြိုးစားခဲ့တဲ့ ရလဒ်တွေပဲ ပြောရတော့မှာပေါ့။ မြသားက ကိုယ့်လုပ်တဲ့ အလုပ်တစ်ခုအပေါ်မှာ အရမ်းကို တာဝန်ကျေချင်တဲ့စိတ် ရှိတယ်။ ကိုယ်စလုပ်မယ်လို့ ဆုံးဖြတ်ပြီးသွားတာ



www.burmeseclassic.com

နဲ့ ဘာအတွက်ကြောင့်ပဲဖြစ်ဖြစ် လုံးဝနောက်မဆုတ်တော့ဘူး"

မြသားက အလုပ်နဲ့ပတ်သက်ပြီး ခံယူထားတဲ့ ကိုယ့်ရဲ့စိတ်ဓာတ်ကို ပြောပြဖြစ်တော့ သူက သဘောကျနှစ်သက်စွာကြည့်၍ ခေါင်းတစ်ချက် ဆတ်ပြကာ ...

"လေးစားပါတယ်ဗျာ။ ဒါကြောင့်မို့လည်း မြသားက အခုလို အောင်မြင်နေတာ။ ကျွန်တော်တော့ မြသားတို့ကုမ္ပဏီအတွက် ဒီဇိုင်းဆွဲပေးမယ်လို့ ဆုံးဖြတ်လိုက်တာမှန်သွားပြီ"

နေသူရိလို international ဖောက်နိုင်တဲ့ နာမည်ကြီးဒီဇိုင်နာ တစ်ယောက်ရဲ့ လက်ရာတွေကို မြသားတို့ကုမ္ပဏီက ထုတ်လုပ်ခွင့် ရတော့မှာမို့လို့ မြသားက အရမ်းကိုပဲ ပျော်ရွှင်ဝမ်းသာသွားရတော့သည်။

"ဝမ်းသာလိုက်တာ ကိုနေရယ်။ အဲဒါဆို မြသားတို့ကုမ္ပဏီနဲ့ အလုပ်လုပ်ဖို့ confirm ဖြစ်သွားပြီပေါ့နော်"

မြသားက confirm တစ်ခုကို လိုချင်နေတာမို့ သေချာအောင် ဖွင့်မေးလိုက်လျှင် သူ့ဘက်က နှစ်လိုဖွယ်ရှိသော အပြုံးဖြင့် ခေါင်းညိတ်ပြလိုက်ကာ ...





"ဟုတ်တာပေါ့ဗျာ။ မြသားလို အရည်အချင်းပြည့်ဝတဲ့ သူတစ်ယောက် တည်ထောင်ထားတဲ့ Brand အတွက် ကျွန်တော့်ဘက်ကလည်း အုတ်တစ်ချပ် သဲတစ်ပွင့်နေရာကနေ ဝင်ပါရမီဖြည့်ပေးရတော့မှာပေါ့"

နေသူရိဟာ လူမှုဆက်ဆံရေးကောင်းတဲ့ သူတစ်ယောက်ဆိုတာကို မြသားက အကဲခတ်မိသည်။ သူဟာ အဲဒီလို နှစ်လိုဖွယ်ရှိတဲ့ အပြုံးတွေကြောင့်ပဲ အောင်မြင်မှုက ပိုတလက်လက် တောက်နေတာလို့ မြသား မြင်လေသည်။

"မြသား ... ကိုနေ့ကို တကယ်ပဲ ကျေးဇူးတင်ပါတယ်"

"ကိစ္စမရှိပါဘူးဗျာ။ ကျွန်တော့်ကို ကျေးဇူးတင်တယ်ဆိုဒါတွေ များများစား။ စကားကောင်းနေတာနဲ့ စားလို့မဝင်ဘဲ ဖြစ်သွားဦးမယ်"

မြသားက ခေါင်းတစ်ချက် ညိတ်ပြလိုက်ကာ သူတည်ခင်းဧည့်ခံတဲ့ ဒင်နာကို မြိန်ယှက်စွာ စားသုံးလေသည်။ နေသူရိလို လူမျိုးနဲ့ အလုပ်တွဲလုပ်ခြင်းဖြင့် အရာရာကို အကျိုးရှိမယ်လို့ မြသား မျက်စိမှိတ်ပြီး ယုံကြည်လေသည်။

❤ ❤ ❤



www.burmeseclassic.com

# ၉ ၊ ၂

ရှားပါးက အဖေလည်း နေပြန်ကောင်းပြီမို့ အလုပ်ပြန်တက်ကာ မမရဲ့ဘော်ဒီဂတ်အဖြစ် တာဝန်ထမ်းဆောင်ရင်းက ကုမ္ပဏီမှာ လုပ်စရာရှိတာတွေ လုပ်ဖြစ်၏။ အခုလည်း မမကူးခိုင်းထားတဲ့ စာရွက်တွေကို copy ကူးလာကာ ကုမ္ပဏီထဲ ပြန်ဝင်လာလျှင် တကယ်မှ တကယ့်ကို အံ့ဩစရာကြီး ဖြစ်နေစရာကောင်းသော လူတစ်ယောက်ကို သွားတွေ့လေသည်။ ဒီလိုမျက်နှာမျိုးက လူများစရာ မရှိတာမို့ ရှားပါးက ချက်ချင်းကြီးကို မှတ်မိသွားကာ ရှားပါးကို မြင်သွားမှာ စိုးတာကြောင့် ရှားပါးက ဘေးမှထောင့်တိုင်အကွယ်မှ ရပ်နေကာ အခြေအနေကို အကဲခတ်လိုက်သည်။ မမရဲ့ရုံးခန်းထဲကို ဝင်သွားတာမို့ သူဟာ ဘာအတွက်





ဒီလာတယ်ဆိုတာ အရမ်းအရမ်းကို သိချင်သွားလေသည်။ အဲဒါကြောင့် ရှားပါးက စာရင်းစစ် မချိုကို မေးကြည့်လိုက်သည်။

"မချို ... အဲဒီသူက ဘယ်သူမို့လို့လဲဟင်"

"သြော် ... အဲဒါ ဒီဇိုင်နာ နေသူရိလေ။ အမယ်လေး ... သိပ်ကိုတော်တာနော်။ သူ့ဒီဇိုင်းတွေက အနောက်ဘက်တွေမှာတောင် ပေါက်တာ။ နင်ကလည်း ဘော်ဒီဂတ်လုပ်နေပြီး ဒါတောင် မသိဘူးလား"

ဘုရားရေ။ အဖေ့စက်ရုံက သူဌေးက မမ အင်မတန်မှကြိုးစားပမ်းစား ချိတ်ထားရတဲ့ နာမည်ကျော်ဒီဇိုင်နာ နေသူရိတဲ့။

ရှားပါးက ဆေးရုံမှာလက်လိမ်ချိုးမိခဲ့တဲ့ အဖြစ်ကို မျက်လုံးထဲ ပြန်မြင်ယောင်လာကာ ခေါင်းနပမ်းကြီးသွားရလေသည်။

"ဟော့ ... ရှားပါးရေ။ မမ ခေါ်နေတယ်။ သွားလိုက်ဦး"

မမဖြူက ရှားပါးကို လှမ်းပြောလိုက်တာမို့ ရှားပါးက ရင်ထဲ ဒိတ်ခနဲ ဖြစ်သွားရသည်။

"ဟမ် ... ဟုက်လို့လား မဖြူရယ်။ မမက အလုပ်ကိစ္စစကားပြောနေတဲ့ဟာ"



www.burmeseclassic.com

"ဩော် ... နင့်ကို ခိုင်းစရာရှိလို့ နေမှာပေါ့ဟဲ့။ မြန်မြန်သွားလိုက်ဦး"

ဟား...ဒုက္ခပါပဲ။ မမက ခေါ်တယ်ဆိုတော့ ရှားပါးအနေနဲ့ မသွားဖို့ဆိုတာ ဘယ်လိုမှ မရချေ။ ရှားပါး ရုံးခန်းထဲဝင်လိုက်တာနဲ့ အဲဒီဘဲကြီးက ရှားပါးကို မှတ်မိသွားပြီး စိတ်တိုတာတွေရောဈ် ဒီကုမ္ပဏီအတွက် အလုပ်မလုပ်တော့ဘူး ငြင်းပစ်ရင် ဘယ်လိုလုပ်မလဲ။ ဒါပေမဲ့လည်း အဲဒီလိုတော့လည်း မဖြစ်နိုင်ပါဘူးလေ။ လူကြီးလူကောင်းဆန်တဲ့ သူပဲဟာ။ အဲဒီလိုတော့ မလုပ်လောက်ပါဘူး။

ရှားပါးက ကိုယ့်ဘာသာ တောင်တွေး မြောက်တွေးတွေးနေရင်းကမှ ဘယ်လိုမှ ရှောင်လွှဲလို့ မရမှန်းလည်း သိနေတာကြောင့ ရင်တမမဖြင့် ရုံးခန်းထဲ ဝင်လာခဲ့တော့သည်။ ရှားပါးက ခွင့်တောင်းကာ အခန်းထဲဝင်လာလိုက်လျှင် ဒီဇိုင်နာကြီးက ရှားပါးကို တစ်ချက်လှမ်းကြည့်တာမို့ ရင်ထဲ ဒိတ်ခနဲတော့ ဖြစ်သွားရသည်။ ရှားပါးက မျက်လွှာအသာချ၍ မမဘေးနားရပ်တုန်းပဲရှိသေး မမက စတင် မိတ်ဆက်စကား ဆိုလေသည်။





"ကိုနေ ... မိတ်ဆက်ပေးရဦးမယ်။ ဒါ မြသားရဲ့ဘော်ဒီဂတ်လေ၊ ရှားပါး တဲ့။ အစစအရာရာ တအား အားကိုးရတာ။ ရှားပါး ... ဒါ ဒီဇိုင်နာ ကိုနေသူရိ လေ"

မမက မိတ်ဆက်ပေးလိုက်တာမို့ ရှားပါးက ကြောက်ကြောက်လန့်လန့်နှင့်ပင် ဟုတ်,ဆိုပြီး ခေါင်းညိတ်ပြလိုက်သည်။ ရှားပါးကို မြင်ကတည်းက မှတ်မိနေပုံရတဲ့ ဘဲကြီးက မချိုမချဉ်မျက်နှာထားဖြင့် ရှားပါးကိုကြည့်ကာ ...

"တွေ့ရတာ ဝမ်းသာပါတယ်။ အလုပ်ရာထူးက အဆန်းနော်။ အမျိုးသမီး ဘော်ဒီဂတ်တွေထဲမှာ သူအငယ်ဆုံးထင်တယ်"

တမင်တကာ အရွဲ့တိုက်ပြောတဲ့ စကားမှန်း ရှားပါးက သိနေတာကြောင့် စိတ်ထဲမှာ တင်းပေမယ့် မမ ရှိနေတာကြောင့် ဘာမှမပြောရဲပေ။

"ဟုတ်မယ်။ ဒါပေမဲ့ သူက ကရာတေးလက်ရွေးစင်ကစားသမားလေ။ ဖိုက်တင်လည်းရတဲ့ ဖိုက်တာမလေးပေါ့"

"ဩော် ... ဟုတ်လား။ အင်း ... အင်း ... သူ ဖိုက်တာဆိုတာ ပုံကြည့်တာနဲ့ ယုံလောက်ပါတယ် ... ဟား ... ဟား"



www.burmeseclassic.com

ပြောနေတဲ့ လေသံကိုက လုပ်သံကြီးဖြင့် ရိသလိုလို ရွဲ့သလိုလို ပြောတာမို့ ရှားပါးက မြင်ပျဉ်းတော့ တော်တော်ကပ်မိသည်။ ဒါပေမဲ့ ဒီအချိန်မှာ ရှားပါးအနေနဲ့ ဘာမှပြောခွင့်မရှိပါပေ။

"မမ ... ရှားကိုခေါ်တာ ဘာခိုင်းမလို့လဲ မသိဘူး"

"သြော် ... အေး ... ဟုတ်သားပဲ။ အောက်က ဂိုဒေါင်မှာ ပိတ်လိပ်အရောင်းစာရင်း သွားယူပေး။ ပြီးတော့ကတ်တလောက်စာအုပ်ပါ တစ်ခါတည်း ယူလာခဲ့ပေးနော်"

"ဟုတ်ကဲ့ မမ"

ရှားပါး တစ်ချိန်လုံး ပြုံးထေ့ထေ့ မျက်နှာထားဖြင့် ကြည့်ခြင်း ခံနေရတာကို စိတ်ကျဉ်းကျပ်လွန်းလှပြီမို့ မမ ခိုင်းတာကိုလုပ်ဖို့ အမြန်ဆုံး အပြင်ထွက်လာခဲ့တော့သည်။

ဟွန်း ... ဘယ်လိုလူလဲ မသိဘူး။ တော်တော်ကို အမြင်ကတ်ဖွယ် ကောင်းလေစွ။

❤ ❤ ❤





သူရိက သူ အလုပ်သစ် လက်ခံထားတဲ့ မြသားထည်ကို ကုမ္ပဏီအတွက် အဆန်းသစ်ဆုံးနဲ့ အကောင်းဆုံးဒီဇိုင်းတွေ ထုတ်ဖို့ ကောက်ကြောင်းချနေတုန်းမှာပဲ မစဉ်းစားပါဘဲနဲ့ ခေါင်းထဲဝင်လာသည်က မိန်းမ မဆန်ဘဲ ဂျစ်တီဂျစ်ကန် ပုံစံလေးနဲ့ ဘော်ဒီဂတ်မလေး ရှားပါးကိုပဲ ဖြစ်သည်။ ပုံစံလေးက တကယ့် အာဂလူဒီဇိုင်းမျိုးဖြစ်၏။ အမြဲတမ်း မှုန်ကုပ်ကုပ် နေတတ်တဲ့ ရုပ်ကလေးကိုက ဘာပုံလေးမှန်းကို မသိပါ။ သူရိက တစ်ယောက်တည်း စဉ်းစားခန်းဖွင့်နေတုန်းမှာ ဒေါ်လေးက သူ့အတွက် ကော်ဖီ ပျော်လာပေးကာ ပြုံးစိစိ ဖြစ်နေတဲ့ သူ့ကို တစ်ချက်ကြည့်၍ ...

"သား ... ကော်ဖီလေး သောက်လိုက်ဦး"

"ဟုတ်ကဲ့ ... ဒေါ်လေး"



www.burmeseclassic.com

"သားနေလည်း မနက်စက်ရုံသွားရ၊ ညဒီဖိုင်းဆွဲရနဲ့ တော်တော် ပင်ပန်းတာပဲ။ သား ညဥ့်နက်မယ်နော်။ အကြာကြီး ထိုင်ဆွဲမနေနဲ့ဦး"

အမြဲ အမေ တစ်ယောက်လို ဂရုစိုက်တတ်တဲ့ ဒေါ်လေးကို သူက ခေါင်းတစ်ချက် ဆတ်ပြရင်းမှ ...

"ဟား ဟား ... စိတ်မပူပါနဲ့ ဒေါ်လေးရာ။ ကျွန်တော် ကလေး မဟုတ်တော့ပါဘူး"

"အေး ... ကလေး မဟုတ်တော့လို့ အစစ လိုက်ပြောနေရတာပေါ့။ ငါ့မှာ နင့်အဖေ ငါ့အစ်ကိုကြီးကော၊ မင်းကိုကော စိတ်ပူရတာနဲ့ ကိုယ့်ဘာသာတောင် ဂရုစိုက်ဖို့ မေ့နေရတယ်။ သား ... မင်းမှာ ချစ်သူတွေ ဘာတွေမရှိဘူးလား။ မင်းအသက်အရွယ်က ယူသင့်တဲ့ အရွယ်ထက်တောင် လွန်နေပြီနော်။ ပြောစမ်း ... မင်းမှာ ချစ်သူမရှိဘူးလား"

ဒေါ်လေး မေးခွန်းကြောင့် သူရိက ဟက်ခနဲတစ်ချက် ရယ်မိသွားသည်။ အဲဒါတော့ ဟုတ်သည်။ သူ့အသက်အရွယ်ဟာ သုံးဆယ်တောင် စွန်းလာခဲ့ပြီ။ သူ့ကို Welcome





လုပ်နေကြတဲ့ အမျိုးကောင်းသမီးတွေ လွန်စွာများပြား ရှိနေသော်လည်း သူကိုယ်တိုင်က ရင်မခုန်တာမို့ ဒီကနေ့ထိ သူ့အချစ်ရေးဟာ ဘာမှ ပြောစရာမရှိခဲ့ချေ။ သူရိက ပြန်မဖြေဘဲ မချိမချဉ် ပြုံးမိတာကြောင့် ဒေါ်လေးက သင်္ကာမကင်း မျက်လုံးဖြင့် တစ်ချက်ကြည့်ကာ ...

"ဟဲ့ ... မေးနေတာ မဖြေဘဲ ဘာပြုံးနေတာလဲ။ ဘာလဲ... သားနေမှာ တကယ် ချစ်သူရှိနေပြီပေါ့ ဟုတ်လား"

ဒေါ်လေးရဲ့ အပိုင်ပြောလိုက်မှုကြောင့် သူရိက ဟက်ဟက်ပက်ပက် ရယ်မိသွားကာ ဒေါ်လေးကို ပဟေဠိပြန်လုပ်လိုက်သည်။

"နောက်တော့ သိရမှာပေါ့ ဒေါ်လေးရာ"

သူ့ရဲ့ အင်းမလုပ် အဲမလုပ် ပုံစံကြောင့် ဒေါ်လေးက မျက်စောင်းတစ်ချက် ထိုးလိုက်ရင်းက ...

"အမယ်လေးဟဲ့။ ပြောပါဆိုမှ အထာတွေ ကိုင်နေပြန်ပြီ။ ကဲ ... ကဲ ... သား သိပ်ညဥ့်မနက်စေနဲ့နော်။ ဒေါ်လေး သွားအိပ်တော့မယ်"

"ဟုတ် ... ဒေါ်လေး။ Good Night နော်"



www.burmeseclassic.com

ဒေါ်လေးက ပြန်ထွက်သွားလျှင် သူဟာ အပြုံးမပျက်ဘဲ ကျန်နေခဲ့ကာ ဒီဇိုင်းတောင် ပြန်မဆွဲနိုင်ဘဲ ချစ်သူဆိုတဲ့ ဝေါဟာရအသစ်ကျပ်ချွတ်အတွက် ဘာသာပြန်ချင်နေမိသည်။

❤ ❤ ❤

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉(မြေညီ)၊ ဓမ္မဝိဇ္ဇာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

Facebook on "Mae Min Bon"







ပင်ယံကပန်း လှမ်းလို့မမှန်း
ဆွတ်ခူးရန်ရှယ် စိုးရင်ထိတ်တယ်
ကိုယ်ကအားငယ် မခူးဝံ့တယ်။

အကြင်သူခြား သူတစ်ပါးက
ဆွတ်ခူးရင်လည်း ကိုယ့်ရဲ့အသည်း
တုံးခုခံမယ် ကြွေခဲ့ပါကွယ်။

ပန်းလေးအကြွေ ရေစင်ဖျန်းလို့
တော်ဝင်နန်းသူ ပန်ဆင်ရန်ယူ
ရင်ကွဲခံလို့ ဆက်သမယ့်သူ။

www.burmeseclassic.com

# ( ၉ )

ရှားပါးက နွေနေပူရဲ့အပူဒဏ်ကို ဘာမှ အကာအကွယ်မယူဘဲ ခပ်မြန်မြန်လေး လမ်းလျှောက်လာကာ အိမ်ပြန်လာခဲ့တော့သည်။ ရှားပါးက အိမ်ထဲဝင်လာလျှင် ဘယ်သူမှလဲရှိမနေတာကြောင့် ဒေါ်ခင်မျိုးအေးကို လှမ်းအော်ခေါ်လိုက်ရသည်။

"အဒေါ် ... အဒေါ် ... အိမ်ရှေ့မှာလည်း ဘယ်သူမှမရှိဘဲ တံခါးကြီးဖွင့်လို့။ အဒေါ်ရေ"

"ဟဲ့ ... လာပါပြီဟဲ့။ တကတဲ ဆူညံနေတာပဲ လာလိုက်တာနဲ့"

ရှားပါးရဲ့ ခပ်ကျယ်ကျယ် အော်သံကို အံတုရင်း နောက်ဖေးကနေ ခပ်သွက်သွက် ထွက်လာတာကြောင့် ရှားပါးက



www.burmeseclassic.com

ဘာမှ မပြောသေးဘဲ လွယ်ထားတဲ့အိတ်ကို ထိုင်ခုံမှာ ပစ်တင်ကာ လူပါ ဝင်ထိုင်လိုက်ရင်းကမှ ပြောလိုက်၏။

"အဒေါ်ကပဲ တစ်ပြန်စီး။ ကဲ ... ဆို ... ပြောစရာရှိတယ်ဆိုတာ ဘာကိစ္စလဲ"

ဒေါ်ခင်မျိုးအေးက ရှားပါး ဘေးမှာ ဝင်ထိုင်ကာ ခပ်ညှိုးညှိုး မျက်နှာပေးဖြင့် ပြော၏။

"အရေးတကြီး ပြောစရာရှိလို့ နင့်ကို ခေါ်ရတာပါဟယ်"

ဒေါ်ခင်မျိုးအေးရဲ့ လေသံက လုံးဝကို ပြေလျော့နေတာမို့ ရှားပါးက နည်းနည်းတော့ စဉ်းစားသွားရသည်။ ရှားပါးရဲ့အလုပ်ကို လှမ်းဖုန်းဆက်ကာ နေ့ဝက်ခွင့်ယူပြီး အိမ်ပြန်လာခဲ့ပါ။ အရေးတကြီး ပြောစရာရှိလို့ပါဆိုပြီး တောင်းပန်ခယသံနဲ့ ပြောနေတာကြောင့် ရှားပါးက ပြန်လာရတာ ဖြစ်သည်။ အခုလည်း တစ်ခါမှ မပြောဖူးတဲ့ လေသံပျော့နဲ့ဆိုတော့ ပြောချင် တဲ့ အရေးတကြီးကိစ္စဟာ တော်တော်ကြီးတယ် ဆိုတာ သဘောပေါက်ရသည်။

"အဒေါ် ... ဘာလဲ။ စကားတွေ ဒီလောက် ပလ္လင်ခံနေရင် မဟုတ်တော့ဘူး။ ဘာလဲ။ မြန်မြန်ပြောပါ။ ဘာကိစ္စတုံး"





ရှားပါးက စိတ်မရှည်တော့စွာဖြင့် ခပ်သွက်သွက်မေးလိုက်လျှင် ဒေါ်ခင်မျိုးအေးက နဂိုပုံ ပြန်ဖြစ်သွားကာ အငေါ့တူးလေသံဖြင့် ပြန်ဖြေလေသည်။

"အေးဟေ့။ နင်တို့ကပဲ စိတ်မရှည်ကြ။ ပြောမယ် ... ပြောမယ်။ ကိစ္စကတော့ ဒီအိမ်ပေါ်ကနေ ငါတို့ ဆင်းပေးရတော့မယ့် အခြေအနေ ရောက်တော့မယ် ဆိုတာပဲ"

ရှားပါးက ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်တဲ့စကားကြောင့် အံ့အားသင့်စွာ ခပ်ကျယ်ကျယ် အော်ပစ်လိုက်သည်။ ဒါဟာ နားကြားလွဲတာမျိုးတော့ မဟုတ်ပေ။ ရှားပါးက အဓိပ္ပာယ်လုံးဝမရှိတဲ့ စကားတွေအတွက် ခေါင်းကို တွင်တွင်ယမ်းကာ ငြင်းပစ်လိုက်သည်။

"ဒီမှာ ... အဒေါ်။ ဘာတွေ လျှောက်ပြောနေတာလဲ။ ဒီအိမ်က ရှားတို့ ဝယ်ထားတဲ့အိမ်လေ။ ဘာကိစ္စ ဆင်းပေးရမှာလဲ။ အဓိပ္ပာယ်မရှိ"

"သြော် ... ငါက မဟုတ်ဘဲ ပြောပါ့မလား ရှားပါးရယ်။ တကယ်ဟော့ တကယ်။ မထူးတော့ဘူး။ ဒီအခြေအနေရောက်နေမှတော့ ငါ ပြောရတော့မယ်။ ညည်းအဖေ လစာလေး



www.burmeseclassic.com

နှစ်ပဲခြောက်ပြားလောက်နဲ့ အိမ်စရိတ် မလောက်ဘူး။ အဲဒါကြောင့် ငါက အားလုံးပြေလည်အောင် ဒီအိမ်ဂရန်ကို ဒေါ်အပ္ပိုကြီးဆီမှာ ငါးကျပ်တိုးနဲ့ ပေါင်ထားတယ်”

“ဘယ်လို”

ဟား။ ရှားပါးက ကိုယ့်နား‌တောင် ကိုယ်မယုံနိုင်ဖြစ်လှစွာဖြင့် ပါးစပ်အဟောင်းသား ဒေါ်ခင်မျိုးအေးကို ငေးကြည့်မိသွားသည်။ ရှားပါး နားနဲ့ ဆတ်ဆတ်ကြားရတဲ့ ဒီသတင်းကတအားကို အံ့သြစရာအခြေအနေမျိုးကြီး ဖြစ်နေတာမို့ ရင်တွေကလှုပ်လှုပ်ခုန်ကာ ဘာမှ မပြောနိုင်တဲ့ အနေအထား ဖြစ်နေစဉ် ဒေါ်ခင်မျိုးအေးက ထိုင်ခုံပေါ်တောင် ဒူးတစ်ဖက်ထောင်ထိုင်၍ ဆက်ပြောလေသည်။

“ညည်း ကျုပ်ကို ရန်တွေ့ဖို့ မစဉ်းစားနဲ့၊ ကျုပ်လုပ်နေတာက ဒီအိမ်စားဖို့စရိပ်၊ ဗာရီယစရိတ်တွေအတွက်။ အစကတော့ ငါ့နည်း ငါ့ဟန်နဲ့ အတိုးသတ်နိုင်တော့ အဆင်ပြေနေတာပေါ့။ ဒါပေမဲ့ အခု ဒီလနဲ့ပါဆို ငါ အတိုးမပေးနိုင်တာ သုံးလရှိပြီ။ အဲဒါ မပေးနိုင်တော့ ဒေါ်အပ္ပိုကြီးက အိမ်ပြန်ရွေးခိုင်းနေပြီ။ ငါလည်း မရှိတဲ့





အကြောင်း ပြောလိုက်တော့ အဲဒါဆို သူ သင့်သလောက် အမ်းပေးပြီး ငါတို့ ဆင်းပေးရမယ်တဲ့။ ဒီကိစ္စတွေကို နင့်အဖေ မသိဘူး။ ငါလည်း ဘာလုပ်ရမှန်း မသိတော့တာနဲ့ နင့်ကို တိုင်ပင်တော့တာ”

အရမ်းကို တုန်လှုပ်ချောက်ချားစရာ ကောင်းလှသော အဖြစ်ကြီး ဖြစ်နေတာမို့ ရှားပါးက လုပ်ရက်လေခြင်းဆိုတဲ့စိတ်နဲ့အတူ ခုံကို ဝုန်းခနဲရိုက်ပစ်ကာ ပေါက်ကွဲပစ်တော့သည်။

“အဒေါ် အဲဒါတော့ တော်တော်တရားလွန်တာပဲ။ နေစမ်းပါဦး။ ဒီအိမ် အိမ်စရိတ်လို့ ပြောရအောင် စားတဲ့အပေါက်က ဘယ်နှပေါက် ရှိလို့လဲ။ အခုဆို အဖေနဲ့ အဒေါ်ပဲရှိတော့တာလေ။ အဲဒါ အကြောင်းပြချက် ဟုတ်ကိုမဟုတ်တာ အဒေါ်။ ဒါနဲ့ ဒီဂရန်ကို ဘယ်လောက်နဲ့ ပေါင်လိုက်တာလဲ”

ရှားပါးက မိထွေးဖြစ်သူရဲ့ လုပ်ရပ်ကို စိတ်တိုဒေါသထွက်နေရင်းက ချေးထားတဲ့ ငွေပမာဏကို မေးလိုက်လျှင် ဒေါ်ခင်မျိုးအေးက ခပ်ပြတ်ပြတ် ပြန်ဖြေသည်။

“သိန်းသုံးဆယ်”



www.burmeseclassic.com

"ဘာ"

ရှားပါးက ခေါင်းကို မိုးကြိုးပစ်လိုက်သလို ခံစားလိုက်ရကာ ဒိန်းခနဲ ဖြစ်သွား၍ အကျယ်ကြီး ထအော်လိုက်လျှင် ဒေါ်ခင်မျိုးအေးက ရင်ဘတ် လက်ဖြင့်ဖိကာ ...

"ဟဲ့ ... ဟဲ့ ... တိုးတိုးသက်သာ အော်ပါဟယ်။ ခုနစ်သံချီနဲ့"

ပြောနေတဲ့ လေပေါက်ကိုက ဒေါသဖြစ်ချင်စရာမို့ ရှားပါးက ဒေါသတွေထွက်လာကာ အသားတွေတောင် တဆတ်ဆတ် တုန်သည်။ ဒေါ်ခင်မျိုးအေးရဲ့ လုပ်ရပ်ဟာ ဒီတစ်ခါတော့ သိပ်ကို ဆိုးဝါးလွန်းသွားပြီဖြစ်သည်။

"အော်ရမှာပဲ။ အဒေါ်လုပ်ထားတာကိုလည်း ကြည့်ဦးလေ။ ပြောတော့ စားစရိတ် အတွက်တဲ့။ ယူထားတဲ့ ပိုက်ဆံက သိန်းသုံးဆယ်တောင်။ ပြားသုံးဆယ် မဟုတ်ဘူး။ အဲဒီလောက်တောင်များတဲ့ ပိုက်ဆံတွေချေးပြီး အဒေါ် ဘာလုပ်ပစ်လိုက်တာလဲ"

ရှားပါးက စိတ်နာ ဒေါသထွက်လွန်း၍ ခပ်ရိုင်းရိုင်းပဲ ပြောပစ်လိုက်လျှင် ဒေါ်ခင်မျိုးအေးကလည်း ဆတ်ဆတ်ထိမခံဘဲ ပြန်ပြောလေသည်။





"ဟဲ့ ... နင့်အဖေ ဆေးဖိုးတွေ ရှိသေးတယ်လေ။ နောက်ပြီးတော့ ငါလည်း နည်းနည်းပါးပါး သုံးသေးတာပေါ့။ အစကတော့ ဆယ်သိန်းပဲ ချေးတာ၊ ဒါပေမဲ့ လိုတိုင်းပြေးဆွဲနေရတာနဲ့ အတိုးမသတ်နိုင်တော့ တိုးရင်းပေါင်းဖြစ်သွားတာတွေနဲ့ သုံးဆယ်ဖြစ်သွားရတာ"

ရှားပါးက ရင်ထဲမှာ အလုံးကြီးဆို့နေသလို နင်နေ၍ ထင်သလောက် စကားတွေ ထွက်မလာနိုင်ချေ။ ဒီကိစ္စဟာ ဘယ်လိုနည်းနဲ့မှ ပေါ့သေးသေး မဟုတ်တော့တဲ့ ပြဿနာကြီးတစ်ခု ဖြစ်ခဲ့ပြီ။ ဘယ်လိုမှ ဖုံးမရ ဖိမရ ဖြစ်တော့မယ့် အနေအထားမျိုးကို ရောက်လာပြီဆိုတော့မှ သိရတော့တာမို့ ဘာဖြေရှင်းရမယ်မှန်းလဲ မသိတော့။ အဲဒီမိန်းမကြီးကို သေလောက်အောင် စိတ်တိုလွန်းလှစွာဖြင့် တောက်တစ်ချက်ခေါက်ကာ ရဲရဲတောက်ကြည့်ပစ်လိုက်၍ ...

"ကဲ ... အဲဒီတော့ ဒီကိစ္စကို ဘယ်လိုရှင်းမှာလဲ။ အဖေမသိဘဲနဲ့ ယူပေါင်တာ အဆိုးဆုံးပဲ။ ဒီလောက်များတဲ့ ပိုက်ဆံ အဖေ့မှာလည်း မရှိဘူး။ ရှားမှာလည်း မရှိဘူး။ အဒေါ်လုပ်တဲ့ကိစ္စ အဒေါ်ရှင်း။ နောက်ပြီး ဒီကိစ္စကို အဖေနဲ့တိုင်မယ်"



www.burmeseclassic.com

ရှားပါးရဲ့ သွေးရူးသွေးတမ်း စကားကို ဒေါ်ခင်မျိုးအေးက ပမာမခန့်စွာဖြင့် ယပ်တဖျပ်ဖျပ် ခတ်နေကာ ...

"အခုကျမှ နင့်အဖေတိုင်လည်း မထူးတော့ဘူး။ မရွေးနိုင်ရင် သူတို့အမ်းတာယူပြီး ဆင်းပေးလိုက်ရုံပဲ"

ရှားပါးက အဲဒီစကားကြောင့် အသားတွေ တဆတ်ဆတ်တုန်လာတဲ့အထိ ဒေါသတွေက ဖြစ်လာခဲ့ရပြီဖြစ်သည်။ အဖေရဲ့မိန်းမဆိုတဲ့ အသိတရား တစ်ခုသာ ရှိမနေဘူးဆို ရှားပါးအဲဒီမိန်းမကြီးကို အမှုန့်ခြေပစ်တော့မလားတောင် မသိပေ။ အင်မတန်မှ ကြီးလေးတဲ့ ကိစ္စကြီးတစ်ခုအတွက် ရှားပါးက အိမ်ကိုတော့ အဆုံးမခံနိုင်ပေ။ အရမ်းကို ဒေါသတွေ ထွက်လာရကာ မိထွေးဖြစ်သူကို လက်ညှိုးငေါက်ငေါက်ထိုး၍ ပြောပစ်လိုက်တော့သည်။

"ဒေါ်ခင်မျိုးအေး ... ရှင် ရိုင်းစိုင်းယုတ်မာလှချည်လား။ ဘာကိစ္စ သူတို့အမ်းတာ လက်ခံရမှာလဲ။ ဒါ ရှင့်အိမ်လည်း မဟုတ်ဘူး၊ အမေ မသေခင်ကတည်းက ဝယ်ထားတဲ့အိမ်။ ဒီအိမ်ကို ထိဖို့တော့ မကြိုးစားနဲ့။ သေသွားမယ်"





"အိုအေ ... ငါကလည်း မဆင်းချင်ပါဘူး။ ဒါပေမဲ့ မရွေးမှ မရွေးနိုင်တော့တာ။ ကဲ ... အဲဒါဆိုလည်း အဲဒီပိုက်ဆံတွေ နင်ပေးလေ။ မရှိတဲ့ကိစ္စ ငါက ဘာလုပ်ရတော့မှာလဲ"

မျက်နှာလွှဲခဲပစ် ပြောပစ်လိုက်တဲ့ စကားလုံးတွေအတွက် ရှားပါးက လှိုက်ခနဲ တက်လာသော ဆို့နင့်ခံစားမှုကြောင့် မျက်ရည်တွေ ဝဲလာကာ မျက်လုံးတွေ ပြာထွက်လာတဲ့အထိ ခံစားလိုက်ရသည်။

"အဲဒီပိုက်ဆံတွေ ရလာတာကိုလည်း ကျွန်မတို့ မသိဘူး။ ဘယ်ရောက်သွားတာကိုလည်း ကျွန်မတို့ မသိဘူး။ အဲဒါကို ဘာကိစ္စ ရွေးပေးမှာလဲ။ ဒီမှာ ... ဒေါ်ခင်မျိုးအေး၊ ဒီကိစ္စကို ရှင် ဘယ်လိုရှင်းမှာလဲ"

"ငါမသိလို့ နင့်ခေါ်တာပေါ့ဟဲ့။ ဒီမှာ ... ရှားပါး၊ ငါလည်း နင့်အဖေ ဆေးဖိုးတွေအတွက် ယူခဲ့တာပဲ။ အေး... နင်တို့ သိထားရမှာက ငါပေါင်ထားတာ နင်တို့အိမ်ဂရန်။ မရွေးရင် ဆုံးမှာပဲ။ ငါက ဘာမှမဖြစ်ဘူး။ ကျောကော့



www.burmeseclassic.com

ဆင်းသွားရုံပဲ။ နင်တို့သားအဖနှစ်ယောက်ကို ငဲ့လို့ ဒီကိစ္စ ငါပြောပြတာ”

ရှားပါးက အရမ်းကို စိတ်ပျက်စရာကောင်းလှသော ဖြေရှင်းစကားအတွက် ဒေါ်ခင်မျိုးအေးကို စေ့စေ့ကြည့်ကာ မှတ်ချက်ပေးမိလိုက်သည်။

“ရှင် တော်တော်ယုတ်မာတာပဲ။ တောက် ...”

ဒေါသတွေ သိပ်ထွက်နေသလို ခေါင်းထဲမှာလည်း ရှားပါး ဘယ်လိုစီစဉ်ရမလဲ ဆိုတာတွေကို တွေးနေကာ အဖြေရှာနေမိသည်။ ဒီကိစ္စသာ အဖေ သိသွားရင် ဒေါ်ခင်မျိုးအေးကို ဒေါသဖြစ်ပြီး နှလုံး Attack ရကာ အန္တရာယ်ဖြစ်သွားနိုင်သည်။ အဖေ့ကို ဘာမှမဖြစ်ဘဲ စိုးရိမ်မှု ကင်းချင်တာမို့ ရှားပါးက ယတိပြတ် ဆုံးဖြတ်ချက်တစ်ခု ချလိုက်ကာ ...

“ကောင်းပြီ ဒေါ်ခင်မျိုးအေး။ အဲဒီပိုက်ဆံကို ကျွန်မ ရအောင်ရှာပေးမယ်။ အဲဒါ ရှင့်ကို ကြောက်လို့တော့မဟုတ်ဘူးနော်။ ရှင့်ရဲ့ယုတ်မာမှုတွေကြောင့် ကျွန်မတို့မိသားစု ကမ္ဘာလေး ပျက်သွားမှာစိုးလို့။ ရှင် ဟန်မပျက် ဆက်နေ





ပါ။ အဖေ့ကို ဒီကိစ္စ လုံးဝမပြောပါနဲ့။ အဖေ ဒီအကြောင်း သိသွားပြီး စိတ်ထိခိုက်သွားလို့ တစ်စုံတစ်ခု ဖြစ်သွားတာနဲ့ ရှင့်ကို သတ်မှာနော်”

ရှားပါးက ရဲရဲတောက်စိတ်ဖြင့် ဒေါ်ခင်မျိုးအေးကို သတိပေးလိုက်လျှင် အမြင်ကတ်စရာ ကောင်းလှလေသော ဒေါ်ခင်မျိုးအေးက ဟင်းခနဲ မျက်နှာကို မဲ့ရွဲ့ကာ ...

“နင့်အဖေက ငါ့လင်။ ငါ မဆိုးမဖြစ်အောင် မလုပ်ဘူး။ နင်သာ ပိုက်ဆံရအောင် ရှာလာခဲ့”

ရှားပါးက အံကို ခပ်တင်းတင်းဖိကြိတ်ကာ စိတ်ကို တော်တော်ထိန်းနေရတာဖြစ်သည်။ ရှားပါးက တောက်ခေါက်ကာ ဒီအိမ်မှာလည်း ဆက်မနေချင်တော့တာမို့ ထ,ထွက်လာလျှင် အနောက်က ခပ်ရှုးရှုးအော်သံကြောင့် ခြေလှမ်းတို့က တုံ့ခနဲရပ်လို့သွားသည်။

“ဟဲ့ ... ဘယ်တုံး။ ပြန်ပြီလား”

ရှားပါးက လှည့်မကြည့်ချင်လောက်အောင် စိတ်ပျက်နေပြီမို့ ကျောခိုင်းအနေအထားဖြင့် ပြန်ဖြေလိုက်သည်။



www.burmeseclassic.com

"အဖေ့ကို ဘာမှမပြောနဲ့နော်။ ကျွန်မ အဲဒီပိုက်ဆံရအောင် ရှာခဲ့မယ်"

ပြောပြီးတာနဲ့ ရှားပါးက အိမ်ထဲကနေ ထွက်လာခဲ့လိုက်သည်။ သိန်းသုံးဆယ်တဲ့။

အဲဒီငွေပမာဏအတွက် စိတ်ဓာတ်တို့က တော်တော်ယိုင်နဲ့ခဲ့ရပြီဖြစ်သည်။

❤ ❤ ❤





## ၁၀

"ဟက် ... ဟက် ... ကိုနေကတော့ မြှောက်နေပြန်ပါပြီ"

"ဟုတ်တယ်ဗျ ... မြသား ကိုယ်တိုင် ဒီ brand ရဲ့ မော်လ်ဒယ်လုပ်ရမှာ"

မြသားက အဲဒီ မြှောက်ပင့်စကားလေးကို တခြားတစ်ယောက်ယောက်ကသာ ပြောခဲ့မယ်ဆို စိတ်ကျေနပ်မှု ဖြစ်ချင်မှဖြစ်ဦးမည်။ ဒါပေမဲ့ ဒီစကားဟာ ကိုနေ့ဆီက ပြောလာတဲ့စကား ဖြစ်တဲ့အတွက် စိတ်ထဲမှာ တစ်မျိုးလေးပဲ သာယာမိသလို ခံစားရသည်။ အချိန်ကာလ တိုတိုလေးအတွင်းမှာ ရင်းနှီးသွားဝသာ အတိုင်းအတာတစ်ခုက မြသားအတွက်တော့ နက်ရှိုင်းမှုတစ်ခုကို ပေးစွမ်းလေသည်။



www.burmeseclassic.com

"ဒီလောက် အပြောကောင်းတဲ့ ဒီဇိုင်နာကြီးကို မုန့်လိုက်ကျွေးမှနဲ့တူတယ်"

"ဟား ... မလုပ်ပါနဲ့ဗျာ။ ကျွန်တော်က အပြောကောင်းတာ မဟုတ်ပါဘူး။ အကောင်း ပြောတာပါ"

မြသားက စိတ်ကြည်နူး သဘောကျနေခိုက် တံခါးဖွင့်ကာ ရှားပါးက ဝင်လာလေလျှင် ကိုနေ့ရဲ့ အကြည့်အာရုံတွေက ရှားပါးကို ညို့ရီရီကြည့်နေကာ ရှားပါးဆီ အာရုံရောက်နေတယ်ဆိုတာ သိသာလှတာကို မြသားက အကဲတော့ ခတ်မိသွားသည်။

"ဘာလဲ ရှားပါး"

ရှားပါးက မြသားရဲ့အမေးကြောင့် လက်ထဲက ဖိုင်လ်တွဲတွေကို မြသားဆီပေးကာ ...

"သန်လျှင်က ကုန်သည်ပို့ထားတဲ့ ပစ္စည်းစာရင်းတွေပါ မမ။ နောက်ပြီး ပိတ်လိပ်အသစ်တွေ ဂိုဒေါင်ထဲရောက်နေပြီ မမ။ မမ စစ်ပေးရပါမယ်"

ရှားပါးက မြသား ပေးထားတဲ့ တာဝန်အပေါ် ကျေပွန်စွာ ဆောင်ရွက်ပြီးကြောင်း အချိန်မီ report လာတင်တာက ထူးခြားမှု မဟုတ်ပေမယ့် ရှားပါးကို တမေ့တမော ငေးကြည့်





နေတဲ့ ကိုနေ့ရဲ့မျက်ဝန်းတွေကတော့ ထူးခြားလေသည်။ မြသားက သိနေပေမယ့် အသာမသိကျိုးကျွန်ပြုကာ ရှားပါးကို အလုပ်ကိစ္စဘဲ ဆက်ပြောလိုက်၏။

"ဟုတ်ပြီလေ။ ဂိုဒေါင်မှာ စစ်ဖို့က မမ မြသက်ကို မှာထားပြီးသား။ စာရင်းတွေသာ ပေးထား"

"ဟို ... Excuse ။ မြသားတို့ အလုပ်လုပ်ရဦးမယ်။ ကျွန်တော် ပြန်လိုက်ဦးမယ်"

ကိုနေက မြသား အလုပ်ရှိနေတာကို အလိုက်တသိဖြင့် ပြန်ဖို့ခွင့်တောင်းလေလျှင် မြသားက ကိုနေ အားမနာအောင် အမြန်တားရသည်။

"အယ် မဟုတ်တာ။ ရပါတယ်"

"ရပါတယ်ဗျာ။ ကျွန်တော်လည်း ရောက်နေတာ ကြာပြီဆိုတော့ ပြန်ဦးမယ်ဗျ"

ကိုနေက ပြန်ဖို့ ဆိုင်းပြင်းနေတော့ မြသားလည်း အသာတကြည်ဘဲ ခေါင်းညိတ်လိုက်ရသည်။ မြသားကို နှုတ်ဆက်ပြီးတာနဲ့ ကိုနေရဲ့ မျက်လုံးအကြည့်က ရှားပါးဆီ ရောက်သွားကာ နှုတ်ဆက်သလို လှမ်းကြည့်လျှင် ရှားပါးကလည်း အသိ



www.burmeseclassic.com

အမှတ်ပြုသလို ခေါင်းပြန်ဆတ်ပြ၏။ မြသားက ကြိုးချင်းငြိဆိုတဲ့ အနေအထားမျိုးဖြစ်လို့ မလာရအောင် ကြိုတင်တွေးထားတဲ့ အနေဖြင့် ကိုနေ ထွက်သွားတာနှင့် ရှားပါးကို စကားပြောဖို့ထိုင်ခိုင်းလိုက်ရသည်။

"ရှားပါး ... ခဏထိုင်ဦး။ ပြောစရာရှိလို့"

မြသား အမိန့်ကို နာခံစွာ ရှားပါးက မြသားရှေ့ခုံမှာ ဝင်ထိုင်လေသည်။

"ဟုတ်ကဲ့ ... ပြောပါ မမ"

မြသားက မပြောရသေးခင်မှာ ရှားပါးရဲ့အခြေအနေကို အကဲခတ်လိုက်သည်။ ရှားပါးကို ဒီနေ့ ကြည့်ရတာ တစ်မျိုးတော့ တစ်မျိုးပဲ။ ခါတိုင်း ချက်ချာသွက်လက်နေသော မိန်းကလေးတစ်ယောက်က ဒီနေ့တော့ တုံဏှိဘာဝေပုံစံဖြင့် အနေအေးနေတာဖြစ်သည်။ ရိပ်မိလေတဲ့ မြသားက အကဲခတ်ကာ အရင်ဆုံး မေးလိုက်သည်။

"ရှား ... ရှားပါးကို မ, မနက်ကတည်းက သတိထားမိနေတာ။ ဒီနေ့ ဘယ်လိုဖြစ်လဲ။ မရွှင်မလန်းနဲ့။ ဘာအခက်အခဲ ရှိလို့လဲ"





မြသား အမေးကြောင့် ရှားပါးက အလျင်အမြန်ပင်ခေါင်းခါကာ ...

"ဘာ ... ဘာမှ မဖြစ်ပါဘူး မမ။ ရှား အကုန်အဆင်ပြေပါတယ်"

အဲဒီပုံစံကိုက တစ်ခုခု အခက်အခဲ ရှိနေပြီဆိုတာ ကျိန်းသေနေတာမို့ မြသားက သိရဖို့ အပိုင်ကို မေးလိုက်တော့သည်။

"ဟင့်အင်း ... မဖြစ်နိုင်ဘူး။ ရှားပါး တစ်ခုခုဖြစ်နေတာ မ,သိတယ်။ ပြောပါ ရှားပါးရဲ့။ တို့တွေက ညီအစ်မတွေလို ဖြစ်နေပြီပဲဟာ။ ရှားပါး မနေ့က နေ့လယ်ခင်း အိမ်ပြန်တယ်မှလား။ အိမ်မှာ ဘာအခက်အခဲ ရှိနေလို့လဲ ... ပြော"

ရှားပါးက မြသားကို အံ့သြသလိုလေးကြည့်ကာ ခေါင်းခါယမ်း၍ ...

"မမ ဂရုစိုက်တာကို ကျေးဇူးအများကြီး တင်ပါတယ်။ ရှား ဘာအခက်အခဲမှ မရှိပါဘူး။ နည်းနည်းခေါင်းကိုက်နေလို့ မလန်းတာပါ"



www.burmeseclassic.com

“မဖြစ်နိုင်ဘူး။ ရှားပါး ... အမှန်အတိုင်း မပြောဘူးဆို မမ စိတ်ဆိုးရလိမ့်မယ်နော်။ တို့တွေက ဒီလောက်ရင်းနှီးနေကြတာ။ ကဲ ... ပြော။ ဘာဖြစ်တာလဲ။ ရှားပါး နေမကောင်း မဖြစ်ဘူး။ စိတ်မကောင်း ဖြစ်နေတယ်ဆိုတာ မ,သိတယ်။ ပြောပါ။ ဘာဖြစ်လို့လဲ”

မြသားက စိတ်ဆိုးမယ်ဆိုပြီး အကျပ်ကိုင် မေးလိုက်မှ ရှားပါးက မဝံ့မရဲ လေသံဖြင့် စကားနည်းနည်း ထွက်လာလေသည်။

“ဟုတ်ပါတယ် မမ။ ရှား တကယ် စိတ်မကောင်း ဖြစ်နေရတာပါ။ အိမ်တွင်းရေး ပြဿနာပေါ့ မမရယ်”

“မ,ကို ပြောပြပါလား ရှားပါး”

“ဟို ... ဟို”

ရှားပါးက ပြောဖို့ရာအတွက် တစ်စုံတစ်ရာ ဝန်လေးနေတဲ့ဟန်ဖြင့် ချီတုံချတုံ ဖြစ်နေတာကြောင့် မြသားက ရဲရဲပြောထွက်စေဖို့ ဆက်ပြောလိုက်ရသည်။

“ပြောပါ။ မခကို အားနာဖို့ မလိုပါဘူး”





မြသားက ပြောလွန်းမက ပြောခိုင်းတော့မှ ရှားပါးက သက်ပြင်းခိုးတစ်ခုချကာ ခေါင်းအသာညိတ်၍ မရဲတရဲလေသံဖြင့် ပြောပြလေသည်။

“တခြားတော့ မဟုတ်ပါဘူး မမရယ်။ ရှား မိထွေးကြောင့်ပါ။ အဖေ မသိအောင် ရှားတို့ အိမ်ဂရန်ကို ယူပေါင်ထားတယ်လေ။ အခု အတိုးမပေးနိုင်တော့ အိမ်သိမ်းမယ်၊ ဘာညာ ဖြစ်လာပြီ။ ဒီကိစ္စက အဖေသိလို့ မဖြစ်ဘူး မမရဲ့။ အဖေသိရင် သူတို့လင်မယား ပြဿနာတက်မှာထက် အဖေ စိတ်ထိခိုက်ပြီး ကျန်းမာရေး တစ်ခုခုဖြစ်သွားမှာကို ဆိုးတာ။ ရှားမှာလည်း အဲဒီကိစ္စအတွက် တော်တော်ကို စဉ်းစားနေရတာ ...

ရှားရဲ့ အိမ်တွင်းရေးပြဿနာကြောင့် အလုပ်ချိန်မှာ လစ်ဟင်းသလို ဖြစ်သွားတာကို ရှား တောင်းပန်ပါတယ် မမ”

အင်း။ မြသားက ရှားပါးရဲ့ဒုက္ခအတွက် စိတ်ပင်ပန်းစွာ သက်ပြင်းတစ်ချက် ချမိသည်။ ရှားပါးဟာ မြသားအတွက်တော့ တကယ့် လက်ရုံးကောင်းပင်။ ငွေရေးကြေးရေး အခက်



www.burmeseclassic.com

အခဲလောက်ကတော့ ရှားပါးအတွက် မြသားဘက်က ကူညီပေးနိုင်၏။

"အင်း ... ရှားပါး မိထွေးကလည်း တော်တော်ဆိုးတာပဲ။ ဒုက္ခ ... ဒါနဲ့ သူက ဘယ်လောက်နဲ့ ပေါင်ထားလို့လဲ"

"သိန်း ... သိန်းသုံးဆယ်ပါ မမ"

မြသားအတွက် ဘာမှကြီးမားတဲ့ ငွေအတိုင်းအတာ မဟုတ်ပေမယ့် ရှားပါးအတွက်တော့ စိတ်ပင်ပန်းစရာတစ်ခု ဖြစ်နေမယ်ဆိုတာ မြသား တွေးဆပေးလို့ ရလေသည်။ အဲဒီအတွက် မြသားက ဖြေရှင်းပေးဖို့ ဆုံးဖြတ်လိုက်တော့သည်။

"ဒီကိစ္စအတွက်တော့ ဘာမှ စိတ်မညစ်နေပါနဲ့။ မမ အဲဒီ သိန်းသုံးဆယ်ကို ထုတ်ပေးမယ်"

"ရှင်"

မြသား စကားကြောင့် ရှားပါးက တအံ့တသြဖြစ်ကာ ရှင် ... ဆိုတဲ့ အာမေဍိတ်နဲ့အတူ မြသားကို ငေးကြည့်၍ အလျင်အမြန်ဘဲ ငြင်းဆန်လေသည်။

"နေပါစေ မမရယ်။ ရပါတယ်။ ရှား ပြဿနာကို ရှား ဘာသာ ဖြေရှင်းမှာပါ"





အဲဒီလို မာနလေးတွေ ရှိတတ်တာကိုက မြသားအတွက် သဘောကျစရာ ဖြစ်လေသည်။ ဒါပေမဲ့ ရှားပါးရဲ့အခက်အခဲအတွက် မြသား ကူညီဖို့ရာ ဆုံးဖြတ်ထားလိုက်သည်။

"ခေါင်းမမာပါနဲ့ ရှားပါးရယ်။ လတ်တလော အခက်အခဲကို အမြန်ဖြေရှင်းလိုက်ပါ။ အဲဒီပိုက်ဆံတွေကိုလည်း ရှားပါး လခထဲက တဖြည်းဖြည်းချင်း ပြန်ဆပ်လို့ ရတာပဲဟာ။ မ,က ကြိုထုတ်ပေးထားတဲ့ သဘောပဲလေ။ မမ အကူအညီကို လက်ခံပါ"

ရှားပါး မငြင်းဆန်နိုင်ဘဲ လက်ခံနိုင်လောက်အောင် မြသားက ရှင်းပြလိုက်တာမို့ ရှားပါးက ငြင်းမနေတော့ဘဲ မြသားကို ကျေးဇူးတင်စွာကြည့်ကာ ...

"တကယ်ကို ကျေးဇူးအများကြီး တင်ပါတယ် မမရယ်"

မြသားက တစ်ချက်ပြုံးလိုက်၍ ...

"အဲဒါ ပြဿနာမရှိပါဘူး ရှားပါးရယ်။ ကိစ္စမရှိပါဘူး။ ညနေပြန်တော့ ပိုက်ဆံယူသွားလိုက်နော်။ တို့တွေက ညီအစ်မလို ဖြစ်နေပြီပဲဟာ"



www.burmeseclassic.com

"ကျေးဇူးအများကြီး တင်ပါတယ် မမရယ်။ ရှားပါးအတွက်တော့ မမနဲ့ ဆုံတွေ့ခွင့် ရခဲ့ခြင်းဟာ ကံကောင်းမှုတစ်ခုပါပဲ"

ရှားပါးက ကျေးဇူးတင်လွန်းစွာ မြသားကို ကျေးဇူးစကား ဆိုလေလျှင် မြသားက ခေါင်းထဲမှာ အိုက်ဒီယာ လင်းခနဲပေါ်လာကာ ရှားပါးကို အပြုံးဖြင့် စိုက်ကြည့်ရင်းက ...

"ပြောပြီးသားပဲ။ မ,ကလည်း ရှားပါးကို ကိုယ့်ညီမလေးလို ချစ်ခင်တယ်လေ။ အင်း ... ကိုယ့်ညီမလေးမို့ ပြောချင်တဲ့စကားလေး ရင်ဖွင့်ရဦးမယ်"

မြသားက စတင်၍ intro ဝင်လိုက်တာနဲ့ ရှားပါးက အလေးအနက် စိတ်ဝင်တစား နားထောင်ကာ ...

"ဟုတ်ကဲ့ ... ပြောပါ မမ"

မြသားက ကြိုးချင်းမငြိစေဖို့ ရည်ရွယ်ချက်အတွက် ပြတ်သားစွာ ဆုံးဖြတ်လိုက်ကာ ရှားပါးကို အလိမ္မာသုံးဖို့ ရည်ရွယ်တာမို့ ရှက်စနိုး တစ်ချက်ပြုံးရင်းကမှ ...

"ပြောရမှာလည်း ရှက်တော့ ရှက်ပါတယ်။ ဒါပေမဲ့ မ, ရင်ဖွင့်ချင်တယ်"





"ဟုတ် ... ရှားကို ယုံယုံကြည်ကြည် ပြောလို့ရပါတယ် မမ"

ရှားပါးက မြသားရဲ့ ဆက်လာမယ့် စကားလုံးတွေအတွက် စိတ်ဝင်တစား နားထောင်နေတာမို့ မြသားက ပြတ်ပြတ်သားသား ပြောလိုက်တော့သည်။

"အင်း ... ဘယ်လိုပြောရမလဲ။ မ,ဘဝမှာလေ ဖြတ်သန်းခဲ့တဲ့ အတွေ့အကြုံတွေ မနည်းဘူး။ လူမျိုးစုံနဲ့လည်း ကြုံခဲ့ဖူးတယ်။ ဒါပေမဲ့ မ,ကို ရင်ခုန် စိတ်လှုပ်ရှားမှုပေးတဲ့ သူမျိုးကိုတော့ တစ်ခါမှ မတွေ့ခဲ့ဖူးဘူး။ ကိုနေသူရိကတော့ မ,ရဲ့စိတ်ကို emotional သိပ်ဖြစ်စေတာပဲ။ ပွင့်ပွင့်လင်းလင်း ရင်ဖွင့်ရမယ် ဆိုရင်တော့ မ, သူ့ကိုစိတ်ဝင်စားမိတယ်"

"ရှင်"

မြသားက ရှားပါးရဲ့ အံ့အားသင့်မှုအတွက် ပြုံးရုံလေး ပြုံးလိုက်သည်။ အဲဒါဟာ အနာဂတ်တွေအတွက် လှမ်းတားလိုက်တဲ့ မြသားရဲ့ စစ်မှန်သော ရင်တွင်းခံစားမှုမျိုးဖြစ်၏။ ရှားပါး မပြောသေးခင်မှာ မြသားဘက်က ဆန္ဒကို အကုန်ဖွင့်ချလိုက်သည်။



www.burmeseclassic.com

"မ,ကတော့ ကိုယ်ချစ်တဲ့သူကို ပိုင်ဆိုင်အောင် ကြိုးစားရတာကို သဘောကျတယ်။ ရှားပါးကို မ,ရဲ့ secret ပြောပြလိုက်ရတော့ ရင်ထဲမှာ ပေါ့သွားသလိုပဲ။ Thank You"

မြသားက ကိုယ့်ဘက်က ဘယ်လိုရည်ရွယ်တယ်ဆိုတာ ပြောပြလိုက်ပြီး ရှားပါးကို အကဲခတ်ကြည့်တော့ ရှားပါးက ထူးထူးခြားခြား ဟန်ပျက်သွားတာတော့ မရှိဘဲ မျက်နှာလေးတော့ တည်သွားသလိုရှိတာ အကဲခတ်မိသည်။ ဒါဟာ နောင်တားနေရမယ့် အဖြစ်မျိုးကို မြသားက ကြိုမြင်ထားတာမို့ လမ်းကြောင်းထားတာ ဖြစ်သည်။ ရှားပါးက အင်မတန်မှပင် အလိုက်သိတတ်လှစွာ မြသားကို ဖြေလေ၏။

"ရပါတယ် မမရယ်။ ရှား ဘာကူညီပေးလို့ ရမလဲဟင်"

အင်မတန်မှ အကင်းပါးကာ ချက်ချာတဲ့ ကောင်မလေးမို့ မြသားရဲ့ဘော်ဒီဂတ်အဖြစ် အနားမှာ ခေါ်ထားရတာဟာ တန်တယ်လို့ ပြောရမယ်ဖြစ်၏။ ဖျတ်ခနဲ ပြေးမြင်ကာ အလိုက်သိတတ်မှုအတွက် ရှားပါးကို မြသားက ပိုပြီးချစ်ခင်ရလေသည်။

"ထပ်ကျေးဇူးပါပဲ ရှားပါးရယ်။ အမ်း ... ဘယ်လိုပြောမလဲ။ ဒါမျိုးကိစ္စဆိုတာက အရမ်းပညာသားပါတယ်လေ။





ရှားပါးဘက်က အမ်း ဘယ်လိုပြောရမလဲ။ ဒီလိုပဲ ... မ,အတွက် စကားလမ်းကြောင်းပေးပေါ့"

"ဟုတ် ... ရှား သဘောပေါက်ပါတယ် မမ"

မြသားက အင်မတန်နားလည်သော ရှားပါးကို ပိုမို သဘောကျသွားကာ ခေါင်းအသာဆတ်ပြ၍ ...

"ကျေးဇူး သိပ်တင်တာပဲ ရှားပါးရယ်။ ရှားပါးက တကယ့်ကို မ,အတွက် အဖိုးတန်လေးပဲ။ ရှားပါးကိစ္စအတွက်လည်း ဘာမှ စိတ်ပူမနေနဲ့တော့နော်။ မမ ဖြေရှင်းပေးမယ်"

"ဟုတ်ကဲ့ပါ မမ"

ရှားပါးက ခေါင်းအသာညိတ်ပြသည်။ မြသားက အောင်ပွဲရ စစ်သူကြီးတစ်ဦးလို့ ပြုံးလိုက်မိ၏။

မီးဆိုတာ မလောင်ခင် တားတတ်ရုံတင်မကဘူး။ အဲဒီမီးလောင်စေမယ့် အစတွေကိုပါ ရှင်းထားတတ်မှ ပတ်ဝန်းကျင်ကြီးက ငြိမ်းချမ်းလှပနေမယ် မဟုတ်လား။

❤ ❤ ❤



www.burmeseclassic.com

## ၁၁

လူတစ်ယောက်နဲ့ ဆုံပြီး တွေ့ပြီးသွားတဲ့အခါ အဲဒီ လူနဲ့ မတွေ့ရဘူးဆို စိတ်ထဲမှာ တစ်မျိုးကြီးလို ကလိ ကလိ ဖြစ်ဖူးကြပါသလား။ သူကတော့ လောလောလတ်လတ်မှာတင် ခံစားနေရသူကြီး ဖြစ်နေပါသည်။ သူ့ရဲ့စိတ်အာရုံတစ်ခုဟာ လွမ်းမိုးခံနေရတာကြောင့် သူဟာ အဲဒီ လွမ်းမိုးနေသူကို စိတ်ထဲမှာ သတိတရကြီး ရှိနေမိသည်။ အဲဒါကြောင့် သူက ဖုန်းပြောချင်လာကာ သူသိထားသော ဖုန်းနံပါတ်ကိုနှိပ်၍ ဖုန်းခေါ်လိုက်သည်။ တစ်ဖက်ကလည်း ချက်ချင်း ဆိုသလိုပင် ဖုန်းပြန်ကိုင်လေသည်။

"ဟယ်လို"





ဟယ်လို ... လို့ ပြန်ဖြေတဲ့ အသံလေးဟာ နားထဲမှာ မာဆတ်ဆတ်လေးနဲ့ နားထောင်လို့ တော်တော်ကောင်းတာမို့ သူက အရင်ပြုံးပြီးမှ စကားပြန်ပြောလေသည်။

"ရှားပါး ... ကိုယ် နေသူရိပါ"

"ဩော် ... ပြောပါ ဦးနေသူရိ"

သူရိက နောက်ဇာစ်ခါထပ်၍ ပြုံးမိရပြန်ပါသည်။ ဂျူက ရှားပါးထက် အသက်ကြီးတယ် ဆိုတာ မှန်သော်လည်း အဲဒါကို သူ အမြဲသတိရစေဖို့ အဲဒီ ကြွပ်ဆတ်ဆတ်ကလေးမက သူ့ကို ဦးတပ်ပြီးခေါ်သူလေး ဖြစ်ပါသည်။ သူမ ဒီနေ့ duty off ဆိုတာ သူက မြသားနဲ့ စကားစပ်မိရင်းက သိထားတာမို့ ခပ်ဆတ်ဆတ်လေသံဖြင့် မေးလိုက်သည်။

"မင်း ဘာလုပ်နေတာလဲ"

"အဲဒါ မေးဖို့ ဖုန်းဆက်တာလား။ ဦးနေသူရိ ပြောစရာရှိတာကိုပဲ ပြောပါ"

ဘုဆတ်ဆတ် ပြန်ပြောဟန်လေးကြောင့် သူက သဘောတကျ ရယ်လိုက်ရင်းက လိုရင်းကို သီးသန့်ပြောလိုက်သည်။



www.burmeseclassic.com

“ကောင်းပါပြီဗျာ။ ပြောချင်တဲ့ကိစ္စကို အရင်ပြောတာပေါ့။ ဒီအချိန်က မင်း duty off လို့ ကိုယ်သိထားတယ်လေ။ အဲဒီအတွက် မင်းနဲ့ စကားသီးသန့် ပြောချင်စိတ်ရှိလို့ ဖုန်းဆက်လိုက်တာ”

“ဘာကိစ္စ ပြောစရာရှိလို့လဲ။ သြော် ... သိပြီ။ မမအကြောင်း ပြောမလို့လား။ မမက အလုပ်ကိစ္စတွေ သိပ်များနေတာ။ သူ့မှာ အလုပ်ထဲ စိတ်နှစ်ထားရတော့ စိတ်ဖိစီးမှုတွေ သိပ်များမှာပဲ။ ဦးနေသူရိလိုပဲ မမကလည်း အလုပ်များတဲ့ သူပဲလေ”

သူ့ဘက်က စကားသီးသန့် ပြောလိုပါတယ်ဆိုတဲ့ အပေါ်မှာ ဘာကို သဘောတွေပေါက်၍ လျှောက်ပြောနေမှန်းမသိ။ ပြောချင်တာက တစ်မျိုးဖြစ်ပေမယ့် မြသားကို သူနဲ့လှော်ပေးတဲ့ ဦးတည်ချက်မျိုး ဖြစ်နေတာကြောင့် သူရိက အကင်းပါးစွာ ဆတ်ခနဲ ပြန်ပြောလိုက်၏။

“အဲဒါတွေ ကိုယ် စိတ်မဝင်စားပါဘူးကွာ။ မြသားထည် အကြောင်း သိချင်ပြောချင်ရင် သူ့ဆီပဲ ဖုန်းဆက်လိုက်တော့မှာပေါ့။ အခု ကိုယ်က မင်းဆီ ဆက်နေတာလေကွာ”





သူ့ရဲ့စကားစက ဒီမှာတင် ဖြတ်လိုက်တာ ဖြစ်ပေမယ့် ဘာရည်ရွယ်တယ်ဆိုတာ သိသာတာကြောင့် ရှားပါးလည်း နားလည်သွားပုံရ၏။ နည်းနည်းလေး ငြိမ်သွားပြီးတော့မှ ခပ်သွက်သွက်လေသံဖြင့် ...

“ဦးနေသူရိ နောက်မှ ဆက်တော့နော်။ ရှား ဧည့်သည် ရောက်နေလို့ ဒါပဲနော်”

“ဟယ်လို ... ဟယ်လို ... ဟေ့ ... ဟေ့”

သူမဘာသာ ကမူးရှူးတိုး အမြန်ပြောကာ ဖုန်းချသွားလေ၏။ သူ့ဘက်က တားမလို့ လုပ်သော်လည်း မမီတော့ချေ။ သူရိက ပြန်မခေါ်တော့ဘဲ ဖုန်းကို ဘောင်းဘီအိတ်ထဲပြန်ထည့်ကာ စဉ်းစားခန်း ဖွင့်လိုက်သည်။ ရှားပါးက သူ့ကို ရှောင်ဖယ်သလို လုပ်နေတာကတော့ သေချာပေသည်။

ရှားပါးကို သူ စိတ်ဝင်စားနေမိလို့ ပတ်သက်ချင်ပေမယ့် မြသား ရှိနေတာကြောင့် သူ့ဘက်က respect ထားနေရသည်။ ရှားပါးနဲ့ ဒီ့ထက်ရင်းနှီးမှု ရစေဖို့ဆိုရင်။ သူရိက တွေးရင်းနဲ့မှ ခေါင်းထဲမှာ လက်ခနဲ အလင်းတောက်သွားတာမို့ အကောင်အထည်ဖော်ဖို့ သူ့ရဲ့တပည့်ကျော်ကြီးကို ခြေမြန်တော်လွှတ်ဖို့ ခေါ်လိုက်၏။



www.burmeseclassic.com

"မောင်မြင့်ရေ ... မောင်မြင့် ... ဒီကို ခဏလာဦး"

သူ့ခေါ်သံကြောင့် မောင်မြင့်က သူ့အနားကိုအပြေးအလွှား ရောက်လာကာ မေး၏။

"အစ်ကိုလေး ဘာခိုင်းမလို့လဲ"

"အေး ... မင်း စက်ရုံကိုသွား။ အဲဒီမှာ ကိုမောင်လေးဆီက အလုပ်သမားခေါင်း ဦးအေးရဲ့လိပ်စာကိုယူ။ ပြီးသွားရင် ကိုမောင်အေးကိုပါ တစ်ခါတည်း ခေါ်သွားလိုက်။ နေဦး ... Mall တစ်ခုခုက လက်ဆောင်ခြင်း တစ်ခြင်းဝယ်လိုက်။ ပြီးရင်ကွာ တခြားလက်ဆောင်ပေးလို့ အဆင်ပြေတာလေးတွေရွေးပြီး အဲဒီ ဦးအေး အိမ်ကိုသွားဖို့ပေး"

"ဟုတ်ကဲ့ အစ်ကိုလေး။ အဲဒါဆို ကျွန်တော် အခု သွားလိုက်ရတော့မလား။"

သူရိက သူ့ idea ကို ချက်ချင်း အကောင်ထည်ဖော်ချင်လှစွာ ခေါင်းညိတ်၍ ...

"အား ... ကောင်းတာပေါ့ကွာ။ အပေါ်မှာ ပိုက်ဆံယူသွား။ ငါ စိတ်ချမယ်နော်။ အကောင်းဆုံး ပစ္စည်းတွေပဲဝယ်။ ဟုတ်ပြီလား"





"ဟုတ် ... စိတ်ချပါ အစ်ကိုလေး"

"အေး ... အဲဒါဆို မင်း သွားတော့လေ။ ငါ ကိုမောင်အေးကို ဒီကနေ ဖုန်းကြိုဆက်ပေးထားလိုက်မယ်။ မင်း သူ့ကို ဝင်ခေါ်ပြီး သွားလိုက်။ ဦးအေး အိမ်ရောက်တော့ လက်ဆောင်တွေ သူ ပေးလိမ့်မယ်"

မောင်မြင့်က သူမှာတာတွေ သေချာမှတ်ကာ သူ့ရှေ့က ထွက်သွားလေသည်။ သူရိက ကျေနပ်သဘောကျစွာ ပြုံးမိသွားသည်။ အရှေ့ကနေ တွေ့ခွင့်မရတော့လည်း အနောက်ဘက်က ကျော်ဝင်ရုံပေါ့။ ကိစ္စမရှိပါဘူး။ အရေးကြီးတာ တွေ့ခွင့်ရဖို့ပဲမဟုတ်လား။

❤ ❤ ❤



www.burmeseclassic.com

သူကပဲ ကံကောင်းတယ်လို့ ပြောရမှာ ဖြစ်သည်။ သူ ရှားပါးတို့အိမ်ကို လက်ဆောင်ခြင်းပို့ပေးပြီး နှစ်ရက်လောက် အကြာမှာပင် ရှားပါးအဖေက စက်ရုံမှာ ခွင့်တင်ထားတာမို့ သွားဖို့ရာ သူ့မှာ အကြောင်းရသွားလေသည်။ သူရိက လက်ဆောင်ခြင်း ဝယ်လာကာ ရှားတို့အိမ် လိုက်လာလေလျှင် ဦးအေးဇနီးနဲ့ အရင်ဆုံး တွေ့ရလေ၏။ ဟိုတစ်ခါ ဆေးရုံမှာတုန်းက တွေ့ဖူးတာကြောင့် အဲဒီ အဒေါ်က သူ့ကိုမြင်တာနဲ့ ပျာပျာသလဲကို ဖိတ်ခေါ်ကြိုဆိုတော့တာဖြစ်သည်။

"ကြွပါရှင် ... ကြွပါ။ သူဌေးလေး ကိုယ်တိုင် တကူးတက လာရတယ်လို့။ ထိုင်ပါဦး။ ကိုအေးက ခုလေးတင် လမ်းထိပ်မှာ ဆေးသွားဝယ်တယ်"





သူရိက အိမ်ထဲကို ဝင်လာကာ အခြေအနေကို သုံးသပ်မိသည်။ ပျဉ်ထောင်အိမ်လေး ဖြစ်ပေမယ့် အိမ်ကလေးက တောင့်တောင့်တင်းတင်းလေးဖြစ်ကာ အိမ်တစ်အိမ်အတွက် ရှိအပ်တဲ့ Facilities အပြည့်ရှိကာ မရှိမရှား သပ်သပ်ရပ်ရပ် ခမ်းခမ်းနားနားလေး ဖြစ်၏။

"ခဏလေး ထိုင်ပါဦးနော်။ တစ်ခုခု သွားလုပ်လိုက်ဦးမယ်"

"နေပါစေဗျ၊ ကျွန်တော် ဗိုက်ပြည့်နေလို့ပါ"

သူရိက လှမ်းတားလိုက်တာကြောင့် ခေါင်းအသာညိတ်ပြကာ ဦးအေးဇနီးက သူနဲ့ မလှမ်းမကမ်း အကွာက ထိုင်ခုံမှာဝင်ထိုင်၍ ...

"တကူးတက သတင်းမေး လာရတာ အားနာလိုက်တာ သူဌေးလေးရယ်"

"ရပါတယ်။ ကျွန်တော်လည်း လမ်းကြုံတာနဲ့ ဝင်လာလိုက်တာ။ ဦးအေး သက်သာလား"

"အင်း ... သက်သာတယ်ပဲ ပြောရတော့မှာပေါ့။ သူက တရှောင်ရှောင် သူဌေးလေးရေ။ ဆေးဖိုးတင် မနည်းတော့



www.burmeseclassic.com

ဘူး။ အခုတော့ သူ့သမီး ရှားပါးကပါ ဝင်ငွေလေးရှိလာတော့ အသက်ရှူချောင်တာ။ ဒီအိမ်ဂရန်တောင် ရှားပါးတို့ သူဌေးမ ရွေးပေးထားလို့လေ"

ဟင် ...။ သူရိက ပြောရင်းနဲ့ ထွက်လာတဲ့ စကားတွေထဲကမှ ရှားပါးတို့ သူဌေးမ ရွေးပေးထားတယ် ဆိုတာကို အငြမ်းစိတ်ဝင်စားမိသွားသည်။ ရှားပါး ခမျာ ဒီလိုဝန်ပိစေတဲ့ ကျေးဇူးကြွေးကို ထမ်းထားနေရတာလား။ သူရိက အဲဒီကိစ္စကို ရှားပါး မိထွေးဆီက မေးမှသိနိုင်မှာမို့ စကားထပ်အစ်ကြည့်လိုက်သည်။

"ဒီဂရန်ကို ရှားပါး သူဌေးက ဘယ်လောက်နဲ့ ရွေးပေးထားလို့လဲ"

"သိန်းသုံးဆယ်နဲ့လေ။ ဩော် ... သူဌေးလေး။ အဲဒီကိစ္စကိုအေး မသိဘူးနော်။ ကျွန်မတောင် သူဌေးလေးကိုစကားစပ်ရင်း ပြောမိသွားတာ။ သူ့ကို သွားမပြောပါနဲ့နော်"

ဒေါ်ခင်မျိုးအေးက သူ့ကို နှုတ်ပြန်ပိတ်တာမို့ သူရိက ခေါင်းညိတ်ပြလိုက်၏။ ဘာပဲဖြစ်ဖြစ် ဒေါ်ခင်မျိုးအေးဟာ ရှားပါးရဲ့မိထွေး ဆိုပေမယ့် ရှားပါးရဲ့အဖေအပေါ် ငဲ့တဲ့စိတ်လေး





ရှိနေတာကိုက မဆိုးဘူးပဲ ပြောရမည်။ သူရိက ရှားပါးအတွက် ကျေးဇူးကြွေးတွေ ပိနေမှာစိုး၍ သူက ဒေါ်ခင်မျိုးအေးကို ပြောလိုက်သည်။

"နောက် တစ်စုံတစ်ခု လိုတယ်ဆို ကျွန်တော့်ကိုပြောပါ"

"ဟုတ်ကဲ့ပါ ... ဟုတ်ကဲ့ပါ"

ဒေါ်ခင်မျိုးအေးက အားရဝမ်းသာစွာ ခေါင်းညိတ်ပြချိန်မှာ ဦးအေးက ရောက်လာကာ သူ့ကို ခရီးဦးကြို ပြုလေသည်။

"ဟာ ... သူဌေးလေး ရောက်နေတာကိုး"

"ဟုတ်တယ်။ ဦးလေး နေမကောင်းလို့ ခွင့်တင်ထားတယ်ဆိုလို့ သတင်းလာမေးတာ"

သူ့စကားကြောင့် ဦးအေးက အားတုံ့အားနာဖြစ်ကာ သူ့ကို အားနာစွာကြည့်၍ ...

"အားနာစရာ ကောင်းလိုက်တာ သူဌေးလေးရယ်။ ဒီအထိ တကူးတက လာမေးရတယ်လို့"

"ပြဿနာမရှိပါဘူး ဦးလေးရ။ ဒီမှာ ကျွန်တော့်မုန့်တွေ ဝယ်လာတယ်။ အားရှိအောင် စားလိုက်ဦးနော်"



www.burmeseclassic.com

"ထပ်အားနာရပြန်ပြီ သူဌေးလေးရယ်။ ဟိုတစ်ရက်က လည်း လက်ဆောင်တွေ ပို့ပေးထားတာ"

အရမ်းကို ရိုးသားတဲ့ ရှားပါးဖခင်ကို သူက ခင်မင်စိတ်ဖြင့် ပြုံးကြည့်လိုက်သည်။ ရှားပါး ခမျာမှာတော့ ဒီအချိန်ဆို မြသား အနားမှာ မြသား လိုအပ်တာမှန်သမျှ ဖြည့်ဆည်းပေးနေရရှာမှာ ဖြစ်သည်။

"ကိစ္စမရှိပါဘူး။ ကျွန်တော့်ရဲ့ ဝန်ထမ်းတွေကို စောင့်ရှောက်ရမှာ ကျွန်တော့်တာဝန်ပဲလေ။ ဦးတို့ လိုအပ်တာရှိရင် ပြောပါနော်"

"ကျေးဇူးတင်ပါတယ် သူဌေးလေးရယ်။ ဘာမှမလိုပါဘူး"

"ကဲ ... အဲဒါဆို ကျွန်တော် အလုပ်လေးရှိသေးလို့ ပြန်လိုက်ပါဦးမယ်"

"ဟုတ်ကဲ့ပါ သူဌေးလေး"

သူ ပြန်မယ်ဆိုတော့ သူ့ကားနားအထိ ပြန်လိုက်ပို့ကြကာ ...

"ကျေးဇူးတင်ပါတယ် သူဌေးလေး။ နောက်လည်း လမ်းကြုံရင် လာလည်ဖို့ ဖိတ်ပါတယ်။ ကျွန်တော် မနက်ဖြန်ဆို အလုပ်ပြန်ဆင်းမှာပါ"





နေသူရိက ခေါင်းတစ်ချက် ညိတ်ပြကာ ကားပေါ်တက်လိုက်ရင်း လှမ်းနှုတ်ဆက်လိုက်သည်။

"ရပါတယ်။ ဦးလေး နေကောင်းမှ အလုပ်ပြန်ဆင်းပါ။ ကဲ ... အဲဒါဆို ဦးနဲ့အဒေါ် ကျွန်တော် သွားပြီနော်"

သူရိက ကားမောင်းထွက်လာခဲ့ပေမယ့် စိတ်တွေကတော့ ဒေါ်ခင်မျိုးအေး ပြောခဲ့တဲ့ သိန်းသုံးဆယ်ကို ရှားပါးအတွက် မြသား စိုက်ပေးခဲ့တာကိုသာ ပြန်ကြားယောင်ကာ စိတ်မပျော်မရွှင်ဖြစ်၍ ပါးစပ်က ဖွင့်ပြောမိသွားတဲ့ အထိက ရှားပါးအတွက် သူ ခံစားပေးမိပါသည်။

"ရှားပါးရယ် ... မင်းကို ဘော်ဒီဂတ်ဆိုတဲ့ stand by ဘဝကြီးနဲ့ ငါ မနေစေချင်ဘူးကွာ"

❤❤❤



www.burmeseclassic.com

# ( ၁၂ )

ဒီနေ့ မြသားရဲ့ ရင်တွေက ပုံမှန်ထက် နှလုံးခုန်သံ မြန်နေတယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် သတိထားမိပါသည်။ ညတုန်းက မြသားကို ပြောစရာရှိတဲ့အတွက် မနက်ဖြန်ဆုံပြီး အေးဆေးပြောခွင့်ပြုပါဆိုတဲ့ ဖုန်းဆက်ချိန်းထားမှုအတွက် မြသားက နည်းနည်းစောရောက်နေတာဖြစ်သည်။ ဘာကြောင့်မှန်း ဘာပြောမယ်မှန်း မသိပေမယ့် မြသားရဲ့စိတ်ထဲမှာ သူ မြသားကိုများ propose လုပ်လေမလားဆိုတဲ့ စိတ်လေးတော့ တွေးထင်နေမိတာဖြစ်သည်။

ကိုနေနဲ့ ရင်းနှီးခဲ့တာဟာ အချိန်ကာလ ဘယ်လောက်မှ မကြာသေးပေမယ့် မှန်ရာကို ဝန်ခံရကြေးဆို မြသားဘက်က သူ့အပေါ်ကို တွယ်ငြိနေမိတာ ဖြစ်၏။





"ရောက်နေတာ ကြာပြီလား မြသား။ အားနာလိုက်တာ"

မြသားရဲ့ရှေ့မှောက်ကို ခန့်ညားစွာ ရောက်လာတာကိုတောင် မြသားက သတိမထားမိဘဲ အတွေးလွန်နေကာ သူနှုတ်ဆက်မှ သတိပြန်ဝင်လာကာ ကိုနေ့ကို ချိုသာစွာ ပြုံးပြ၍...

"မကြာသေးပါဘူး။ မြသား နည်းနည်းစောနေတာပါ"

ကိုနေက သွက်လက်စွာပင် ခေါင်းညိတ်၍ ထိုင်ကာ ဘေးကရောက်လာတဲ့ ဝိတ်တာလေးကို မှာလိုက်၏။

"Coke တစ်ဘူးပေးကွာ ညီလေး။ မြသား ဘာစားမလဲ"

"ရတယ် ကိုနေ။ ဒီမှာ အအေးမှာထားတယ်"

"ဟုတ်ပြီ။ အဲဒါဆို Coke ပဲ ပေးနော်"

ကိုနေက အအေးမှာပြီးသွားတော့မှ မြသားဘက်ကို အပြုံးဖြင့်ကြည့်ကာ စကားစပြောလေသည်။

"မြသားကို ကျွန်တော် ချိန်းတဲ့ကိစ္စကတော့ ထွေထွေထူးထူး ဘာ့ မဟုတ်ပါဘူး။ အခုလိုမျိုး မြသားဘက်က အချိန်ပေးပြီး ရောက်လာတာကိုပဲ ကျွန်တော်က ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်စကား ပြောရမယ့်သူတွေမှ မဟုတ်တာပဲ ကိုနေရယ်။ မြသားကို ပွင့်ပွင့်လင်းလင်းပြောပါ"



www.burmeseclassic.com

ထွေထွေထူးထူး မဟုတ်ပါဘူး ဆိုတာကြောင့် မြသားက အဲဒီပြောမယ့်စကားကို ပိုစိတ်ဝင်စားမိသွားလေသည်။ ဝိတ်တာလေးက အအေးလာချပေးတာမို့ စကားစ ခဏရပ်သွားကာ ပြီးရင် ပြန်စပြောလေ၏။

"ဟုတ်ကဲ့ ... ဒီလိုပါ မြသားရယ်။ ဘယ်လိုပြောရမလဲ။ ကျွန်တော့်ဘက်က ဒီလိုစကားမျိုး ပြောလိုက်တဲ့အပေါ်မှာ မြသားစိတ်ထဲ တစ်မျိုးဖြစ်သွားမှာကိုလည်း ကျွန်တော်စိုးရိမ်တယ်။ ဒါပေမဲ့လည်း ကျွန်တော့်ဘက်က မပြောမဖြစ် ပြောချင်နေတယ်လေ"

မြသားက ကိုနေ့ရဲ့ intro တွေကို နားထောင်ရင်းက ရင်ထဲမှာ လျှောင်အသေးစားလေးတစ်ခုတော့ လှုပ်ခတ်သွားမိသည်။ သူ့ရဲ့စကားလုံးတွေဟာ ပြောနေကြ၊ ကြားဖူးနေကြ သမစဉ် Flow တွေ ဖြစ်နေတာကြောင့် ရင်က ခုန်လာတာမျိုး ဖြစ်သည်။

"ဘာစကားပြောမှာမို့လို့ ကိုနေက ဒီလောက်တောင် စကားပလ္လင်ခံနေတာလဲ"

"ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲ ပြောတော့မယ်နော်။ ဒီလိုပါ။ ဟို ... ရှားပါးကိစ္စပေါ့နော်"





ရှားပါး။

မြသားက ဘယ်လိုမှ ထင်မထားတဲ့ နာမည်တစ်ခု ကြားလိုက်ရတာမို့ စိတ်ထဲမှာ မျှော်လင့်ထားတဲ့ မျှော်လင့်ချက်ဟာ ဟိုး အာကာသထဲကို လွင့်ထွက်သွားသလို မြောက်ခနဲ လွင့်စင်သွားတာကြောင့် ပျက်သွားတဲ့ မျက်နှာအနေအထားကို ဟန်မပျက် ဆက်ထိန်းကာ ကိုနေ ပြောတာကို ဆက်နားထောင်ပေးလိုက်သည်။

"ရှားပါးအဖေက ကျွန်တော့်ဖေဖေ စက်ရုံမှာ အလုပ်လုပ်တာလေ။ အဲဒီတော့ ကျွန်တော် သူ့အဖေ နေမကောင်းလို့ သတင်းသွားမေးရင်းနဲ့ ရှားပါးမိထွေးဆီက ကိစ္စတစ်ခုသိလာခဲ့ရတယ်။ အိမ်ဂရန် ပေါင်ထားတာကို မြသားပဲ ချေးပေးထားတာလို့ ပြောတယ်၊ ဟို ... ကျွန်တော် ပြောတဲ့ စကား ရိုင်းသွားတယ်ဆို ကြိုတောင်းပန်ပါတယ်နော် မြသား ...

ကျွန်တော်က မြသားစိုက်ထားတဲ့ငွေကို ပြန်ပေးချင်ပါတယ်။ ဟို ... ရှားပါးရဲ့ကိစ္စနဲ့ ပတ်သက်ပြီး သူ့အဖေကလည်း ကျွန်တော်တို့ ဝန်ထမ်းဆိုတော့ ကျွန်တော်



www.burmeseclassic.com

တာဝန်ယူချင်တဲ့ သဘောပါ။ အဲဒါကြောင့် ဒီငွေတွေကို ပြန်လက်ခံပေးပါနော်”

ကိုနေက ပြောပြောဆိုဆို ပိုက်ဆံထည့်ထားတဲ့ အိတ်ကို မြသားရဲ့အရှေ့ကို တွန်းပို့လိုက်တာကြောင့် မြသားက ရင်ထဲမှာ ဒိန်းခနဲဆို တုန်လှုပ်သွားကာ အဲဒီအဖြစ်အပျက်အတွက် အရှမ်းကို ခံပြင်းမိသွားသည်။ ရှားပါးအတွက် ဘာမှမဆိုင်တာကို အတင်းဆွဲစိပြီး ဒီငွေတွေ ပြန်လာပေးတယ် ဆိုကတည်းက ကျန်တဲ့ နောက်ပိုင်းကိစ္စကို ကိုနေ ဆက်မပြောလည်း မြသားက အလိုလို နားလည်သဘောပေါက်လိုက်ပြီး ဖြစ်သည်။ မြသားက လူမသိ သူမသိ အစိတ်စိတ် အမွှာမွှာ ကွဲကြေသွားခဲ့တဲ့ စိတ်တို့ရဲ့ ပေါက်ကွဲမှုကို ဖိထိန်းချုပ်လိုက်ကာ လိမ္မာပါးနပ်သော အပြုံး တစ်ခု ဖန်ဆင်းလိုက်၍ ပြုံးလိုက်ကာ ...

“ဩော် ... ကိစ္စမရှိပါဘူး ကိုနေရယ်။ ဒီကိစ္စက ပြောစရာကို မလိုပါဘူး။ ရှားပါးကလည်း မြသားညီမတစ်ယောက်လို ချစ်ခင်ရတဲ့သူပဲလေ။ ကိုနေ့ရဲ့ အခုလိုဝန်ထမ်းအပေါ် သိစာတတ်တဲ့ စိတ်လေးကိုလည်း ချီးကျူးပါတယ်။ ဒါပေမဲ့ ဒီငွေတွေကိုတော့ မြသား လက်မခံပါရစေနဲ့”





“မလုပ်ပါနဲ့ဗျာ။ ကျွန်တော်က အကူအညီ ပြန်တောင်းတယ်လို့ သဘောထားပြီး ဒီငွေတွေကို လက်ခံပေးပါလို့ တောင်းပန်ပါရစေ”

မြသားကို ဒီငွေတွေ လက်မခံတဲ့အတွက် ဖွတ်ပြောနေတဲ့ ကိုနေ့ကို မြသား စိတ်ထဲကနေ အရှမ်းပဲ စိတ်ဆိုးမိသည်။ စိတ်ထဲမှာ ရှားပါးနဲ့ အယှဉ်ခံနေရသလိုမျိုး ခံစားရလေသည်။ မြသားဘက်က ဒီငွေတွေ လက်သင့်ခံလိုက်တာနဲ့ လုံးဝကိုဇာတ်က ပျက်ပြီ ဖြစ်တာကြောင့် မြသားက ခပ်ပြတ်ပြတ် ပြောလိုက်သည်။

“အဲဒီ တစ်ခုကိုတော့ ခွင့်လွှတ်ပါ ကိုနေ။ ရှားပါးက ဒီကိစ္စကို သူ့အဖေတောင် အသိခံတာ မဟုတ်ပါဘူး။ ကိုနေက ရှားပါးအဖေရဲ့ အလုပ်ရှင်မှလား။ ဒီငွေတွေကို ကိုနေ စိုက်လျှော်ပေးခဲ့တာသာ ရှားပါး သိသွားရင် မြသား သူ့အပေါ် ကူညီခဲ့တဲ့ အကူအညီက ဘယ်အရာထင်တော့ မလဲ။ ရှားပါး ကိုယ်တိုင်ကိုက မြသားရဲ့အကူအညီကို လိုလိုချင်ချင် လက်သင့်ခံခဲ့တာဆိုတော့ မြသားအနေနဲ့ ဒီငွေတွေကို လက်မခံနိုင်ပါဘူး။ အားနာပါတယ် ကိုနေ”



www.burmeseclassic.com

မြသားက အားမနာနေတော့ဘဲ ပြတ်ပြတ်သားသား ပြောလိုက်လျှင် ကိုနေက လက်သင့်ခံသွားသည့်နှယ် ခေါင်းတစ်ချက်ဆတ်ပြ၍ ...

"အင်းပေါ့လေ။ မြသား အနေရခက်မယ့် ကိစ္စမျိုးဖြစ်နေတော့လည်း ဘယ်တတ်နိုင်ပါတော့မလဲ"

မြသားဟာ စိတ်ထဲမှာတော့ တကယ့်ကို တနုံ့နုံ့နှင့် ခံစားနေရတာဖြစ်သည်။

သေချာတဲ့ အဖြေတစ်ခုရချင်လို့ စကားကို အစ်ထုတ်ကြည့်လိုက်၏။

"ကိုနေက ဘာဖြစ်လို့ ဒီလောက်တောင် ငွေစိုက်လျှော်ပေးချင်ရတာလဲ။ အကြောင်းတစ်ခုခုတော့ ရှိမယ်ထင်တယ်"

မြသား အမေးကို ရှက်ရယ် တစ်ချက်ရယ်ရင်းက ပေါ့ပေါ့ပါးပါးပင် ကိုနေက ပြန်ဖြေလေသည်။

"ပြောရမှာ ရှက်လည်း ရှက်ပါတယ်။ အဟဲ ... ရှားပါးကို ကျွန်တော်က စိတ်ဝင်စားနေလို့လေ"





အဲဒီအဖြေစကားဟာ မြသားအတွက်တော့ ရှုံးနိမ့်လဲပြိုခြင်းတစ်ခုပဲ ဖြစ်လေသည်။ စိတ်ထဲမှာဖြစ်ပေါ်နေတဲ့ ခံစားချက်ဟာ မြသားအတွက်တော့ နှိုင်းပြစရာ စကားလုံး မရှိတော့ပြီ။ မြသားက စိတ်ကို အင်မတန်မှ မသိကျိုးကျွန်ပြုကာ ဟန်ဆောင်နေတာမျိုး ဖြစ်တာမို့ ဒီကနေ အမြန်ပြန်ချင်လာတာကြောင့် စကားစကို ဖြတ်ပစ်ရတော့သည်။

"သြော် ... ဒါကြောင့်ကိုး။ ကောင်းပါတယ်။ သြော် ... ကိုနေ၊ ပြောချင်တာ ဒါပဲမှလား။ မြသား ချိန်းထားတဲ့ ကိစ္စလေး နောက်တစ်ခု ရှိသေးလို့"

"အာ ... ဟုတ်တာပေါ့။ မြသား အခုလို အချိန်ပေးတာကိုပဲ ကျေးဇူးအများကြီး တင်ပါတယ်။ ကျွန်တော့်ကြောင့် စိတ်အနှောင့်အယှက် ဖြစ်သွားရင် ဆောရီးပါနော်။ မြသားကို တစ်ခုခုနဲ့ ဧည့်ခံချင်သေးတာ။ မြသားက ဘာမှလဲ မစားသွားဘူး"

မြသားက ဟန်ဆောင်အပြုံးတစ်ခုဖြင့် ပြန်ပြုံးလိုက်ကာ ...



www.burmeseclassic.com

"နေပါစေ ... နောက်တစ်ခေါက်မှပေါ့။ အဲဒါဆို မြသား သွားတော့မယ်နော်"

"ဟုတ်ကဲ့ပါဗျ။ ကျေးဇူးပါပဲနော် မြသား"

မြသားက ကျောခိုင်းထွက်ခွာလာခဲ့သည်။ မြသားလို မိန်းမတစ်ယောက်အတွက်တော့ ဒီနေ့က ကမ္ဘာပျက်တဲ့နေ့ ဖြစ်သွားရလေသည်။

❤ ❤ ❤





မြသားက စိတ်ထဲက တနုံ့နုံ့ ဖြစ်နေသော ဒေါသတွေကို အတင်းဖိနှိပ်ချိုးနှိမ်ကာ အိမ်ရောက်မှ ပေါက်ကွဲပစ်ရတော့သည်။ တောက် ... ကိုနေ သိပ်ရက်စက်တယ်။ ရှားပါးအတွက် ငွေတွေပြန်ပေးကာ သူ့ရဲ့ကောင်းကြီး ဖြစ်ချင်နေတဲ့ ကိုနေ့ရဲ့ပုံစံတွေကို ပြန်မြင်ယောင်ကာ မြသားက တင်းနေတဲ့ ကြားက မျက်ရည်တွေ ကျလာလေသည်။

"မဖြစ်ရဘူး ... အဲဒီလို မဖြစ်ရဘူး။ ကိုနေ ရှားပါးကို မသနားရဘူး"

မြသားက စိတ်ထဲက ရှိတဲ့အတိုင်း ပေါက်ကွဲအော်ဟစ်ပစ်လိုက်လျှင် စိတ်ထဲမှာ နည်းနည်းတော့ ပေါ့သွားသလိုဖြစ်သွားသည်။ မြသားအတွက်တော့ တက်တက်စင်အောင် လွဲခဲ့ရတဲ့ အဖြစ်မို့ ကိုယ့်ကိုယ်ကိုယ်ရှက်ကာ ခံပြင်းဒေါသဖြစ်နေရတာဖြစ်သည်။



www.burmeseclassic.com

ရှားပါးလို ဘာမဟုတ်တဲ့ မိန်းကလေးတစ်ယောက်ကို ပလ္လင်ပေါ် တင်ပစ်ချင်နေတဲ့ ကိုနေ့ကိုလည်း သိပ်ကိုအံ့သြရသည်။ မြသား ကိုနေ့ကို တကယ်ချစ်တာဖြစ်သည်။ ချစ်တဲ့သူကို ပိုင်ဆိုင်ရမှာ ဓမ္မတာပဲ မဟုတ်လား။

မြသားက အံ့ကိုတင်းတင်းကြိတ်ကာ စိတ်ကို တည်ငြိမ်အောင် စုစည်းထားလိုက်သည်။

ဘာလုပ်သင့်တယ်၊ ဘာလုပ်ထိုက်တယ် ဆိုတာ မစဉ်းစားရသေးခင် မြသား စိတ်တွေ အရင်ဆုံး တည်ငြိမ်ဖို့ အင်မတန်မှ လိုအပ်လေသည်။

❤ ❤ ❤





## ( ၁၃ )

ဦးနေသူရိက အရေးတကြီး ပြောစရာရှိတယ် မဖြစ်ဖြစ်တဲ့နည်းနဲ့ လာပါဆိုပြီး အတင်းဖွတ်ချိန်းဆိုလာတာကြောင့် ရှားပါးက မသွားချင်ပေမယ့်လည်း သွားလိုက်ရတော့သည်။ ချိန်းတဲ့နေရာကို ရှားပါး ရောက်တော့ ဦးနေသူရိက ကြိုရောက်နေတာကြောင့် ရှားပါးက သူ့ကို မေးစရာရှိတာ အရင်မေးလိုက်သည်။

"ဦးနေသူရိ ရှားကို ဒီအထိ တကူးတက ဘာကိစ္စချိန်းတာလဲ"

ရှားပါးရဲ့ ခပ်ဆတ်ဆတ် မေးခွန်းကို သူက ခပ်နှမ်းနှမ်း အပြုံးဖြင့်ပြုံးကာ မထီတရီ ဒီဇိုင်းဖြင့် ပြန်ဖြေလေသည်။



www.burmeseclassic.com

"ချိန်းတယ်ဆိုကတည်းက စကားအေးဆေး ပြောချင်လို့ ပေါ့"

ရှားပါးဟာ အရမ်းကို စိတ်ပင်ပန်းနေရတာပဲဖြစ်သည်။ ကုမ္ပဏီကို ရောက်လာရင်လည်း တကြည့်ကြည့်နဲ့ ကြည့်နေတတ်တဲ့ ဦးနေသူရိရဲ့မျက်ဝန်းထဲက အရိပ်အယောင်ကို ဘာဆိုတာ ရှားပါး မြင်ပြီးသား ဖြစ်သည်။

"ဦးနေသူရိနဲ့ ရှား ကြားထဲမှာ အဲဒီလောက် ရင်းနှီးစရာ အကြောင်းမရှိပါဘူး"

ရှားပါးက ခပ်ပြတ်ပြတ် ပြောလိုက်ပျှင် ဦးနေသူရိက ရှားပါးကို တစ်မျိုးသော မျက်ဝန်းဖြင့် ငေးကြည့်ကာ လေပူတစ်ချက် မှုတ်ထုတ်သည်။ ဦးနေသူရိဟာ ရှားပါးကိုမှ သံယောဇဉ်တွေ လာပိုနေကယ်ဆိုတာ ရှားပါး သိပါသည်။ မသိချင်ယောင်ဆောင်ထားရတဲ့ ဒုက္ခက ပိုခက်ခဲသည်ဟု ထင်သည်။

"မင်းက မသိချင်ယောင်ဆောင်နေတာပါ ရှားပါးရယ်။ ငါ့ရင်ထဲမှာ မင်းနဲ့ပတ်သက်ပြီး ဘာတွေ ခံစားနေရလဲဆိုတာ မင်း မမြင်ဘူးလား။ ငါ မင်းကို ချစ်နေတာ။ ဟုတ်တယ် ... ငါ မင်းကိုချစ်တယ်"





အဲဒီလို ပြောလိုက်တဲ့ စကားလုံးအတွက် ရှားပါးက အရမ်ကိုပဲ အံ့အားသင့်ရလေသည်။ ဟင့်အင်း ... ဒါဘယ်လိုမှ မဖြစ်သင့်ဘူး။ ရှားပါးက အဲဒီစကားအတွက် နောက်ဆက်တွဲ ခံစားချက်တွေကို ဂရုတောင် မစိုက်အားဘဲ မမ မျက်နှာကိုပြေး မြင်ကာ အပြတ်ငြင်းပစ်လိုက်သည်။

"မဖြစ်နိုင်ဘူး။ ဒီကိစ္စက ဘယ်လိုမှ မဖြစ်နိုင်တဲ့ ကိစ္စ တစ်ခုပဲ ဦးနေသူရိ"

"ဘာကို မဖြစ်နိုင်တာလဲ ရှားပါး။ မင်းက ကိုယ်ချစ်တဲ့ အချစ်ကို မယုံကြည်တာလား"

ရှားပါးရဲ့ ပခုံးနှစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ကိုင်ကာ ရှားပါးနဲ့ မျက်နှာချင်းဆိုင် အကြည့်ချင်းဆုံတာကြောင့် ရှားပါးက အဲဒီအကြည့်တွေကို လွှဲရှောင်ပစ်လိုက်ကာ ...

"ဘယ်လိုနည်းနဲ့မှ မပြောသင့်တဲ့စကားကို ဦးနေသူရိက ပြောတာ။ ရှားမှာ ပြောစရာစကား မရှိဘူး။ နောက်ပြီး ဦးနေသူရိ အနေနဲ့ ဒီစကားမျိုးကို နောက် ဘယ်တော့မှ ထပ်မပြောပါနဲ့"



www.burmeseclassic.com

"ရှားပါး ... မင်း ဘာကိုင်နေတာလဲ။ မင်းရင်ထဲမှာလည်း ကိုယ့်အတွက် တစ်ခုခု ရှိတယ်ဆိုတာ ကိုယ်သိတယ်။ မင်း မလိမ်နဲ့ ရှားပါး။ ပြောပါ"

ရှားပါးကို အဖြေရခက်တဲ့ မေးခွန်းတွေအတွက် ရှားပါးက စိတ်တွေ မွန်းကျပ်လာစွာ အော်ဟစ်ပစ်လိုက်တော့သည်။

"တော်တော့ ဦးနေသူရိ။ ရှင့်စိတ်ထဲမှာ တစ်သက်လုံး သိထားဖို့က ကျွန်မက ရှင့်ကို တစ်သက်လုံး ခေါင်းခါမယ့်သူဆိုတာပဲ"

ရှားပါးက အပြတ်ပြောပစ်ခဲ့ကာ ထွက်လာခဲ့တော့သည်။ ရှားပါး မမိုက်မဲပါဘူး။ မဖြစ်နိုင်တဲ့ ဘဝကို ရှေ့ဆက်တိုးပြီး ခံစားနာကျင်နေမယ့် သူထဲမှာ ရှားပါး မပါဘူး။

မမမြသားထည် အပေါ် သစ္စာစောင့်သိတတ်ခြင်း စိတ်ကို ရင်ထဲမှတ်ကာ ဦးနေသူရိနဲ့ အဝေးဆုံးကို ထွက်ခွာလာချင်မိလေသည်။

❤ ❤ ❤





"မမ ... ရောက်ပါပြီ"

မြသားက ရှားပါး ခေါ်လာတဲ့ ဝန်ထမ်းတွေကို တစ်ချက်ကြည့်လိုက်ကာ ခေါင်းတစ်ချက် ဆတ်ပြလိုက်ရင်းက မတ်တတ်ရပ်လိုက်ပြီး ...

"အားလုံးကို ကျွန်မ ဒီနေ့ ပြောစရာရှိပါတယ်။ မနက်ဖြန်မှာ ကျွန်မ စင်ကာပူကို အလုပ်ကိစ္စအတွက် တစ်ပတ်သွားဖို့ရှိတယ်။ ဒီတစ်ပတ်ကြာမယ့် အချိန်ကာလအတွင်းမှာ အလုပ်တွေကို အားလုံး ဂရုတစိုက် လုပ်ပေးကြပါ။ လိုအပ်တာမှန်သမျှကို ရှားပါးကို ပြောလို့ရတယ်။ ကျွန်မကိုယ်စား ရှားပါးကို လွှဲခဲ့တယ်။ အဲဒါလေးခေါ်ပြီး အသိပေးတာပါ။ ကိုမြင့်မောင် ... ကျွန်မ စိတ်ချမယ်နော်"

"ဟုတ်ကဲ့ ... စိတ်ချပါခင်ဗျာ"



www.burmeseclassic.com

မြသားက ခရီးသွားမယ့်ကိစ္စအတွက အားလုံးကို ပြောပြပြီးနောက် ဝန်ထမ်းတွေကို သွားခွင့်ပြုလိုက်လျှင် ဝန်ထမ်း အားလုံးက ထွက်သွားတော့မှ ရှားပါးက မြသားကို အံ့သြသလို လေး ငေးကြည့်ရင်းက ...

"မမ တစ်ခုလောက် မေးလို့ရမလားဟင်"

"ဘာများတုံး။ မေးလေ"

"မမ အလုပ်ကိစ္စနဲ့ ခရီးသွားမှာကို ရှား အခုမှ သိရတယ်။ ဟို ... နောက်ပြီး မမ အလုပ်တွေကို ရှားနဲ့လွှဲတယ်လို့ ဘာလို့ ပြောတာလဲဟင်"

ရှားပါးက တအံ့တသြ ပုံစံဖြင့် မြသားကို မေးတာကြောင့် မြသားက ဖြူစင်ရိုးသားသော ရှားပါးကို သဘောတကျ ပြုံးကြည့်လိုက်ကာ ...

"ရှားက မ,ရဲ့အယုံကြည်ရဆုံးသူလေ။ မ,ကုမ္ပဏီအတွက် ခရီးခဏသွားရမယ့် အချိန်မှာ ရှားက မမကိုယ်စားပဲလေ"

မြသားရဲ့တာဝန်ပေးမှုအတွက် ရှားပါးက ခေါင်း တစ်ချက်ညိတ်လိုက်ရင်းက ...

"ရှားက မမအတွက် တာဝန်မကျေမှာ စိုးတာ"





"ရှားက သိပ်တာဝန်ကျေပါတယ်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ရှိစမ်းပါ။ ကဲ ... ကဲ ... ခုလည်း ကော်ဖီ ပျော်ပေးပါဦး"

မြသား စကားကြောင့် ရှားပါးက အားတက်သွား ဟန်ဖြင့် ဟုတ်ကဲ့ ဆိုပြီး ခေါင်းညိတ်ပြကာ မြသားအတွက် ကော်ဖီ သွားဖျော်ပေးသည်။ မြသားက လုပ်စရာရှိတဲ့ အလုပ်တွေ ကို ဆက်လုပ်ရင်း ခရီးစဉ်အတွက် Plan တွေ ဆွဲနေမိသည်။

❤ ❤ ❤



www.burmeseclassic.com

# ၁၄

သူရိက ကားဘက်ခ်မှန်ကတစ်ဆင့် ရှားပါးထွက်အလာကို စောင့်ကြည့်နေလိုက်သည်။ ဒါဟာ သူ့အတွက်တော့ အခွင့်အရေးပဲ ဖြစ်သည်။ ဒီနေ့တော့ မြသား ခရီးသွားပြီမို့ သူဟာ ရှားပါးကို အေးဆေးစကားပြောလို့ ရပြီဖြစ်သည်။ အရင်က မြသား ရှိနေတာကြောင့် မြသားရဲ့မျက်နှာ၊ ရှားပါးရဲ့ဂုဏ်သိက္ခာကို ငဲ့ကွက်ရတာကြောင့် သူ့မှာ ရှားပါနဲ့ တွေ့ဖို့ဆိုတာ ဘယ်လိုမှ အဆင်မပြေချေ။ သူရိက ကားထဲမှာထိုင်ကာ သီချင်းနားထောင်နေရင်းကမှ ဘက်ခ်မှန်မှာ မြင်လာတာကြောင့် ရှားပါးကို တွေ့လိုက်လျှင် ကားပေါ်မှ ဆင်းလာကာ ရှားပါး မြင်အောင် လက်အသာ လှမ်းပြလိုက်သည်။ သူ့ကိုမြင်လျှင် ပြုံးရွှင်နေတဲ့





မျက်နှာထားက ချက်ချင်းပင် အုံ့မှိုင်းသွားကာ သူ့ဆီလျှောက်လာသည်။

“ဦးနေသူရိ ... ရုံးဆင်းချိန်ကြီး ဒီကို ဘာကိစ္စရှိလို့လဲ”

ခပ်မာမာလေသံကြောင့် သူရိက စိတ်ပျက်စွာ တစ်ချက်ပြုံးလိုက်ရင်း ...

“မင်းလည်း ဘာကိစ္စရှိလဲက လွဲပြီး တခြား မပြောတတ်တော့ဘူးလား”

“ဒါဖြင့် ဦးနေသူရိက ဒီကို ဘာလာလုပ်နေတာလဲ”

သူ့ရဲ့ဘောက်ဆတ်ဆတ် အပြောကို ဘုကျကျပြန်ပြေလေတဲ့ ပုံစံလေးကြောင့် သူက ရယ်ကျဲကျဲ ဖြစ်သွားရကာ ရှားပါးကို ချစ်မြတ်နိုးစွာ ကြည့်လိုက်၍ ရင်ထဲကစကားကို ပြောလိုက်သည်။

“စကားလုံး ကွဲသွားပေမယ့် အဓိပ္ပာယ်ကတော့ ဒါပါပဲ။ ကဲပါ ... မေးတော့လည်း ဖြေရတာပေါ့။ မင်းရဲ့ ဘော့စ် မမ မရှိတုန်း ကိုယ်က မင်းနဲ့ စကားပြောခွင့် ရချင်လို့ ဒီမှာ လာစောင့်နေတာ။ ရှားပါးကို ကိုယ် အိမ်ပြန်လိုက်ပို့ပေးမယ်လေ”



www.burmeseclassic.com

"မလိုပါဘူး။ ရတယ်"

ရှားပါးရဲ့အပြတ်ပြောပုံကို သူရိက သဘောကျစွာ ရယ်မောလိုက်ရင်းက ရှားပါးဆီက ပြန်လိုက်ပို့ခွင့်လေးကို ရရှိဖို့ ဇွတ်တောင်းရသည်။

"ဘယ့်နှယ် ရပါတယ်လဲ။ မရပါနဲ့။ မြသားရဲ့အားအကိုး ရဆုံး ဘော်ဒီဂတ်လေးကို ကိုယ့်မှာ လိုက်ပို့ပေးရမယ့် ဝတ္တရားရှိတာပေါ့။ လာပါ ... ကားပေါ်တက်"

သူရိက ပြောလည်းပြော ကားတံခါးပါ ဖွင့်ပေးလိုက်လျှင် ရှားပါးက ခပ်တည်တည် ပြန်ကြည့်ကာ ဒေါသဖြစ်သွားဟန်ဖြင့် ပြောလေသည်။

"ဦးနေသူရိ ... အဲဒီလောက် မလွန်ကဲလာပါနဲ့။ မမျက်နှာရှိနေလို့ သည်းညည်းခံနေတာနော်။ ရှင် ကိုယ့်လမ်းကိုယ်သွားပါ။ ရှားကို လာမနှောင့်ယှက်ပါနဲ့"

ရှားပါးဟာ သူ့ကို ဘာကြောင့်မို့ အဲဒီလိုတွေခါးသီးစိမ်းသက်နေရသလဲ သူ မခန့်မှန်းတတ်ပေ။ ဒါပေမဲ့ တမင်သက်သက်ကြီး ရှောင်ဖယ်နေတယ် ဆိုတာကတော့ သိသာလွန်းတာကြောင့် သူရိက နောက်ျွတ်ျွတ်လေး ပြန်ပြောလိုက်၏။





"ဒါ နှောင့်ယှက်တာ မခေါ်ပါဘူး ရှားပါးရဲ့၊ ပိုးပန်းတာပါ"

"ဘာ"

မီးဝင်းဝင်းတောက် မျက်လုံးဖြင့် သူ့ကို စားတော့ဝါးတော့မတတ်ကြည့်ကာ "ဘာ"ဟု ထအော်လိုက်လျှင် သူက ရင်ဘတ်ကို လက်ဖြင့်ဖိကာ လန့်သွားတဲ့ဟန် လုပ်ပြရင်းက ရှားပါးကို ထပ်နောက်လိုက်သေးသည်။

"ဖျား ... ဖျား ... အသံကတော့ အိပ်မက်ဆုံရာက ဒိုင်သုံးဦးလုံး လှည့်ကြည့်မယ့် အသံကြီးပါလား။ ကြောက်လိုက်တာကွာ"

သူက နောက်လေ ရှားပါးက ဒေါသဖြစ်လေ ဖြစ်နေတာကြောင့် ရှားပါးက သူ့ကို မကျေနပ်တဲ့ ပုံစံဖြင့် ရှုတည်တည်ကြည့်ကာ ...

"ဦးနေသူရိ ... ရှင် ဘယ်လိုဖြစ်နေတာလဲ။ ရှားကို နည်းနည်းတော့ငဲ့ပါ။ ပတ်ဝန်းကျင်က ဦးနေသူရိနဲ့ ကျွန်မကို မေးငေါ့ပြောတာမျိုးကို မခံချင်ဘူး"

"အဲဒါဆို ကိုယ် ပြန်လိုက်ပို့ပေးတာကို လက်ခံလေ"



www.burmeseclassic.com

သူကလည်း သူဖြစ်ချင်တဲ့ ဆန္ဒကို ပြောလိုက်လျှင် ရှားပါးက သူ့ကို အဓိပ္ပာယ်တစ်မျိုးပါသော မျက်နှာထားဖြင့် ကြည့်လေသည်။

"မဖြစ်နိုင်တာ။ ဦးနေသူရိ ... ဒီမှာ ... ရှင့်စိတ်ထဲမှာ သိထားရမှာက ကျွန်မက ရှင့်စကားထဲ ထည့်ပြောစရာတောင် မလိုတဲ့ အဆင့်မျိုးဆိုတာ သိထားပါ။ ဦးနေသူရိက ရှားအဖေရဲ့သူဌေးသား၊ ရှားအလုပ်ရှင်ရဲ့ လုပ်ငန်းပါတနာ။ မဖြစ်နိုင်တဲ့ မတူညီတဲ့ အခြေအနေကို အတင်းဆွဲမစိချင်ပါနဲ့။ ရှားကို နားလည်ပေးပါ"

ရှားပါး စကားကြောင့် သူ့ရင်ထဲမှာ နင့်ခနဲ ခံစားသွားရသည်။ သူ ငြိမ်သက်သွားစဉ်မှာ ရှားပါးက သူ့ရှေ့ကနေ ထွက်လို့သွားတော့သည်။ မင်းကို ကိုယ် ဘယ်တုန်းကမှ အဲဒီလိုမျိုး မတွေးခဲ့ မထင်ခဲ့ဘူးတာ အမှန်ဘဲ ရှားပါးရယ်။

အဲဒီလို ထင်နေတဲ့ မင်းရဲ့အထင်တွေ မဟုတ်ဘူးဆိုတာကို ကိုယ်က သက်သေပြသွားပါ့မယ်။





နေ့စဉ်မှန်မှန် လာစောင့်နေသော တာဝန်ကျေသူကြီးမို့ ရှားပါးက ဘယ်လိုစကားလုံးမျိုးသုံးကာ နှင်ရမလဲဆိုတာ အတော်လေးကို စဉ်းစားရ ကျပ်ပါသည်။ နေရ ထိုင်ရ ခက်ကာ ရှားပါးရဲ့စိတ်တွေဟာလည်း တကယ့်ကို မွန်းကျပ်ပင်ပန်းလွန်းရတာ ဖြစ်သည်။ အခုလည်း အရှေ့မှာ ရောက်နေပြီဖြစ်တာကြောင့် ရှားပါးက စိတ်ညစ်ပေမယ့်လည်း ပတ်ဝန်းကျင် အနေအထားအရ သူ့ကို စကားတော့ ပြောရလေသည်။

"ဦးနေသူရိက ကျွန်မကို့ အရှက်ခွဲမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လိုက်နှောင့်ယှက်နေတာလား"

ရှားပါးရဲ့ခပ်ပြတ်ပြတ် မေးခွန်းအတွက် သူကအရင်လိုပဲ အပြုံးမပျက် မျက်နှာနဲ့အတူ ပခုံးတစ်ချက် တွန့်ပြရင်းကမှ အေးရာအေးကြောင်း ပြန်ပြောလေသည်။



www.burmeseclassic.com

"နီး ...။ မင်းကို ကိုယ် ပြောပြီးသားလေကွာ။ မင်းနဲ့ အေးဆေးစကားပြောခွင့် မရမချင်းတော့ ဒီလိုပဲ လွတ်လပ်စွာ ဆန္ဒဖော်ထုတ်ပြနေရမှာပဲ"

ရှားပါးက အရမ်းကို စိတ်ပျက်စွာဖြင့် ကျစ်ခနဲ တစ်ချက်စုပ်သပ်ကာ ဦးနေသူရိကို တစ်ချက်ကြည့်လိုက်သည်။ ဘယ်လိုမှ နောက်ဆုတ်မယ့်ပုံလည်း မပေါ်တာကြောင့် ရှားပါးသာ မလိုက်ဘူး ငြင်းနေမယ်ဆို နေ့တိုင်း လာစောင့်နေပုံကြောင့် ကုမ္ပဏီမှာ လူပြောစရာချည်း ဖြစ်နေတော့မည်။ ရှားပါးက ရဲရဲတောက် ဆုံးဖြတ်ချက်တစ်ခု ချလိုက်ကာ ခေါင်းညိတ်ပြလိုက်၏။

"ကောင်းပြီလေ။ ဦးနေသူရိ အိမ်ပြန်လိုက်ပို့ပေးမယ်ဆိုတာကို လက်ခံလိုက်မယ်"

"ဟား ... ဝမ်းသာလိုက်တာ ရှားပါးရာ။ ကဲ ... လာ၊ ကားပေါ်တက်"

ဦးနေသူရိက ပျော်ရွှင်စွာဖြင့် ကားတံခါး ဖွင့်ပေးလျှင် ရှားပါးက ကားပေါ်ထိုင်လိုက်သည်။ ကားတံခါးပိတ်ပြီးတာနဲ့ ဦးနေသူရိက တက်ကြွလျှင်မြန်စွာ တစ်ဖက်ကိုသွား၍ ကားပေါ်တက်ကာ မောင်းထွက်လာခဲ့တော့သည်။





"ရှားပါး ... ကိုယ်တို့ တစ်ဆိုင်ဆိုင်မှာ စားရင်းသောက်ရင်း စကားပြောရအောင်"

ရှားပါးက ပေစောင်းစောင်း မျက်နှာပေးဖြင့် ပြန်ကြည့်ကာ ခပ်ပြတ်ပြတ် ပြောလိုက်သည်။

"ဦးနေသူရိကို အိမ်ပဲ ပြန်ပို့ခိုင်းဖို့ ခွင့်ပြုခဲ့တာပါ"

သူက မချိုမချဉ် အပြုံးနဲ့အတူ ရှားပါးကို တစ်ချက်ကြည့်ကာ ...

"ရှားပါးရယ် ... မင်းလောက် ဂွကျပြီး ဘုကန့်လန့်တိုက်တတ်တဲ့ မိန်းကလေးမျိုး ကိုယ်တစ်ခါမှ မမြင်ဖူးဘူး။ မင်းကိုလေ အဲဒါလေးတွေကြောင့် ကိုယ် သိပ်ချစ်မိသွားတာဖြစ်မယ်"

ပြောနေရင်းကမှ ဖောက်လာတာမို့ ရှားပါးက ရှက်သွားကာ သူ့ကို ဒေါသဖြင့် ပြောပစ်လိုက်တော့သည်။

"ဦးနေသူရိ ... ရှင့်ကားပေါ် လိုက်လာတာ ရှင်ပြောသမျှ ငြိမ်ခံနေဖို့ မဟုတ်ဘူးနော်။ အပြောအဆို ဆင်ခြင်ပါ"

"ဟိုက်ရှားဘား ... မင်းကို ရည်းစားစကား ပြောထားတာလေ၊ အဖြေတောင်းရမှာက ရည်းစားစကား ပြောပြီးသွား



www.burmeseclassic.com

တဲ့သူရဲ့တာဝန်ပဲ။ အဲဒီတော့ ကိုယ် ဆုံးဖြတ်လိုက်ပြီ။ မင်းလည်း ကိုယ့်ကားပေါ် ရောက်နေပြီဆိုတော့ ဒီနေ့ မင်းဆီက အဖြေမရရင် ကိုယ်လည်း မင်းအိမ်ကို ပြန်ပို့ မပေးနိုင်ဘူး"

ဦးနေသူရိက ခြိမ်းခြောက်လာတာကြောင့် ရှားပါးက တကယ်ပဲ လန့်သွားရလေသည်။ ဟင့်အင်း ... အဲဒီလိုမျိုးတော့ ဖြစ်လို့မရဘူး။ ရှားပါး မမအပေါ်ကို သေချာပေါက် သစ္စာရှိရမယ်။ ရှားပါးက စိတ်လှုပ်ရှား ရင်ခုန်မှုတွေ ရောထွေးနေသော ထိတ်လန့်သံဖြင့် ...

"ဦးနေသူရိ ... ရှင့်ကို ရှားနဲ့ မပတ်သက်ပါနဲ့လို့ ပြောပြီးတာတောင် ရှားဘက်က အားနာမိလို့ လိုက်လာခဲ့တဲ့ အပေါ် အဲဒီလို အခွင့်အရေး မယူပါနဲ့။ အဲဒီလိုဆို ရှား ကားပေါ်က ခုန်ဆင်းလိုက်ရုံပဲ"

ရှားပါးက ပြောပြောဆိုဆို ကားတံခါးဖွင့်မယ်လုပ်တော့ သူက အလျင်အမြန်ပင် လော့ခ်ချလိုက်ကာ ကားကိုဘေးထိုးရပ်လိုက်၍ ရှားပား ကိုယ်ကို ဆတ်ခနဲ ဆွဲလှည့်၍ ပခုံးနှစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ကိုင်ကာ ...





"ဘာလုပ်မလို့လဲ။ မင်းကို ကိုယ်က အဆုံးရှုံးမခံနိုင်ဘူး ရှားပါးရဲ့။ မင်း ကိုယ့်ကို အဲဒီလောက်တောင် မုန်းတီးနေတာလား။ မင်း ကားပေါ်က ခုန်ဆင်းစရာ မလိုပါဘူး ရှားပါးရယ်။ ကိုယ့်ကို မင်း တကယ်ကြီး မုန်းတယ်ဆိုရင် ကိုယ်ပဲ သေလိုက်တော့မယ်"

ရှားပါးက ရုတ်တရက်တော့ ငြိမ်သက်သွားရလေသည်။

ဦးနေသူရိနဲ့ ရှားပါးရဲ့ပတ်သက်မှုဟာ အချိန်ကာလ ဘယ်လောက်မှ မကြာမြင့်သေးပေမယ့် သူ ရှားပါးနဲ့ ပတ်သက်ပြီး ဖြစ်နေတဲ့ ခံစားချက်တွေဟာ တကယ်ဆိုတာ ယုံပေးလို့ရ...သည်။ ရှားပါးလည်း အဲဒီအတွက် အမြဲ စိတ်တွေရှုပ်ထွေးနေခဲ့ရတာပဲဖြစ်၏။

"ဦးနေသူ... ရှား တောင်းပန်နေတာပါ။ ရှားကိုမချစ်ပါနဲ့နော်"

ရှားပါးက ပြောနေရင်းက ရင်ထဲမှာ ဝမ်းနည်းလာကာ ဆို့နင်နင်ကြီး ဖြစ်နေသလို ခံစားရလေသည်။



www.burmeseclassic.com

"ရှားရယ် ... နှလုံးသားဆိုတာ အဲဒီလို ခိုင်းစေလို့ရသလား။ မချစ်ရဘူးလို့ အမိန့်ပေးလည်း ရင်ထဲမှာ ခံစားနေရတာ ကိုယ်ပဲ သိတယ်လေ။ ကိုယ့်မှာ ဘာတွေများ အပြစ်တွေ ရှိလို့ ငြင်းနေရတာလဲ ရှားပါးရယ်"

ဦးနေသူရိ စကားတွေက ရှားပါးအတွက် ရင်ထဲမှာ ဆို့နင့်ကြေကွဲသလိုမျိုးကြီး ခံစားလာရပါသည်။ မှန်ရာကို ဝန်ခံရရင် ရှားပါးမှာလည်း ချစ်တတ်တဲ့ အသည်းနှလုံးတော့ ရှိသည်။ ဒါပေမဲ့ ...။ စိတ်ထဲမှာ တစ်ခါမှ မဖြစ်ဘူးတဲ့ အားငယ်စိတ်တွေ ဝင်လာကာ မျက်ရည်တို့က သူ့အလိုလို ကျလာလေလျှင် ဦးနေသူရိက ရှားပါးရဲ့မျက်နှာကို ပင့်မော့ယူကာ ရှားပါးနှင့် မျက်လုံးချင်းဆုံစေ၍ လေးနက်စွာသော စကားကို ပြော၏။

"ကိုယ်တို့ တစ်ယောက်ကိုတစ်ယောက် နားလည်နေပြီပဲ ရှားရယ်။ ကိုယ် ရှားကို သိပ်ချစ်တယ်"

ရှားပါးကို ခပ်နက်နက် စိုက်ကြည့်ရင်းက ရင်ခွင်ထဲသို့ ထွေးပွေ့လိုက်သည်။ အဲဒီအချိန်မှာ ရှားပါးက အရာအားလုံးကို မေ့ထားလိုက်ကာ စိတ်ထဲရှိတဲ့ စကားတစ်ခွန်းကို အမှန်ဆိုလိုက်သည်။





"ရှားလေ ... မချစ်မိဖို့ ကြိုးစားရင်းက ဦးနေကို ချစ်ခဲ့မိတာပါ"

အဲဒီ ဝန်ခံချက်အဆုံးမှာ ကမ္ဘာလောကကြီး၌ ရှားပါးနှင့် ဦးနေ နှစ်ယောက်တည်းသာ ခဏရှိသလို ခံစားသွားရသည်။

❤ ❤ ❤



www.burmeseclassic.com

## ( ၁၅ )

ရှားပါးရဲ့ ချစ်ခြင်းတရားတွေ ဖွင့်ဟဝန်ခံမှုအဆုံး မှာတော့ ဦးနေနဲ့ ချစ်သူတွေ ဖြစ်သွားကြသည်။ မမမြသားထည် အပေါ် ရှားပါး သစ္စာပျက်ခဲ့ပြီဆိုတဲ့ အတွေးနဲ့တင် ရှားပါးကို ငေးငိုင်သွားစေရတာဖြစ်သည်။ ဦးနေကတော့ ဘာမှ သိဟန်မပေါ် စွာ ရှားပါးရဲ့အချစ်ကို ရတာနဲ့တင် ကျေနပ်၍ ဘာမှဂရုမစိုက်စွာ ရှားပါးကိုပဲ အရိပ်တကြည့်ကြည့် ဂရုစိုက်တတ်တာမျိုးပဲဖြစ်သည်။

"ရှား ... ဒီတစ်ပတ် မန်းဒေးမှာ ရှား အလုပ်ဆင်းရင် ကိုယ် လာကြိုမယ်။ ဘုရားအတူသွားရအောင်လေ"

"အင်း ... သွားလို့ရမယ် မထင်ဘူး ဦးနေ။ မမက ပြန် လာ ကာနီးပြီဆိုတော့ ရှား အဲဒီလို ထွက်ထွက်နေတာ သိပ်မကောင်းဘူးလေ"





"ဟင်းကွာ။ ကိုယ့် ရှားပါးလေးကတော့ သိပ်ကိုပဲနော်။ အလုပ်ကြိုးစားနေတာ"

ရှားပါးက ပြုံးရုံလေး ပြုံးမိသွားသည်။ ဘာပဲပြော ပြော ဦးနေနဲ့ အခုလို ချိန်းတွေ့ရတဲ့ အချိန်လေးတွေက ရှားပါး အတွက်တော့ ကြည်နူးစရာ အချိန်ကာလလေးတွေပဲဖြစ်၏။

ရှားပါးရဲ့နေ့စဉ်ဖြတ်သန်းမှုတွေထဲမှာ ချစ်သူအတွက် ပါ အချိန်ပေးချိန်လေးတစ်ခု ပါလာပြီဆိုတော့ အဓိပ္ပာယ်ရှိလေ သလို ပိုပြီးခံစားရလေသည်။ ဦးနေက ကုမ္ပဏီကို လိုက်ပို့ပေး လိုက်ကြိုပေး လုပ်ချင်ပေမယ့် ရှားပါးက လူတွေသိကုန်မှာစိုး၍ အဲဒီကိစ္စကိုတော့ လုံးဝ လက်သင့်မခံခဲ့ပေ။ အခုလည်း ဒီနေ့ပိတ် ရက်မို့ ဦးနေက လျှောက်လည်ရအောင်ဆိုပြီး ဖွတ်ခေါ်တာကြောင့် ငြင်းမရစိတ်ဖြင့် လိုက်လာခဲ့ရ၏။ ဦးနေက ရှားပါးကိုဆို အရိပ် တကြည့်ကြည့် ပြုနေအောင် ချစ်တတ်လေလေ ရှားပါးအတွက် တော့ စိတ်ပင်ပန်းမှု ပိုများရလေလေပဲဖြစ်သည်။ ရှားပါးရဲ့စိတ် တွေ ဦးနေ အပေါ်ကို ပုံကျတော့မယ် ဖြစ်မိတိုင်း ပြေးမြင်မိနေ တာက မမမြသားရဲ့ မျက်နှာပဲဖြစ်၏။



www.burmeseclassic.com

"ရှား ဘာတွေ စဉ်းစားနေတာလဲ။ ဒီနေ့ ကိုယ်နဲ့တစ်နေ့ ကုန် လျှောက်လည်ရတာ မဝသေးလို့ နောက်နေ့တွေပါ ထပ်သွားရင် ကောင်းမလား တွေးနေတာလား"

ရှားပါးကို စတော်ဘယ်ရီခွံ့ကျွေးရင်က မေးလိုက်လျှင် ရှားပါးက လုံးဝငြိမ်ကျသွားရသည်။ ဦးနေ ဘယ်လိုပဲပျော်နေနေ အပြည့်ပျော်ရွှင်မှု မရှိတာ ရှားပါး ကိုယ့်ဘာသာသိသည်။

"ရှားတော့ အမှားတစ်ခုကို သိသိချည်းနဲ့ ကျူးလွန်ပြီးရင်း ကျူးလွန်မိနေပြီထင်တယ် ဦးနေ"

ဦးနေက ဟင်,ဆိုတဲ့ အာမေဍိတ်သံနဲ့အတူ ရှားပါးကို အံ့အားတသင့် မျက်ဝန်းတွေဖြင့် ကြည့်ရင်းက ရှားပါးရဲ့လက်ဖျားလေးကို ဆွဲယူဆုပ်ကိုင်လိုက်ကာ ...

"ဘာတွေ လျှောက်တွေးနေရတာလဲ ရှားရယ်။ ကိုယ်တို့တွေက တစ်ယောက်ကို တစ်ယောက် သိပ်ချစ်ကြတာဟာ အမှားတစ်ခုကို ကျူးလွန်နေတာ မဟုတ်ဘူး။ အနာဂတ်အတွက် အမှန်တရားတွေ တည်ဆောက်နေတာလေ။ ရှား ဘာတွေကို ကြောက်နေတာလဲ။ လူဆိုတာ ထိန်းချုပ်ကန့်သတ်မှုအောက်မှာ နေ,နေရတယ် ဆိုပေမယ့် နှလုံး





သားကိုတော့ ဘယ်သူကမှ ထိန်းချုပ်တားမြစ်ပိုင်ခွင့် မရှိဘူး"

"တကယ်ဆို ဦးနေလို လူမျိုးက ရှားလို ဘာမှမက်စရာမရှိတဲ့ မိန်းကလေးမျိုးကို မချစ်သင့်ပါဘူး။ ဦးနေလို ခန့်ညားထည်ဝါတဲ့ ယောကျ်ားမျိုးက မမလို ..."

"တော်ပြီ ... မပြောနဲ့တော့။ ရှူး"

ဦးနေက ရှားပါးရဲ့နှုတ်ခမ်းဖျားလေးပေါ် လက်တင်၍ တားမြစ်လိုက်လျှင် ရှားပါးရင်ထဲမှာ နင့်ခနဲ ဖြစ်သွားရသည်။ ဦးနေကို ဒီထက်လည်းပိုပြီး စိတ်မပင်ပန်းစေချင်သလို ရှားပါးရဲ့စိတ်တွေကိုလည်း ပေါ့ပါးစေချင်ပါသည်။

"ဒီမှာ ရှားပါး။ မိန်းမတစ်ယောက်ရဲ့ တန်ဖိုးဟာပညာတွေ သိပ်တတ်ပြီး အောင်မြင်ချမ်းသာတာနဲ့မဆိုင်ဘူး။ ယောကျ်ားတစ်ယောက်ရဲ့အမြင်မှာ သူဟာ တန်ဖိုး မဖြတ်နိုင်တဲ့ တည်ကြည်မှု ရှိနေဖို့ပဲ။ အဲဒီမိန်းကလေး လက်တွဲဖော်က အဲဒီမိန်းကလေးကို မြင်တဲ့အမြင်ပေါ်မှာပဲ မူတည်တယ်။ တန်ဖိုးဆိုတာ သတ်မှတ်ချက်ပဲ ရှားပါး။ ကိုယ့်အတွက်တော့ မင်းက ဘာနဲ့မှ မတိုင်းတာနိုင်တဲ့ တန်ဖိုးပဲ"



www.burmeseclassic.com

ရင်ထဲမှာ စူးနင့်ပြင်းရှနေတဲ့ ခံစားချက်ဟာ နှလုံးသားထဲ ပြင်းပြင်းထန်ထန် ဝင်လာ၍ ခံစားနိုင်ခြင်း မရှိနိုင်စွာဖြင့် ဦးနေရဲ့ ရင်ခွင်ထဲကို တိုးဝင်ခဲ့မိသည်။

"ဘာကိုမှ တွေဝေကြောက်ရွံ့မနေပါနဲ့ ရှားရယ်။ မင်းက ကိုယ်အမြင့်ဆုံး တန်ဖိုးထားရတဲ့ ကိုယ့်ချစ်သူပါ"

ရှားပါး ဘာမှဆက်မပြောနိုင်အောင် တကယ်ပဲ မွန်းကျပ်လို့လာလေသည်။ ရှား ... ဦးနေကို သိပ်ချစ်တယ်။ သိပ်ချစ်မိတိုင်းမှာလည်း မမျက်နှာကို ပြေးမြင်ကာ စိတ်တို့က ပင်ပန်းမွန်းကျပ်ရလေသည်။

ဖြစ်နိုင်ရင် အဲဒီ ပိန်းပိတ်နေတဲ့ ခံစားချက်ကြီးကနေ အမြန်ဆုံး လွတ်မြောက်ချင်လှပြီဖြစ်သည်။

❤ ❤ ❤





## ( ၁၆ )

"အားလုံးပဲ ကျွန်မ ခရီးသွားနေတဲ့ အချိန်မှာ ကုမ္ပဏီကို မိသားစုလို ဂရုတစိုက် စောင့်ရှောက်ပြီး အရင်ကထက် အလုပ်တွေ ပိုကြိုးစားပေးတဲ့အတွက် ကျေးဇူးအများကြီး တင်ပါတယ်"

မြသားက ဝန်ထမ်းတွေ အားလုံးကို နှုတ်ဆက်စကားဆိုပြီးတဲ့နောက်မှာ သူတို့ ပျော်သွားစေဖို့ ဘောနက်စ်ပါ ထပ်ပေးဖို့ ပြောလိုက်သည်။

"အဲဒီတော့ ဝန်ထမ်းတွေအားလုံး ပျော်လို့ရအောင် ကျွန်မက ကျွန်မရဲ့သစ္စာရှိဝန်ထမ်းတွေ အားလုံးကို ဒီလ လစာ bonus ပေးပါမယ်"



www.burmeseclassic.com

"ဟေး ... ဟေး"

ဝန်ထမ်းအားလုံး ပျော်ရွှင်ဝမ်းမြောက်မှုအတွက် မြသားက ကျေနပ်စွာ ပြုံးလိုက်မိသည်။ ဒီတစ်ခါ စင်ကာပူက ပြန်လာပြီးကတည်းက မြသားရဲ့စိတ်တွေဟာ ရှင်းထားပြီးဖြစ်၏။ မြသားက စင်ကာပူမှ ပြန်ရောက်ပြီးကတည်းက စိတ်ထဲမှာ သတိတရ ဖြစ်နေတဲ့ ကိုနေ့ဆီကို သွားဖြစ်၏။

စင်ကာပူပြန် လက်ဆောင်တွေ ယူလာကာ ကိုနေတို့အိမ်ကိုသွားလျှင် ကိုနေနဲ့ မတွေ့ရသေးဘဲ ကိုနေ့ ဒေါ်လေးနဲ့ အရင်ဆုံလေသည်။ ဒေါ်လေးက အင်မတန်မှ ဖော်ရွေသဘောကောင်းသော ဒေါ်လေးက မြသားကို အထင်တကြီး တလေးတစားနဲ့ကို ဆက်ဆံတာမျိုးဖြစ်သည်။

"ကိုနေက အလုပ်အရမ်းများတဲ့သူ ဆိုတော့လည်း ဒေါ်လေးလည်း ကိုနေ့ကိစ္စ စီစဉ်ပေးရတာနဲ့ အလုပ်တွေ ရှုပ်နေမှာပဲနော်"

"အဟင်း ဟင်း ... တစ်နေ့ တစ်နေ့ အဲဒီလိုပဲ သမီးလေးရေ။ အဲဒါကြောင့် ဒေါ်လေးက နေ့ကို မိန်းမယူစေချင်ပြီ။ ဟော ... ပြောရင်း ဆိုရင်း လာပြီထင်ရဲ့။ ကားသံကြားတယ်။ ခဏနော် သမီး"





မြသားက ဧည့်ခန်းထဲမှာပဲ ထိုင်စောင့်နေခဲ့ကာ ဒေါ်လေးက ကိုနေ့ကို ထွက်ကြိုလေ၏။ ကိုနေက ဧည့်ခန်းထဲရောက်လာကာ မြသားကိုမြင်လျှင် တအံ့တဩဖြစ်၍ ဆီးကြိုနှုတ်ဆက်လေသည်။

"ဟာ ... မြသား ပြန်ရောက်လာပြီလား။ ဒီကို ရောက်လာလိမ့်မယ်လို့ ထင်မထားမိဘူး"

"ဟုတ်တယ်။ ဆပ်ပ်ပရိုက်စ် လုပ်တာလေ။ ကိုနေတို့အတွက် လက်ဆောင်တွေ ဝယ်လာလို့လေ။ အဲဒါ လ[illegible]လိုက်တာ။ ကိုနေ့ဖုန်းကိုတောင် ဆ[illegible]ကြည့်သေးတယ်။ ဖုန်းက ဧရိယာပြင်ပ ဖြစ်နေတာနဲ့ အိမ်ပဲလာလိုက်တာ။ ဒီမှာ ဒေါ်လေးနဲ့ စကားကောင်းနေတာလေ"

"ဟုတ်တယ် သားရေ။ သမီးလေး မြသားက အရမ်းခင်ဖို့ကောင်းတာ။ ဒီလို ကုမ္ပဏီကြီး တစ်ခုကို ဦးဆောင်ထူထောင်နိုင်တာဟာ နည်းတဲ့ အရည်အချင်းမှ မဟုတ်တာ"

ကိုနေ့ ဒေါ်လေး ချီးမွမ်းခန်းကြောင့် မြသားက သဘောကျ ကျေနပ်စွာ ပြုံးလိုက်ရင်း ...



www.burmeseclassic.com

"ဒေါ်လေးကတော့ အရမ်းပြောတတ်တာပဲ။ မြသား မုန့်ကျွေးရတော့မယ်နဲ့တူတယ်"

"ဒေါ်လေးက ဖွည့်သည် သိပ်မျှော်တာ။ မြသားနဲ့တော့ အဖွဲ့ကျနေပြီပေါ့။ လက်ဆောင်တွေ ဘာတွေ မလိုပါဘူး မြသားရယ်။ အားနာစရာ။ ဒါနဲ့ ဟိုမှာကော အလုပ်ကိစ္စ အဆင်ပြေခဲ့ရဲ့လား"

ကိုနေက မြသားတို့ အလုပ်ကိစ္စဘက်ကို စကားစ ယူလိုက်တာမို့ မြသားက ခေါင်းတစ်ချက်ညိတ်ပြလိုက်ရင်း ...

"အင်း ... ပြေတယ်လေ။ မြသားတို့ Brand ကို International ဖောက်နိုင်ဖို့ အစီအစဉ်တွေ ဆက်ဆွဲရတော့မယ်လေ။ ကိုနေ့ အကူအညီတွေ အများကြီး လိုအပ်တယ်နော်"

"Welcome ပါ။ ကျွန်တော့်ဘက်က တတ်နိုင်သမျှ ကူညီပေးပါ့မယ်"

မြသားက သဘောတကျဖြင့် ခေါင်းညိတ်ပြလိုက်သည်။ ကိုနေကလည်း အခုမှ ပြန်ရောက်လာတာမို့ မြသားအနေနဲ့ အကြာကြီးထိုင်ပြီး စကားပြောဖို့က မသင့်တော်တာကြောင့် မြသားက ပြန်ဖို့စကားစလိုက်တော့သည်။





"ကဲ ... စကားက ပြောလို့လည်း ကောင်းတယ်။ မြသားလည်း ရောက်နေတာ ကြာပြီဆိုတော့ သွားလိုက်ဦးမယ်"

"ဟင် ... ပြန်တော့မလို့လား သမီးရဲ့။ ထမင်းစားပြီးမှ ပြန်ပါ"

ဒေါ်လေးက မြသားကို ခင်မင်စိတ်ဖြင့် ဆွဲထားသေးလျှင် မြသားက ကျေနပ်သော အပြုံးဖြင့် ခေါင်းတစ်ချက် ညိတ်ပြကာ ...

"နေပါစေ ဒေါ်လေးရယ်။ မြသား နောက်တစ်ခါလာလည်မှ ဒေါ်လေးဂ ော်ရာ စားမယ်လေ။ အခုတော့ အလုပ်လေးတွေလည်း ရှိသေးလို့"

မြသားက ပြန်ဖို့ဆိုင်းပြင်လျှင် ကိုနေကပါ ထရပ်၍ ...

"လက်ဆောင်တွေအတွက် ကျေးဇူးအများကြီး တင်ပါတယ် မြသား။ ကျွန်တော်လည်း နောက်နေ့ လာခဲ့ပါဦးမယ်"

မြသားက ခေါင်းတစ်ချက်သာ ညိတ်ပြ၍ ဒေါ်လေးနဲ့ ကိုနေ့ကို နှုတ်ဆက်ကာ ထွက်လာခဲ့တော့သည်။

❤ ❤ ❤



www.burmeseclassic.com

"အစ်ကိုလေး ... အစ်ကိုလေး နာမည်နဲ့ စာတစ်စောင် ရောက်နေတယ်"

သူရိက အလုပ်သွားဖို့ ဆင်းလာလာချင်းမှာ မောင်မြင့်က သူ့ဆီသို့ စာတစ်စောင် လာပေးတာကြောင့် သူက နည်းနည်းတော့ အံ့အားသင့်သွားရလေသည်။

အိမ်ကို သူ့နာမည်နဲ့ စာလာတာဟာ လာလေ့လာထ မရှိတာကြောင့် အဲဒီစာကို စိတ်ဝင်တစားတော့ ဖြစ်သွားရသည်။

"ငါ့စာ ဟုတ်လား။ ဘယ်သူများပါလိမ့်။ ပေး ... ပေး"

သူရိက မောင်မြင့်ဆီကစာကို ယူလိုက်ကာ ဖွင့်ဖောက်ဖတ်လိုက်တော့သည်။





"ဦးနေသူရိ ...

ဦးနေသူရိရဲ့ဂုဏ်သိက္ခာကို လေးစားသောအားဖြင့် ဒီစာကို ရေးပို့လိုက်ပါတယ်။ ဦးနေသူရိနှင့် ချစ်သူဖြစ်နေသော ရှားပါးဆိုသော မိန်းကလေးသည် အိမ်ထောင်ရှိသူဖြစ်ပါတယ်။ နှစ်ဦးသဘောတူ ခိုးရာလိုက်ပြေး၍ နှစ်ဦးသဘောတူ လက်မှတ်ထိုး လက်ထပ်ခဲ့တာ သုံးနှစ်ကျော်ရှိခဲ့ပါပြီ။ အခြေအနေ တစ်ခုကြောင့် ရှားပါးနဲ့ ခေတ္တခွဲဝေးနေချိန်မှာ ဦးနေသူရိနှင့် ရှားပါး ချစ်သူတွေ ဖြစ်နေတယ်ဆိုတာ သိရပါတယ်။

အဲဒါကြောင့် ဦးနေသူရိရဲ့ ဂုဏ်သိက္ခာကို ငဲ့ညှာသောအားဖြင့် ယခုလို သတိပေးရခြင်း ဖြစ်ပါတယ်။ ရှားပါးဟာ သူ့ခင်ပွန်းနဲ့ တရားဝင် ကွာရှင်းပြတ်စဲခြင်း မရှိသေးသောကြောင့် ဦးနေသူရိ အနေဖြင့် မဆင်ခြင်ဘဲ ရှားပါးနဲ့ ရှေ့ဆက်ပြီး တွေ့ဆုံခြင်း တွဲသွားတွဲလာပြုလုပ်ခြင်းများကို ဆက်လက်လုပ်ဆောင်နေဦးမည်ဆို ဦးနေသူရိရဲ့ သိက္ခာပိုင်းကို ငဲ့ညှာခြင်း မရှိတော့ဘဲ လုပ်သင့်လုပ်ထိုက်သည်တို့ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးစာ ပို့လိုက်ပါသည်။

ရှားပါး၏ခင်ပွန်း"



www.burmeseclassic.com

စာပါအကြောင်းရင်းက ခြိမ်းခြောက်နေသလို ပုံစံမျိုး ပါနေတာကြောင့် သူက စိတ်ထဲမှာ ဒေါသတကြီးတော့ ဖြစ်သွားရ၏။

ဒါ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်တဲ့ ကိစ္စတစ်ခုဖြစ်သည်။ ရှားပါးလို ဖြူစင်တဲ့ မိန်းကလေးတစ်ယောက်ကို တစ်ယောက်ယောက် ထောင်ချောက်ဆင်တာ။

သူရိက ဒါ ဘယ်သူပို့တာလဲ သိချင်တာကြောင့် မောင်မြင့်ကို မေးလိုက်ရ၏။

"ဒီစာ ဘယ်သူလာပို့တာလဲ မောင်မြင့်"

"Postman လာပို့သွားတာ အစ်ကိုလေး"

သူရိက စာအိတ်ကို တစ်ချက်ကြည့်ကာ ဒေါသဖြစ်သွားတာကြောင့် တောက်တစ်ချက်ခေါက်ကာ ...

"တောက် ... စာက register လုပ်ပြီး ထည့်တာမဟုတ်တော့ လိပ်စာမပါဘူး"

"ဘာ ... ဘာဖြစ်လို့လဲ အစ်ကိုလေး"

"ဘာမှမဖြစ်ဘူး။ မင်းလုပ်စရာရှိတာ သွားလုပ်တော့"





မောင်မြင့်က သူ့ဘေးကနေ ခပ်ကုပ်ကုပ် အိမ်ထဲဝင်လို့ သွားလေသည်။ သူရိက စာကို ခပ်တွေတွေ ငေးကြည့်ကာ မဖြစ်နိုင်တဲ့ကိစ္စမို့ စာကို လုံးချေ၍ လွှင့်ပစ်လိုက်ကာ ခေါင်းကို ခါယမ်းလိုက်သည်။

"ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ဒါ သက်သက်မဲ့ ချောက်ချတာ"

❤ ❤ ❤



www.burmeseclassic.com

## ( ၁၇ )

ဒီနေ့ ဦးနေက လာကြိုမယ် ပြောထားသော်လည်း ရှားပါးက မမလည်း ပြန်ရောက်လာပြီမို့ အနေအထိုင် ဆင်ခြင်ဖို့ လိုတာကြောင့် ကုမ္ပဏီကနေ ကိုယ့်ဘာသာပဲ ပြန်လာခဲ့တာဖြစ်သည်။

"ခဏလေးနေဦး ရှားပါး"

ရှေ့ကနေ ဆီးပိတ်၍ တားမြစ်မှုကြောင့် အဲဒီသူကို ဆတ်ခနဲ ကြည့်လိုက်လျှင် လင်းပြည့် ဖြစ်လို့နေ၏။ ရှားပါးက မျက်နှာထား ခပ်တင်းတင်းဖြင့် သူ့ကို လေသံမာမာဖြင့် မေးပစ်လိုက်သည်။

"အဲဒါ ဘာသဘောလဲ လင်းပြည့်။ ဒါ ဘာလုပ်တာလဲ"





ရှားပါးရဲ့အမေးကြောင့် သူက ဂျစ်တိဂျစ်ကန်ပုံစံကို မှ ပြုံးတုံ့တုံ့ မျက်နှာထားဖြင့် ရှားပါးကိုကြည့်ကာ ...

"နင်ကလည်း ငါ့ကို ဒီလောက် စိမ်းကားစရာ မလိုပါဘူး ဟာ။ ဟိုဘက်ရပ်ကွက် ဒီဘက်ရပ်ကွက်နေတဲ့ ရက်ကွက်နီးချင်းတွေပဲဟာ။ မတွေ့တာတောင် ကြာပြီနော်။ နင့်အလုပ်က မိုက်တယ်နော်။ သူဌေးမကြီးရဲ့ ဘော်ဒီဂတ်ဆိုတော့ အရှိန်ကတော့ ကြီးမှာပဲ"

ရှားပါးက စိတ်ပျက်စွာ လေပူတစ်ချက် မှုတ်ထုတ်လိုက်ရင်းကမှ လင်းပြည့်ကို ဘုရှိုး,ရှိုးလိုက်ရင်းက ...

"ဘာပြောချင်တာလဲ။ ပြော ... ငါ့ကို လာမရစ်နဲ့"

"ဟား ဟား ... အေးပေါ့လေ။ နင်က အလုပ်နဲ့အကိုင်နဲ့ဆိုတော့ ဘဝင်မြင့်နေပြီပေါ့။ အေးပါ ... လိုရင်းကို ပြောရမယ်ဆိုရင်တော့ ငါ နင့်ကို လွမ်းတယ်ဟာ"

ရှားပါးက ဒေါသတကြီးဖြင့် သူ့ကို တောက်တစ်ချက် ခေါက်လိုက်ကာ ခပ်တင်းတင်း ပြောပစ်လိုက်တော့သည်။

"လင်းပြည့် ... နင် တော်တော့။ မူးနေရင်လည်း ကိုယ့်လမ်းကိုယ် ဒိုးလိုက်တော့။ ငါ့မှာ နင်နဲ့ ဘာအကြောင်းမှ စကားပြောစရာ မရှိဘူး။ ဆက်မလိုက်လာနဲ့"



www.burmeseclassic.com

ရှားပါးက တောက်တစ်ချက် ခေါက်ရင်း ထွက်လာခဲ့တော့သည်။ အရမ်းအမြင်ကတ်ဖို့ ကောင်းတာပဲ။ ဘာလဲဆိုတဲ့ လှမ်းရှူးစမ်းတဲ့ အကြည့်တွေကို ရှားပါးက မသိကျိုးကျွန်ပြုပြီး အိမ်မြန်မြန်ပြန်ရောက်အောင်သာ လျှောက်လာခဲ့တော့သည်။

❤❤❤

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉(မြေညီ)၊ ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

**Facebook on "Mac Min Bon"**





၄

သူရိက ကုမ္ပဏီဝင်လာခါနီးမှာ ထောင့်ချိုးနေရာမှာ အကွယ်ယူကာ ရပ်စကားပြောနေတဲ့ ရှားပါးတို့ကို လှမ်းမြင်တွေ့လိုက်ရသည်။

အဲဒါ ဘယ်သူလဲ။ သူရိက ရှားပါးကို မလှမ်းမကမ်းနေရာကနေ အကဲခတ်ကြည့်လိုက်သည်။

"နင့်ကို ငါပြောထားပြီးပြီနော် လင်းမြည့်။ နင် နောက်တစ်ခါ ဒီနေရာကို ထပ်လာရင် နင်အသေပဲ။ နင်သွားတော့"

"နင်နဲ့ငါ ကိစ္စမပြီးသေးဘူးနော် ရှား။ ငါသွားမယ်"

ချာတိတ်က ထွက်သွားလျှင် သူရိက ရှားပါး မြင်သွားမှာစိုးလို့ ကုမ္ပဏီထဲ ဝင်လာခဲ့လိုက်သည်။ သူ့ရင်ထဲမှာတော့ တွေးစရာတွေ အများကြီးပဲ ဖြစ်လို့သွားသည်။ ရှားပါးက ဘာကိစ္စ



www.burmeseclassic.com

ကြောင့် ဒီလိုတိုင်အကွယ်မှာ ပုန်းလျှိုး ကွယ်လျှိုး လုပ်ပြီး စကား ပြောနေရတာလဲ။ ရှားပါးနဲ့ စကားပြောနေတဲ့ ကောင်ကကော ဘယ်သူလဲ။

"သြော် ... ဆရာ။ မမက အပြင်သွားတယ်ရှင့်"

ရုံးခန်းထဲဝင်လာလျှင် ဝန်ထမ်းကောင်မလေးက သူ့ဆီ ဆီးကြိုလာပြောလျှင် သူက အပြင်မှာ ဖြစ်လာတဲ့ စိတ်ရှုပ်ထွေးမှုကြောင့် ပိုပြီး စိတ်တိုသွားရသည်။

"ဟုတ်လား။ သူ ပြောတော့ ဒီမှာ ရှိတယ်ဆိုလို့ ကျွန်တော် လာခဲ့တာ။ ဘယ်သွားတာလဲ မသိဘူး"

"အဲဒါတော့ မသိဘူး။ သြော် ... ဟိုမှာ ရှားပါးလာပြီ။ ရှားပါးရေ ... ဒီမှာ ဆရာနေသူရိ ရောက်နေတယ်"

ဝန်ထမ်းကောင်မလေးက ရုံးခန်းထဲ ဝင်လာသော ရှားပါးကို လှမ်းခေါ်လိုက်တာကြောင့် ရှားပါးက သူ့ရှေ့ကိုအပြေးအလွှား ရောက်လာကာ ...

"ဦး ... ဦးနေ ... ဘယ်တုန်းက ရောက်နေတာလဲ"

ရှားပါးရဲ့အသံ tone က မသိမသာ အဖျားခတ်သွားတာကို သူက ခံစားမိသွားသည်။ ရှားပါး ဘာဖြစ်တာပါလိမ့်။





သူရိက မနေ့ကစာကြောင့် စိတ်ထင်တာလို့ပဲ ယူဆကာ လိုရင်းကိုပဲ ပြောတော့သည်။

"အခုပဲ ရောက်တာ။ ကိုယ် မြသားနဲ့ ချိန်းထားလို့။ သူ ဘယ်သွားလဲ"

"မမက နေ့ခင်းကပဲ အလုပ်ကိစ္စနဲ့ အပြင်ထွက်သွားတာ။ ရှားပါးကိုတောင် ရုံးကိစ္စတွေ မပြီးသေးလို့ ခေါ်မသွားဘူး။ ဦးနေနဲ့ ချိန်းထားတာ မေ့သွားတာ ထင်တယ်။ မမကို ဖုန်းဆက်ပေးမယ်လေ"

"နေပစေ ရှားပါး။ ရတယ်။ ရော့ ... ဒီဖိုင်လ်လေးသာ ပေးလိုက်၊ ကိုယ်ပြန်မယ်"

သူရိက ရှားပါးလက်ထဲ ဖိုင်လ်ထည့်ပေးခဲ့ပြီးနောက်မှာ ရှားပါးနဲ့ စကားအေးဆေး ပြောချင်တာကြောင့် အပြင်ထွက်ခဲ့ဖို့ အသာမျက်ရိပ်ပြလျှင် ရှားပါးက သူထွက်လာပြီး ခဏအကြာမှာ ခပ်သုတ်သုတ် ထွက်လာကာ သူ့ဆီ လျှောက်လာ၏။

"ဘာဖြစ်လို့လဲ ဦးနေ"

"ရှားပါး ... ခုနက မင်း ကောင်လေးတစ်ယောက်နဲ့စကားပြောနေတာ တွေ့တယ်။ ဘယ်သူလဲ ... အဲဒါက"



www.burmeseclassic.com

သူက မေးနေရင်းကမှ ရှားပါးရဲ့မျက်နှာရိပ်ကို အသာဖမ်းကြည့်လျှင် မျက်နှာမှာ သူ လိုက်ဖတ်လို့မမီတဲ့ အရောင်တစ်မျိုး ပြောင်းသွားတာကို သတိထားမိသွားသည်။

"ဘယ် ... ဘယ်သူမှ မဟုတ်ပါဘူး။ ကုမ္ပဏီကိစ္စ ခိုင်းထားတဲ့ ကောင်လေးပါ"

ဘယ်လိုဖြစ်တာလဲ။ သူကပဲ စိတ်ထင်နေတာလား။ သူရိက စိတ်တွေရှုပ်လာတာကြောင့် ဘာမှ ဆက်မမေးတော့ဘဲ ကားပေါ်တက်လိုက်လျှင် ရှားပါးက သူ့ကို စိုးရိမ်တကြီး လှမ်းမေး၏။

"ဦးနေ ... ရှားကို အဲဒါက စိတ်ဆိုးသွားတာလားဟင်"

မျက်နှာငယ်လေးနဲ့ပြောကာ အရမ်းကို စိုးရိမ်နေတဲ့ ပုံစံ ပေါက်နေတာကြောင့် သူ့ရင်ထဲမှာ မကောင်းပေ။ သူ အဲဒီလောက်အထိလည်း ရှားကို မရက်စက်တတ်ပေ။ စိတ်ရှုပ်ထွေးမှုတွေကို ရှင်းထုတ်ပစ်လိုက်ကာ ရှားပါးရဲ့ခေါင်းလေးကို ခပ်ဖွဖွ ပုတ်ပေးရင်းက ...

"မဟုတ်ပါဘူး။ ကိုယ်က ဘာလို့ စိတ်ဆိုးရမှာလဲ။ ကိုယ်သွားစရာလေး ရှိသေးလို့ပါ။ မြသားထည် လာရင်သာ ကိုယ့်ဒီဇိုင်းဖိုင်လ်သာ ပေးလိုက်။ သွားမယ်နော်"





"ဟုတ်"

သူရိက ရှားပါးကို နှုတ်ဆက်ကာ ကားမောင်းထွက်လာခဲ့တော့သည်။ သူကပဲ ထင်နေတာလား။ ရှားပါးကပဲ တကယ်အမှုအရာပျက်နေတာလား။ ဟင့်အင်း ... မဖြစ်နိုင်ပါဘူး။ ရှားပါးရဲ့ ရိုးသားဖြူစင်မှုကို သူအသိဆုံးပဲ ဖြစ်သည်။ သိလို့လည်း ရှားပါးကို တကယ်ရှားရှားပါးပါး ဖြစ်လာတဲ့ ခံစားချက်ဖြင့် ချစ်မိတာဖြစ်သည်။

❤ ❤ ❤



www.burmeseclassic.com

"မမ ... ဘာခိုင်းစရာ ရှိလို့လဲရှင့်"

ရှားပါးက မမ ခေါ်တယ်ဆိုလို့ ရုံးခန်းထဲဝင်လာလျှင် မမမြသားက ရှားပါးကို အပြုံးတစ်ခုဖြင့် ဆီးကြိုနှုတ်ဆက်ကာ ...

"ထိုင်ပါဦး။ ခိုင်းစရာ မရှိပါဘူး။ ရှားပါးကို ဂုဏ်ပြုချင်လို့ ထိုင်"

ရှားပါးက ခေါင်းတစ်ချက် ဆတ်ပြကာ ခုံမှာဝင်ထိုင်လိုက်တာနှင့် မမက စားပွဲပေါ်မှာ တင်ထားတဲ့ အိတ်တွေကို ရှားပါးအရှေ့သို့ တွန်းပို့လိုက်ကာ ...

"ကဲ ... ရော့၊ ဒါတွေအားလုံး ရှားပါးအတွက်"

လက်ဆောင်ပစ္စည်းတွေက များလွန်းတာကြောင့် ရှားပါးက တကယ်ပဲ အံ့အားသင့်ရလေသည်။





"မမ ... ဘာ ... ဘာဖြစ်လို့လဲ"

"ဪ ... ရိုးလိုက်တာ။ လက်ဆောင်ပေးတာပဲ။ ဘာဖြစ်လို့ဆိုပြီး ရှိဦးမတဲ့လား။ ရှားပါးအတွက် အဝတ်အစားတွေနောက် ရှားပါးအိမ်က လူကြီးတွေအတွက် အားဆေးနဲ့ ငှက်သိုက်"

ရှားပါးအတွက် စေတနာတွေ ဗရပွဖြင့်ပေးတဲ့ လက်ဆောင်တွေကို မြင်ရတာ ရှားပါးအတွက်တော့ ပိုပြီးတော့တောင် နေရထိုင်ရ ခက်လေသည်။ ကိုယ့်ကိုယ်ကိုယ်လည်း အပြစ်ကြီးကျူးလွန်ထားမိသလို ခံစားရ၏။ ပြောရမယ်ဆို ရှားပါးက မမအပေါ် တကယ်ပဲ အပြစ်ကျူးလွန်မိခဲ့တာ ဖြစ်သည်။ ရှားပါးရဲ့ဘဝကို အစစအရာရာ မြှင့်ပေးနေတဲ့ မမလိုလူမျိုးရဲ့ ပခုံးကိုမှ သွားယှဉ်ပစ်တဲ့အထိ ဖြစ်သွားလောက်အောင် ရှားပါးက အမှားလုပ်မိခဲ့တာ ဖြစ်သည်။ ဦးနေကို မချစ်မိဖို့ ကြိုးစားရှောင်တိမ်းကာမှ အဲဒီအချစ်နဲ့ တည့်တည့်ခလုတ်တိုက်ရတဲ့ အဖြစ်မျိုးမို့ ရှားပါးမှာ ဘယ်လိုမှ ရှောင်တိမ်းချိန် မရလိုက်ပေ။

"မမရယ် ... ဒုက္ခရှာလို့။ ရှား အတွက် အဲဒါတွေ မလိုအပ်ပါဘူး"



www.burmeseclassic.com

“ဘာလို့ အားနာနေရတာလဲ ရှားပါးရဲ့။ မမက ကိုယ့်ရဲ့ သစ္စာရှိ ဝန်ထမ်းတစ်ယောက်ကို တော်လို့ သဘောကျလို့ ဆုချတာပဲဟာ။ ယူထားလိုက်နော်”

ရှားပါးက မမရဲ့ ကြီးမားတဲ့ စေတနာမေတ္တာတရားတွေကို မြင်ရလျှင် ရင်ထဲမှာ တဆစ်ဆစ် နာကျင်ရလေသည်။ မမပါးစပ်က ချစ်ပါတယ်လို့ ဝန်ခံထားတဲ့ ယောကျ်ားတစ်ယောက်ကိုမှ ရှားပါးက ချစ်မိခဲ့တဲ့ အပြစ်မျိုးဖြစ်သည်။ ဒီကိစ္စဟာ မလွဲမသွေ တစ်နေ့ ပေါ်ကိုပေါ်လာမယ်ဆိုတာ ရှားပါး သိလေသည်။ အဲဒီနေ့ရောက်ဖို့ တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးလာတော့မယ့် အချိန်တွေအတွက် ရှားပါးက အစကတည်းက စိတ်တွေပျော့ခွေနေခဲ့ပြီဖြစ်သည်။

❤ ❤ ❤





## ၁၈

“ရှားပါး … နင် ဘာဖြစ်နေတာလဲဟ၊ နင်နဲ့ငါက သူစိမ်းတွေလား။ အဲဒီလောက်အထိတော့ နင် ခါးခါးသီးသီး မဖြစ်သင့်ဘူး”

ရှားပါးရဲ့အနောက်ကနေ တောက်လျှောက်လိုက်လာကာ လိုက်နှောင့်ယှက်နေသော လင်းပြည့်ကို စိတ်ထဲမှာ အရမ်းဒေါသဖြစ်နေပေမယ့် ဘေးပတ်ဝန်းကျင် ရှိနေတာကြောင့် ရှားပါးက ပြဿနာမတက်ချင်တာကြောင့် သူ ဘာပြောပြော မကြားဟန်ဆောင်ကာ အိမ်အမြန်ပြန်ရောက်ဖို့ပဲ ခြေလှမ်းတွေက နှုန်းတင်လိုက်သည်။

“ဟ … ရှားပါး။ နင်ကလည်း။ လုံးဝမမိုက်ဘူး။ ငါ ဒီနေ့ နင့်ကို စကားပြောရမှ ဖြစ်မှာ။ ရှားပါး ခဏနေဦး”



www.burmeseclassic.com

ပြောရင်း ဆိုရင်းကမှ လင်းပြည့်က ရှားပါးရဲ့လက်မောင်းရင်းကနေ ဆတ်ခနဲ ဆောင့်ဆွဲလိုက်တာမို့ ရှားပါးက ရုတ်တရက် အငိုက်မိသွားတာကြောင့် သူ့ရင်ခွင်ထဲ ရောက်သွားလေ၏။ ဘယ်လိုမှထင်မှတ်မထားတဲ့ အခြေအနေကြောင့် ရှားပါးဟာ ပတ်ဝန်းကျင်က လူတွေရဲ့မျက်လုံးတွေကြားမှာ အငွေ့ပျံသွားသလို ခံစားရကာ ရှက်စိတ်ဖြင့် သူ့ရင်ခွင်ထဲက ရုန်းထွက်ကာ ရှက်ဒေါသစိတ်ဖြင့် သူ့မျက်နှာကို လက်သီးဖြင့် ဆွဲထိုးပစ်လိုက်သည်။

"ရှော့ဟာ ... အဲဒါ မိုက်ရိုင်းဦး"

ရှားပါးရဲ့ပြင်းထန်တဲ့ လက်သီးချက်ကြောင့် လင်းပြည့်က အနောက်ကို လန်ကျတော့မလို ဖြစ်သွားစဉ် ရှားပါးက တောက်တစ်ချက် ခပ်ပြင်းပြင်းခေါက်ကာ လှည့်ထွက်လာခဲ့လိုက်သည်။

❤ ❤ ❤





သူရိက ဒီနေ့ အလုပ်အားရက်မို့ ခြံထဲမှာ အေးအေးဆေးဆေး သတင်းစာဖတ်နေတုန်း မောင်မြင့် ရောက်လာကာ စာလာပေး၏။

"အစ်ကိုလေး ... အစ်ကိုလေး အတွက် စာရောက်နေတယ်"

ဟိုတစ်ခါလာတဲ့စာကို မျက်လုံးထဲ ပြေးမြင်တာကြောင့် သူ ၊ စာကို ချက်ချင်းယူကာ ဖွင့်ဖောက်လိုက်သည်။ ဒီတစ်ခါတော့ စာအိတ်ထဲမှာပါတာ စာတော့မဟုတ်။ ဓာတ်ပုံတစ်ပုံ ဖြစ်သည်။ သူ့အတွက် လုံးဝကို တုန်လှုပ်သွားစေတဲ့ ဓာတ်ပုံပဲဖြစ်၏။ ဓာတ်ပုံထဲမှာ ရှားပါးနှင့် ဒ၈ကောင်တစ်ကောင် တွဲလား ရမ်းလားဖြစ်ပြီး ဖက်နေတဲ့ပုံမျိုးဖြစ်သည်။ အဲဒီကောင် ...။ အဲဒီကောင်ကို မြင်ဖူးနေသလိုပဲ။ ဦးနှောက်ရဲ့အချက်ပေးခေါင်းလောင်းသံက မြည်လာကာ အဲဒီကောင်ဟာ သူ မနေ့ကမြင်ခဲ့ရ



www.burmeseclassic.com

တဲ့ ရှားပါးနဲ့ စကားပြောနေတဲ့ကောင် ဆိုတာကို ချက်ချင်းပြေး သတိရသွားတာမို့ သူက ပိုပြီးခံပြင်းမိသွားသည်။ အဲဒီအဖြစ်တွေ က ဒါဆို တကယ်ပဲ။ အား ... မဖြစ်နိုင်ဘူး။

သူရိက ရင်တစ်ခုလုံး ဖြောင်းဆန်လာကာ စိတ်တွေလည်း အရမ်းရှုပ်ထွေးလို့ လာရသည်။ အဲဒီကောင်ကို ဘာဖြစ်လို့ ရှားပါးက ကုမ္ပဏီမှာခိုင်းတဲ့ ကောင်လေးပါလို့ လိမ်ပြောရတာလဲ။ သူရိက ဒေါသနဲ့အတူ ရှားပါးဆီကို အမြန်ဖုန်းခေါ်လိုက်၏။

"ဟယ်လို ... ဦးနေ ပြော"

"ရှားပါး ... မင်းကုမ္ပဏီကို ငါ အခုလာနေပြီ။ အရှက်မကွဲချင်ဘူးဆို အပြင်မှာစောင့်နေ။ ဒါပဲ"

သူရိက ပြောချင်တာပြောပြီး ဖုံးချပစ်လိုက်ကာ ချက်ချင်းပင် ကားမောင်းထွက်လာခဲ့တော့သည်။ သူ့ရင်ထဲမှာ အရမ်းကို မွှန်မွှန်ကြေနေရပြီဖြစ်သည်။ သူ လုံးဝယုံကြည်ထားခဲ့ရသမျှ ရှားပါးဟာ တကယ်ပဲ အိမ်ထောင်ရှိတယ်တဲ့လား။ မင်းမို့ ငါ့ကို လိမ်ရက်တယ် ရှားပါးရယ်။

သူက ဒေါသတကြီးဖြင့် ကားကို ခပ်ကြမ်းကြမ်း မောင်းချလာကာ ရှားပါးဆီ ရောက်လို့လာလျှင် ရှားပါးက





စိုးရိမ်ပူပန်နေတဲ့ မျက်ဝန်းတွေဖြင့် သူ့ကို မျှော်ကြည့်နေ၏။ သူရိက "ကားပေါ်တက်"လို့ ခပ်ပြတ်ပြတ် ပြောလိုက်လျှင် ရှားပါးက ခပ်ကုပ်ကုပ်လေး ကားပေါ်တက်ဖို့ တံခါးဖွင့်လိုက်လျှင် ကူရှင်ပေါ်မှာ တင်ထားတဲ့ ဓာတ်ပုံကို မြင်လိုက်လျှင် မျက်လုံးအဝိုင်းသားဖြင့် သူ့ကို ပြူးကြည့်သည်။ ဒီလောက်တောင် ရှားပါး တစ်ယောက် မျက်စိမျက်နှာပျက် ဖြစ်နေပြီ ဆိုကတည်းက အဲဒါဟာ သူ့ရင်ကို ထိခိုက်စေတာပဲဖြစ်၏။

"အဲဒီကိစ္စ ရှင်းချင်လို့ လာခဲ့တာ ရှားပါး။ ကားပေါ်တက်"

ရှားပါးက မျက်နှာငယ်လေးဖြင့် သူ့ကားပေါ်တက်လာလျှင် သူက ဘာစကားမှ မပြောဘဲ ခပ်ကြမ်းကြမ်း မောင်းထွက်လာခဲ့ကာ လူရှင်းတဲ့ သမ်းကွေ့နားရောက်မှ ကားရပ်လိုက်ကာ ကိုယ်ကို ရှားပါးဘက်သို့ ပှည့်စောင်းလိုက်ကာ အပြတ်မေးလိုက်၏။

"ကဲ ... ပြော။ အဲဒါ ဘာတွေလဲ။ မင်းဆီက ဖြေရှင်းချက်ကို ငါ ကြားချင်တယ် ရှားပါး"

သူ့ရဲ့မေးခွန်းကြောင့် ရှားပါးက ဓာတ်ပုံကိုတစ်ချက် ပြန်ကြည့်ရင်းကမှ သူ့ကို ပြန်ဖြေသည်။



www.burmeseclassic.com

"ဦးနေ အပေါ်ကို ရှား ဘယ်တုန်းကမှ သစ္စာမဖောက်ခဲ့ဘူး"

သူ လိုချင်တဲ့ အဖြေစကားမျိုး မဟုတ်ပေ။ အမှန်ဆို ဒါဟာ လုပ်ကြံဖန်တီးမှုတစ်ခု လုံးဝမဟုတ်ပါဘူးလို့ အပြတ်ငြင်းချက်ထုတ်သင့်တာပဲဖြစ်သည်။ အခုတော့ အင်မတန်စကားပြောပြတ်တဲ့ ရှားပါးက ဘာကြောင့် ခုလို တုံဏှိဘာဝေပုံစံမျိုးဖြင့် သူ့ကို ပြန်ပြောနေရတာလဲ။

သူရိက စိတ်မရှည်စွာ စတီယာတိုင်ကို လက်ဖြင့်ပုတ်ပစ်လိုက်ရင်းက ...

"ဟား ... ငါလိုချင်တာ အဲဒီကောင်က ဘာကောင်လဲဆိုတဲ့ အဖြေကို လိုချင်တာ ရှားပါး။ မင်းဖြေလေ။ ဟိုတစ်ခါ ငါမေးတော့ ဘာမှမဟုတ်ပါဘူးဆိုတဲ့ ကောင်က မင်းနဲ့ ဒီလိုအခြေအနေမျိုး ဘာကြောင့် ဖြစ်နေတာလဲ ဆိုတာ မင်း ရှင်း"

"ဦးနေ ဘာလို့ ဒေါသတွေ ဒီလောက်ကြီးနေတာလဲ။ ရှားကို မယုံဘူးလား။ ဒီဓာတ်ပုံက ဘယ်ကရတာလဲ"





ဟာကွာ။ သူက စိတ်မရှည်တော့စွာဖြင့် ကျစ်ခနဲစုပ်သပ်ကာ ပြောရမယ့်စကားကို ကွေ့ဝိုက်နေသော ရှားပါးကို သူ ပိုပြီး စိတ်တိုလာမိသည်။ ဒီလောက် မျက်စိပျက် မျက်နှာပျက်နဲ့ သူကို လှည့်ပတ်နေတယ် ဆိုကတည်းက အဲဒါဟာ ရှားပါးဘက်က မဟုတ်တဲ့ အနေအထားဆိုတာ သူ သဘောအပေါက်ပြီဖြစ်သည်။ သူရိက ကြိုက်မနိုင်ခဲမရ ဖြစ်လာရသော ဒေါသတို့ဖြင့် ရှားပါးကို ဒေါသတကြီးကို အော်ပစ်လိုက်တော့သည်။

"မင်းကို ယုံလို့ စုံလုံးကန်းတော့မယ့် ငါ့ကို ဒီဓာတ်ပုံက ကယ်တင်လိုက်တာ။ မင်း ဖြေလေ။ ဒီကောင် ဘယ်သူလဲဆိုတာ မင်း မဖြေနိုင်တော့ဘူးမှလား။ အေး ... မင်းလိမ်ထားတဲ့ ကိစ္စကို ငါ ဖြေပြမယ်။ အဲဒီကောင်က မင်းခိုးရာလိုက်ပြေးဖူးတဲ့ ယောက်ျား အခုချိန်ထိ မင်းနဲ့ မပြတ်သေးတဲ့ ကောင်"

သူ့ရဲ့ဒေါသအလျှောက် ပစ်ပစ်နှစ်နှစ် တစ်လုံးချင်းထွက်လာတဲ့ စကားလုံးတွေရဲ့အဆုံးမှာ ရှားပါးက ဘာမှဖြေရှင်းချက်မပေးပါဘဲ မျက်ရည်သာကျလာလေလျှင် သူက ပိုပြီးဆွေ့ဆွေ့ခုန် ဖြစ်ရလေသည်။



www.burmeseclassic.com

"မင်းကို ငါ့ဘက်က ရိုးမြေကျ လက်တွဲဖို့အထိ ရည်ရွယ်ပြီး ဖြူဖြူစင်စင်နဲ့ ချစ်ခဲ့တာ။ မင်းကတော့ ငါ့ကိုလိမ်တယ်။ အကွက်ချပြီးတော့ ငါ့ဘဝကို မြောင်းထဲထိုးချပစ်တယ်"

"တော်တော့ ဦးနေ"

ရှားပါးက စူးစူးဝါးဝါး အော်ပစ်ကာ သူနဲ့မျက်လုံးချင်း ရဲရဲတောက်ဆုံကာ ...

"ဦးနေ ဘာဖြစ်ချင်သလဲ။ ဘာလုပ်ချင်သလဲပဲ ပြောပါ။ ရှားကို မုန်းတယ်မှလား။ အဲဒီလောက် မပြောနေနဲ့။ အသေသတ်ပစ်လိုက်"

သူရိက သိပ်ချစ်ရတဲ့ ချစ်သူရဲ့အမိပ္ပာယ်မဲ့ စကားလုံးတွေအတွက် တကယ်ပဲ စိတ်နာလာမိသည်။ မင်းမို့ လုပ်ရက်တယ် ရှားပါးရယ်။ သူက နာကျင်စွာ တစ်ချက်ရယ်လိုက်ကာ...

"ငါ ငတုံးမဟုတ်ဘူး ရှားပါး။ မင်းရဲ့မာယာတွေအောက်မှာ ငါ အကျဆုံးမခံဘူး"

"ဦးနေကို ရှင်းပြနေတာလည်း မဟုတ်ပါဘူး။ ဦးနေ ဘာဖြစ်ချင်သလဲသာပြော။ ရှားရဲ့သစ္စာတရားအတွက် ဘာမှ မဖြေရှင်းနိုင်ဘူး"





လမ်းက အဲဒီမှာ လွဲပြီဖြစ်သည်။ သူ ဒီနေ့ ရှားပါးနဲ့တွေ့တာဟာ ဒီကောင်က ရှားနဲ့ ဘာမှမပတ်သက်ပါဘူးဆိုတဲ့ ဖြေရှင်းစကားကို လိုချင်လို့ဖြစ်သည်။ အခုတော့ တကယ်ပဲ မင်းဟာ အဲဒီကောင်နဲ့ ပတ်သက်ခဲ့ဘူးတာလား ရှားပါးရယ်။ သူက ဘာမှမဖြေရှင်းဘဲ သစ္စာဆိုတဲ့ စကားလုံး Cover ယူထားတဲ့အတွက် စိတ်ထဲမှာ တဆုံးကို ဒေါသထွက်၍ ရှားပါးကို နာကြည်းစွာကြည့်ရင်းက ...

"မင်းက ငါ့ကို ဒီအချိန်ထိ သစ္စာတရားဆိုတဲ့ စကားကို သုံးရဲသေးတာပဲ။ ရှားပါး ... ငါ အမုန်းဆုံးက သစ္စာရှိပါတယ် အော်နေပြီး သစ္စာမဲ့တဲ့ လုပ်ရပ်တွေ လုပ်နေတဲ့ မိန်းမမျိုးကိုပဲ။ မင်းနဲ့ငါ ပတ်သက်ခဲ့မိတာ သိပ်မှားသွားတယ်"

ရှားပါးက ဘာမှမပြောဘဲ တင်းခံနေကာ မျက်ရည်တွေပဲ ကျနေတာကို သူ တော်တော်ခံပြင်းလေသည်။ ဘာမှမရှင်းပါဘဲ သူ ဆုံးဖြတ်တဲ့အတိုင်း လက်ခံမယ်ဆိုတာကိုက သူ့အတွက် ရင်ကွဲစေတာပဲ ဖြစ်သည်။



www.burmeseclassic.com

"ကားပေါ်က ဆင်းတော့။ မင်းနဲ့ငါ ထပ်မပတ်သက်တော့ဘူး။ မင်း အကောင်ကိုလည်း ပြောလိုက်။ ငါ့ကို လာသိက္ခာချဖို့ မစဉ်းစားနဲ့လို့။ မင်း ဆင်းတော့"

သူ့စကားကြောင့် ရှားပါးက ခေါင်းတစ်ချက်ဆတ်ပြကာ ...

"ဦးနေ တစ်ခုသိထားဖို့က ရှား ဘာတစ်ခွန်းမှ ပြန်မပြောခဲ့တာဟာ ရှားရဲ့သစ္စာတရားကို အထိခိုက်မခံနိုင်လို့ပါ။ ကားဖြည်းဖြည်းမောင်းပါ ဦးနေ"

ရှားပါးက ကားပေါ်က ဆင်းသွားလေ၏။ သူက ရင်ထဲမှာ ကျန်နေသေးတဲ့ အကြိတ်အခဲကြောင့် သူ့စိတ်ထဲမှာ ထပ်ပြောလိုက်လေသည်။

"မင်း သိထားဖို့ကလည်း သစ္စာမဲ့တဲ့ မိန်းမကြောင့် ကားကို အသေအကြေ မောင်းပြီး ဘဝပျက်မယ့် ယောကျ်ားထဲမှာ နေသူရိ မပါဘူးဆိုတာပဲ။ ငါ ဘယ်လောက်ပြတ်သားလဲဆိုတာ မင်း သိစေရမယ်"

သူက ကားပေါ်ကနေ ပြောခဲ့ကာ ပြီးတာနဲ့ ကားကို ဝေါခနဲ မောင်းထွက်လာခဲ့တော့သည်။ သူ အရမ်းခံပြင်းဒေါသဖြစ်





ရသည်။ အဆိုးဝါးဆုံးကတော့ သူပြောသမျှကို ဆိတ်ဆိတ်နေခြင်းဖြင့် ဟုတ်ပါတယ်လို့ ဝန်ခံပေးလေသော ရှားပါးကို ပိုပြီးဒေါသဖြစ်ရလေသည်၊



www.burmeseclassic.com

အခြေအနေ အဖြစ်အပျက်တို့ဟာ ရှားပါး ထင်ထားခဲ့သမျှနဲ့ တက်တက်စင်အောင် လွဲလေသောအခါ ရှားပါးလည်း ဘာမှမတတ်နိုင်ခဲ့ပေ။ ဦးနေ ဒေါသတကြီးဖြင့် စွပ်စွဲနေတဲ့ စွဲချက်တွေကို ဦးနေ ဘယ်လိုသိခဲ့တာလဲ။ ပြီးတော့ ဓာတ်ပုံက ဘယ်သူပို့လိုက်တာလဲ။ ရှားပါးက လဲပေါင်းများစွာ မေးခွန်းထုတ်ရင်း ဘာတစ်ခုမှ မဖြေနိုင်ခဲ့တဲ့ ကိုယ့်ကိုယ်ကိုယ် စိတ်တိုဒေါသဖြစ်ကာ မျက်ရည်ကျနေရုံကလွဲပြီး ဘာမှ မတတ်နိုင်ပေ။ ရှားပါးကို ဦးနေ ဘယ်လောက်အထိ စိတ်နာသွားပြီလဲ မသိတော့ပေ။

ဦးနေနဲ့ အရင်တုံးက ပျော်ရွှင်ခဲ့တဲ့ အချိန်ကာလတွေ မျက်လုံးထဲ ပြန်မြင်လေလျှင် ရင်ထဲမှာ ပိုပြီး တဆစ်ဆစ်နဲ့ ခံစားခဲ့ရလေသည်။ ဒါပေမဲ့ ရှားပါးလည်း ဘာမှမတတ်နိုင်ပေ။ မှန်းပါတယ်ဆိုတဲ့ ခံစားချက်ကို ပြောင်းလဲပိုင်ခွင့်မရှိတဲ့





ရှားပါးအတွက်တော့ ကျိတ်ခံစားနေရုံကလွဲပြီး တခြားနည်းလမ်းမရှိချေ။

ဘဝဟာ စာရွက်အဖြူ တစ်ခုဆိုရင် အဲဒီစာရွက်ပေါ်မှာ ဆေးစက်သေးသေးလေး ကျလိုက်တာနဲ့ မြင်တဲ့အမြင်ဟာ စာရွက်ဖြူ မဟုတ်ဘဲ အေးစက်ကိုပဲ မြင်တတ်တဲ့ သဘောတရားကို ရှားပါး နှလုံးသွင်းထားဖို့ပဲ ရှိလေသည်။

❤ ❤ ❤



www.burmeseclassic.com

## ၁၉

"သားရေ ... ဒီမှာ သားဧည့်သည်။ နို့စိမ်းခေါက်ဆွဲချက် စားလို့ လာပို့တာတဲ့။ လာ ... သမီး ..."

ဒေါ်လေးက အိမ်ရှေ့ကနေ အသံဝါဝါကြီးဖြင့် လှမ်းပြောဘာမို့ သူရိက ဘယ်သူလဲ ကြည့်လိုက်လျှင် မြသားထည် ဖြစ်လို့နေ၏။

"မြသား ... ဘယ်လိုဖြစ်ပြီး ရောက်လာတာလဲ"

"ကိုနေတို့ကို စားစေချင်လို့ နို့စိမ်းခေါက်ဆွဲ လာပို့တာ လေ။ အုန်းနို့မဟုတ်တော့ ဒေါ်လေးတို့ပါ စားလို့ရတာ ပေါ့"





"ဟုတ်ပါ့ ... ကျေးဇူးတင်လိုက်တာ။ သားနေကော ဒေါ်လေးတို့ကော နို့စိမ်းခေါက်ဆွဲဆို သိပ်ကြိုက်ကြတာ။ ကဲ ... စကားပြောကြဦး။ ဒေါ်လေး ချိုင့်သွားလှယ်လိုက်ဦး မယ်။ မြသား ... အေးဆေးမှ ပြန်နော်"

ဒေါ်လေးက ချိုင့်လှယ်ဖို့ နောက်ဖေးကို ဝင်သွားလျှင် သူကပဲ မြသားကို ဧည့်ဝတ်ကျေစွာ ဧည့်ခံရလေသည်။

"လာလေ မြသား။ ထိုင်ပါ"

မြသားက အပြုံးတစ်ခုဖြင့် ခေါင်းဆတ်ပြကာ ဆိုဖာမှာ ဝင်ထိုင်လေသည်။

"ကိုနေ ... နေကော ကောင်းရဲ့လား"

မြသား မေးခွန်းကြောင့် သူက နည်းနည်းတော့ မလုံမလဲ ဖြစ်သွားရလေသည်။ သူ့ပုံစံက အလွမ်းနာကျနေတဲ့ပုံ ပေါက်နေတာ သိပ်များသိသာသွားလို့လား။

"ကောင်းပါတယ်။ ဘာဖြစ်လို့လဲ မြသား"

"မသိပါဘူး။ ကိုနေ့ပုံစံက ပြုံးသာပြုံးနေရတယ်။ အသက် မပါသလိုပဲ။ ကိုနေ့ ကြည့်ရတာ စိတ်ညစ်စရာတွေ ရှိနေ သလိုပဲ။ ဘာဖြစ်လို့လဲ။ အင်း ... မြသား အထင်ပြောရ ရင် နှလုံးသားကိစ္စများလား"



www.burmeseclassic.com

မြသားရဲ့မှန်းဆချက်က အရမ်းကို ကွက်တိမှန်လွန်းနေတာကြောင့် သူက တအံ့တသြ ဖြစ်မိသွားကာ မြသားကို တစ်ချက်ငေးကြည့်ရင်းက ...

"မြသားက ဘယ်လိုသိတာလဲ"

သူ့မေးခွန်းကြောင့် မြသားက အပြုံးတစ်ခုနဲ့အတူ ပခုံးတစ်ချက်တွန့်ပြ၍ ...

"မှန်သွားလို့လား။ အဟင်း ... မြသားက ဒီလိုပဲ ခန့်မှန်းလိုက်တာလဲ။ ကိုနေ့လို အဘက်ဘက်က ပြည့်စုံတဲ့ ယောက်ျားအတွက် ငိုင်သလို မှိုင်သလို ဖြစ်သွားအောင် လုပ်နိုင်တာဟာ အချစ်ရေးပဲရှိမယ်လို့ တွေးမိလိုက်လို့ပါ"

သူရိက မြသားရဲ့ မှန်ကန်လှသော တွက်ဆချက်ကြောင့် ခေါင်းကိုတစ်ချက် ညိတ်ပြကာ ...

"ဟုတ်တယ်ဗျာ။ မြသား ပြောသလိုပါပဲ။ အချစ်ရေးကိစ္စပါ"

"ကိုနေ မြသားကို ရင်ဖွင့်လို့ ရတယ်နော်။ မြသား အကူအညီပေးနိုင်တာ ရှိရင်လည်း ကူညီပေးပါ့မယ်။ ဒါနဲ့ ကိုနေ့ ချစ်သူက ..."





ရင်ထဲမှာ ပိန်းပိတ်အောင် တင်းကျပ်နေတာမို့ သူက ပေါ့လိုပေါ့ငြား ဖွင့်ပြောပြ ဖြစ်သွားသည်။

"မြသား သိပါတယ်။ တခြားတော့ မဟုတ်ဘူး။ ရှားပါးပဲ"

"ရှားပါး"

သူက ခေါင်းတစ်ချက် ဆတ်ပြရင်းက ဆက်ပြော ဖြစ်သွားသည်။

"ဟုတ်တယ်။ ကျွန်တော့်ဘက်က သူ့ကို စိတ်ရင်းမှန်နဲ့ ချစ်ခဲ့မိပေမယ့် သူကတော့ ရက်စက်ပါတယ်ဗျာ"

"ဖြစ်မှ ဖြစ်ရလေ ကိုနေရယ်။ ရှားပါး ဆိုတာ မြသားရဲ့ လက်ရုံးတစ်ဆူလို အားကိုးရတဲ့ ကလေးပါ။ သူ့အကြောင်းကိုတော့ မြသား သိပါတယ်"

သူရိက အဲဒီစကားကြောင့် သူသိချင်တဲ့ ကိစ္စတစ်ခုကို အတည်ပြုချင်တာမို့ မြသားကိုပဲ ပွင့်ပွင့်လင်းလင်း ဖွင့်မေးလိုက်တော့သည်။

"ဒါ ... ဒါဆို ရှားပါးမှာ အိမ်ထောင်ရှိခဲ့ဖူးတယ်ဆိုတာ မြသား သိလားဟင်"



www.burmeseclassic.com

သူ့ရဲ့ အမောတကော မေးခွန်းအဆုံးမှာ သူက မြသားရဲ့မျက်နှာကို အကဲခတ် ကြည့်မိသွားသည်။ မြသားရဲ့ မျက်နှာဟာ အဖြေရခက်နေတဲ့ အရိပ်အယောင်တွေ မြင်ရတာကြောင့် သူ့ရဲ့သိချင်စိတ်က ပိုပြင်းပြလာရတော့သည်။

"မြသား ... ပြောပါ မြသားရယ်။ မြသားပဲ ကျွန်တော့်ကို ကူညီမယ်ဆို"

မြသားက အဖြေရခက်ဟန်ဖြင့် ချီတုံချတုံ ဖြစ်နေကာ သူ့ရဲ့သိချင်စိတ် ပြင်းပြမှုကြောင့် မြသားက မပွင့်တပွင့် စကားလုံး ထွက်လာသည်။

"အင်း ... ဘယ်လိုပြောရမလဲ။ အဲဒီလိုမျိုးတော့ သတင်းသဲ့သဲ့ ကြားဖူးပါတယ်။ မြသားအတွက်ကတော့ အလုပ်ကိစ္စဆိုတော့ ရှားပါးရဲ့ Personal ကို detail ကျကျမသိဘူးလေ။ ဒါပေမဲ့ အဲဒီလိုတော့ ကြားမိတယ်"

မြသားရဲ့အဖြေအဆုံးမှာ သူဟာ တာဝေးပြေးလာတဲ့ အပြေးသမားရဲ့ ပန်းဝင်ခါနီး ပြုတ်ကျသွားတဲ့ သူတစ်ယောက်ရဲ့ မောဟိုက်ပင်ပန်းမှုမျိုးကို ခံစားရသွားသည်။ တကယ့်ကိုမမှားတဲ့ အမှန်တရားကြောင့် သူဟာ ရင်ထဲမှာ ထုံကျင်ကိုက်ခဲကာ တကယ်ပဲ ရူးနင့်အောင် ခံစားနေရလေသည်။





"ကိုနေ့ ရင်ထဲမှာ ဘယ်လိုခံစားနေရမလဲဆိုတာ မြသားကိုယ်ချင်းစာ ခံစားပေးလို့ ရပါတယ်။ စိတ်ထဲမှာ အရမ်းကြီးတော့ မခံစားနေပါနဲ့လို့ မြသား အကြံပေးချင်တာပါ။ ဟို ... အဲဒီလို ပြောလိုက်တာကလည်း မြသား ကိုနေ့အတွက် ပြောတာပါ။ ကိုနေ့ကို မြသားက ပျော်နေတာပဲ မြင်ချင်တဲ့သူလေ"

မြသားရဲ့ နှစ်သိမ့်ပေးမှုအဆုံးမှာ သူနဲ့မြသာ ဖြုန်းခနဲ မျက်လုံးချင်း အကြည့်ဆုံသွားလေသည်။ သူ့ဘက်ကပဲ အကြည့်လွှဲလိုက်ရင်းက မြသားကို ကျေးဇူးတင်စကား ဆိုလိုက်သည်။

"ကျေးဇူးအများကြီး တင်ပါတယ် မြသားရယ်။ စိတ်ထဲမှာ မြသားနဲ့ အခုလို ရင်ဖွင့်လိုက်ရတာ နည်းနည်းပေါ့သွားသလိုပဲ"

မြသားက ကြင်နာနူးညံ့သော အပြုံးဖြင့် ပြုံးပြသည်။ သူ့ရင်ထဲက ခံစားနေရတာတွေဟာ အစစ်အမှန် ဖြစ်တာကြောင့် နာကျင်စွာ ကွဲကြေရတာပဲဖြစ်သည်။

❤ ❤ ❤



www.burmeseclassic.com

ဒီကနေ့ တစ်နေ့လုံး အလုပ်ထဲမှာ စိတ်မပါလက်မပါ ဖြစ်နေတာကို ဖွတ်ဟန်ဆောင်ရင်း နှစ်လုပ်နေရတာဟာ ရှားပါးအတွက်တော့ ပိုပြီး စိတ်ပင်ပန်းစေ၏။ မမက သူ့အခန်းထဲလာခဲ့ဖို့ လှမ်းခေါ်တာကြောင့် ရှားပါးက ပျက်ယွင်းနေတဲ့စိတ်တွေကို တင်း၍ ပြုံးပြုံးရွှင်ရွှင် မျက်နှာထားဖြင့် မမအခန်းထဲဝင်လာလိုက်သည်။

"မမ ... ဘာလုပ်ပေးရမလဲရှင့်"

ရှားပါးက မမကို ရိုရိုကျိုးကျိုး မေးလိုက်လျှင် မမက ရှားပါးကို မျက်လုံးတစ်ချက် လှန်ကြည့်ကာ အံဆွဲဖွင့်၍ ငါးထောင်တန်တစ်အုပ်ထုတ်ကာ စားပွဲပေါ် ပစ်တင်လိုက်ကာ ...

"ရော့ ... အဲဒီပိုက်ဆံကိုယူလိုက်"





မမရဲ့လေသံက အရမ်းကို မာနေတာမို့ ရှားပါးက အံ့အားတသင့် ဖြစ်သွားရလေသည်။ မရဲတရဲ မေးခွန်းလေးတော့ ပြန်ထုတ်မိသည်။

"ဘာ ... ဘာအတွက်လဲဟင် မမ"

ရှားပါးရဲ့အမေးကို မမက ချက်ချင်းပြန်မဖြေဘဲ မျက်လုံးတစ်ချက် လှန်ကြည့်လေသည်။ အဲဒီ အကြည့်တွေထဲမှာတင် ရှားပါးဟာ တကယ်သေလို့ ရလေသည်။ စကားလုံးအဓိပ္ပာယ်တွေများစွာဖြင့် ဖော်ညွှန်းနေသည့် အဲဒီအကြည့်တစ်ခုတည်းမှာတင် ရှားပါးက လုံးဝအငွေ့ပျံပျောက်ဆုံးသွားချင်မိသည်။

"အဲဒါ မင်းအတွက် သုံးလစာ။ အဲဒီတော့ ဒါဟာ ဘာသဘောဆိုတာ ...င်း သိလိုက်တော့ပေါ့"

မမပါးစပ်က တရားဝင် ထုတ်ပြောလိုက်တာကြောင့် ရှားပါးဟာ တကယ်ပဲ ရင်ထဲမှာ ဝမ်းနည်းလို့ သွားရလေသည်။

"ရှား ... ရှားကို အလုပ်ထုတ်လိုက်တာပေါ့နော် မမ"

ရှားပါးက မဝံ့မရဲ မေးခွန်းမေးလိုကလျှင မမက ခက်ထန်ထန် မျက်လုံးတွေဖြင့် စိုက်ကြည့်ကာ ...



www.burmeseclassic.com

"ငါ့နောက်ကျောကို ဓားနဲ့ထိုးနေတဲ့ လုပ်ရပ်ကိုလုပ်ပြီး ငါ့ကို အပြုံးမပျက် ဆက်ဆံနေတဲ့ လူမျိုးကို ငါ အံ့သြလွန်းလို့ မင်းကို ချီးကျူးတဲ့အနေနဲ့ ဒီငွေတွေပေးပြီး အလုပ်ထွက်ခွင့် ပြုလိုက်တာပဲ ရှားပါး"

မမက ပြတ်သားစွာ ပြောလိုက်တဲ့ စကားကြောင့် ရှားပါးဟာ ပို၍ဝမ်းနည်းကြေကွဲရလေသည်။ မမရဲ့နောက်ကျောဓားဆိုတဲ့ စွပ်စွဲချက်ကတော့ အရမ်း အရမ်းကြီးကို ပြင်းထန်လေသည်။ ရှားပါးဟာ မမအပေါ် ကိုယ့်ရဲ့အစ်မရင်းလို သံယောဇဉ်တွယ် လေးစားချစ်ခင်ခဲ့ရတာ ဖြစ်သည်။

"ရှား အရမ်းမှားခဲ့ပါတယ် မမရယ်။ ဒါ ... ဒါပေမဲ့ ရှား မမအပေါ်ထားတဲ့စိတ်က လုံးဝကို ဖြူစင်သန့်ရှင်းပါတယ်"

"တော်စမ်း ... ဘာဖြူစင်တာလဲ။ ဘာသန့်ရှင်းတာလဲ။ မင်းမို့ ဒီစကားကို ပြောထွက်တယ် ရှားပါး။ မင်း ငါ ကိုနေ့အပေါ် ဘယ်လိုစိတ်မျိုးထားတယ်ဆိုတာ မင်းသိသိကြီးနဲ့ ငါ့ကို သစ္စာဖောက်တာ။ မင်းလိုလူမျိုးဟာ ကိုနေ့ အချစ်ကိုရဖို့ မထိုက်တန်တဲ့ မိန်းမ။ မင်းက ကိုနေ့ကို ငွေမက်လို့ နည်းလမ်းတွေနဲ့ ဖြားယောင်းခဲ့တဲ့ မိန်းမ"





မမရဲ့စွပ်စွဲချက်တွေကို ဘယ်လိုနည်းနဲ့ ခံနိုင်ရည်ခြင်းမရှိစွာဖြင့် မမကို လျင်မြန်စွာ ဖြေရှင်းချက် ပေးမိသွားသည်။

"မဟုတ်ဘူး။ ရှားက ... ရှားက အဲဒီလိုမျိုး မဟုတ်ပါဘူး။ ရှား ဦးနေကို ရိုးရိုးသားသား ချစ်ခဲ့တာပါ။ ရှားရဲ့ချစ်ခဲ့ခြင်းက မမကို အပြစ်ဖြစ်ခဲ့တယ်ဆိုတာ ရှား သိပါတယ်။ ဒါပေမဲ့ ရှား မမကို ဒီနေ့ ဒီအချိန်ထိ တလေးတစား ရှိသေချင်ခဲ့တာပါ"

"တော်စမ်း။ မင်း ပါးစပ်က အဲဒီစကားမျိုး ထပ်မပြောနဲ့တော့။ ဒီမှာ ရှားပါး။ မင်းဟာ အမြင့်ကိုမှန်းလို့ မမီမကမ်းနဲ့ ပြုတ်ကျရတာ။ မင်းကို ငါ ထားခဲ့ရတဲ့ စေတနာတွေ အားလုံး အလကားပဲ။ ငါနဲ့ ပခုံးချင်းလာယှဉ်ချင်တဲ့ မင်းက ငါ့ကိုယှဉ်နိုင်ဖို့ ငါ့နောက်ကျောကို ဓားနဲ့ထိုးခဲ့တာပေါ့လေ။ ဟား ဟား ... ဒီမှာ ရှားပါး၊ နင့်ကို ငါတို့ ပတ်ဝန်းကျင်မှာ နောက်တစ်ခါ ထပ်မမြင်ချင်တော့ဘူး။ အဲဒီပိုက်ဆံတွေယူပြီး ငါ့မျက်စိနဲ့ဝေးတဲ့ နေရာမှာ သွားနေ။ နင့်လို လူမျိုးကို ငါ ထပ်မတွေ့ချင်တော့ဘူး"



www.burmeseclassic.com

တင်းခံထားသည့် ကြားထဲက ရှားပါး မျက်ရည်တွေ ကျလို့ လာလေသည်။ ကံဆိုးမသွားလေရာ မိုးလိုက်လို့ရွာဆိုသလို မျိုး ဦးနေနဲ့ အဆင်မပြေဖြစ်ချိန်မှာမှ မမရဲ့မုန်းတီးခြင်းကိုပါ ခံရလျှင် ရှားပါးအတွက်တော့ ဘယ်လိုမှ ဖြေမဆည်နိုင်တဲ့ နာကျင်မှုပဲဖြစ်သည်။ ထွက်သွားပါလို့ မောင်းထုတ်နေတဲ့ စကား တွေအပေါ် နေပါရစေလို့လည်း မတောင်းဆိုချင်တော့။ မျက်ရည် စတွေကို ပုတ်ထုတ်ပစ်လိုက်ရင်းကမှ မမကို တစ်ချက်ငေးကြည့် ကာ ...

"ကောင်းပါပြီ မမရယ်။ မမ မမြင်ချင်ဘူးဆိုရင် ရှားကို မမ ထပ်မတွေ့စေရပါဘူး။ အဲဒီပိုက်ဆံတွေကိုတော့ ရှား မယူပါရစေနဲ့ မမ"

မမက မဲ့ပြုံးတစ်ချက် ပြုံးလိုက်ရင်းက ...

"ယူတာ မယူတာ မင်းအပိုင်းပဲ။ အေး ... ဒါပေမဲ့ မင်း ကိုနေနဲ့ ငါ့ရဲ့ပတ်ဝန်းကျင်နားကို လာမနေဖို့ သတိပေး လိုက်မယ်။ လမ်းဘေးကပန်းဟာ အိမ်ဦးခန်းက အလှထိုး ပန်းတော့ ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူးဆိုတာ မင်းခေါင်းထဲမှာ မြဲမြဲမှတ်ထားလိုက် ရှားပါး။ မင်း ငါ့ဆီ မှာ အလုပ်လုပ်ဖို့ မလိုတော့ဘူး"





ရှားပါး ဘာမှဆက်ပြောခွင့်လည်း မရှိတော့ပေ။ မမဟာ ရှားပါးကို တော်တော်နာကြည်း မုန်းတီးသွားပုံရလေ သည်။ အမြဲလိုလို စေတနာတွေ မေတ္တာတွေ ပြည့်နေတဲ့ အကြည့်တွေဖြင့် ကြည့်တတ်တဲ့ မမဟာ အခုတော့ ရှားပါးကို လှည့်တောင်မကြည့်တော့ပေ။

"ရှား သွားလိုက်ပါဦးမယ် မမ"

ရှားပါးက မျက်ရည်တွေကို ခပ်ကြမ်းကြမ်း သုတ် ပစ်ကာ ထွက်လာခဲ့တော့သည်။ ဘဝဟာ ဘာတစ်ခုမှ ပျော်စရာ မရှိတော့လောက်အောင် ပျော်ရွှင်မှုတွေက တိခနဲ အဆုံးသက်သွား ခဲ့ပြီဖြစ်သည်။

❤ ❤ ❤



www.burmeseclassic.com

## ၂၀

နိုးလာရတဲ့ မနက်ခင်းတိုင်းဟာ အခုတော့ အဓိပ္ပာယ် မရှိသလို ခံစားရ၏။ စိတ်ကို အလုပ်တွေထဲနစ်ကာ မေ့ပစ်ဖို့ ကြိုးစားသော်လည်း သူ့အာရုံထဲမှာ ရှားပါးကိုပဲ မြင်နေတာက ခက်၏။ သူရိက လေပူတစ်ချက် မှုတ်ထုတ်ပစ်ရင်းက ရေချိုးခန်း ဝင်ကာ တစ်ကိုယ်ရည်သန့်ရှင်းရေးလုပ်ပြီးနောက်မှာ ဘရိတ်ဖတ်စ် စားဖို့ အောက်ဆင်းလာခဲ့တော့သည်။

"ဟား … မောနင်း ဒေါ်လေး။ ဖေဖေကော"

"သားအဖေက ဒီနေ့ နေလို့ကောင်းတယ်ဆိုပြီး မောင်မြင့် နဲ့ လမ်းလျှောက်ထွက်သွားလေရဲ့။ ကဲ … လာ … ဒီမှာ နန်းကြီးသုပ် လာစား"





သူသိပ်ကြိုက်တဲ့ နန်းကြီးသုပ်ကို တကူးတကစီစဉ် ပေးတာမို့ သူက ဒေါ်လေးကို အားနာစွာကြည့်လိုက်ရင်းက …

"ရပါတယ် ဒေါ်လေးရယ်။ ဘရိတ်ဖတ်စ်ကို တကူးတက ကြီး စီစဉ်မနေပါနဲ့။ ဒေါ်လေး ပင်ပန်းပါတယ်။ ပေါင်မုန့်လောက် ကော်ဖီလောက်ဆို ဖြစ်ပါတယ် ဒေါ်လေးရဲ့"

"အမယ်လေး … သားရယ်။ ဒီဘရိတ်ဖတ်စ်က ဒေါ်လေး စီစဉ်တာ မဟုတ်ဘူး။ မနက်က အိမ်ကို မြသားကိုယ်တိုင် လာပြီး စီစဉ်ပေးသွားတာ"

"မြသား"

သူက သံယောင်ပြန်လိုက်ရင်း သက်ပြင်းချမိသွား သည်။

"အားနာစရာ ဒေါ်လေးရယ်။ ဘာလို့ လက်ခံလိုက်ရတာ လဲ"

"သူများက စေတနာနဲ့ တကူးတက လာလုပ်ပေးတဲ့ဟာ ကို ငြင်းလို့ကောင်းမလား သားရဲ့။ ဟိုနေ့က ဒေါ်လေးနဲ့ ဖုန်းပြောတော့ စကားစပ်မိရင်းက သားက နန်းကြီးသုပ် သိပ်ကြိုက်တာလို့ ပြောမိသွားတာနဲ့ လာပို့ပေးသွားတာ လေ"



www.burmeseclassic.com

သူရိက ဘာမှဆက်မပြောတော့ဘဲ ခေါင်းတစ်ချက်သာညိတ်ပြ၍ နန်းကြီးသုပ် စားလိုက်၏။

"သားကို ဒေါ်လေး တစ်ခုလောက် မေးလို့ရမလား"

"ဟုတ် ... ပြောလေ ဒေါ်လေး"

"ဒေါ်လေးတို့ ပွင့်ပွင့်လင်းလင်း ပြောတာပေါ့ကွာ။ အခုတလော ငါ့သားကို ကြည့်ရတာ စိတ်နဲ့ကိုယ် သိပ်မကပ်သလိုပဲ။ စိတ်ညစ်စရာတွေများ ရှိနေလို့လား သား"

သူရိက ခပ်နွမ်းနွမ်း အပြုံးတစ်ခုပြုံးရင်းက ပြန်ဖြေလိုက်သည်။

"ဒီလိုပါပဲ ဒေါ်လေးရာ။ ကြီးကြီးမားမားရယ်တော့ မဟုတ်ပါဘူး။ နည်းနည်း စိတ်ရှုပ်စရာလေးတွေ ရှိလို့ပါ"

"တော်သေးတာပေါ့။ ဒေါ်လေးက သား အခုတလောမှိုင်နေလို့ ဘာများဖြစ်လဲဆိုပြီး စိတ်ပူနေရတာ။ သားဘက်က ကြီးကြီးမားမား စိတ်ညစ်စရာ မဟုတ်ဘူးဆိုတော့ သားကို ဒေါ်လေး ပြောစရာရှိတယ်"

သူရိက ဘာမှဆက်မပြောဘဲ ဒေါ်လေး ဆက်ပြောလာမယ့် စကားကိုသာ ဆက်နားထောင်နေလိုက်သည်။ ဒေါ်လေးက သူ့ကို တစ်ချက် အကဲခတ်ကြည့်ရင်းကမှ စကားပြန်ဆက်၏။





"ဒီလို သားရေ။ သားလည်း အသက်က ငယ်တော့တာ မဟုတ်ဘူးလေ။ Family life ကိုယ်ပိုင်တစ်ခု ရှိသင့်ပြီလို့ ဒေါ်လေး ယူဆတယ်။ သားဝါသနာပါတဲ့ ဒီဇိုင်နာအလုပ်တွေ၊ နောက်ပြီး သားအဖေရဲ့စက်ရုံ၊ သား ဒီလိုအလုပ်တွေထဲမှာပဲ အချိန်ကို နှစ်ထားရင်း အချိန်ကုန်သွားမှာစိုးလို့ ဒေါ်လေးက သတိပေးရတာ။ သားအဖေ ဆန္ဒကကော၊ ဒေါ်လေးကပါ သားကို အိမ်ထောင်ပြုစေချင်ပြီ"

သူရိက ဒေါ်လေးဆီက ကြားရတဲ့ စကားအသစ်အဆန်းကြောင့် မျက်ခုံးတစ်ချက်တော့ ပင့်တက်သွားသည်။ ဟုတ်တော့လည်း ဟုတ်ပါသည်။ သူ့အတွက် အိမ်ထောင်ပြုသင့်တဲ့ အရွယ်တစ်ခုတောင် လွန်နေပြီ မဟုတ်လား။ သူရိက မျက်ခုံးတစ်ချက်ပင့်လိုက်ရင်း ...

"ဒေါ်လေးတို့က ဘယ်သူနဲ့ လက်ထပ်ပေးချင်လို့လဲ"

"သားနေဆီမှာ ချစ်သူမရှိဘူး ဆိုရင်တော့ ဒေါ်လေးတို့က သားကို မြသားထည်နဲ့ စီစဉ်ပေးချင်တာ။ မြသားကလေ အရမ်းကို ထက်မြက်ပြည့်စုံတယ်။ အဲဒီလိုမျိုး အရည်အချင်းပြည့်ဝပြီး ချစ်စရာကောင်းတဲ့ မိန်းကလေးမျိုးမှ သားနဲ့



www.burmeseclassic.com

လိုက်ဖက်မှာလေ။ ဒေါ်လေး မြသားတို့ဘက်ကိုလည်း တီးခေါက်ကြည့်ထားတယ်။ သားကို သူတို့ဘက်ကလည်း ကြည်ဖြူပုံပဲ။ ဒေါ်လေးတို့ကတော့ သားကို အဲဒီလိုမိန်းကလေးမျိုးနဲ့ပဲ လက်ထပ်စေချင်တာ။ သားသဘောကကော"

သူရိက အနည်းငယ်တော့ ငြိမ်သက်သွားရလေသည်။ ဒေါ်လေးကော အဖေကော မြသားထည်နဲ့ သဘောတူပါတယ်ဆိုနေကြသောအခါ သူ ရှေ့ဆက်ရမယ့် အနာဂတ်အတွက် အတွေးနက်နက်တစ်ခုသာ တွေးနေမိတော့သည်။

❤ ❤ ❤

"မြသားကို ချိန်းတာ ဘာကိစ္စများလဲ ကိုနေ"

မြသားက မေးလိုက်ပေမယ့် ဒီနေ့ ကိုနေ ပြောတဲ့ topic မှာ မြသားတို့ ရှေ့ဆက်ရမယ့် ဘဝအတွက် များစွာသော အဓိပ္ပာယ်တွေ ပါနေမယ်ဆိုတာ မြသား တင်ကြိုသိနှင့်ပြီးဖြစ်သည်။ မြသားက ကိုနေ့ကို တစ်ချက်ကြည့်လိုက်လျှင် ကိုနေက အပြောရခက်နေဟန်ဖြင့် သူ့ကို တစ်ချက်ကြည့်ကာ ...

"ဟို ... ကိုယ့်ဒေါ်လေးက မြသားတို့ကို ကမ်းလှမ်းတဲ့ကိစ္စ မြသား သိပြီးပြီလားဟင်"

"အင်း ... မြသား သိထားပါတယ်"

သူက မြသားကို ခေါင်းတစ်ချက် ဆတ်ပြရင်းက မြသားကို အကဲခတ်ကြည့်ကာ ဆက်ပြော၏။





www.burmeseclassic.com

"ဟို ...ကိုယ်တို့ချင်းက ရည်းနီးနေပြီးသားဆိုတော့ ကိုယ် ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်နော်"

မြသားက ကိုနေ့ဆီက ဖွင့်ဟ ဝန်ခံတော့မယ့် အကြောင်းကို စိတ်ဝင်တစား နားထောင်မိသည်။

"ကိုယ့်ချစ်သူက ရှားပါး ဆိုတာ မြသားလည်း သိပါတယ်။ ဒါပေမဲ့ ဘယ်လိုပြောရမလဲ မြသားရယ်။ သူနဲ့ကိုယ်က အဆင်မပြေဘူးကွာ။ ပွင့်ပွင့်လင်းလင်း ကိုယ့်ဘက်ကဝန်ခံ ရရင် ကိုယ် အခုထိ ရှားပါးကို မမေ့နိုင်သေးပါဘူး"

"……………"

"ဒါပေမဲ့ ဒေါ်လေးက မြသားနဲ့ လက်ထပ်စေချင်တယ် လေ။ ကိုယ့်ဘက်ကတော့ မြသားကို အခု ဖွင့်ပြောရတာ ဟာ ကိုယ်တို့နှစ်ယောက် ရှေ့ဆက်ရမယ့် အနာဂတ် အတွက်ပါ။ ရှားပါးကို ကိုယ်ချစ်ခဲ့တာ ဝန်ခံပါတယ်။ မြသားအနေနဲ့ ကိုယ့်ကို ဘဝင်မကျဘူးဆို လွတ်လပ်စွာ ငြင်းနိုင်ပါတယ်။ ကိုယ်ကတော့ မြသား ဆုံးဖြတ်ချက် အတိုင်း လိုက်နာမှာပါ"





မြသားက အဲဒီလို ပွင့်ပွင့်လင်းလင်း ဝန်ခံမှုအတွက် ကိုနေ့ကို ပိုပြီးတော့တောင် သဘောကျရလေသည်။ မြသားအတွက် ဘဝမှာ အထင်ကြီး လေးစားမိတဲ့ ဒီယောကျ်ားကို ဘယ်လောက် ထိ စိတ်နှစ်ထားသလဲဆိုတာ ကိုယ့်ကိုယ်ကိုယ်ပဲ သိလေသည်။ မြသားရဲ့ဆုံးဖြတ်ချက်က အရေးပါနေပြီမို့ မြသားက အေးဆေး ပြန်ဖြေလိုက်သည်။

"မြသားကတော့ လက်ထပ်တယ်ဆိုတာ ဘဝနှစ်ခုကိုပေါင်း ပြီး တစ်ခုအဖြစ် ဖန်တီးတာလို့ ယူဆတယ်။ အဲဒီအတွက် နှစ်ဦးနှစ်ဖက်ရဲ့စိတ်ဆန္ဒဆိုတာ သိပ်အရေးကြီးတယ်လေ။ ကိုနေ့ရဲ့ ကိုယ်ပိုင်ဆန္ဒကို မြသား သိချင်တယ်"

"ကိုယ့်ဘက်က ဒီအချိန်မှာ မြသားကို ပွင့်ပွင့်လင်းလင်း ဝန်ခံထားပြီးသားပါ။ မြသားလို ထက်မြက်တဲ့ အမျိုးသမီး တစ်ယောက်ကို ဘယ်လိုအချက်မျိုးနဲ့မှ ကျွန်တော့်အတွက် ငြင်းစရာ မရှိပါဘူး"

မြသားက အဲဒီစကားအတွက် အလွန်တရာ ကျေနပ် စွာ ပြောလိုက်သည်။

"ကျေးဇူးတင်ပါတယ် ကိုနေ။ မြသားဘက်ကလည်း ကိုနေ့ ကို နားလည်ပေးနိုင်ပါတယ်။ အဲဒီအတွက် မြသားတို့လက် ထပ်လို့ ရပါတယ်"



www.burmeseclassic.com

မြသားရဲ့ အပွင့်လင်း အရိုးရှင်းဆုံး ဖွင့်ဟဝန်ခံချက်ကြောင့် ကိုနေက မြသားကို တအံ့တသြ ငေးကြည့်သည်။ မြသားဘက်ကတော့ ကိုယ့်ရင်ထဲက စကားကို မကွယ်မဝှက် ဖွင့်ပြောလိုက်ရတာကိုပဲ ကျေနပ်မဆုံး ဖြစ်ရလေ၏။

"ကိုယ့်ကို နားလည်ပေးတဲ့အတွက် သိပ်ကျေးဇူးတင်ပါတယ် မြသား။ ကိုယ့်ဘက်ကလည်း မြသားကို ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်လိုက်ပြီ ဆိုကတည်းက မြသားကို သစ္စာရှိရှိနဲ့ ရိုးမြေကျ လက်တွဲသွားမယ်လို့ ကတိပေးပါတယ်"

မြသားအတွက်တော့ အဲဒီကတိစကားဟာ တိုင်းပြည်တစ်ခုလုံးကို သိမ်းပိုက်ခွင့် ရသွားသော စစ်သူကြီးတစ်ယောက်ရဲ့ ကျေနပ်မှုမျိုးကို ဖြစ်စေ၏။ မိန်းမတစ်ယောက်ရဲ့ အိမ်ထောင်ဖက်ဟာ ဘဝတစ်လျှောက်လုံး အဲဒီမိန်းမ အထင်ကြီးနေဖို့ပဲ လိုတယ်လို့ မြသား ယူဆလေသည်။

မြသား လက်တွဲဖော်ကိုနေဟာ မြသားအတွက်တော့ အတိုင်းအဆမရှိ အထင်ကြီးစရာ ကောင်းနေပြန်ပါသေးသည်။

❤ ❤ ❤







အချစ်ဆိုတာ
ပေးတဲ့သူနဲ့ လက်ခံသူကြားမှာ
နည်းနည်းလေး တိမ်းစောင်းလိုက်တာနဲ့
လက်ကလွတ်ပြီး ပြုတ်ကျတတ်တဲ့
ခွက်တစ်ခွက်ပါပဲ။

www.burmeseclassic.com

# ( ၂၁ )

"ဟင် ... ဒါ မြသား ကားပဲ"

သူရိကု မြသားရဲ့ Alphard အနက်ရောင်ကားကို ကြည့်ရင်းက ဆိုင်ထဲ ဝင်လာခဲ့သည်။ ဒီနေ့က တစ်နေကုန် အပြင်ထွက်နေတာမို့ နေ့ခင်းပိုင်း ဗိုလ်ဆာလာတဲ့အခါ နီးနီးနားနား My Garden ထဲပဲ ဝင်လာတာမို့ မြသား ကားကိုမြင်လိုက်ရလျှင် သူက မြသားကို ဟိုဟိုဒီဒီ မျက်လုံးကစားရင်း ရှာကြည့်လိုက်လျှင် တကယ့်ကို မထင်မှတ်တဲ့ မြင်ကွင်းကို သွားမြင်လေ၏။

ဟင် ...။ သူရိက သူ့မျက်စိသူ မယုံကြည်နိုင်စွာ မျက်စိတဆုံး ငေးကြည့်နေမိသည်။ မြသားနဲ့ အတူထိုင်နေတဲ့



www.burmeseclassic.com

သူတွေက သူ ဘယ်လိုမှ ထင်မထားတဲ့ သူတွေပဲဖြစ်၏။ ဒေါ်ခင်မျိုးအေး နောက်ပြီးတော့ ရှားပါးနဲ့ ပတ်သက်နေတဲ့ကောင်။ သူတို့တွေက မြသားနဲ့ ဘယ်လိုပတ်သက်နေရတာလဲ။

သူရိက စကားတွေ ဖောင်ဖွဲ့နေကာ သူ ကြည့်နေတာကို သတိထားမိဟန် မတူသော မြသားထည်ရဲ့ဝိုင်းကို ခပ်နက်နက် စိုက်ကြည့်နေမိသည်။ ရှားပါးရဲ့မိထွေးနဲ့မြသား၊ နောက်ပြီးတော့ ဟိုကောင်လေး။ သူဟာ အဲဒီတွေ့ဆုံခြင်းရဲ့အနောက်က ဝှက်ဖဲတစ်ချပ်ကို သိချင်လာမိသည်။

သူ အထင်မှားနေတာလား။

သူရိက တစ်ချိန်တည်းမှာပင် အတွေးစများစွာဖြင့် သူ့စိတ်ထဲမှာ ဖွတ်မေ့ထားတဲ့ ရှားပါးရဲ့မျက်နှာကို မြင်ယောင်လာမိသည်။ ဘာတွေလဲ။ သူရိက ရှားပါး ဘာတွေများ လုပ်နေမလဲဆိုတဲ့ သိချင်စိတ်နဲ့အတူ ဆိုင်ထဲကပြန်ထွက်လာကာ ရှားပါးတို့ရပ်ကွက်ကို သွားခဲ့မိသည်။

ရှားပါးတို့အိမ်နှင့် မလှမ်းမကမ်းမှာ သူ အခြေအနေစောင့်ကြည့်မိ၏။ မမြင်ရတာကြာပြီဖြစ်သော ရှားပါးသည်အိမ်ရှေ့ကွပ်ပျစ်လေးမှာထိုင်၍ ဆန်ရွေးနေတာဖြစ်သည်။ ရှားပါးရဲ့





မျက်နှာလေးဟာ သူ့ကို သစ္စာဖောက်တယ်လို့ မထင်ရလောက်အောင်ကို အပြစ်ကင်းစင်နေလေသည်။

သူရိက သူမျက်စိမှောက်အောင် ရှုပ်ထွေးနေတဲ့ ပဟေဠိတစ်ခုကို ဖော်ထုတ်ဖို့အတွက် သူဟာ ရှားပါး မိထွေးကို မေးမှဖြစ်မည်ဟု ဆုံးဖြတ်လိုက်သည်။ ဒေါ်ခင်မျိုးအေးကို ချိန်းဖို့ဆိုတာ ရှားပါးကော မြသားပါ မသိမှ ဖြစ်လိမ့်မည်။ သူရိက ရှားပါးတို့အိမ် မလှမ်းမကမ်းက "ဖုန်းပြောနိုင်သည်"ဆိုတဲ့ ဆိုင်းဘုတ်လေးမှာ ရေးထားတဲ့ ဖုန်းနံပါတ်ကိုမြင်လျှင် အဲဒီနံပါတ်ကို ချက်ချင်း ဖုန်းထဲ save လုပ်လိုက်သည်။

"ဒေါ်ခင်မျိုးအေးကို ဖုန်းဆက်ချိန်းလိုက်တာ အကောင်းဆုံးပဲ"

သူရိက အဲဒီဝှက်ဖဲကို ဖော်ထုတ်ဖို့ ဒေါ်ခင်မျိုးအေးကို target (ပစ်မှတ်)အဖြစ် ချိန်ရွယ်လိုက်သည်။

❤ ❤ ❤



www.burmeseclassic.com

"ဟို ... ဟို ... အခေါ်ကို ဖုန်းဆက်ချိန်းတာ ဘာကိစ္စများပါလိမ့်ကွယ်"

သူက ဒေါ်ခင်မျိုးအေးကို ခပ်တင်းတင်း စိုက်ကြည့်ရင်း အကဲခတ်လိုက်သည်။ သူ အခုလို ခေါ်တွေ့တယ် ဆိုကတည်းက ဒေါ်ခင်မျိုးအေးက အထိတ်ထိတ် အလန့်လန့် ဖြစ်နေတယ်ဆိုတာ ဖုန်းပြောကတည်းက သူ သတိထားမိတာဖြစ်သည်။

"ဟိုတစ်နေ့က ခင်ဗျားရယ်၊ မြသားထည်ရယ် နောက်ပြီးတော့ ရှားပါးနဲ့ ဘွဲ့နေတဲ့ကောင်ကို ကျုပ် ဒီမှာပဲ တွေ့ခဲ့တယ်။ ခင်ဗျားတို့သုံးယောက်ဆိုင်ပြီး ဘာစကားတွေများပြောစရာရှိနေလို့လဲ ဒေါ်ခင်မျိုးအေး"

သူ့ရဲ့အတိအကျ မေးခွန်းကြောင့် ဒေါ်ခင်မျိုးအေးက တုန်လှုပ်သွားကာ မဝံ့မရဲ မျက်နှာထားဖြင့် သူ့ကိုကြည့်ကာ ငြင်း၏။





"မ ... မဟုတ်ပါဘူး။ သူဌေးလေး အမြင်မှားတာ ဖြစ်ပါလိမ့်မယ်"

တမင်တကာကြီးကို ဖြောင်လိမ်နေတယ်ဆိုတာ သိသာတာကြောင့် သူရိက ဒီအတိုင်း မေးလို့မထွက်တဲ့ အဖြေကို ငါးထောင်တန် နှစ်အုပ်ထုတ်ကာ ဒေါ်ခင်မျိုးအေး ရှေ့သို့တွန်းထုတ်လိုက်၍ ...

"ရော့ ... အဲဒီပိုက်ဆံ ဆယ်သိန်း ခင်ဗျားယူ။ ခင်ဗျားတို့ ဘာအကြံအစည်တွေ ရှိနေကြတာလဲဆိုတာ ပြောပြပါ။ အေး ... မပြောဘူး ဆိုရင်တော့ ကျုပ် ရှားပါးကို ပြောပြပြီး ဒီပြဿနာအမှန် ဘာဆိုတာကို ဖော်ထုတ်ပစ်မှာနော်။ အဲဒီတော့ ခင်ဗျား အမှန်အတိုင်း ပြောပြပါ။ မြသားထည်နဲ့ ခင်ဗျားတို့ကြားမှာ ဘာအကန့်တွေ ရှိနေတာလဲ"

သူက ခပ်မာမာလေသံဖြင့် ခြိမ်းခြောက်မေးလိုက်လျှင် ဒေါ်ခင်မျိုးအေးက မျက်စိပျက် မျက်နှာပျက်ဖြင့် တော်တော်ကို အပြောရ ခက်နေ၏။ မပြောမဖြစ် ပြောပြရတော့မယ့် အခြေအနေမျိုး ဖြစ်နေပြီမို့ ငြင်းလို့မရတော့ဘဲ မဝံ့မရဲလေသံဖြင့် ပြောပြတော့သည်။



www.burmeseclassic.com

"ဒီ ... ဒီလိုပါကွယ်။ တကယ်တော့ ရှားပါးက အိမ်ထောင် မရှိပါဘူး"

သူ့ရိက အဲဒီဝန်ခံချက်အတွက် အရမ်းကို အံ့အားသင့် တုန်လှုပ်သွားရသည်။ ရှား ... ရှားပါးက အိမ်ထောင်မရှိဘူး။ ဒါဆို။

"ဗျာ ... ဒါ ... ဒါဆို ခင်ဗျားတို့က"

"ဟို ... အဒေါ်ရှင်းပြပါ့မယ်။ အဖြစ်မှန်က ..."

ဒေါ်ခင်မျိုးအေးက အမှန်တရားတစ်ခုဆီသို့ နောက်ကြောင်း ပြန်လှည့်ပေးမှုကို သူက အသည်းအသန် နားစွင့်နေမိသည်။

❤ ❤ ❤





# "နောက်ကြောင်းပြန်"

www.burmeseclassic.com

"အအေးလေး သောက်လိုက်ပါဦး။ ရှားပါးရဲ့ သူဌေးမကိုယ်တိုင် ဒီအထိ လာတယ်ဆိုတော့ ဘာကိစ္စများ ရှိလို့ပါလိမ့်"

မြသားက အပြုံးတစ်ခုဖြင့် ဒေါ်ခင်မျိုးအေးကို ခေါင်းဆတ်ပြလိုက်ရင်းကမှ intro စဝင်လိုက်သည်။

"ဒီဘက်ကို လမ်းကြုံဝင်လာတာပါ။ အိမ့်ကိစ္စ အဆင်ပြေသွားပြီမှလား"

"အဆင်ပြေသွားတာပေါ့။ ဒါတွေ အားလုံးက ဟောဒီ သူဌေးမလေး မမြသားရဲ့ကျေးဇူးကြောင့်ပါကွယ်။ အခုကော အဒေါ် ဘာများကူညီပေးရမလဲ"

မြသားက ရှားပါးမိထွေးရဲ့ အကင်းပါးမှုကို သဘောတကျ ဖြစ်သွားလေသည်။ ဒီအမျိုးသမီးဟာ မြသား ကောင်းကောင်း



www.burmeseclassic.com

control လုပ်လို့ ရနိုင်တယ်ဆိုတာ အကဲခတ်မိသွားတာကြောင့် မြသားက စကားစလိုက်တော့သည်။

"ကျွန်မ ဒေါ်လေးကို ပွင့်ပွင့်လင်းလင်း ပြောလို့ရမလား"

"ရပါတယ်။ ရပါတယ်။ ပွင့်ပွင့်လင်းလင်းပြောပါ။ အဒေါ် ဘာလုပ်ပေးရမလဲ။ ပြောပါကွယ်"

မြသားက လိုရင်းမရောက်ခင် သိချင်တာကို အရင်ဆုံး မေးလိုက်တော့သည်။

"ရှားပါးနဲ့ အဒေါ်က အတူနေကြတာ ကြာပြီလား"

"အင်း ... ရှားပါး ရှစ်တန်း, ကိုးတန်း အရွယ်လောက် ကတည်းကပေါ့"

"ဪ ... ကြာပြီပဲ။ ဒါဆို အဒေါ်က ရှားပါးအကြောင်း အားလုံးသိမှာပေါ့နော်"

"သိတာပေါ့။ ဘာ ... ဘာဖြစ်လို့လဲဟင်"

မြသားက ကိုယ်သိချင်တဲ့ကိစ္စ သိရဖို့အတွက် အရင်ဆုံး ရှားပါးရဲ့မိထွေးကို မေးခွန်းတွေ စထုတ်လိုက်တော့သည်။





"ဒီလို အဒေါ်ရဲ့။ ကျွန်မ သိချင်တာက ရှားပါးဘဝမှာ နာမည်ပျက် သိက္ခာကျ အဲဒီလို ဖြစ်ရပ်မျိုးများ ရှိခဲ့ဖူးသလား"

"အမယ်လေး ရှိတာပေါ့။ သိပ်ရှိတာပေါ့။ ရှားပါး ဆယ်တန်းအောင်ပြီးတော့ သူ့ရည်းစား လင်းပြည့်နဲ့ခိုးရာလိုက်သွားတယ်ဆိုပြီး တစ်ရပ်ကွက်လုံး သတင်းကြီးသွားတာလေ"

မြသား ထင်ထားတာထက် ပိုကြီးနေတဲ့ သတင်းဖြစ်တာကြောင့် မြသားက ပို၍ကျေနပ်သွားရလေသည်။ မြသားက ဒီလောက်ဆို ဒီအမျိုးသမီးကို ကောင်းကောင်းကြီး အသုံးချလို့ရပြီဆိုတာ သိလိုက်ပြီမို့ ချုပ်ဆေးထည့်တဲ့အနေဖြင့် ငါးထောင်တန်တစ်အုပ် ထုတ်လိုက်ကာ ဒေါ်ခင့်မျိုးအေး လက်ထဲ ထည့်ပေးလိုက်သည်။

"အဒေါ် သုံးချင်ရာ သုံးလို့ရတာပေါ့။ အဲဒီအကြောင်း ကျွန်မကို ပြောပြပါ။ အဲဒီအတွက် အဒေါ် မနစ်နာစေရပါဘူး"



www.burmeseclassic.com

ဒေါ်ခင်မျိုးအေးက လက်ထဲကိုရောက်လာတဲ့ မက်လောက်စရာ ငွေတစ်ထပ်ကြောင့် မဖုံးနိုင် မဖိနိုင် အားရဝမ်းသာဖြစ်နေပုံရသည်။ ပြောမယ် ဆုံးဖြတ်ပြီးမှ အနည်းငယ်တွန့်သွားကာ မြသားကို မရွံ့မရဲ တစ်ချက်ကြည့်ရင်း ...

"ဟို ... ဟို ... ပြဿနာတစ်ခုခုများ"

ကြောက်ကြောက်လန့်လန့် မေးခွန်းအတွက် မြသားဟာ အပြုံးတစ်ခုဖြင့် ပြန်ဖြေပေးလိုက်သည်။

"ဘာမှ စိတ်မပူပါနဲ့၊ ကျွန်မမှာ အကြောင်းရှိလို့ မေးတာပါ။ ကဲ ... ပြောပါဦး"

မြသားကို ဒေါ်ခင်မျိုးအေးက တစ်ဖန် အကဲပြန်ခတ်ရင်းကမှ ခေါင်းတစ်ချက် ဆတ်ပြကာ စပြောလေတော့သည်။

"ဒီလိုပါ။ ရှားပါး ရည်းစား လင်းပြည့်က ဟိုဘက်ရပ်ကွက်မှာ နေတယ်လေ။ အဲဒါ တစ်နေ့ သူတို့ သူငယ်ချင်းတွေ ပဲခူးဘုရားစုံဖူးရင်း လမ်းမှာ ကားပျက်ပြီး ညအထိ ပြန်မရောက်လာကြတော့ ရပ်ကွက်ထဲက ရှားပါး လင်နောက်လိုက်ပြေးပြီပဲ သတ်မှတ်တာ။ ဒါပေမဲ့ မိုးလင်းခါနီး ပြန်ရောက်လာကြတယ်။ ပတ်ဝန်းကျင်ကတော့ သို့လောသို့လော ပြောကြတာပေါ့။ အဲဒါကတော့ ရှားပါးဘဝရဲ့ အကြီးဆုံး နာမည်ပျက်မှုပဲ"

မြသားက သဘောကျ ကျေနပ်စွာ ပြုံးလိုက်မိသည်၊ အဲဒီအဖြစ်အပျက်ကြီး ရှိနေခဲ့တာဟာ မြသားပဲ ကံကောင်းတာလား၊ ရှားပါးပဲ ကံဆိုးတာလား မပြောတတ်ချေ။ မြသားအတွက်ကတော့ အကြီးမားဆုံး အစီအစဉ်အတွက် အခိုင်ဆုံးသော အုတ်မြစ်တစ်ခု ဖြစ်လာနိုင်ပေသည်။

"အခုကော အဲဒီကောင်လေးက ဒီမှာပဲလား။ သူတို့အခြေအနေက"

"ဘယ် ... အဲဒီကိစ္စ ဖြစ်ပြီးကတည်းက ရှားပါးက ဖြတ်လိုက်တာ။ သူတို့ပြတ်သွားတာတောင် နှစ်နှစ်လောက်ရှိတော့မယ်။ လင်းပြည့်က ဟိုဘက်ရပ်ကွက်မှာပဲနေတာလေ"

မြသားက တိကျသေချာတဲ့ သတင်းကို အကောင်အထည် ဖော်နိုင်ဖို့အတွက် ခေါင်းထဲမှာ အလျင်အမြန်ပင် Plan တွေ ဆွဲလိုက်ကာ ဒေါ်ခင်မျိုးအေးကို ပြောလိုက်တော့သည်။





www.burmeseclassic.com

"ကျွန်မ အဲဒီကောင်လေးကို ရှားပါးကို ခဏနှောင့်ယှက်ပေးဖို့ သုံးချင်တယ်။ သူနဲ့တွေ့လို့ ဖြစ်မလား အဒေါ်"

"ဘယ်လို"

မြသားရဲ့ပွင့်လင်းဖြောင့်ကျတဲ့ စကားကြောင့် ဒေါ်ခင်မျိုးအေးက တအံ့တသြတွေဖြစ်ကာ မြသားကို ပြူးကြည့်သည်။ မြသားက ဒေါ်ခင်မျိုးအေးလို လူမျိုးကို သိပ်ရှည်ရှည်ဝေးဝေးရှင်းပြဖို့ မလိုဘဲ ရေလောင်းနိုင်ရင် ချုပ်နိုင်ပြီဆိုတာ သိနေတာကြောင့် ဒေါ်ခင်မျိုးအေး နားလည်လွယ်အောင် အတိုချုပ်ပြောလိုက်တော့သည်။

"ဒီလိုပါ။ ပွင့်ပွင့်လင်းလင်း ပြောပြရရင် ကျွန်မနဲ့လက်ထပ်မယ့် သူနဲ့ ရှားပါးက မရှင်းမရှင်း ဖြစ်နေကြတယ်။ ဒါကြောင့် ပြတ်သွားစေချင်တဲ့သဘောပါ။ အဲဒီလိုဖြတ်ဖို့အတွက် အဒေါ်နဲ့ အဲဒီကောင်လေးသာ ကူညီပေးမယ်ဆိုလုံးဝအကျိုးမယုတ်စေရပါဘူး။ ဘယ်လိုလဲ"

မြသား ဆိုလိုတာကို သိပ်နားမဝေးသော ဒေါ်ခင်မျိုးအေးက အင်မတန်မှ အကင်းပါး အထာနပ်သူပီပီ ရှည်ရှည်ဝေး





ဝေး တွေးတောမနေဘဲ မက်လောက်စရာ ပိုက်ဆံတွေကိုကြည့်ရင်း ခေါင်းညိတ်လိုက်ကာ ကတိစကားတစ်ခွန်း ဆိုလေ၏။

"စိတ်ချ ... အဒေါ် ကိုယ်တိုင် လင်းပြည့်နဲ့ ရအောင်ချိန်းပေးမယ်"

❤ ❤ ❤



www.burmeseclassic.com

"မမြသား ... သူက လင်းပြည့်ပါ။ လင်းပြည့် ... ဒါ ရှားပါးရဲ့သူဌေးမ။ ဒေါ်မြသားထည်တဲ့"

ဒေါ်ခင်မျိုးအေးရဲ့ မိတ်ဆက်ပေးမှုကြောင့် လင်းပြည့်ဆိုတဲ့ ကောင်လေးက မြသားကို ခေါင်းတစ်ချက်ဆတ်ပြသည်။ မြသားက မိုက်တိမိုက်ကန်း ဂျစ်တိဂျစ်ကန် ဒီဇိုင်းမျိုးပေါက်သော လင်းပြည့် ဆိုသော ကောင်လေးကို တစ်ချက် အကဲခတ်ကြည့်ကာ ...

"မင်းက ရှားပါးရဲ့ ချစ်သူနော်"

"ဟုတ်တယ်ဗျ။ အဲဒီကိစ္စတွေ အားလုံး ဒေါ်လေး ပြောပြထားတယ်မှလား"

မြသားကိုတောင် ကြွပ်ဆတ်ဆတ် ပြန်ဖြေတာကြောင့် မြသားက သဘောတကျရှိစွာ ပြုံးလိုက်မိသည်။





"အိုခေ ... မင်းရဲ့ပုံစံနဲ့ဆို ဖြစ်ပါတယ်။ တို့ လိုရင်းပဲ ပြောမယ် လင်းပြည့်။ မင်း တို့စီစဉ်တဲ့အတိုင်း အလုပ်လုပ်ပေးနိုင်မလား။ အဲဒါဆို မင်း လိုနေတဲ့ ပိုက်ဆံအားလုံး အဆင်ပြေစေရမယ်"

မြသား စကားကြောင့် ချာတိတ်က ပြုံးစစမျက်နှာထားဖြင့် ခေါင်းဆတ်ပြကာ ...

"လက်ခံလို့ ဒီအထိ လိုက်လာတာလေ။ ကဲ ... ပြော ... ကျုပ်က ဘာလုပ်ပေးရမှာလဲ"

"အိုခေ ... ဒါဆို တို့ ပွင့်ပွင့်လင်းလင်း ပြောကြတာပေါ့။ မင်း လုပ်ပေးရမှာက ဘာမှမခက်ခဲပါဘူး။ မင်းတို့ရပ်ကွက်မှာ ကြားနေရတဲ့ သတင်းကို ဆက်ချဲ့ပေးလိုက်ဖို့ပဲ။ မင်းနဲ့ ရှားပါး ခိုးရာလိုက်ပြေးလိုက်တယ်။ လက်ထပ်ထားတဲ့ ပုံစံမျိုးနဲ့ မင်းက ရှားပါးကို နှောင့်ယှက်ပေးဖို့ပဲ။ ငါ သိစေချင်တဲ့သူရဲ့ အမြင်မှာ မင်းနဲ့ ရှားပါးက လက်ထပ်ထားတဲ့သူ အခြေအနေတစ်ခုကြောင့် ကွဲနေတယ်။ ရှားပါးကိုကျတော့ မင်းက ပြန်ပြီး ပတ်သက်ပေးရမယ်"



www.burmeseclassic.com

မြသားက အစီအစဉ်တွေ ပြောပြပြီးသောအခါမှာ လင်းပြည့်က သူ့ကို မှုန်ကုပ်ကုပ် ဒီဇိုင်းဖြင့် သူ့ကို ပြန်ကြည့်ရင်းက မေးခွန်းပြန်ထုတ်၏။

"ဘာဖြစ်လို့ ဒေါ်မြသားထည်က အဲဒီလို ဖန်တီးရတာလဲ"

"မင်းသိဖို့ မလိုဘူး။ မင်းလုပ်ရမှာက ရှားပါးနဲ့ ပြန်ပတ်သက်ပေးဖို့ပဲ။ အဲဒါဆို မင်းလိုနေတဲ့ပိုက်ဆံ ရစေရမယ်"

"ဟဲ့ … လက်ခံလိုက်လေ လင်းပြည့်ရဲ့။ ဒါ ဘာများခက်ခဲတာမှတ်လို့။ နင့်မှာလည်း ရည်းစားရှိတာမှ မဟုတ်တာ။ နင် ငွေလိုနေတယ်မှလား။ အခွင့်အရေးဆိုတာ နှစ်ခါမသုံးရဘူးနော်"

ဒေါ်ခင်မျိုးအေးကပါ ဘေးကနေ တိုက်တိုက်တွန်းတွန်း ပြောပေးလျှင် လင်းပြည့်က တစ်ချက်တော့ စဉ်းစားသွားသည်။ ပြီးတော့မှ မြသားကို အပြုံးတစ်ခုဖြင့် ခေါင်းဆတ်ပြကာ …

"အိုခေဗျာ … အလုပ်ဖြစ်ပြီလို့သာ မှတ်လိုက်တော့"





မြသား လိုချင်တဲ့ အတိုင်းအတာကို ရောက်လာပြီမို့ မြသားက သဘောကျ ကျေနပ်စွာ ပြုံးလိုက်မိသည်။ ကျရှုံးခြင်းဆိုတာ မြသားရဲ့ဘဝမှာ ဘယ်တုန်းကမှ အရှုံးမခံခဲ့တဲ့အတွက် မြသား စိတ်ခံစားချက်တွေကိုလည်း အရှုံးမခံခဲ့ပေ။



www.burmeseclassic.com

## ပစ္စုပ္ပန်

"အဖြစ်မှန်က အဲဒါပါပဲ သူဌေးလေး"

သူရိကကြားခဲ့ရတဲ့ စကားလုံးတွေအတွက် သူ့နားတောင် သူ မယုံနိုင် ဖြစ်ရလေသည်။ ဘယ်လိုမှ ထင်မှတ်မထားတဲ့ အကွက်ချမှု ဖြစ်တာကြောင့် သူဟာ ရှားပါးကို ပက်ပက်စက်စက် လျစ်လျူရှုမိခဲ့တဲ့အပေါ် သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်ပေ။ အဲဒီလိုပဲ ဒီကိစ္စတွေရဲ့ ဖန်တီးသူ မြသားထည်ကိုလည်း သူ အသည်းပေါက်မတတ် ဒေါသဖြစ်ရလေသည်။

"ဒါတွေ အားလုံးဟာ မြသားထည်ရဲ့ စနက်တွေပေါ့လေ ဟုတ်လား"





"ဟုတ် ... ဟုတ်ပါတယ်။ သူက အဒေါ်လိုနေတဲ့ငွေကို ထုတ်ပေးခဲ့တာမို့ အဒေါ်ဘက်ကလည်း ပြန်ပြီး ဘာဝန်ကျေပေးရတဲ့ သဘောပါ"

"တောက်"

သူရိက အင်မတန်မှ ဆိုးဝါးလှသော မြသားထည်ကို ဒေါသဖြစ်မိသလို သူ့ရှေ့က ဒေါ်ခင်မျိုးအေးကိုလည်း ဆွဲဆိုးပစ်ချင်တဲ့ အထိကို စိတ်တိုရတာဖြစ်သည်။ သူက အသက်ရှူတွေမြန်လာကာ အရမ်းကို လှုပ်ရှားနေတဲ့ စိတ်ဒေါသတွေကို ဖွင့်ဖိနှိပ်ချုပ်ထိန်းနေရတာ ဖြစ်သည်။

"ဘာပဲဖြစ်ဖြစ် ခင်ဗျား မလုပ်သင့်တာကို လုပ်ခဲ့တာပဲ ဒေါ်ခင်မျိုးအေး။ မြသားထည် ဘယ်လောက်ပဲ ငွေတွေပုံပေးပေး ခင်ဗျား မလုပ်သင့်ဘူး။ ရှားပါးက ခင်ဗျားယောက်ျားရဲ့ သမီးအရင်းပါ။ မိန်းမချင်း ကိုယ်ချင်းစာတတ်တဲ့ စိတ်လေးရှိပြီး ခင်ဗျား ရှားပါးကို နာမည်ပျက်အရှက်ရအောင်တော့ မလုပ်သင့်ဘူး"

သူက ဒေါသတကြီးဖြင့် ပြောလိုက်လျှင် ဒေါ်ခင်မျိုးအေးက မျက်နှာငယ်လေးဖြင့် သူ့ကို ခေါင်းညိတ်ပြကာ ...



www.burmeseclassic.com

"အဒေါ်လည်း မလွှဲသာလို့ လုပ်ရတာပါ။ ရှားပါးက အဒေါ်နဲ့ မတည့်ဘူး ဆိုပေမယ့် ဒီကလေးကို အဒေါ် သံယောဇဉ်တော့ ရှိပါတယ်။ အဲဒါကြောင့် အဒေါ် အမှန် အတိုင်း ပြောပြခဲ့တာပါ ...

ရှားပါးဟာ ခိုးရာလိုက်ပြေးပြီးသား အိမ်ထောင်ရှိ မိန်းမလည်း မဟုတ်ပါဘူး။ ဘုရားဖူးအပြန် ကားပျက်လို့ မိုးလင်းခါနီးမှ အိမ်ပြန်ရောက်တာက သူ့ဘဝရဲ့အမည်း စက် ဖြစ်စေတဲ့ အချက်ဖြစ်သွားစေတာပါ"

"တောက် ... ခင်ဗျားဗျာ။ ကျစ် ... ဒီမှာ ဒေါ်ခင်မျိုးအေး။ ခင်ဗျားကို ကျုပ် သတိပေးလိုက်မယ်။ နောက်တစ်ခါ ရှားပါးကို အခုလိုမျိုး ဂုဏ်သိက္ခာကျ အရှက်ရစေမယ့်ကိစ္စ မျိုး ခင်ဗျားတို့ ထပ်ကြံစည်ဦးမယ်ဆိုရင် ကျုပ်ဘက်က လုံးဝခွင့်လွှတ်မှာ မဟုတ်ဘူး။ ခင်ဗျား အိမ်ဂရန်ခိုးပေါင် ထားတဲ့ကိစ္စ၊ အခုကိစ္စတွေ အားလုံးကို ကျုပ် ဖွင့်ချလိုက် မှာ။ ခင်ဗျားဘဝ တစ်စစီမဖြစ်သွားချင်ဘူးဆိုရင် လက် ရှောင်နေပါ ဒေါ်ခင်မျိုးအေး။ အဲဒါ ခင်ဗျားကို ကျုပ် နောက်ဆုံးအကြိမ် သတိပေးတာပဲ"





သူက ရှားပါးအတွက် အပြတ်ကြိမ်းမောင်းလျှင် ဒေါ်ခင်မျိုးအေးက မျက်လွှာအသာချကာ ခေါင်းညိတ်ပြ၏။

"ဟုတ် ... ဟုတ်ကဲ့ပါ"

သူ့ရိုက ဒေါ်ခင်မျိုးအေးကို တောက်တစ်ချက်ခေါက် လိုက်ရင်းကမှ အပြုံးတွေဖြင့် သူ့ကို အယုံသွင်းသတ်တဲ့မိန်းမရဲ့ မျက်နှာကို မြင်ယောင်လို့ လာလေသည်။ မင်းဘယ်လောက်အထိ ကြိုးကိုင်နိုင်မလဲ ငါ ကြည့်ရသေးတာပေါ့ မြသားထည်ရာ။

❤ ❤ ❤



www.burmeseclassic.com

# ( ၂၂ )

မြသားရဲ့အခန်းတံခါးကို လာခေါက်တာမို့ မြသားက ကြည်နူးနေတဲ့ အတွေးစလေးကိုဖြတ်ကာ ဝင်ခဲ့ဖို့ ပြောလိုက်လျှင် ဒေါ်လေးက အခန်းထဲ ဝင်လာ၏။

"မြ ... တယ်ငြိမ်နေပါလား။ အလုပ်ပိတ်ရက်လေး အိမ်တွင်းအောင်လို့။ ရော့ ... ကော်ဖီသောက်ဦး"

ဒေါ်လေးက စားပွဲပေါ် ကော်ဖီခွက်တင်ပြီးလျှင် မြသားဘေးသို့ ဝင်ထိုင်လိုက်ကာ မြသားကို အပြုံးဖြင့် အကဲခတ်ကြည့်တာကြောင့် မြသားက သဘောတကျ ရယ်လိုက်ရင်းက ပြန်ဖြေလိုက်တော့သည်။





"ငြိမ်နေတာ မဟုတ်ပါဘူး ဒေါ်လေးရဲ့၊ မြသားက ကြည်နူးနေတာ။ ကိုနေက မင်္ဂလာပွဲမှာဝတ်ဖို့ ဒီဇိုင်းဆွဲပြီး ကိုယ်တိုင်ချုပ်ပေးမယ်ဆိုတော့ ဘယ်လောက် ရင်ခုန်ဖို့ ကောင်းသလဲလို့"

"ကောင်းပါတယ်တော်။ ညည်းတို့လည်း မြန်မြန်ယူမှပဲ။ တကတဲ တစ်နေ့ ဟစ်နေ့ ကိုနေ မပါရင် စကားမပြောတတ်တော့ဘူး"

ဒေါ်လေးရဲ့ အငေါ့တူးစကားကြောင့် မြသားက ပျော်ရွှင်ကျေနပ်စွာ ရယ်မောလိုက်ရင်းက ဒေါ်လေးကိုဖက်ကာ...

"ဒေါ်လေးကလည်း ဒီလို အခြေအနေထိ ရောက်လာဖို့ မြသားဘက်က ပေးဆပ်ခဲ့ရတာတွေလည်း ကြည့်ဦးလေ။ မြသားအတွက် ကိုနေက သိပ်အရေးပါတယ်"

"အေးဟယ် ... မြအတွက် သိပ်စိတ်ချရတဲ့ ဘော်ဒီဂတ်တစ်ယောက်ကိုတော့ ဆုံးရှုံးရတာပေါ့။ ဒါနဲ့ ရှားပါးကော ဆက်သွယ်သေးလား"

ဒေါ်လေး ရှားပါးအတွက် နမြောနေတဲ့ လေသံကြီးဖြင့် ပြောလေလျှင် မြသားက ဟက်ခနဲ တစ်ချက်ရယ်ရင်းက ခေါင်းခါပြကာ ...



www.burmeseclassic.com

"ဟင့်အင်း။ အဲဒီကောင်မလေးက မာနတော့ ရှိတယ်။ မြသားက ငါတို့ပတ်ဝန်းကျင်မှာ မမြင်ချင်ဘူး ပြောထားတော့ လုံးဝကို မတွေ့တော့ဘာ။ ဟင်း ဟင်း ... မလွမ်းလောက်ပါဘူး ဒေါ်လေးရယ်။ စိတ်ချရတယ် ဆိုတာက ကော ဘာလဲ။ မြသား နောက်ကျောကို ဓားနဲ့ထိုးသွားကာပဲဟာ"

မြသားက ခဏလေး ရှောင်ပေးလိုက်တဲ့ အချိန်မှာ ချစ်သူတွေ ဖြစ်သွားတယ် ဆိုကတည်းက ရှားပါး အပေါ်ထားမိတဲ့ သံယောဇဉ်က ပြတ်သွားခဲ့တာဖြစ်သည်။ မြသားရဲ့အသည်းနှလုံးကို လုချင်တဲ့ မိန်းမဟာ နောက်ဆုံး ကြေကွဲရမယ်ဆိုတာ မြသားက သင်ခန်းစာပေးပြီးခဲ့ပြီဖြစ်၏။

ရှားပါးလို အမှုန်လေးလောက်ကတော့ မြသားထည်တို့က လေတစ်ချက်မှုတ်ရုံနဲ့ ကမ္ဘာ့အပြင်ဘက် လွင့်သွားစေနိုင်ပါသည်။

❤ ❤ ❤





ခြံထဲကို ကိုနေရဲ့ BMW X5 ကားကြီး ဝင်လာတာနှင့် မြသားက ရင်ခုန်ကြည်မွေ့သော ခံစားမှုတို့နှင့်အတူ အိမ်တံခါးဝကနေ ကိုနေ့ကို ထွက်ကြိုနေ၏။ ပေါ်တီကိုအောက်မှာ ကားရပ်ကာ ကားပေါ်က ဆင်းလာလျှင် မြသားက ကိုနေ့လက်မောင်းကို တွဲချိတ်၍ ဝင်လာတော့သည်။

"ကိုနေ လာမယ်ဆိုလို့ မြသားက မနက်ကတည်းက စောင့်နေတာ။ ထမင်းစားပြီးမှ ပြန်ရမယ်နော်"

"ကိုယ် အဲဒီလောက်တော့ အချိန်မရတော့ဘူး မြသားရဲ့။ စက်ရုံခဏ သွားရဦးမယ်။ အခုတောင် မြသားအတွက် ဝတ်စုံ fittig ချလို့ရအောင် လာပို့ပေးတာ"

မြသားက ထမင်းအတူ မစားနိုင်ဘူးဆိုပေမယ့် မြသားရဲ့သတို့သမီးဝတ်စုံ မျက်နှာကြောင့် ကိုနေ့ကို လျှော်ပေးလိုက်တဲ့သဘောမျိုးဖြင့် မျက်စောင်းအသာကဲကြည့်ရင်းက ...



www.burmeseclassic.com

"ကိုနေကတော့ လုပ်ပြီနော်။ ကဲပါ ... ပြပါဦး။ မြသား အတွက် ကိုနေ့ရဲ့ဒီဇိုင်း။ သတို့သမီးဝတ်စုံအတွက် မြသား ရဲ့ ကိုနေတော့ သိပ်ပင်ပန်းနေမှာပဲနော်"

မြသားက ခပ်ချွဲချွဲလေး ပြောလိုက်လျှင် ကိုနေက ပြုံးရုံသာပြုံး၍ ဝတ်စုံအိတ်ကို ဖစ်ဖွင့်လိုက်၏။ ဒေါ်လေးက ကိုနေ့အတွက် အအေးစီစဉ်ကာ ထွက်လာရင်းက လှမ်းပြော၏။

"အမယ်လေး ... မြသားတို့ရဲ့အသံ နောက်ဖေးကတောင် ကြားရတယ်။ တော်တော် ပျော်နေတာ။ သားရေ ... မင်း မြသားကတော့ မင်းဖန်တီးတဲ့ ဝတ်စုံကို တော်တော့်ကို ညွှန်းနေတာနော်။ ကဲ ... ကဲ ... ကြည့်ရအောင်"

မြသားက ကိုနေ ဖစ်ဖွင့်ကာ အဖုံးလှန်လိုက်လျှင် မြင်လိုက်ရသည့် သတို့သမီးဝတ်စုံလေးကြောင့် အရမ်းပဲ အံ့အား သင့်ကာ သဘောကျသွားရတော့သည်။

"အမယ်လေး ... အရမ်းကိုလှတာပဲ။ ကိုနေ အရမ်းတော် တာပဲ။ ကြည့်စမ်းပါဦး ဒေါ်လေးရယ်၊ လှလိုက်တာနော်"

"ဟုတ်ပါ့ဟယ်၊ ချစ်စရာ ကောင်းလိုက်တာ။ မြသားနဲ့ဆို သိပ်လိုက်မှာပဲ"





ဒေါ်လေးကပါ comment ပေးလျှင် မြသားက အရမ်းကို ကျေနပ်ပျော်ရွှင်သောစိတ်ဖြင့် စိတ်စုံလေးကို မ,ယူလိုက် ကာ ...

"မြသား သွားဝတ်ကြည့်လိုက်ဦးမယ်လေ"

မြသားက အင်္ကျီဝတ်ဖို့ စိုင်းပြင်းစဉ် ကိုနေက မြသား လက်တစ်ဖက်ကိုဆွဲကာ ...

"ခဏလေး နေပါဦး မြသားရဲ့။ ကိုယ် မင်းကို ပြောစရာ လေးရှိလို့"

"အင်း ... ကိုနေ ပြောလေ"

မြသားက နေရာမှာ ပြန်ထိုင်ကာ ကိုနေ့ ပြောစကား ကိုစောင့်လျှင် ကိုနေက ချက်ချင်းမပြောသေးဘဲ ဒေါ်လေးကို အသာငဲ့ကြည့်၏။ ဒေါ်လေးက အင်မတန်မှ အလိုက်သိစွာ ချက် ချင်းကို ရှောင်ပေးလေသည်။

"ကဲ ... ကဲ ... အေးအေး စကားပြောကြဦး။ ဒေါ်လေး ဟင်းအိုးသွားချလိုက်ဦးမယ်"

ဒေါ်လေး နောက်ဖေးထဲ ဝင်သွားမှ မြသားက အထူးအဆန်း ဖြစ်နေသော ကိုနေ့ကို တစ်ချက်ကြည့်ကာ မေး ဆတ်ပြရင်း ...



www.burmeseclassic.com

"ကိုနေ ဘာပြောမလို့လဲ"

မြသားရဲ့အမေးကို ချက်ချင်းပြန်မဖြေဘဲ ကိုနေက တစ်မျိုးသောမျက်ဝန်းဖြင့် မြသားကို စိုက်ကြည့်နေ၏။ မြသား စိတထဲ ရင်ခုန်သလို ဖြစ်လာကာ ကိုနေ့ကို မျက်စောင်းတစ်ချက် ထိုးလိုက်ရင်းကမှ ...

"ကိုနေ ... ဘာလို့ ဒီလောက်တောင် စိုက်ကြည့်နေရတာ လဲ။ ပြောစရာရှိတာ ပြောလေ"

"ဘာပြောစရာရှိလဲဆိုတော့ ... အင်း ... ဟိုဟာ။ မြသား နဲ့ အဲဒီသတို့သမီးဝတ်စုံ သိပ်လိုက်ဖက်မယ်လို့ ထင်တယ် လို့ ပြောမလို့ပါ"

မြသားက ကိုနေ့ စကားကြောင့် ရင်ထဲမှာ အတိုင်း မသိ ကြည်နူးသွားကာ ပြုံးလိုက်ရင်း ...

"ကိုနေကတော့ အရမ်းပြောတတ်တာပဲ။ ဟင်း ဟင်း ... ကဲပါ။ အကျီသွားဝတ်ကြည့်လိုက်ဦးမယ်"

မြသားက သတို့သမီးဝတ်စုံအိတ် လှမ်းအယူမှာ ကိုနေက မြသားရဲ့လက်ကို ဖမ်းဆုပ်ကိုင်လိုက်တာမို့ မြသားက ဒီနေ့မှာ နည်းနည်းထူးဆန်းနေတဲ့ ကိုနေ့ကို ကြည့်ကာ ဘာလဲ





ဆိုသော သဘောဖြင့် မေးဆတ်ပြလျှင် ကိုနေက အဓိပ္ပာယ်ပါ သော မျက်ဝန်းတို့ဖြင့်ကြည့်၍ ...

"ဝတ်စုံက မြသား တစ်ယောက်တည်းဝတ်ဖို့ အဆင်မပြေ လောက်ဘူး၊ ဘေးမှာ အကူလိုလိမ့်မယ်။ ဒါနဲ့ မြသားကို ကိုယ် တစ်ခုမေးချင်လို့"

"အင်း ... မေးလေ"

"အခု နောက်ပိုင်း မြသားရဲ့ဘော်ဒီဂတ်ကို မတွေ့ဘူး နော်"

မြသား ရင်ထဲမှာ လှပ်ခနဲ ဖြစ်သွားကာ လက်ဖျား တို့က ချက်ချင်း အေးစက်လို့သွားလေသည်။ အခုမှ ရုတ်တရက် ကြီး ကိုနေက ဘာကိစ္စ ရှားပါးကို မေးလာရတာလဲ။ မြသားက ရင်ထဲက အကြိတ်အခဲ စိုးရိမ်မှုကို အမြန်ဖုံးကွယ်ရင်းက ဟန် မပျက် ပြန်ဖြေလိုက်သည်။

"ကိုနေက ဘာလို့မေးတာလဲ။ သူ အလုပ်ထွက်သွားပြီ လေ"

မြသား စကားအဆုံးမှာ ကိုနေက မျက်ခုံးတစ်ချက် ပင့်လိုက်ရင်းက ဆက်ပြော၏။



www.burmeseclassic.com

"မြသား သိပ်အားကိုးရတဲ့ လက်ရုံးတစ်ယောက်မို့ မမြင်မိလို့ မေးကြည့်တာပါ"

စိတ်ထဲမှာ ဒေါသလှိုင်းတစ်ခုကတော့ ပုတ်ခတ်သွားရပြီဖြစ်သည်။ မြသားဘက်က ဝိရိသေသပ်စွာ လက်စသတ်ခဲ့တဲ့အတွက် ဘာမှ စိတ်မလုံစရာတော့ မရှိပေမယ့် အရင်ကမမေးဘဲအခုမှ မေးတဲ့အပေါ်ကို မြသားက သိပ်တော့ဘဝင်မကျချေ။ ကိုနေ့ရဲ့ စိတ်အာရုံ အားလုံးက မြသားတစ်ယောက်အတွက်ပဲဖြစ်စေချင်သည်။ မြသားက ပညာရှိဆန်ဆန် ကိုနေ့ကို သတိပေးလိုက်၏။

"ကိုနေက မြသား လက်ထပ်မယ့်သူဆိုတာ သူသိသွားလို့ အလုပ်ထွက်သွားတာ နေမှာပေါ့။ ကိုနေ ... မြသား နားလည်မှုပေးတာကို အခွင့်ကောင်းမယူပါနဲ့"

"ဆောရီး ... ကိုယ်က ဒီအတိုင်းပဲ မေးတာပါ။ ဘယ်လိုသဘောတရားမှ မပါပါဘူး"

ကိုနေ့ ဖြေရှင်းချက်စကားသံက လျောင်သလိုကြီးမို့ မြသားက အလိုမကျပေမယ့် စိတ်လျှော့လိုက်ကာ သတို့သမီးဝတ်စုံမှာပဲ အာရုံစိုက်လိုက်တော့သည်။





"ကိုနေ ... ခဏလေးစောင့်နော်။ မြသား ဝတ်ပြမယ်"

မြသားက အိမ်ထဲဝင်လာကာ သတို့သမီးဝတ်စုံဝင်လဲ၏။ အရမ်းကို talent ရှိတဲ့ ကိုနေ့ရဲ့ ချစ်သက်လက်ဆောင်မို့ ဝတ်ဆင်လိုက်သည့်အခါ မြသားက နတ်သမီးလေးအလားထင်မှတ်မှားရလောက်အောင် ကိုယ့်ကိုယ်ကိုယ် ကြည်နူးပီတိဖြစ်ရတာဖြစ်သည်။ မြသားက ကိုနေ့ကိုပြဖို့ အိမ်ရှေ့ကို ပြန်ထွက်လာကာ ကိုယ်ကို တစ်ပတ်လှည့်ပြလိုက်ရင်းကမှ ...

"ကိုနေ ... ဒီမှာကြည့်ပါဦး"

မြသားကို ကိုနေက အပြုံးတစ်ခုဖြင့် ငေးကြည့်နေကာ အေးတိအေးစက် ပြန်ဖြေလေသည်။

"လှပါတယ် မြသား။ မင်း အရမ်းကို လှပါတယ်"

ကိုနေ့ရဲ့ comment မှာ မြသားက အင်မတန်မှ ကြည်နူးပီတိ ဖြစ်ရလေသည်။ ဟား ... မြသားရဲ့စိတ်ကူးအိပ်မက်တွေ တကယ်ပဲ အကောင်အထည် ပေါ်တော့မှာလေ။

"မြသားရဲ့ဝတ်စုံအတွက် ကိုနေ ဘယ်လောက်ကြိုးစားအားထုတ်ရသလဲဆိုတာ ဒီဝတ်စုံလေးရဲ့ လှပမှုက သက်သေပဲ"



www.burmeseclassic.com

မြသားကတော့ အင်မတန်မှ ကြည်နူးပျော်ရွှင်ရလေသည်။ သစ္စားမွှေးရောင် ဝါနုနု မြန်မာဆန်သော ထိုင်မသိမ်းသတို့သမီးဝတ်စုံဟာ မြသားအတွက်တော့ အင်မတန်မှ အဖိုးကြီးထိုက်လှသော ဝတ်စုံဖြစ်လေသည်။





( ၂၃ )

"သား ... မင်း ဘာပြောမလို့လဲ"

သူရိက ဖေဖေ့ကို တစ်ချက် အကဲခတ်ကြည့်လိုက်သည်။ ဖေဖေက တော်တော်လေးကို ကျန်းမာရေးပြန်ကောင်းလာပြီဖြစ်တာကြောင့် သူက အချိန်ဆွဲနေလို့ ဘယ်လိုမှ မဖြစ်နိုင်တဲ့ ကိစ္စတစ်ခုကို ဖွင့်ဟကြေညာလိုက်၏။

"သား... မြသားထည်နဲ့ လက်မထပ်နိုင်ဘူးဆိုတာ ဖေဖေ့ကို အသိပေးတာ"

"ဘာကွ ... မင်း ... မင်း ... မိုက်ရိုင်းလှချည်လား။ စီစဉ်ပြီးသား ကိစ္စတစ်ခုကို ဖျက်လို့ရသလား။ ငါတို့ကို ခွေးဖြစ်အောင် လုပ်တာလား နေသူရိ"



www.burmeseclassic.com

သူစကားအဆုံးမှာ ဖေဖေက ထင်ထားသလိုပင် ဒေါသမိတွေ မီးကုန်ယမ်းကုန် ပေါက်ကွဲတာမို့ ဒေါ်လေးက ကြားထဲက ဖျန်ဖြေပေးရတော့သည်။

"ခဏနေပါဦး အစ်ကိုကြီးရယ်။ ညီမလေး မေးပါရစေဦး။ သားနေ ... အဲဒါ ဘာလုပ်တာလဲ။ ဒေါ်လေးတို့ဘက်က စကားလွန်ထားပြီးပြီလေ။ သားနဲ့ မြသားကြားမှာ ဘာ မပြေလည်တာ ရှိလို့လဲ။ မပြေလည်ဘူးဆိုလည်း ..."

"ဘယ်လိုမှ ညှိနှိုင်းလို့ မရတော့တဲ့ အခြေအနေပါ ဒေါ်လေး။ ဘယ်လိုမှလဲ မဖြစ်နိုင်ဘူး"

သူက ဒေါ်လေး စကားမဆုံးခင် အပြတ်ပြောလိုက်လျှင် အဖေက သူ့ကို ဒေါသတကြီးဖြင့် ထအော်တော့တာဖြစ်သည်။

"နေသူရိ ... မင်း မိုက်ရိုင်းနေတာလား"

"ကျွန်တော်ပြောတာ နားထောင်ပေးပါ ဖေဖေ။ ကျွန်တော့်မှာ ချစ်သူရှိတယ်။ ကျွန်တော်နဲ့ ကျွန်တော့်ချစ်သူကြားမှာ ပြဿနာတွေဖြစ်အောင် ဖန်တီးခဲ့တာဟာ မြသားထည်ပဲ ဖေဖေ။ သူ့ရဲ့လုံးဝခွင့်မလွှတ်နိုင်စရာ အချက်ကတော့





ကျွန်တော့်ချစ်သူ ဂုဏ်သိက္ခာကျဆင်းစေအောင် သူ လုပ်ကြံဖန်တီးခဲ့တာပါပဲ ...

ကျွန်တော့်ဘက်က မြသားထည်နဲ့ လက်ထပ်ဖို့ကိစ္စကို လူကြီးတွေ ဆန္ဒကြောင့် ခေါင်းညိတ်ခဲ့တယ် ဆိုပေမယ့် ကျွန်တော်ကိုယ်တိုင်က မြသားထည်ဟာ ကျွန်တော့် ဘဝရဲ့လက်တွဲဖော်ကောင်း ဖြစ်မယ်လို့ ယုံကြည်မိလို့ပါ။ အခုတော့ သူဟာ ကျွန်တော် ဘယ်လိုမှ သက်ခံလို့မရနိုင်တဲ့ လက်တွဲဖော်မျိုး ဖြစ်နေပါတယ်။ အဲဒါကြောင့် ကျွန်တော် ငြင်းတာပါ"

သူရိက အနိုင်အမာကို ပြောလိုက်လျှင် ဖေဖေက ဒေါသအရှိန်တော့ လျော့သွားကာ သူ့ကို ဆုံးဖြတ်ရခက်တဲ့ မျက်ဝန်းတွေဖြင့်ကြည့်၏။

"ဒါပေမဲ့ သူ ဘယ်လောက်ပဲ အပြစ်လုပ်လုပ် သားဘက်က ပဲ့ပြင်ထိန်းကျောင်းပေးသင့်တယ်လေ။ သူဟာ သားလက်ထပ်မယ့် မိန်းကလေးပဲ"

ဖေဖေ့စကားကလည်း မှန်သင့်သလောက် မှန်ပါသည်။ ဒါပေမဲ့ မြသားထည်ကို မနေ့က သူ အကဲခတ်ကြည့်ခဲ့



www.burmeseclassic.com

ပြီးပြီ။ သူ့ဘဝအတွက် ဘယ်လိုမှ မသင့်တော်တာကြောင့် သူ လက်တွဲဖြုတ်ဖို့ ဆုံးဖြတ်ခဲ့တာဖြစ်၏။

"အမှားတစ်ခုဟာ တစ်ကြိမ်မှားရင် ပြေသာနိုင်တယ် ဖေဖေ၊ ကျွန်တော် လက်ထပ်ပြီးမှ မှားပြီဆိုတဲ့အသိ နောက်တစ်ကြိမ် ထပ်ဝင်လာရင် ကျွန်တော့်တစ်သက်လုံး ယူကျုံးရတော့မှာ မဟုတ်ဘူး ...

ကျွန်တော့်ရဲ့ အနာဂတ်အတွက် စစ်မှန်တဲ့ အိမ်ထောင်ဖက်ကို သား စိတ်တိုင်းကျ ဆုံးဖြတ်ရွေးချယ်ခွင့် ပေးပါ ဖေဖေ။ ဒီကိစ္စမှာ လူကြီးတွေ ဝင်ပါဖို့ မလိုပါဘူး။ ကျွန်တော့်ဘာသာ ဖြေရှင်းပါ့မယ်။ ကျွန်တော် မြသားထည်ကို လက်မထပ်နိုင်ဘူးဆိုတာကိုပဲ အဖေနဲ့ ဒေါ်လေးကို အသိပေးတာပါ။ ကျွန်တော့်ကို ခွင့်ပြုပေးပါ"

သူ့ရဲ့ချက်ကျလက်ကျ ရှင်းပြမှုကြောင့် ဖေဖေက ဘာမှဆက်မပြောတော့ပေမယ့် သူ့ကို စိတ်ပျက်စွာ ထထွက်သွားလေသည်။ ဒေါ်လေးကတော့ သူ့ပခုံးကို ခပ်ဖွဖွလာဖုတ်ပေး၍...

"သား ရွေးချယ်မှု မမှားဖို့ပဲ ဒေါ်လေး ဆုတောင်းပါတယ်။ သားမှာ အစွမ်းအစ အပြည့်ရှိထားပြီးသားပဲဟာ"





သူရိုက ဒေါ်လေးရဲ့ အားပေးစကားကြောင့် ရှေ့ဆက်ရမယ် အနာဂတ်အတွက် အားအင်တွေ ပြည့်ဝလာခဲ့သည်။ ရှားရေ ... ကိုယ့်ရဲ့အမှားတွေအတွက် မင်း ခွင့်လွှတ်နိုင်ဖို့ ကိုယ် ဆုတောင်းနေပါပြီကွာ။



www.burmeseclassic.com

## (၂၈)

သူရိက ဒီကနေ့မှာ အပြတ်သားဆုံး ကြေညာမှုအတွက် မြသားနဲ့ ချိန်းထားတဲ့ နေရာဆီသို့ စောစောကြိုရောက်နေတာဖြစ်သည်။ သူတို့ရဲ့ရှုပ်ထွေးပွေလီနေတဲ့ ကိစ္စတွေကို ဒီနေ့ရှင်းထုတ်ပစ်ရမယ့် နေ့ပဲဖြစ်၏။ သူက ကန်ရေပြင်ဘက်ကို မျက်နှာမူထားကာ လေကို ခပ်ပြင်းပြင်း ရှူသွင်းရင်း ဒေါသတွေကို မှုတ်ထုတ်နေရတာဖြစ်သည်။

"ကိုနေက စောရောက်နေတာကိုး။ ဝီရိယ တယ်ကောင်းနေပါလား"

မြသားက သူ့ရဲ့နောက်နားကို ရောက်လာလျှင် သူရိက သွေးတွေဖျဉ်းခနဲ ဆူပွက်လာကာ ကျောခိုင်းအနေအထား





မှ မြသားဘက်ကို မျက်နှာလှည့်ရင်း ခပ်စိမ်းစိမ်းရင့်ရင့် စိုက်ကြည့်လိုက်လျှင် မြသားက သူ့ကို အကဲခတ်သလိုကြည့်ကာ ...

"ကိုနေ ... ဘာဖြစ်နေတာလဲ။ မြသားကို ချိန်းတာ ဘာပြောစရာရှိလို့လဲ။ ကိုနေ့ ကြည့်နေရတာ တစ်မျိုးဖြစ်နေသလိုပဲ"

မြသားကို ပြောရင်းကမှ သူ့လက်မောင်းကို လှမ်းကိုင်လျှင် သူရိက ရက်အတန်ကြာ ထိန်းချုပ်ထားရသည့် ဒေါသသွေးတို့က ဖျဉ်းခနဲ ဆူပွက်လာကာ မြသားရဲ့လက်တွေကို ဆတ်ခနဲ ပုတ်ထုတ်လိုက်ရင်းက ပြောပစ်လိုက်သည်။

"အဲဒီ အိုက်တင်တွေက အခု ငါ့အတွက် မထူးဆန်းတော့ဘူး မြသားထည်။ မင်းဟာ သိပ်ကြောက်စရာကောင်းတဲ့ မိန်းမ"

သူ့ရဲ့စကားလုံးတွေအတွက် ဘယ်လိုမှ မျှော်လင့်ထားဟန်မတူသော မြသားထည်က အင်မတန်မှ အံ့အားသင့်လှစွာ သူ့ကိုကြည့်၍ ...

"ကိုနေ ဘယ်လိုပြောလိုက်တာလဲ။ ကိုနေ ဘာဖြစ်နေတာလဲ"



www.burmeseclassic.com

ရူးချင်ယောင်ဆောင်နေကာ ဘာမှ နားမလည်ဘဲ ဒီဇိုင်း ဖမ်းနေတာကြောင့် သူရိက ဟက်ခနဲ တစ်ချက်ရယ်လိုက်ကာ ...

"မင်းရဲ့အကြံအစည်တွေ၊ လုပ်ကွက်တွေ အားလုံးကို ငါ သိပြီးသွားပြီ။ မြ ... သား ... ထည် ... မင်းကိုယ်မင်း သိပ်ဟုတ်လှပြီ ထင်မနေနဲ့"

"ဘာတွေလဲ။ အဓိပ္ပာယ်မရှိတဲ့ စကားတွေနဲ့ ပြဿနာ မရှာချင်နဲ့ ကိုနေ။ မြသား မကြိုက်ဘူး"

နေသူရိက အခုချိန်ထိ မသိဟန်ဆောင်တဲ့ အကွက်တွေ နင်းနေတာကြောင့် ပိုပြီး ဒေါသဖြစ်လာကာ မြသားထည်ကို တင်းမာခက်ထန်စွာကြည့်၍ မသိဘူးဆိုတဲ့ အကြောင်းအရာတွေကို ပြန်ဖော်ပစ်လိုက်တော့သည်။

"ဒီမှာ မြသားထည်။ မင်းနဲ့ ဒီကိစ္စကို အပြတ်ရှင်းချင်လို့ ဒီနေရာကို ချိန်းလိုက်တာ။ မင်းရဲ့လုပ်ရပ်တွေအားလုံးကို ငါ သိပြီးသွားပြီ မြသားထည်။ မင်းမို့လို့ လုပ်ရက်တယ်။ မင်း ဘာသဘောနဲ့ ရှားပါးဘဝကို အမည်းစက်ဖြစ်အောင် လုပ်ရတာလဲ"





သူ့စကားကြောင့် မြသားထည်ရဲ့မျက်နှာဟာ ဟန်မဆောင်နိုင်လောက်စွာ ပျက်သွားတာကို သူ သတိထားမိကာ စကားပြန်ဆက်၏။

"မင်းကြောင့် ရှားပါးကို ငါ အထင်လွဲခဲ့တယ်။ ဘာမှအပြစ်မရှိတဲ့ မိန်းကလေးတစ်ယောက်ရဲ့ဘဝကို မင်း ဘာကြောင့် ဖျက်ဆီးချင်ရတာလဲ။ မင်းလို မိန်းမမျိုးက ဒီလို လုပ်ရပ်မျိုးကို လုပ်မယ်လို့ မထင်ခဲ့မိတာ ငါ့ရဲ့အသုံးမကျဆုံး အကြီးကျယ်ဆုံး အမှားပဲ မြသားထည်"

"ဟုတ်တယ်။ ကိုနေနဲ့ ရှားပါးကို ဝေးသွားအောင် ကျွန်မ လုပ်ခဲ့တယ်။ အဲဒါတွေကို ကိုနေ အပြစ်လို့ မြင်နေရင် အပြစ်ဖြစ်မှာပဲ။ မြသားအတွက် အဲဒါဟာ အပြစ်မဟုတ်ဘူး ကိုနေ။ အချစ်။ ကျွန်မ ချစ်တဲ့သူကို ပိုင်ဆိုင်ဖို့ကြိုးစားတာ ကျွန်မ မမှားဘူး"

မြသားထည်က မျက်ရည်အဝဲသားဖြင့် သူ့ကိုပေါက်ကွဲထွက်လာလျှင် သူရိက အဲဒီဆင်ခြေအတွက် ဟက်ခနဲ တစ်ချက်ရယ်လိုက်ကာ ...



www.burmeseclassic.com

"မင်း အဲဒီလိုလုပ်လို့မရဘူး မြသားထည်။ မင်း ဖျက်ဆီးလိုက်တာဟာ ရှားပါးရဲ့ဘဝ၊ အသည်းနှလုံး။ အေး ... နောက်ပြီးတော့ ငါ့အသည်းနှလုံးပဲ။ ငါက နှစ်ခါနာတာ။ ငါချစ်တဲ့ မိန်းမကြောင့် အသည်းကွဲရတယ်။ ငါက နှစ်ခါနာတာ။ ငါချစ်တဲ့ မိန်းမကြောင့် အသည်းကွဲရတယ်။ ငါ ယုံကြည်ခဲ့တဲ့ မိန်းမကြောင့် ငါ့အသည်းနှလုံး ပျက်စီးခဲ့ရတယ်။ မင်းက. ငါ့အတွက်တော့ အန္တရာယ်ပဲ"

"ဟုတ်တယ်။ မြသား လုပ်ခဲ့တာတွေ အားလုံးဟာ ကိုနေ့ကို ချစ်တဲ့စိတ်နဲ့ပဲ။ ဒီမှာ ကိုနေ ရှင့်ကို ဒီလောက်ချစ်တဲ့ မိန်းမတစ်ယောက်ဟာ ရှင့်အတွက် အန္တရာယ်မဟုတ်ဘူး။ ရှင့်ရဲ့လက်တွဲဖော်။ ရှင် ရိုးမြေကျ လက်တွဲရမယ့်သူက ကျွန်မပဲ ဖြစ်ရမယ် ...

မြ ... မြသား တောင်းပန်ပါတယ် ကိုနေ။ မြ ကိုနေ့ကို ချစ်လို့ အဲဒါတွေ ဖန်တီးမိတာ။ တကယ်ဆို အဲဒီ ရှားပါးကသာ မြသားရဲ့နောက်ကျောကို ဓားနဲ့ထိုးတဲ့ သစ္စာဖောက်မ"





မြသားထည်က သွေးရူးသွေးတမ်းဖြင့် သူ့ကို ဇွတ်တောင်းပန်နေလျှင် သူရိက နာကျင်သော စိတ်ခံစားချက်တို့ဖြင့် မြသားထည်ကို ကြည့်လိုက်ရင်းက ...

"ပြီးဆုံးသွားပြီ မြသားထည်။ အရင်တုန်းကတော့ မင်းဟာ တကယ်ပဲ ငါ ရိုးမြေကျ လက်တွဲပေါင်းသင်းဖို့ ဆုံးဖြတ်ထားတဲ့သူပဲ။ ဒါပေမဲ့ အခု မဟုတ်တော့ဘူး။ မင်းကို ငါ့အသိဉာဏ်ကကော နှလုံးသားကကော လက်သင့်မခံဘူး။ ငါ ရိုးမြေကျ ခေါင်းခါဖို့ပဲ ဆုံးဖြတ်ခဲ့ပြီးပြီ မြသားထည်"

မြသားက တကယ့်ကို အံ့အားသင့်စွာဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွားပြီးမှ မျက်ရည်တွေကို ဖိသုတ်လိုက်ရင်းက ဟက်ခနဲ ရယ်ကာ ...

"အဲဒီလိုနဲ့ ပြီးသွားရောလား ကိုနေ။ မြသားထည်ဟာ အပေါစားမိန်းမ မဟုတ်ဘူး။ ရှင်နဲ့ ကျွန်မ လက်ထပ်ဖို့ စီစဉ်ထားပြီးနေပြီ။ ရှင်ကိုယ်တိုင် မင်္ဂလာဝတ်စုံ ချုပ်ပေးခဲ့တာလေ။ ရှင့်လို ဂုဏ်သိက္ခာကို ရှေ့တန်းထားတဲ့သူမျိုးက အရှက်ကွဲခံပြီး မင်္ဂလာပွဲ ဖျက်မတဲ့လား။ ကိုနေ ... မြသား တခြားသူတွေအပေါ် မတရားဘူးဆိုရင်တောင်



www.burmeseclassic.com

အဲဒါဟာ ရှင့်ကိုချစ်တဲ့ စိတ်တစ်ခုတည်းနဲ့ အရာအားလုံးကို ဖန်တီးနိုင်ခဲ့တာပဲ”

သူ့ကို ခြိမ်းခြောက်ချုပ်ကိုင်ချင်နေသေးတဲ့ မိန်းမကို သူက နာကြည်းမုန်းတီးစွာဖြင့် အရွဲ့တိုက် ရယ်ပစ်လိုက်ကာ စိန်ခေါ်ပစ်လိုက်တော့သည်။

“ဟား ဟား ... မင်း ငါ့ကို လျှော့တွက်ထားတာပဲ မြသားထည်။ ငါက အချစ်ကို ဦးစားပေးမယ့်သူကွ။ ငါသာ ဦးနှောက်နဲ့ ရွေးမယ်ဆို ရှားပါးနဲ့ အစကတည်းက ချစ်သူမဖြစ်ခဲ့ဘူး။ ငါ့အိမ်ထောင်ဖက်က ပိုက်ဆံချမ်းသာတဲ့ အထက်တန်းစားမိန်းမဖြစ်ဖို့ မလိုဘူး။ စိတ်ဓာတ်အထက်တန်းကျတဲ့မိန်းမ ဖြစ်ဖို့ပဲ လိုအပ်တယ်။ မင်းနဲ့ငါ ဇာတ်လမ်း ဒီနေရာမှာတင်ပြတ်ပြီ မြသားထည်”

သူ့ရဲ့နောက်ဆုံးစကားမှာ မြသားက သွေးရူးသွေးတမ်းဖြင့် သူ့ကို အော်ဟစ်ပြောဆိုလေသည်။

“ကိုနေ ... ရှင် အဲဒီလိုလုပ်လို့ မရဘူး။ ဒီအချိန်မှာ ရှားပါးက ဘာမှအရေးပါတဲ့သူ မဟုတ်တော့ဘူး။ ကျွန်မက ရှင်လက်ထပ်ရမယ့်သူ။ ရှင် မြသားနဲ့ပဲ လက်ထပ်ရမယ်”





“ဆောရီးပဲ မြသားထည်။ မင်း သိထားဖို့ တစ်ခုက နှလုံးသားကို ခိုင်းစေလို့ မရဘူး ဆိုတာပဲ။ မင်းချစ်တဲ့သူကို မင်း ပိုင်ဆိုင်ခွင့် ရှိပေမယ့် မင်းချစ်တဲ့သူက တခြားသူကို ချစ်တယ်ဆိုရင် မင်းမှာ ကြိုးစားခွင့် မရှိဘူး မြသားထည်။ စည်းဆိုတာ နယ်မကျော်ဖို့ ကန့်သတ်ထားတဲ့ အရာပဲ။ မင်းက စည်းကျော်ပြီး ငါ့ရင်ထဲက ရှားပါးကို ဆွဲထုတ်ခဲ့ပေမယ့်လည်း မင်း ငါ့ရင်ထဲတော့ ရောက်မလာခဲ့ဘူး။ အဲဒါဟာ မင်းကို ငါ လက်မထပ်တဲ့ အကြောင်းအရင်း အစစ်ပဲ မြသားထည်”

သူ့ရဲ့နောက်ဆုံးစကားမှာ မြသားထည်ဟာ မျက်ရည်တွေသာ တသွင်သွင်ကျ၍ ဘာမှဆက်မပြောချေ။ နေသူရိက စိတ်ထဲမှာ ရှိသမျှအားလုံးလည်း ဖောက်ခွဲလို့ ရလိုက်တာမို့ စိတ်တို့ ပြန်တည်ငြိမ်သွားကာ မြသားကို တစ်ချက်ကြည့်၍ ပြောလိုက်သည်။

“ငါ မင်းကို ရှားပါးကြောင့် ခေါင်းခါတာ မဟုတ်ဘူး မြသားထည်။ ငါ့ရင်ထဲမှာ မင်းအတွက် နေရာမရှိလို့ ခေါင်းခါတာ။ မင်းနဲ့ငါ ပညာတတ်ဆန်ဆန် လမ်းခွဲစို့ကွာ”



www.burmeseclassic.com

သူက အပြတ်စကားဆိုခဲ့ကာ ထွက်လာခဲ့သည်။ မြသားထည်က မျက်ရည်များစွာဖြင့် ထုံအနေတဲ့သူတစ်ယောက်လို အရုပ်ကြိုးပြတ် ကျန်ခဲ့လေသည်။

မြသားထည်အတွက် သူလည်း ဘာမှမတတ်နိုင်ပေ။ အချစ်က သူမကို ဒဏ်သင့်စေတယ်လို့ပဲ သူ နာလည်ပေးလို့ ရပါမည်။

❤ ❤ ❤





မိန်းမတစ်ယောက်ရဲ့ဘဝမှာ ချစ်သူရဲ့ခေါင်းခါမှုဟာ အဲဒီမိန်းမရဲ့ဘဝကို အဆိပ်မိစေတယ်ဆိုတာ နားမလည်သောကိုနေရဲ့ ရက်စက်မှုများသည် မြသားအတွက်တော့ နာကျင်ဖွယ်ရာ ဒဏ်ရာဒဏ်ချက်များပင်ဖြစ်သည်။ ဟင့်အင်း ... အဲဒီလိုမျိုး အနိုင်နဲ့ပိုင်းပြီး အားလုံးယူသွားလို့ ရမတဲ့လား ကိုနေရယ်။ မြသားက လက်ထပ်ပွဲ မပျက်ဖို့အတွက် နောက်ဆုံးကောက်ရိုးမျှင်ရဲ့အားကို သုံးရမှာမို့ မြသားဟာ ကားကို ကိုနေ့အိမ်ဆီသို့ ဦးတည်လိုက်တော့သည်။ ကိုနေ့အိမ်မှာက ဒီအချိန်ဆို မြသားကို သမီးအရင်းလေးလို ချစ်ရှာသော ဒေါ်လေး ရှိနေတာကြောင့် မြသားက ဒေါ်လေးဆီသွားကာ အရှုံးတစ်ပိုင်း တိုင်တည်ပြောလေတော့သည်။



www.burmeseclassic.com

"ဒေါ်လေး ... ကိုနေက လက်ထပ်ပွဲကို ဖျက်မယ်တဲ့။ ဒေါ်လေး လုံးဝလက်သင့်ခံလို့ မရဘူးနော်။ မြသား ဘယ်လိုနည်းနဲ့မှ မင်္ဂလာပွဲ အပျက်မခံနိုင်ဘူး"

မြသားက မျက်ရည်တွေကျ၍ ဒေါ်လေးကို ပြောလျှင် ဒေါ်လေးက မြသားကို နှစ်သိမ့်ပေးတဲ့ သဘောဖြင့် ထွေးပွေ့ ဖက်ထား၍ ...

"အေးပါကွယ်။ ဘယ်လိုတွေ ဖြစ်ကြတာလဲ။ ဒေါ်လေးလည်း ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး"

ဟင် ... ဒီစကားက။ ဒေါ်လေးက မင်္ဂလာပွဲဖျက်မယ်ဆိုတာကို သိတဲ့သဘောကြောင့်မို့ ဘာမှမတတ်နိုင်လို့ မြသားကို နှစ်သိမ့်ပေးနေတာလား။ မြသားက ဒေါ်လေးကို ပခုံးနှစ်ဖက်ဆုပ်ကိုင်လှုပ်ယမ်း၍ အသည်းအသန် မေးလေသည်။

"ဒေါ်လေး ... ဒေါ်လေးက ကိုနေ မင်္ဂလာပွဲဖျက်မယ့်ကိစ္စကို သိနေတယ်လား။ ဒေါ်လေး ဘာမှမတတ်နိုင်ဘူးဆိုတဲ့ သဘောလားဟင် ... ဖြေလေ ဒေါ်လေး"

မြသားရဲ့အမေးကြောင့် ဒေါ်လေးက ဟင်းခနဲသက်ပြင်းချကာ ခပ်အေးအေး ပြန်ဖြေလေသည်။





"သားနေရဲ့စိတ်ဆန္ဒအတိုင်း ဒေါ်လေးတို့ဘက်က လိုက်နာပေးတာပါ။ ဒေါ်လေး ကိုယ်ချင်းမစာလို့ ပြောတာမဟုတ်ပါဘူး။ မြသားတို့ ကိစ္စကလည်း အရမ်းကြီး လူသိရှင်ကြားဖြစ်သေးတာမှ မဟုတ်သေးတာ။ အခုမှ မင်္ဂလာရက်ရွေးတုံးပဲ ရှိသေးတာလေ။ ဒေါ်လေးအနေနဲ့ ပြောရရင် အိမ်ထောင်ပြုပြီးမှ အခုလို ပြဿနာတွေ ဖြစ်တာထက်စာရင် ဘာမှ မစီစဉ်ရသေးခင် ပြဿနာဖြစ်သွားတာက ကောင်းပါတယ်မြသားမီးတို့ချင်းညှိကြည့်"

"ခေါ်းနေပြ။ ဟား ... ဒေါ်လေး တော်တော်ရက်စက်တာပဲ။ ဒေါ်လေးမို့လို့ ဒီလိုစကားမျိုး ပြောထွက်ရက်တယ်။ ရှင်တို့က မိန်းမချင်း ကိုယ်ချင်းစာတာ မဟုတ်ဘူး။ ကျွန်မဘဝကို အသေသတ်ပစ်တာ။ အဲဒီလိုလုပ်လို့ မရဘူးနော်။ မြသားထည်ကို ဒီလို အနိုင်နဲ့ပိုင်းပစ်လို့ ဘယ်တော့မှမရဘူးမှတ်။ ဘယ်တော့မှ အရှုံးမပေးဘူး ...

ရှင်တို့ဘက်က မင်္ဂလာပွဲဖျက်တာနဲ့ ရှင့်တူ နေသူရိ ဘာဖြစ်သွားမလဲ စောင့်ကြည့်လိုက်"



www.burmeseclassic.com

မြသားက နာကြည်းမုန်းတီးစွာဖြင့် အပြတ်ချခဲ့ကာ ထွက်လာခဲ့သည်။ ဟင့်အင်း ... ဘယ်လိုနည်းနဲ့မှ ကိုနေ့ကို လက်လွှတ်မခံနိုင်ပါ။ အရှုံးမခံနိုင်တဲ့ မြသားရဲ့စိတ်ခံစားချက်တို့သည် ကိုယ့်ဘာသာ ဖိအားတွေပေးရင်း ခံစားချက်တွေ နေမြင့်ကာ အရှုံးရင့်စေပါသည်။

❤ ❤ ❤

မြသိပေ့

မင်္ဂ





## ၂၄

ရှားပါးက ခြံထဲက သစ်ရွက်ခြောက်တွေကို တံမြက်စည်းလှည်းနေတုန်းမှာ Alphard ကားအမည်းကြီးက ခြံရှေ့တည့်တည့်မှာ လာရပ်တာမို့ ရှားပါးက ဘယ်သူများပါလိမ့် ကြည့်လိုက်လျှင် ကားပေါ်က ဆင်းလာသူက မမ ဖြစ်လို့နေသည်။ မတွေ့ရတာ ကြာပြီဖြစ်သော မမကို တွေ့လိုက်ရလျှင် ရှားပါးက မမဆီ တအံ့တသြ လျှောက်သွားကာ ...

"မမ ... မမ ... လာတယ်။ ရှား ဘာလုပ်ပေးရမလဲ ဟင်"

"ဒေါ်ခင်မျိုးအေးကို ခေါ်လိုက်စမ်း"



www.burmeseclassic.com

မမရဲ့လေသံက အင်မတန်မှ တင်းမာနေကာ မျက်နှာထားကလည်း ခက်ထန်နေတာမို့ ရှားပါးက စိတ်ထဲတော့ ထင့်ခနဲ ဖြစ်သွားရလေသည်။ ဒေါ်ခင်မျိုးအေးကို မမက ဘာကြောင့်တွေ့ချင်နေရတာလဲ။

"အဒေါ်က မနက်ကတည်းက ရပ်ကွက်ထဲကလူတွေနဲ့ သန်လျင်ရေလယ်ဘုရားသွားကြတယ်။ ဘာ ... ဘာကိစ္စရှိလို့လဲ ဟင်"

"ဩော် ... ငါ့ဆီက လိမ်ညာလှည့်ဖြားပြီး ရွေ့မှာတော့မတည့်ဘူးပြောပြီး နင်တို့ ပေါင်းကြံသွားတာကို ငါသိသွားလို့ အဲဒီကိစ္စ လာရှင်းတာ"

"ရှင်"

ရှားပါးက မမပြောသား ပြောတာတွေကို တစ်ခုမှ နားမလည်စွာ ရှင်ဟု အာမေဋိတ်ပြုလိုက်လျှင် မမက ရှားပါးကို အင်မတန်မှ အထင်မြင်သေးတဲ့ မျက်ဝန်းတို့ဖြင့်ကြည့်ကာ ...

"ရှားပါး ... နင့်ကို ငါ့အနား ခေါ်ထားခဲ့မိတာဟာ ငါ့ဘဝရဲ့အကြီးဆုံးသော အမှားပဲ။ နင်တို့က လူလိမ်မိသားစုပဲ။ ငါ့ဆီက ပိုက်ဆံတွေကို နည်းစုံသုံးပြီး လှည့်ဖြားပြီး





လိမ်ယူသွားတဲ့ လူလိမ်မိသားစု။ နင့်မိထွေးနဲ့ နင်ပေါင်းကြံပြီး ငါ့ကို ဟာသတွေ လုပ်နေခဲ့တာကို ငါက မသိဘဲ ကိုယ့်ကိုယ်ကိုယ် တော်လှပြီ ထင်နေတာ။ နင်ဟာ တော်တော် အဆိပ်ပြင်းတာပဲ"

"မမ ဘာတွေပြောနေတာလဲ။ ရှား တစ်ခုမှ နားမလည်ဘူး။ မမ ထွက်သွားပါဆိုကတည်းက ရှား မမတို့နဲ့ ဝေးအောင်နေခဲ့တာပါ"

"တော်စမ်း။ ဒီမှာ ရှားပါး ... နင်လို မိန်းမမျိုးက တစ်သက်လုံး ငါနဲ့ယှဉ်ဖို့ မကြိုးစားနဲ့။ နင် ဘယ်တော့မှ ကိုနေ့ကို မရစေရဘူး ...

နင့်မှာ အဲဒီလောက် ယောကျ်ား ရှားသလား။ ငါလက်ထပ်တော့မယ့် ယောကျ်ားကို နင်က ဘာတွေမက်မောနေတာလဲ"

"မမ"

ရှားပားက ဘယ်လိုမှ သည်းညည်းမခံနိုင်တော့စွာ ထအော်ပစ်လိုက်လေသည်။ ရင်ထဲက သည်းခံနိုင်တဲ့ အတိုင်းအတာတွေကလည်း လုံးပါးပါးကုန်ပြီဖြစ်သည်။



www.burmeseclassic.com

"တော်ပါတော့။ ရှားရဲ့ဂုဏ်သိက္ခာလေးကို တစ်ချက်တော့ ငဲ့ပေးပါဦး။ မမကို ရှားက အမြဲတမ်း လေးစားခဲ့ရတဲ့သူ ပါ။ ရှား အကြည်ညိုပျက်အောင် စကားလုံးတွေနဲ့ ထပ် မစော်ကားပါနဲ့တော့"

"ဘာ ... နင်ကများ"

ဘယ်လိုမှ ထင်မှတ်ထားခြင်း မရှိဘဲ ရှားပါးရဲ့ပါး တစ်ဖက်က ပူခနဲ ဖြစ်သွားသည်။ ရှားပါးက နာကျင်မှုကြောင့် လက်သီးကို ခပ်တင်းတင်း ဆုပ်လိုက်ပေမယ့် ဘာမှပြန်မလုပ် ဖြစ်ပေ။ စိတ်ကို လုံးဝလျှော့ချပစ်လိုက်ကာ မမကို ခပ်ရှုးရှုးပြန် ကြည့်ရင်း ...

"ယောက်ျားတစ်ယောက်ကို အပြိုင်လိုက်လုနေရတာကို ရှား သိပ်ရှက်ပါတယ် မမ။ မမရဲ့ ထွက်သွားပါဆိုကတည်း က ရှား အားလုံးနဲ့ကင်းအောင် နေခဲ့ပါတယ်။ ရှားရဲ့မဟုတ် တမ်းရား သတင်းတွေ ဘယ်ကနေ ထွက်လဲဆိုတာကို ရှား ဘယ်တော့မှ မစုံစမ်းခဲ့တာဟာ မမကို ထာဝရလေးစား ချစ်ခင်သွားချင်လို့ပါ ...





ဒါပေမဲ့ ရှားရဲ့သည်းခံနိုင်စိတ် အားလုံးကို လုံးပါး ပါးအောင် လုပ်ခဲ့တာ မမပဲ။ နောက်ထပ်တစ်ခါ ရှားကို ထပ်မစော်ကားပါနဲ့တော့"

ရှားပါး မျက်ရည်အဝဲသားဖြင့် ပြောလျှင် မမက ဟက်ခနဲ တစ်ချက်ရယ်ကာ ...

"အေး ... ဟုတ်တယ်။ နင်တို့နှစ်ယောက်ကွဲအောင် ငါ ခွဲခဲ့တာ။ ဘာဖြစ်လဲ။ နင့်ခေါင်းထဲမှာ မြဲမြဲမှတ်ထားဖို့က မြသားထည် ဘဝမှာ ကျရှုံးခန်းဆိုတာ ဘယ်တော့မှမရှိ ဘူး။ ကိုနေကို ငါ မရ,ရအောင် ယူပြမယ်"

"မမက ဦးနေကို ချစ်လို့ယူတာမှ မဟုတ်တာ။ မမက အရှုံးမခံချင်လို့ ယူတာ။ ရှား အမြင်မှာတော့ မမက ကိုယ့်ကိုယ်ကိုယ် ပိုချစ်နေတာပါ။ ရှားကို ဘယ်လိုနည်း နဲ့မှ အရှုံးမခံနိုင်ဘူး ဆိုတဲ့စိတ်နဲ့ မမ အနိုင်တိုက်နေတာ ပါ ...

မမ ... ရှားဟာ ဘယ်တော့မှ မမရဲ့ပြိုင်ဘက်ဖြစ် လာမှာ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မမဟာ ရှား ဘယ်လိုမှ ယှဉ်လို့မရနိုင်တဲ့ သာလွန်မှုတွေကို ပိုင်



www.burmeseclassic.com

ဆိုင်နေတဲ့သူပါ။ ရှားဘဝမှာ အဖေရယ်၊ ပြီးတော့ ဒီအိမ်လေးရယ်၊ ကရာတေးပညာရယ်၊ ခပ်ဆိုးဆိုး မိထွေးတစ်ယောက်ရယ် ဒါပဲ ပိုင်ဆိုင်ရုံကလွဲပြီး ဘာမှမရှိပါဘူး မမ။ မမက ရှားအတွက် အမြဲအားကျနေရတဲ့သူပါ"

ရှားပါးရဲ့စကားတွေအဆုံးမှာ မမရဲ့ပွက်ပွက်ဆူနေတဲ့ ဒေါသတွေက အနည်းငယ် ငြိမ်သက်သွားလေသည်။ ရှားပါးရဲ့မျက်နှာကို ခပ်တင်းတင်းကြည့်၍ ဘာမှမပြောတော့ဘဲ တောက်တစ်ချက်ခေါက်ကာ ထွက်သွားလေတော့သည်။ ရှားပါးက ကားမောင်းထွက်သွားတဲ့ မမကို ငေးကြည့်ရင်း မျက်ရည်အဝဲသားဖြင့် ပြုံးကြည့်နေမိလေသည်။

"ဟဲ့ ... ဘယ်သူလာသွားတာလဲ ရှားပါး"

ရှားပါးရဲ့ပခုံးကို ဆတ်ခနဲ ပုတ်မေးလိုက်တာကြောင့် ရှားပါးက ပြန်ကြည့်လျှင် ဒေါ်ခင်မျိုးအေး ဖြစ်လို့နေ၏။ ရှားပါးက ဒေါ်ခင်မျိုးအေး ရှုပ်ထားတာတွေအတွက် စိတ်တိုရပေမယ့် အရင်လို ဒေါသတကြီး အော်ပစ်ချင်စိတ်လည်း မရှိတော့တာကြောင့် ခပ်ငေါ့ငေါ့လေသံဖြင့် ပြန်ပြောလိုက်တော့သည်။

"မမပြသားထည် လာသွားတာ ...





ဒီမှာ အဒေါ် ... ကိုယ်လုပ်တဲ့လုပ်ရပ်ကြောင့် တစ်ဖက်သား ဘယ်လောက် နစ်နာသွားမလဲဆိုတဲ့စိတ်နဲ့ အဒေါ်ကိုယ်ချင်းစာကြည့်ပေးပါ"

ရှားပါးက အဲဒီတစ်ခွန်းတည်းပြောကာ အိမ်ပေါ်တက်သွားလျှင် မိထွေးတော်က အငေါ့တူးလေသံဖြင့် ရှားပါးကြားအောင် လှမ်းအော်လေသည်။

"အမယ်လေး။ ဟုတ်ပါတယ်။ ကျုပ်ပဲ မှားခဲ့တာပါ။ ဟိုအကောင် နင့်ဆီပြန်ရောက်ဖို့ ငါက ဒေါ်မြသားကို သွားထောင်ခဲ့တာ။ ငါ နေသူရိကို ဝန်ခံခဲ့တာ အကောင်းမပြောကြနဲ့ဟေ့"

ရှားပါးက အနည်ထိုင်နေပြီဖြစ်တဲ့ ရေပြင်လို ဖြစ်နေတာကြောင့် ဘာဂယက်မှ အထမခံချင်တော့ပါ။ မေ့လက်စနဲ့ မေ့ထားပါတယ် ဦးနေရယ်။

❤ ❤ ❤



www.burmeseclassic.com

"ရှားပါး ... ရှားပါး"

အနောက်ကနေ လိုက်လာကာ ရှားပါး နာမည်ချည်းပဲ ဖွတ်ခေါ်နေတာကြောင့် ရှားပါးက စိတ်တိုတိုဖြင့် ခပ်မြန်မြန်လျှောက်လာခဲ့လျှင် ဦးနေက ရှားပါးရဲ့လက်ကို ဖျတ်ခနဲလှမ်းဆွဲတာကြောင့် ရှားပါးက ဒေါသဖြစ်သွားကာ ...

"ဦးနေသူရို လက်ကိုလွှတ်ပါ"

"ကိုယ် မင်းနဲ့ စကားအေးအေးဆေး ပြောချင်တယ် ရှားပါး။ မင်းကို ရှင်းပြစရာတွေ တောင်းပန်စရာတွေ တစ်ပုံကြီးရှိတယ်။ ကိုယ့်အမှားအတွက် ရှားကို အနူးအညွတ် တောင်းပန်မှ ဖြစ်မှာ"

ရှားပါးက ဟူးခနဲ လေပူတစ်ချက် မှုတ်ထုတ်လိုက်ကာ ဦးနေကို အေးဆေးတည်ငြိမ်စွာ ပြန်မေးလိုက်သည်။





"ဘာအတွက်လဲ ဦးနေ"

"ကိုယ့်ရဲ့မှားယွင်းမှု စွပ်စွဲမှု အဲဒါတွေအတွက်ပေါ့။ ကိုယ်အားလုံး သိခဲ့ပြီ ရှားပါး။ အဲဒါတွေ အားလုံးရဲ့ဖန်တီးသူဟာ မြသားထည်ပဲ။ သူ ဖန်တီးခဲ့လို့အဲဒီလိုတွေ ဖြစ်ကုန်တာ"

ရှားပါးက စိတ်ကို တင်းခံထားကာ ဦးနေနဲ့ ထပ်မံအကြည့်ချင်း ဆုံသည်။ ပြီးတော့ ခေါင်းတစ်ချက်ဆတ်ပြလိုက်ကာ ...

"တောင်းပန်စရာ မလိုပါဘူး ဦးနေ။ ဘာအတွက်ကြောင့် တောင်းပန်ဖို့ မလိုပါဘူး။ တည်ငြိမ်စပြုနေပြီဖြစ်တဲ့ အခြေအနေကို ဂယက်ပြန်မထပါစေနဲ့တော့။ အခု အခြေအနေက အဖြစ်သင့်ဆုံးပါပဲ။ ရှားကို ရှင်းပြစရာ မလိုတော့သလို တောင်းပန်ဖို့လည်း မလိုအပ်ပါဘူး"

"ရှားရယ် ... ဘယ်လိုပြောလိုက်တာလဲကွာ"

ရှားပါးက ဘာမှဆက်မပြောတော့ဘဲ ဦးနေ ကိုင်ဆွဲထားတဲ့လက်ကို ဆောင့်ရုန်းထွက်ပစ်ကာ ...



www.burmeseclassic.com

"ဦးနေကို ပြန်လက်ခံဖို့ ရှားမှာ အစီအစဉ်မရှိဘူး။ ဦးနေ အတွက် မမကသာ အသင့်တော်ဆုံးပါ။ ဒီမှာ နေခဲ့နော်။ ဆက်လိုက်လာရင် ရှား အဆိုးမဆိုနဲ့"

ရှားပါး အပြတ်ပြောကာ ကျောခိုင်းထွက်လာခဲ့တော့သည်။ တင်းခံထားတဲ့ မျက်နှာထားကနေ ကျောခိုင်းလိုက်တာနဲ့ ရှားရဲ့ မျက်ဝန်းအိမ်မှာ မျက်ရည်တွေ များစွာ ကျလာခဲ့တော့သည်။

❤ ❤ ❤





## ၂၅

မြသားက တဖိတ်ဖိတ်တောက် လှပနေတဲ့ သတို့သမီးဝတ်စုံကိုကြည့်ကာ ရင်ထဲမှာ ပိုမိုထိခိုက်ခံစားရလေသည်။ ဘယ်လိုမှ ပြန်ဆက်လို့မရတဲ့ ကြိုးတစ်ချောင်းဟာ ဆက်ခဲ့ရင်လည်း ဆက်ထုံးရှိနေမယ်ဆိုတာ မြသား သဘောပေါက်သည်။ ဒါပေမဲ့ မလွှတ်ချနိုင်သေးတာဟာ မြသားရဲ့ ကြီးစွာသော အတ္တဖြစ်လေ၏။ ဒေါ်လေးက မြသားရဲ့ခေါင်းလေးကို ခပ်ဖွဖွပုတ်သပ်ပေးကာ ဆုံးမ နားသွင်းလေသည်။

"သမီးလေးရယ် ... ဒေါ်လေး တောင်းပန်ပါတယ်။ စိတ်ကိုလျှော့လိုက်ပါတော့။ ဘယ်လိုမှ မဖြစ်နိုင်တော့မယ့်ကိစ္စတစ်ခုကို ဇွတ်တိုး မဖန်တီးချင်ပါနဲ့။ သမီး ဘာကြောင့်



www.burmeseclassic.com

စိတ်သဘော ဖြစ်နေရလည်း ရှင်းနေတာပဲ။ သမီးလေးက အနိုင်လိုချင်စိတ်တွေ ကြီးနေတာပါ ...

ချစ်သူရှိပြီးသား ယောကျ်ားတစ်ယောက်ဆီက အချစ်ကို မျှော်လင့်ဖို့ ကြိုးစားခဲ့တာဟာ အပြစ်မဟုတ်ပေမယ့် အဲဒီယောကျ်ားက ကိုယ့်အပေါ် မနှစ်သက်တာတောင် ဆက်ကြိုးစားခဲ့ဦးမယ်ဆိုရင်တော့ အပြစ်ပဲ သမီး ...

ယောကျ်ားတစ်ယောက်နဲ့ လက်မထပ်သေးခင်ပြတ်သွားတာဟာ အများကြီး ကုသိုလ်ကံကောင်းတာ။ ယူပြီးမှ ဒီအဖြစ်မျိုးဖြစ်ရင် မြသားပဲ ပိုပြီးထိခိုက်နစ်နာမှာ။ ဒေါ်လေး တောင်းပန်ပါတယ် သမီးလေးရယ်။ သမီးရဲ့မာနတွေလျှော့လိုက်ပြီး မောင် နေသူရိကို မေ့လိုက်ပါတော့ ...

ကိုယ်ကြိုးစားခဲ့ပြီးပြီလေ။ ကြိုးစားခဲ့တာဟာ သူတစ်ပါးကို ထိခိုက်သွားခဲ့တာကိုး။ ကိုယ်ပြုသောကံမို့သမီးလေး ဝဋ်ကြွေးရှိတယ်လို့ သဘောထားပြီး သူတို့ကိုခွင့်လွှတ်ပေးလိုက်ပါ သမီးရယ်"

ဒေါ်လေးက နှစ်သိမ့်ပေးကာ နားသွင်းတာကို ငြိမ်သက်စွာ နာခံရင်းကမှ စိတ်ရှုပ်ထွေးစွာ အော်ဟစ်၍ ဒေါ်လေး





ရင်ခွင်ထဲမှာ ငိုချပစ်လိုက်သည်။ မြသား ဘယ်လိုမှ အရှုံးမပေးချင်ပေမယ့် တကယ့်ကို ရှုံးသွားခဲ့တာဖြစ်သည်။ မြသား အားရအောင်ငိုပြီးသွားသော အခါမှာတော့ မြသားရဲ့စိတ်တွေ လွတ်လပ်သွားသလို ခံစားရလေသည်။ ဆုံးဖြတ်ချက်တစ်ခုကို ယတိပြတ်ချပြီးသွားတဲ့အခါမှာ မြသားက သတို့သမီးဝတ်စုံလေးကို လှမ်းကြည့်လိုက်သည်။



www.burmeseclassic.com

"ဦးနဲ့အဒေါ် ကျွန်တော့်ကို ဝင်ခွင့်ပြုပါ ခင်ဗျာ"

သူရိက တရိုတသေ ခွင့်တောင်းလိုက်လျှင် သူ့ကို အံ့တသြတွေ ဖြစ်ကြကာ ပျာပျာသလဲ ကြိုဆိုကြတာဖြစ်သည်။

"သူဌေးလေး ကြွပါခင်ဗျာ။ ကြွပါ"

သူရိက အိမ်ထဲဝင်လာကာ ခုံမှာဝင်ထိုင်လိုက်သည်။ ရှားပါးရဲ့အဖေက သူလာတာကို အထူးအဆန်း ဖြစ်နေကာ တအံ့တသြလေသံဖြင့် ...

"သူဌေးလေး ... ဘာကိစ္စများ ရှိလို့လဲ မသိဘူး"

သူက ဘာမှမဖြေရသေးခင်မှာ ဒေါ်မျိုးအေးက ဝင်ဖြေပေးသွား၏။

"ရှား ... ရှားပါးကတော့ အပြင်ခဏ ထွက်သွားပါတယ်"





နေသူရိက ခေါင်းတစ်ချက် ဆက်ပြလိုက်သည်။ ရှားပါးမရှိတာကလည်း သူ့အတွက်တော့ ခပ်ကောင်းကောင်းပဲ ဖြစ်၏။ အဲဒါမှ သူ သေချာပြောလို့ရမှာ ဖြစ်သည်။

"နားနဲ့မနာ ဖဝါးနဲ့ နာပါဦး။ ကျွန်တော်နဲ့ ရှားပါးက မေတ္တာမျှနေခဲ့တာပါ"

"ဘယ်လို"

"ဟုတ်ပါတယ်။ အကြောင်းကြောင်းတွေကြောင့် ကျွန်တော်တို့ အထင်အမြင်လွဲမှားပြီး မပြေလည်ခဲ့ကြတာပါ။ အခုတော့ သူနဲ့ကျွန်တော့်ကြားထဲမှာရှိတဲ့ အလွဲတွေကိုလည်း ကျွန်တော် အမှန်တိုင်း သိခဲ့ပါပြီ။ အခု ဦးဆီလာတွေ့တာဟာ ဦးကို ခွင့်တောင်းရင်းနဲ့ ကျွန်တော်နဲ့ ရှားပါးကို သဘောတူပေးပါလို့ တောင်းပန်ပါရစေ"

နေသူရိ စကားကြောင့် ဦးအေးက အနေရခက်စွာဖြင့် နဖူးမှ ချွေးစတို့ကို သုတ်လိုက်ပြီးမှ ...

"ကျွန်တော်ကတော့ ဘာပြောလို့ ပြောရမယ်မှန်းတောင် မသိတော့ပါဘူး သူဌေးလေးရယ်။ သမီးနဲ့ မေတ္တာမျှနေတယ်ဆိုတော့ ကျွန်တော့်အတွက် အံ့သြစရာကြီး ဖြစ်နေတာပါ။ ကျွန်တော့်သမီးလေးဘက်ကသာ လက်ခံမယ်ဆို ကျွန်တော်ဘက်ကလည်း ဘာမှ ငြင်းစရာမရှိပါဘူး"



www.burmeseclassic.com

ဦးအေးရဲ့ ခွင့်ပြုတဲ့စကားကြောင့် သူက အရမ်းကိုပဲ ပျော်ရွှင်မိသွားလေသည်။

"အဒေါ် နည်းနည်းလောက် ပြောပါရစေကွယ်။ ဟို ... ဟို ... ရှားပါးကို တကယ်ပဲ လာမြန်းတော့မှာလားဟင်"

"ဟော့ ... ခင်မျိုး ... နင် ဘယ်လိုတွေ မေးနေတာလဲ"

ဒေါ်ခင်မျိုးအေး စကားကြောင့် ဦးအေးက လှမ်းဟန့်တာကြောင့် သူက အသာပြုံးမိသွားရင်းမှ ဒေါ်ခင်မျိုးအေး သိချင်တာကို ဖြေပေးလိုက်လေသည်။

"ရပါတယ် ဦးရယ်။ မေးရမှာပေါ့။ ဒီမှာ ... အဒေါ်။ ကျွန်တော့်ဘက်က မိသားဖသားပီပီ ရှားပါးကို တောင်းရမ်းလက်ထပ်ယူမှာပါ။ ဒီနေ့ ကျွန်တော့်ဘက်က လူကြီးစုံရာ ခေါ်မလာတာက ဦးဆီမှာ ခွင့်တောင်းတဲ့သဘော ဖြစ်နေလို့ပါ။ အဒေါ် ယုံကြည်ပေးဖို့က ကျွန်တော်ဟာ ရှားပါးကို ရိုးမြေကျ သစ္စာရှိရှိ လက်တွဲသွားမယ်ဆိုတာပါပဲ။ ကျွန်တော့်ကို သဘောတူတယ်ဆိုရင် ရှားပါး ဘယ်နေရာမှာ ရှိမလဲဆိုတာ ပြောပြပေးပါ ခင်ဗျာ"

❤ ❤ ❤





ရှားပါးက ဘယ်လိုမှ ရှေ့ဆက်ဖို့ မဖြစ်နိုင်တော့တဲ့ ဘဝအတွက် ဘာကိုမှ ကြိုးစားချင်စိတ်လည်း မရှိတော့ပေ။ ရှားပါးအတွက် အားလုံးနဲ့ကင်းအောင် နေခြင်းကသာ အဖြစ်သင့်ဆုံး အခြေအနေဆိုတာကို နှလုံးသွင်းရင်း ရှားပါးက အဝေးဆုံးကို ထွက်သွားဖို့ ကြံရွယ်လေသည်။ အဲဒီဆုံးဖြတ်ချက်ကပဲ ရင်တစ်ခုလုံးကို မွမွကြေစေသော မချိမဆန့် ခံစားမှုကို ပေးစေတာဖြစ်သည်။

"ရှားပါး"

အနောက်ဘက်က ခပ်တိုးတိုး ခေါ်သံကြောင့် ရှားပါးက ကိုယ်ပဲ စိတ်ထင်နေတာလားဆိုတဲ့ အတွေးနဲ့အတူ ဆတ်ခနဲ အနောက်လှည့်ကြည့်လိုက်လျှင် တကယ်ပဲ ဦးနေ့ အစစ်ကြီးကို မြင်လိုက်ရလေသည်။ ဦးနေကို မြင်လိုက်ရလျှင် ရှားပါးရဲ့စိတ်



www.burmeseclassic.com

တွေ ယိုင်နဲ့မသွားအောင် အသင့်ပြင်သည့် အနေဖြင့် မျက်နှာကို ခပ်တင်းတင်းထားကာ အပြတ်ပြောလိုက်သည်။

"ဦးနေ ... ဦးနေ ဒီကို ဘာလာလုပ်တာလဲ။ ဒီနေရာက ဦးနေ ရှိသင့်တဲ့နေရာမှ မဟုတ်ဘာ"

"ကိုယ် အခုပဲ ရှားတို့အိမ်ကနေ ပြန်လာတာ၊ လူကြီးတွေ ဆီကနေ ရှား ဘယ်မှာရှိနေတယ်ဆိုတာ ကိုယ့်ကို လမ်းညွှန်လိုက်ကတည်းက လူကြီးတွေ သဘောထား ဘယ်လို ရှိတယ်ဆိုတာ ရှား သဘောပေါက်မှာပါ"

ရှားပါးက ရင်ထဲ ဒိတ်ခနဲတော့ ဖြစ်သွားသည်။ ဟင့်အင်း ... ဘယ်လိုသဘောမျိုးပဲရှိရှိ ရှား ဦးနေနဲ့ ပြန်လက်မတွဲဘူး။

"ဦးနေ ... အရာရာကို ဦးနေ စိတ်တိုင်းကျဖြစ်အောင် မဖန်တီးချင်ပါနဲ့။ ရှား ဦးနေနဲ့ လုံးဝလက်မထပ်နိုင်ဘူး"

"ရှားရယ် ... ဘယ်လိုပြောလိုက်တာလဲကွာ။ ကိုယ့်ဘက်က ဒီလောက် တောင်းပန်တာတောင် ရှားဘက်က မကျေနပ်နိုင်ဘူးလား။ ကိုယ်တို့က အဲဒီလောက်ထိတောင် စိမ်းသွားကြပြီလား ..."





အဲဒီလိုတွေ ဖြစ်ရတာဟာ ဟိုမိန်းမကြောင့်ပဲ။ သူ့ကြောင့် ကိုယ်တို့ချစ်သူနှစ်ယောက် ဝေးရတာ။ ကိုယ် အဲဒီမိန်းမကို သိပ်မုန်းတယ်။ မြသားထည်ဟာ ကိုယ်တို့အတွက်တော့ မကောင်းဆိုးဝါးပဲ"

ဦးနေက မမကို နာနာကြည်းကြည်း ပြောလိုက်လျှင် ရှားပါးက အဲဒီလိုတော့ အဖြစ်မခံနိုင်ပေ။ ဘာပဲဖြစ်ဖြစ် မမ ဘယ်လောက်ထိ ပေးဆပ်စွန့်လွှတ်သွားခဲ့တယ် ဆိုတာ ရှား အသိဆုံး။

"မဟုတ်ဘူး။ မမက ဦးနေ ထင်သလိုမဟုတ်ဘူး။ ရှားအတွက်တော့ မမက ရှားရဲ့သူရဲကောင်းပဲ။ ဦးနေ ... ဒီမှာကြည့်"



www.burmeseclassic.com

ရှားပါးက ဘေးနားမှာ ချထားတဲ့ သတို့သမီးဝတ်စုံ အိတ်ကို ဦးနေကို ယူပြလိုက်လျှင် ဦးနေက အဲဒီအိတ်ကိုကြည့်ကာ တအံ့တဩလေသံဖြင့် မေးကာ ရှားပါးကို စိုက်ကြည့်နေခဲ့သည်။

"ရှား ... ဒါ ... ဒါက ..."

❤ ❤ ❤





"ဒီကို ဘာထပ်လာလုပ်တာလဲ မမ။ ရှားကို ဒုတိယအကြိမ် အိမ်တိုင်ရာရောက် ထပ်စော်ကားဦးမလို့လား"

ရှားပါးက မခံချင်သော ဒေါသစိတ်ဖြင့်အတူ မမကို ပက်ခနဲ ပြောလိုက်လျှင် မမက အရင်ကပုံစံနဲ့မတူစွာ သက်ပြင်းတစ်ချက်ချ၍ ...

"ရှားရယ် ... ဘယ်လိုပြောလိုက်တာလဲ။ မင်းက မမကို အရမ်းခင်တွယ်လေးစားတဲ့သူပါ။ ဘာဖြစ်လို့များ မယုံနိုင်လောက်အောင် ပြောင်းလဲသွားရတာလဲ"

"ရှားလည်း လူပါပဲ မမ။ ချစ်တတ်တယ်။ မုန်းတတ်တယ်။ ခံစားတတ်ပါတယ်"

ရှားပါးက နာကျင်စွာ မျက်ရည် အဝဲသားဖြင့်ပြောလိုက်လျှင် မမက ညှိုးရီရီ မျက်ဝန်းတွေဖြင့် စိုက်ကြည့်ကာ ...



www.burmeseclassic.com

"ရှားရဲ့ အဲဒီပုံစံလေးတွေက ကိုနေ့ကို သိမ်းပိုက်သွားနိုင်တဲ့ လက်နက်တွေလား မသိဘူးနော်။ ဘာပဲဖြစ်ဖြစ် မမ ဒီနေ့လာတာ ရှားကို ဂုဏ်ပြုချင်လို့ပါ။ ရှားက မမအတွက်တော့ အစကနေ အဆုံးထိ ကောင်းခဲ့တဲ့ ညီမလေးပါ။ ရှားပါး ... ရော့"

မမက ပြောနေရင်းကမှ ကားတံခါးကို ဆွဲဖွင့်လိုက်ကာ ကားထဲက အိတ်တစ်ခုကို ဆွဲယူကာ ရှားပါးကို ကမ်းပေးလေ၏။ ရှားပါးက အံ့အားတသင့်ဖြင့် မမကို ငေးကြည့်လိုက်လျှင် မမက ရှားပါးလက်ထဲ ထည့်ပေးကာ ...

"ယူပါ ရှားပါးရဲ့။ ဒီဝတ်စုံလေးက ကိုနေ ကိုယ်တိုင် ဒီဇိုင်းဆွဲပြီး ချုပ်ပေးထားတဲ့ သတို့သမီးဝတ်စုံလေးပါ။ ဒီဝတ်စုံလေးကို ပိုင်ရှင်အစစ် လက်ထဲကို မမ ပေးခဲ့ပါတယ်။ မမ မှားခဲ့တာတွေအတွက် ရှားကို တောင်းပန်ပါတယ်။ ပြီးတော့ ရှားတို့ကို တစ်ခါတည်း နှုတ်ဆက်ခဲ့ပါတယ်။ မမ သန်ဘက်ခါ ကနေဒါ သွားတော့မယ်"

မမက ရှားရဲ့ပခုံးတစ်ဖက်ကို ခပ်ဖွဖွ ပုတ်ပေးကာ ထားသွားခဲ့သည်။ မမရဲ့ မာန်မာနတွေ ကင်းသွားချိန်မှာ ရှားက





ဘယ်လိုနှလုံးသားမျိုးနဲ့ ဒီဝတ်စုံလေးရဲ့ပိုင်ရှင် ဖြစ်ရက်မှာလဲ။ အချစ်ကြောင့် ရှားပါးတို့အားလုံး အစကနေအဆုံး တစ်မျိုးစီမှားခဲ့ကြတာပါ။

❤ ❤ ❤



www.burmeseclassic.com

## အဆုံး

ရှားပါးက အဖြစ်အပျက်တွေ အားလုံးကို ဦးနေကို ရှင်းပြပြီးသွားသောအခါ ဦးနေက နားလည်သွားသော မျက်ဝန်းတွေဖြင့်ကြည့်ကာ ...

"ဒါနဲ့များ ရှားရယ်၊ ကိုယ့်ကို ခေါင်းခါသေးတယ်နော်"

"ခေါင်းခါတာ မဟုတ်ပါဘူး။ ခေါင်းခါကြည့်တာပါ။ ရှားရဲ့ကျေးဇူးရှင် မမချစ်ခဲ့တဲ့သူကို ရှားဘက်က ခေါင်း မညိတ်သင့်ဘူးလို့ ထင်လို့ပါ"

ဦးနေရဲ့ ပြုံးမြမြ မျက်နှာထားဖြင့် ရှားကို ငဲ့စောင်းကြည့်ကာ ရှားရဲ့ပခုံးတွေကို သိုင်းဖက်လာ၍ ရှားနှင့် မျက်လုံးချင်းဆုံကြည့်ကာ ...





"ဒါဖြင့် အခုကျတော့ကော"

"ရှားရဲ့ နှလုံးသားအလိုဆန္ဒကို ရှားကိုယ်တိုင် မလွန်ဆန်နိုင်ခဲ့တာပါ"

ရှားပါးက ကြည်မွေ့သောစိတ်ဖြင့် ဒုတိယအကြိမ် ဦးနေထံ ဒူးထောက်မိခဲ့ပြီ ဖြစ်သည်။ ရှားပါးရဲ့ ခေါင်းညိတ်လက်ခံမှုအတွက် ကျေနပ်စွာ နဖူးချင်းတိုက်ကာ မေးလေသည်။

"ဒါဖြင့် ရှီးမြေကျ ခေါင်းညိတ်သည်ပေါ့နော်"

"ဟုတ်"

ဦးနေက ရှားရဲ့ခေါင်းညိတ်မှုအတွက် သဘောတကျပင် လက်ခံလေသည်။ အချစ်က အဲဒီလိုပဲ ရင်ခုန်စရာကောင်းလေသည်။



www.burmeseclassic.com

ကျေးဇူးတင်စွာဖြင့်

မယ်မင်းဘုံ

17 th March. 2014

7:19 A.M

ပေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉(မြေညီ)၊ ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

Facebook on "Mae Min Bon"



စေတနာစာပေ၏

# အမှတ်တရ

သို့

မမမယ်မင်းဘုံ

မင်္ဂလာပါနော်။ ညီမလေး ပထမဆုံးအကြိမ် မိတ်ဆက်စာရေးလိုက်တာပါ။ မမရဲ့ ဝတ္ထုတွေက အရမ်းကောင်းတယ်။ ပထမဦးဆုံး ညီမကိုယ့်ဘာသာ မိတ်ဆက်ပါရစေ။ ညီမရဲ့ နာမည်က သိုက်နှင်းစံ။ ၂၀၁၃ မှာ သချ်ာနဲ့ ကျောင်းပြီးခဲ့တာပါ။ ညီမကျောင်းမှာ မမရဲ့ စာအုပ်တစ်အုပ်လောက်ပဲ ဖတ်ဖူးခဲ့တာ။ ကျောင်းပြီးမှ မမစာအုပ်တွေကို ဖတ်ဖြစ်ခဲ့တာပါ။ မမစာအုပ်တွေထဲက "ကွန်းခိုဖြစ်သော မျက်ဝန်းလေးဆီ" ဝတ္ထုကို အရမ်းကြိုက်တာ။ ကျောင်းကို တစ်ခေါက်ပြန်ရောက်နေသလိုပဲ။

မမက အရမ်းတော်တာပဲနော်။ မမ ညီမဆီကို စာပြန်ပေးပါနော်။ မမရဲ့ Ph: နံပါတ်လေးကို ညီမဆီ စာပြန်ရင် ထည့်ပေးပါနော်။ မမရဲ့ ဓာတ်ပုံလေးလည်း ပေးလိုက်ပါနော်။

မမရဲ့ အသက်က ဘယ်လောက်လဲဟင် . . .။ ရိုင်းတယ်လို့ မထင်ပါနဲ့။ သိချင်လို့ပါနော်။ မမ ဘန်နီဖြိုးရဲ့ သီချင်းထဲကလို "မဖြစ်သင့်ဘူး၊ မချစ်သင့်ဘူး" အဲလို သုံးပွင့်ဆိုင် ဇာတ်လမ်းလေး ရေးပေးပါဦးနော်။ အဲလို အပြင်မှာ တကယ်ရှိတယ် မမ။ မမနဲ့ ခင်ချင်ပါတယ်။ မမရဲ့ ဝတ္ထု ဖတ်ရင် ပျော်ဖို့ကောင်းတယ်။

www.burmeseclassic.com

မမရဲ့ ထာဝရ ပရိသတ်ပါနော်။

ညီမလေး

မမ ဒီထက်မက အောင်မြင်ပါစေ။

သိုက်နှင်းစံ
ထန်းတောရပ်၊ အမှတ် (၃)
မလှိုင်မြို့
မန္တလေးတိုင်း။



စေတနာစာပေ၏

# အမှတ်တရ

သို့

ညီမလေး မယ်မင်းဘုံရေ

မင်္ဂလာပါနော်။ ညီမလေးရဲ့ ပရိသတ်တစ်ဦးပါ။ ညီမလေးရဲ့ နာမည်က အရမ်းလန်းသလို ဝတ္ထုတွေကလည်း အရမ်းလန်းတယ်နော်။

ယခုလထွက်တဲ့ "မိုးလုံလေလုံ အိမ်ထောင်ပြုသည်" စာအုပ်လေးကို အရမ်းကြိုက်တယ်။ Video အခွေတွေလည်း ကြိုက်တယ်။ နောက်ထွက်မယ့် စာအုပ်တွေကိုလည်း အမြဲအားပေးနေမယ်နော်။

ဒါပထမဦးဆုံးစာမို့ မှားတာရှိရင် ခွင့်လွှတ်နော်။ ညီမရဲ့ ဓာတ်ပုံနဲ့ Ph နံပါတ်လည်း ထည့်ပေးပါဦးနော်။ ညီမလေး ပုလဲရတုမှသည် နောင်ရတုပေါင်းများစွာ အောင်မြင်နိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်နော်။

ညီမလေးရဲ့ ထာဝရ ပရိသတ်
နှင်းစန္ဒာ
ဧရာဝတီတိုင်းဒေသကြီး
အင်္ဂပူမြို့နယ်
မဲဇလီကုန်းမြို့၊ ဈေးကြီးရပ်။

www.burmeseclassic.com

## အမှာစာရ

သို့

ညီမလေးမယ်မင်းဘုံ

ယခုလထွက်တဲ့ နောက်ကျောက ချစ်သူစာအုပ်လေးကို အကြိုက်ဆုံးပဲ။

အစ်မလေ အဲဒီစာအုပ်လေးဖတ်ရင်းနဲ့ ရှေ့ကိုဘာဆက်ဖြစ်မလဲလို့ မှန်းကြည့်တယ်။ ဒါပေမဲ့ လုံးဝမှန်းလို့ မရဘူး။ တချို့ စာအုပ်တွေဆို တစ်ဝက်လောက် ဖတ်ပြီးတာနဲ့ ရှေ့ဆက်ပြီး ဘာဖြစ်မလဲဆိုတာ မှန်းလို့ရတယ်။ အခု စာအုပ်လေးက ပြီးခါနီးအထိ ဘာဖြစ်မယ် မှန်းမရဘူး။

ပထမ မဟော်က သမုကို ချစ်သလိုလိုနဲ့ နောက်ဆုံးကျတော့ "နှိုင်းမမှီ" နဲ့ ချစ်သူဖြစ်သွားတယ်။ မင်းသမီးက 'သမု' လား၊ 'နှိုင်းမမှီ' လား မသိဘူး။ ဇာတ်လမ်းလေးကို ညီမလေးက စိတ်ဝင်စားစရာကောင်းအောင် ရေးထားနိုင်တာ ညီမလေးကို ချီးကျူးပါတယ်။

နောက်လတွေကျရင်လည်း အဲလိုဝတ္ထုလေးတွေ များများရေးပေးပါနော်။ ညီမလေးရဲ့ ဝတ္ထုတွေကို အမြဲအားပေးနေမယ်နော်။

မိုးစန္ဒာမြင့်
ခ/၄၅၄၊ မြရတနာ (၂) လမ်း၊
မြောက်ဥက္ကလာပမြို့နယ်
ရန်ကုန်တိုင်း။



## အမှာစာရ

သို့

ညီမလေးမယ်မင်းဘုံ

အစ်မက ညီမလေးကို စာရေးဆရာမဆိုတော့ အသက်ကြီးပြီ ထင်နေတာ။ တကယ်တော့ ညီမလေးက အစ်မထက်တောင် ငယ်သေးတယ်နော်။

ညီမလေးကို တကယ်ချီးကျူးပါတယ်။ ညီမလေးက တကယ်ကို ထက်မြက်တဲ့ မိန်းကလေးနော်။

ဒီလထွက်တဲ့ "မိုးလုံလေလုံ" က အရမ်း အနှစ်သာရရှိတယ်။ အစ်မ အရမ်းကြိုက်တယ်။

နောက်လမှာလည်း ဘယ်လို အနှစ်သာရရှိတဲ့ စာအုပ်တွေ ဖတ်ရမလဲလို့ ရင်ခုန်စွာနဲ့ စောင့်မျှော်နေမယ်နော်။

အမြဲတမ်းအားပေးနေမယ့်

အစ်မ

သူဇာစိုး
(၃၆) ကျေးရွာ၊
ရေနံချောင်းမြို့နယ်၊
မကွေးတိုင်းဒေသကြီး။

www.burmeseclassic.com

## အမှတ်တရ

သို့

မင်္ဂလာပါနော် အစ်မ။

ညီမက အစ်မရဲ့ ပရိသတ်တစ်ဦးပါ။ ယခုထွက်တဲ့ နေမထိ အလွမ်း စာအုပ်လေးကို အရမ်းကြိုက်ပါတယ်။

အစ်မ ငယ်ငယ်တုန်းက ရေးထားတာလို့ သိရတယ်။ ငယ်ငယ်ကစာအုပ် ဆိုပေမယ့်လည်း သူ့ဇာတ်နဲ့ သူကတော့ ကောင်းပါတယ်။

အစ်မရေ ပြီးတော့လေ သနားစရာဇာတ်လေးလည်း ရေးပေးပါဦးလို့ တောင်းဆိုချင်တယ်။

အစ်မ အမြဲတမ်းအောင်မြင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

သင်းသင်းမော်
No-160၊ ဇီဇဝါ (၂) လမ်း
၂ ရပ်ကွက်
မ/ဥက္ကလာပ။



## အမှတ်တရ

သို့

ညီမလေးမယ်မင်းဘုံရေ

"မိုးလုံလေလုံ အိမ်ထောင်ပြုသည်" စာအုပ်လေးကို ဖတ်လိုက်ရတာ အရမ်းကို အဓိပ္ပါယ်ရှိသွားတာပဲ။

မမ ဒီစာအုပ်လေးကို အရမ်းကြိုက်တယ်။

ညီမလေးက ဝတ္ထုရေးတဲ့ နေရာမှာ စာအရေးအသားတွေ ကောင်းတယ်။

ဘယ်လို ခံစားမှုလေးတွေနဲ့ ရေးတာလဲဟင် . . . ။

ညီမလေးရေ သကြ္ကန်နီးပြီလေ။ သကြ္ကန်ဇာတ်လမ်းလေးတွေ ရေးပေးပါလားဟင်။ ဖတ်ချင်လို့ပါ။ ရေးခိုင်းလို့ စိတ်မဆိုးပါနဲ့နော်။ ညီမလေးရဲ့ မျက်နှာလေးက အရမ်းကို အေးချမ်းတယ်။ ညီမလေးရေ မမလည်း မုံရွာကို ပြန်ရဦးမယ်။ မုံရွာသူလေးက ညီမလေးကို အမြဲထာဝရအားပေးနေမယ်နော်။ မုံရွာကို အလည်လာခဲ့ပါဦးနော်။

မို့မို့
ရန်ကင်း၊ အောင်သုခရပ်
ဘုရင့်နောင်လမ်း
မုံရွာမြို့။

www.burmeseclassic.com

# အမှတ်တရ

မင်္ဂလာပါ မမမယ်မင်းဘုံ

မမရဲ့ ၃၀ အုပ်မြောက် အမှတ်တရဖြစ်တဲ့ "မိုးလုံလေလုံ အိမ်ထောင်ပြုသည်" ဆိုတဲ့ စာအုပ်ကို ဖတ်ရတယ်။ မမပေးတဲ့ massage ကို အရမ်းသဘောကျတာပဲ သိလား။ သူများတွေတော့ မသိဘူး။ သမီးကတော့ အရမ်းကြိုက်မယ်။ မမက အခုထွက်နေတဲ့ အဆိုတော် ပိုပိုနဲ့ တူတယ်။

မမကပိုလှတယ်။ သမီးက ချစ်တဲ့စိတ်နဲ့ ကြည့်တာကို။ အစကတော့ မမရဲ့ဇာတ်အိမ်ထဲက ခင်ဦးသစ်စက တော်တော်မလွယ်တာပဲလို့ ထင်နေတာ။ နောက်မှ သူ့ရဲ့ စိတ်ကို နားလည်တာဗျ သိလား။

သံသယမိုးယိုနေသည်
ရင်ဘတ်ခေါင်မိုး မလုံ၍ဖြစ်၏
နားလည်မှုတိပ်ဖြင့် ဖာထေးလိုက်ပါ
မိုးလုံလေလုံ အိမ်ထောင်ပြုလို့ ရပါသည်။

အချစ်ရယ် နားလည်မှုရယ် ရှိနေပြီဖြစ်တဲ့အတွက် မိုးလုံလေလုံ အိမ်ထောင်ပြုလို့ရပါသည်တဲ့။ ကောင်းလိုက်တာ။ အဲဒါ မမတော်လို့ပေါ့။ ဂုဏ်ယူပါတယ်။



မမရေ အုပ် (၃၀) မြောက် ပုလဲရတုမှသည် နောက်ရတု အဆက်ဆက်တိုင်အောင် အောင်မြင်မှုအပေါင်း သရဖူ ဆောင်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက် . . . ။

အညာသူလေး - သူဇာနွယ်
အမှတ် (၁၄)၊ မြင်သာဆန်းတန်း
အောင်သီရိလမ်း
ပခုက္ကူမြို့
09 - 33172917

www.burmeseclassic.com

## အမှတ်တရ

သို့

ဆရာမမယ်မင်းဘုံ

မယ်မင်းဆီကို ကျွန်တော် (၃) စောင်မြောက် စာရေးလိုက်တာပါ။ မယ်မင်းရဲ့ "မိုးလုံလေလုံ အိမ်ထောင်ပြုတယ်" ဆိုတဲ့ စာအုပ်လေးကို ဖတ်ပြီးပါပြီ။ အရမ်းကောင်းတာပဲ။

အုပ် (၃၀) မြောက်ဆိုတဲ့အတိုင်း အမှတ်တရဖြစ်စေတဲ့ စာအုပ်လေးပါ။ မယ်မင်းကဗျာလေးက မိုက်တယ်နော်။

"သံသယမိုးယိုနေသည်
ရင်ဘတ်ခေါင်မိုး မလုံလို့ပါ။
နားလည်မှုဆိုတဲ့ တိပ်နဲ့ဖာလိုက်ပါ။

ဒါဆို မိုးလုံလေလုံ အိမ်ထောင်ပြုလို့ရတယ် ဆိုတဲ့ကဗျာလေးက အရမ်းကောင်းတယ်နော်။

မယ်မင်း ကျန်းမာစွာနဲ့ စာရေးနိုင်ပါစေလို့ ဆုတောင်းလျက် -

**နိုင်းနိုင်း**
ရွှေကြက်မောက် (ကဖီး)
ကန်ဖျားမြေနီလမ်း
ကန်ဖျားရပ်ကွက်
မြိတ်မြို့။



## အမှတ်တရ

သို့

ဆရာမ မယ်မင်းရေ

"မိုးလုံလေလုံ အိမ်ထောင်ပြုသည်" စာအုပ်လေး အရမ်းကောင်းပါတယ်။

ဆရာမလေး မယ်မင်း သိပ်တော်တာပဲနော်။ ကဗျာလေးတွေက အလုံးတိုင်း ထိစေပါတယ်။

အောင်မြင်မှု သရဖူဆောင်းနိုင်ပါစေ။

ချစ်တဲ့ပရိသတ်
ခင်ယွန်းယွန်း (KYY)
ကြို့ကုန်း
အင်းစိန်မြို့နယ်
ရန်ကုန်။

www.burmeseclassic.com

## အမှတ်တရ

သို့

ညီမလေး လေးစားအားကျရပါသော မမမယ်

ညီမလေး မမမယ်ရဲ့ ဒီတစ်ခေါက်ထွက်တဲ့ "မိုးလိုလေလို အိမ်ထောင်ပြုသည်" ဇာတ်အိမ်လေးကိုလည်း ညီမလေးအရမ်းကြိုက်ပါတယ်။ မမမယ်က ဝတ္ထုအရေးအသား ကောင်းတာတင်မက ဝတ္ထုနာမည်ပေးတာလည်း အရမ်းကောင်းတယ်။ စာအုပ်မျက်နှာဖုံးနာမည်လေးကို ဖတ်လိုက်မိတာနဲ့တင် အထဲက စာသားတွေ ဘယ်လောက်တောင်ကောင်းမလဲဆိုပြီး သိမြင်နိုင်ပါတယ်။

မမမယ်ရဲ့ စာအုပ်တိုင်းမှာ ညီမလေးနာမည်ကို တွေ့ရတော့ အရမ်းဝမ်းသာရပါတယ်။ မမမယ် ကျန်းမာရေး ဂရုစိုက်နော်။

မမမယ်ကို အရမ်းချစ်ပြီး အားကျရပါတယ်။

မမရဲ့ စာအုပ်ဆိုရင် ညီမလေး အမေကပါ အရမ်းကြိုက်ပြီးဖတ်ပါတယ်။ သကြ်ာန်ဇာတ်လမ်းလေးတွေလဲ ရေးပါဦး။ ဖတ်ချင်လို့ပါ။

မမမယ်ရေ ဓာတ်ပုံလေး မျှော်နေပါမယ်။

မမရဲ့ ညီမလေး
မအေးအေးမြ (ခ) မီးတုံ (ခ) တုံတုံ
ရန်ကုန်တိုင်း၊ တွံတေးမြို့နယ်၊
ရွှေလှေချောင်၊ (တွံ) ငွေပန်းစု (ခ) ချောင်းပေါင်းကျေးရွာ။



## အမှတ်တရ

သို့

မမဘုံ

(၂၅) ကြိမ်မြောက် မိတ်ဆက်စာရေးလိုက်ပါတယ်။

မမရဲ့ ထွက်သမျှစာအုပ်ဆိုလည်း အမြဲမပြတ် အားပေးနေပါတယ်။

စာအုပ်တိုင်းလည်း တစ်အုပ်နဲ့ တစ်အုပ် idea လေးတွေ မတူဘူးနော်။ မမရဲ့ အတွေးအခေါ်လေးတွေက ဆန်းသစ်တယ်။

လူငယ်ပရိသတ်လေးတွေကို ဆွဲဆောင်နိုင်တယ်။

မမရဲ့ ဝတ္ထုလေးတွေကို ဗီဒီယိုရိုက်တာတွေတွေ့တော့ အရမ်းဝမ်းသာတယ်။

ကိုယ်အားပေးနေတဲ့ ဝတ္ထုဆရာမတစ်ယောက် အောင်မြင်တာကို တွေ့ရတော့ ဂုဏ်ယူမိတယ်။ မမ အခုဓာတ်ပုံထဲမှာ ပိန်သွားတယ်နော်။ (ဓာတ်ပုံထဲမှာ)

မမကို ထာဝရအားပေးနေမယ့်

ညီမလေး
နှင်းပေါသူ
(Shwe Bone Thar)

www.burmeseclassic.com

## အမှတ်တရ

,To

ညီမလေး မယ်မင်းဘုံ

ဒီလထွက်တဲ့ "မိုးလုံလေလုံ အိမ်ထောင်ပြုသည်" ဆိုတဲ့ စာအုပ်လေးက တစ်မျိုးနှစ်သက်စရာ ကောင်းပါတယ်။

ချစ်သူဘဝ ဇာတ်လမ်းလေးတွေ ဖတ်နေကြဆိုတော့ ဒီလထွက်တဲ့ ဇာတ်လမ်းလေးက အိမ်ထောင်သည်ဘဝကို ရေးထားတာဆိုတော့ စိတ်ဝင်စားစရာကောင်းပါတယ်။

ဖတ်ရတာလည်း တစ်မျိုးလေး ဆန်းနေပါတယ်။ ဇာတ်အိမ်ဖွဲ့ထားပုံကလည်း အရမ်းကောင်းပါတယ်။ ညီမလေးကို မချီးကျူးဘဲ မနေနိုင်တော့ဘူး။

ညီမလေး ဒီထက်မက အောင်မြင်မှုတွေရပါစေ။

မိုးစန္ဒာမြင့်
ခ/၄၅၄၊ မြရတနာ (၂) လမ်း
မြောက်ဥက္ကလာပမြို့နယ်
ရန်ကုန်တိုင်း။



## အမှတ်တရ

သို့

မမမှယ်မင်း

အုပ် (၃၀) မြောက်ထွက်ရှိတဲ့ စာအုပ်လေးအတွက် စာရေးလိုက်ပါတယ်။

မမမယ်မင်းရဲ့ စာအုပ်တွေဟာ တစ်အုပ်ပြီးတစ်အုပ် ပိုကောင်းလာပါတယ်။

အရမ်းလည်း ဆွဲဆောင်မှုရှိတယ်။ စာအုပ်ခေါင်းစဉ်လေးတွေကို ဖတ်ရတာနဲ့တင် တစ်အုပ်လုံးကို ဖတ်ချင်တဲ့စိတ်တွေ ချက်ချင်းဖြစ်လာတယ်။

မမမယ်မင်းကို အမြဲအားပေးမယ်နော်။

နောက်လထွက်လာမယ့် စာအုပ်လေးကိုလည်း အမြဲမျှော်နေမယ်နော်။

ပဲခူးတိုင်း၊ ဝေါမြို့နယ်
ညီမလေး - အေးမြတ်နွယ်

www.burmeseclassic.com

## အမှတ်တရ

မယ်မင်းဘုံ သို့

မယ်မင်းရေ နေမထိအလွမ်း၊ မိုးလုံလေလုံတို့ကို ဖတ်ပြီးပါပြီ။ (၂) အုပ်စလုံးကို အရမ်းကြိုက်ပါတယ်။

ဖတ်ပြီးတိုင်း ဖတ်ပြီးတိုင်းလည်း ထွက်ရှိမယ့်စာအုပ်တွေကို မျှော်တတ်နေပါပြီ။

ညီမငယ်
မိုး
2nd year (Myan)
Pyay University



## အမှတ်တရ

သို့

မယ်မင်းဘုံရေ

အစ်မက အရင်တည်းက ညီမလေးရဲ့ ပရိသတ်ပါ။ ငါ့မျက်ရည်တွေ စပွန်ဆာပေးခဲ့သည် ဝတ္ထုလေး ထွက်တုန်းက စာရေးခဲ့ပါသေးတယ်။

အခုလည်း မိုးလုံလေလုံ အိမ်ထောင်ပြုသည်ကို အရမ်းသဘောကျလို့ ထပ်မံပြီး စာရေးလိုက်တာပါ။ တကယ်ကောင်းတဲ့ ဝတ္ထုဇာတ်လမ်းလေးပါ။

မယ်မင်းဘုံ အောင်မြင်မှုတံခွန်တွေ အမြဲစိုက်ထူနိုင်ပါစေ။

ရမည်းသင်းသူလေး
မသီတာ
ရှမ်းကုန်းလမ်း
စမ်းချောင်း
ရန်ကုန်။

www.burmeseclassic.com

## အမှတ်တရ

သို့

မမမယ်မင်းရေ

ခင်မင်စွာဖြင့် စာရေးလိုက်ပါတယ်။

သမီးက မမမယ်မင်းရဲ့ စာဖတ်ပရိသတ်တစ်ဦးပါ။

မမမယ်မင်းရေးတဲ့ စာအုပ်လေးတွေ ဖတ်ရတာကိုက ပျော်ရွှင်စေပါတယ်။

မမမယ်မင်းရဲ့ နောက်ကျောက ချစ်သူကိုလည်း ညီမလေးသိပ်ကြိုက်ပါတယ်။

မမမယ်မင်း ကျောင်းပြီးပြီလား။

မမမယ်မင်း ဆန်းသစ်လှပတဲ့ စကားလုံးလေးတွေနဲ့ စာဖတ်ပရိသတ်အတွက် ထပ်မံရေးပေးပါဦးနော်။

မမပျော်ရွှင်ပါစေ။

ညီမလေး
**သီတာကို**
2st year Ec
မိတ္ထီလာမြို့။



## အမှတ်တရ

သို့

မယ်မင်းဘုံ (ဆရာမ)

မင်္ဂလာပါကွယ်။ ဘုံလေးရဲ့ ရေးသားမှုတွေကတော့ အရမ်းလန်းပါတယ်။

"မိုးလုံလေလုံ အိမ်ထောင်ပြုသည်"၊ "နောက်ကျောက ချစ်သူ" တို့ကို မဖတ်ဘဲ မနေနိုင်အောင် ဆွဲဆောင်မှုတွေရှိပါတယ်။

ဇာတ်လမ်းလေးတွေလည်း သိပ်ကောင်းပါတယ်။ မယ်မင်းရေးသားတဲ့ ကဗျာလေးတွေက ရင်ကိုထိစေတယ်။

မယ်မင်းတစ်ယောက် အောင်မြင်ကျော်ကြားပါစေ။

ထာဝရ
**နေနုရမီမိုး**
ကမ်းနားလမ်း
ပုသိမ်မြို့။

www.burmeseclassic.com

စေတနာစာပေ၏

## အမှတ်တရ

သို့

မမ မယ်မင်းဘုံ

စိတ်ရွှင်လန်းချမ်းမြေ့စွာဖြင့် စာကောင်းများကို ဒီထက်မက ဖန်တီးနိုင်ပါစေ။

မမရဲ့ ဝတ္ထုတွေက တစ်လထက်တစ်လ ပိုကောင်းလာတယ်။ နော်။

မမရေးတဲ့ စာအုပ်တော်တော်များများကို ဖတ်ဖူးပါတယ်။ မမရေးတဲ့ စာအုပ်တွေထဲမှာ "ပင်လယ်အအေးပတ်အောင် ချစ်သူက လေစိမ်းတိုက်လေသည်" စာအုပ်ကို အရမ်းကြိုက်တယ်။

ခံစားချက်နဲ့ တိုက်ဆိုင်သလိုလိုပဲပေါ့။ မမစာအုပ်ထဲက ဇာတ်ကောင်တွေ နာမည်တွေက အမိုက်စားတွေပဲ။ ညီမကတော့ 4 in 1 စာအုပ်ထဲက နာမည်တွေကို ပိုကြိုက်တယ်။ အဲဒီစာအုပ်ထဲက ကဗျာလေးတွေက လက်တွေ့မှာ တကယ်လားဟင် . . . ။

ဟို . . . ညီမက မသိလို့မေးတာပါ။

မမရဲ့ ကြားဖြတ်ကဗျာလေးတွေက အရမ်းကောင်းတာပဲနော်။

မမအချိန်ရရင် မမလက်မှတ်ပါတဲ့ ဓာတ်ပုံနဲ့ ပြန်စာပို့ပေးပါလို့ တောင်းဆိုပါတယ်။



ပထမဦးဆုံး မိတ်ဆက်စာ ပို့ဖူးတာမို့ အမှားပါရင် ခွင့်လွှတ်ပါလို့ တောင်းဆိုရင်း . . . ။

ဆန္ဒဖြင့်
အိသန္တာကျော်
အိမ်အမှတ် (၅၃၆)
အုတ်ဖိုရပ်ကွက်
ချောက်မြို့။

www.burmeseclassic.com

## အမှတ်တရ

သို့

မယ်မင်းရေ

ချစ်စရာကောင်းတဲ့ နာမည်လေးရယ်
အရမ်းကို ခေတ်မှီတဲ့ title ဆန်းဆန်းလေးရယ်
အရင်ဆုံး စတင်ဆွဲဆောင်စေပါတယ်။

မယ်မင်းရေ "မိုးလုံလေလုံ အိမ်ထောင်ပြုသည်" ကို အကြိုက်ဆုံးပဲလို့။

ညီမလေးရေးတဲ့ ကဗျာလေးဆို "မိုးလုံလေလုံ" ကို မဖတ်ဘဲ မနေနိုင်အောင် ဖြစ်စေပါတယ်။

"သံသယမိုးယိုနေသည်
ရင်ဘတ်ခေါင်မိုး မလုံလို့ပါ
နားလည်မှုဆိုတဲ့ တိပ်နဲ့ဖာလိုက်ပါ
ဒါဆို မိုးလုံလေလုံ အိမ်ထောင်ပြုလို့ရပါသည်"

ဆိုတဲ့ စာသားလေးက အရမ်းကောင်းလို့ပါ။ မယ်မင်းလေး ဒီထက်မက စာသားလေးတွေ ပြောင်မြောက်ပါစေ။

**မနန်း**
အမှတ် (၃) ရပ်ကွက်၊ ၄ လမ်း၊
ဒိုက်ဦး၊ ပဲခူးတိုင်းဒေသကြီး။



## အမှတ်တရ

သို့

မယ်မင်းရေ

မယ်မင်းရဲ့ နောက်ကျောက ချစ်သူကို ကြိုက်ပါတယ်။
သမုကို သနားတယ်။
နိုင်းမမှီက ညစ်တယ်။
Romance ဆန်တယ်။

အရမ်း အရမ်း အောင်မြင်ပါစေ

**ရွှေသမီး**
ကမ်းနားလမ်း
ပုသိမ်။

www.burmeseclassic.com

## အမှတ်တရ

သို့

မယ်ရေ

မင်္ဂလာပါ။

နောက်ကျောက ချစ်သူ ဝတ္ထုလေးကို ဖတ်ပြီးပါပြီ။ အရမ်းကောင်းပါတယ်။

မယ့်ရဲ့ ဇာတ်လမ်းလေးတွေကလည်း အရမ်းလန်းတယ်။

မယ့်ရဲ့ ဓာတ်ပုံလေးတွေကလည်း လန်းတယ်။

မယ့်ကို အားကျမိပါတယ်။

နောက်လထွက်မယ့် စာအုပ်လေးလည်း မျှော်နေမယ်နော်။

ဝင့်ဝါချစ်
ခိုင်ရွှေဝါလမ်း
လှည်းတန်း
ကမာရွတ်။



## အမှတ်တရ

သို့

မမဘုံရေ

နောက်ကျောကချစ်သူကို သိပ်ကြိုက်ပါတယ်။

နှိုင်းမမှီ၊ သမုတ်တို့ကို သိပ်ကြိုက်ပါတယ်။

မမဘုံရေ နောက်လမှာကော ဘာစာအုပ်လေးထွက်မှာလဲ။

မျှော်နေပါတယ်။ မမဘုံရဲ့ လက်မှတ်နဲ့ ဓာတ်ပုံလေး ထည့်ပေးပါနော်။

အောင်မြင်မှု ထိပ်ဆုံးက ရောက်နေပါစေ။

ညီမလေး
ဖြူး
စပယ်လမ်းသွယ်
၁၂ ရပ်ကွက်
ရွှေပြည်သာ။

www.burmeseclassic.com

## အမှတ်တရ

သို့

ဘုံဘုံရေ

ညီမလေး Ph: ဆက်တာကို လက်ခံစကားပြောပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

ဘုံဘုံဇာတ်လမ်းထဲက ဇာတ်ကောင်အမည်လေးတွေကိုလည်း အရမ်းကြိုက်ပါတယ်။

ဘုံ ဘုံ ရေ ညီမလေးတို့ မန္တလေးတက္ကသိုလ်အကြောင်းလေးတွေလည်း ရေးပေးပါဦး။

ဘုံဘုံ အောင်မြင်ပါစေ။

မိုးပြေ
2nd year Phy
ရတနာပုံတက္ကသိုလ်။



## အမှတ်တရ

To

မမဘုံရေ

ညီမလေးတို့ကို Face book မှာ လက်ခံပေးထားတဲ့အတွက် မမဘုံကို ကျေးဇူးတင်ပါတယ်။

အစ်မရဲ့ စာအုပ်တွေကောင်းပါတယ်။

ဘာပြောရမှန်းတောင် မသိပါဘူး။

နောက်ထပ်လည်း Idea လေးတွေ အလန်းလွန်ပြီး ရေးနိုင်ပါစေ။

မမဘုံ ဒီထက်မက အောင်မြင်ကျော်ကြားပါစေ။

ထာဝရ
ဇာဖြူလင်း
တံခွန်တိုင်ကျေးရွာ
နတ်မောက်မြို့နယ်
မကွေးမြို့။

www.burmeseclassic.com

## အမှတ်တရ

သို့

မမမယ်မင်းဘုံ . . .

မိုးလုံလေလုံ ဖတ်ရတာ အရမ်းဂွတ်တယ်ဗျာ။ မမရဲ့ စာအုပ်တွေကို ဖတ်ရတာ အရမ်းမိုက်တယ်။ ဇာတ်လမ်းတွေကို ရိုက်ထားတဲ့ ဗီဒီယိုအခွေတွေလည်း ကြည့်ရတယ်။ မမဘုံ ဒီထက်မက အောင်မြင်ပါစေ။

ထာဝရလေးစားလျက်
**ချွန်းချွန်းလေး**
မ/ဒဂုံ။



## အမှတ်တရ

သို့

ဘုံလေးရေ . . .

ဒီလထွက်တဲ့ မိုးလုံလေလုံ အိမ်ထောင်ပြုသည် စာအုပ်လေးက အိမ်ထောင်ရေးဇာတ်လေးနော်။ ဘုံလေးလို လူငယ်တစ်ယောက်က အခုလိုရေးနိုင်တာကို အရမ်းလည်း ချီးကျူးမိပါတယ်။ ဘုံလေးရေ ဒီတစ်ခါစာပြန်ရင် အစ်မကို ဘုံလေးရဲ့ ဓာတ်ပုံလေးပါ ထည့်ပေးလိုက်ပါနော်။

**အေးအေးရီ**
ပြင်ဘုံကြီးကျေးရွာ၊
ပုလောမြို့နယ်၊
တနင်္သာရီ။

www.burmeseclassic.com

## အမှတ်တရ

သို့

Dear Mae Min Bon

စာအုပ်တွေက တစ်အုပ်ထက်တစ်အုပ်ပိုပြီး အရေးအသားကောင်းတယ်နော်။ မိုးလုံလေလုံ အိမ်ထောင်ပြုသည် စာအုပ်လေးကို တကယ်ကြိုက်တယ်။ အဲဒီဝတ္ထုလေးက ဘယ်သူနဲ့ ရိုက်မှာလဲဟင်။ **အစ်မက** အမြဲတမ်းအားပေးနေတဲ့ ထာဝရပရိသတ်ပါ။ အခုနောက်ပိုင်း စာအုပ်လေးတွေမှာ ညီမလေး ဓာတ်ပုံတွေ မထည့်တော့ဘူးနော်။

အစ်မကတော့ ညီမလေး ဓာတ်ပုံကိုကြည့်ပြီး စာအုပ်ဖတ်ရတာကို ပိုကြိုက်တယ်။ ဓာတ်ပုံလေးတွေ ထည့်ပေးပါဦးနော်။ အစ်မတို့ဆီမှာဆို ညီမလေးက နာမည်ကြီးပဲ။ သူငယ်ချေတက်လေးတွေကို တကယ်ကြိုက်ဆိုပါတယ်။ နောက်လထွက်မယ့် စာအုပ်နာမည်လေးတွေကို ဘာဖြစ်လို့မကြေညာထားတာလဲဟင်။ ဒါပေမဲ့ အဲဒါလေးကလည်း ပရိသတ်ကို စိတ်ဝင်စားမှုတစ်ခုပေးနိုင်တဲ့ ဆွဲဆောင်မှုလို့ အစ်မကတော့ မြင်တယ်။ ညီမလေးရဲ့ စာအုပ်တိုင်း လိုလိုမှာ ပရိသတ် အပေါ်ထားတဲ့ စေတနာလေးတွေ မြင်ရတယ်။



စာလည်း ရှည်သွားပြီဆိုတော့ ဒီလောက်ပဲနော်။
ညီမလေးအောင်မြင်မှုသရဖူ ဆောင်းနိုင်ပါစေ။

လှလေး
ဒဂုံမြောက်၊ (၂၈) ရပ်ကွက်၊
သခင်ဗစိန်လမ်း၊ ရန်ကုန်။

www.burmeseclassic.com

၇၂
စေတနာစာပေ၏


# အမှတ်တရ

မယ်မင်းရေ

အထူးခြားဆုံးဇာတ်အိမ်လေးတွေနဲ့ ပရိသတ်ရင်ကို တကယ်ပဲ ထိစေပါတယ်။ လစဉ်လတိုင်း စာအုပ်လေးတွေကို မျှော်နေမယ် နော်။

သက်လေး
ဒဂုံမြောက်၊ (၂၈) ရပ်ကွက်၊
သခင်ဗစိန်လမ်း၊ ရန်ကုန်။

www.burmeseclassic.com



# မယ်မင်းဘုံ

ရိုးမြူ ခေါင်းစီသည်

6/11

19/6

17/16

www.burmeseclassic.com